www.burmeseclassic.com

ဆုပြည့်စုံထွန်းစာပေ

# ဂမ္ဘီရလောက

စွေစပ်း



No.74, July 2013

www.burmeseclassic.com

www.burmeseclassic.com

Quality Publishing House

အမှတ် ၂-ခ၊ ... ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၇၃၆၆...




ဘူမိဘောအဒူယာဒက်
ဘဝတစ်သက်တာ
လုပ်ဆောင်မှုများ

မောင်မြတ်မိုး

တန်ဖိုး - ၆၀၀၀




...ကျူရောင်ကျီး

အောင်ချိန်ဘွား

တန်ဖိုး - ၈၀၀၀




အဲလိဇဘက်(၂)ဘုရင်မ
ကျွန်ုပ်တို့၏ ခေတ်အတွင်းမှ သူမ၏ဘဝ

မောင်မြတ်မိုး

တန်ဖိုး - ၆၀၀၀

# ဂမ္ဘီရလောက

မဂ္ဂဇင်း

## ဆုမြည့်စုံထွန်း စာပေ

အမှတ်-၅၀၈/၅၁၂၊ ၂(ခ)ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃

www.burmeseclassic.com

www.burmeseclassic.com


ဗိုလ်ချုပ်အောင်ဆန်း၏
စစ်သားဘဝနှင့်ပတ်သက်သော
အကြောင်းအရာများကို
ပြည့်စုံစွာဖော်ပြထားသော
စစ်သားကြီးဗိုလ်တေဇ








ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုအကြောင်းနှင့်
ဂျပန်ပြည်စစ်သင်တန်းဝင် ရဲဘော်သုံးကျိပ်တို့၏
စွန့်လွှတ်စွန့်စားမှု အကြောင်းများပါဝင်သည့်
ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်
ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)

ဗိုလ်တေဇ
ဘဝကဗျာ
ရသဟန်အတ္ထုပ္ပတ္တိ
Quality





# ဂမ္ဘီရလောက

ဆုပြည့်စုံထွန်းစာပေ


အမှတ်(၅၀၈/၅၁၂)၂(ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃



http://Quality.myanmaronlinesales.com တွင်
တိုက်မှထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

July
Number 74 2013

ညတုန်းက မျက်နှာချင်းဆိုင် စကားပြောခဲ့တဲ့ဆရာတော်ဘုရား
မောင်ညိုမှိုင်း(သန်လျင်) ၆

ပုတ်တစ္ဆေလော... အင်္ဂလိပ်မားလော
တက္ကသိုလ်မျိုး ၃၂

ပဗ္ဗာန်းရှုတ်သောလူတစ်ယောက်အကြောင်း
ဝေယံသိန်း ၄၆

အမှောင်သခင်မ
မောင်လင်းသစ် ၅၉

ဇာခြင်ထောင်အသာလှစ်လို့
တက္ကသိုလ်မောင်အောင်ဆွေ ၇၄

အရုပ်တန္ခိုး
မင်းမြင့်နိုင်(ဘူးသီးတောင်) ၁၀၃

စွဲလမ်းခဲ့သည့် ဆံနွယ်တစ်ရှု
ရဲကျော်စိုးအောင် ၁၁၉

သစ်ခွမာယာ
ကောင်းစံဟိန်း(ဖန်နေဝန်း) ၁၂၉

အချိန်တံတိုင်း၏ အခြားတစ်ဖက်
နတ်မိမယ် ၁၄၄

မျှော်လင့်ခြင်းဖြင့် ရှင်သန်သူ
စိမ်းရည်မြသွေး ၁၈၈

သုသာန်ကအပြန် လေးဆယ့်ငါးရက်
မရည်မွန်(ကျုံပျော်) ၂၀၀

ထိန့်နှစ်ပင်ကန်စောင်းက မောင်မဲအကြောင်း
မင်းရဲကျော် ၂၂၆

နှင်းမတော်မယ်နှအုတ်ကျောင်းထဲက သွေးပျက်သောညတစ်ည
ထောင်မှူးကြီးသိန်းဝင်း ၂၃၈

အယ်ဒီတာ့စကား ၅

www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘီရလောက

**အယ်ဒီတာချုပ်**
ကိုမြင့်ထွန်း(Quality)

**တာဝန်ခံအယ်ဒီတာ**
ဝေလွင်မြင့်မောင်

**အုပ်ချုပ်မှုအယ်ဒီတာ**
မခင်မာဆွေ

**အယ်ဒီတာအဖွဲ့**
ဉာဏ်လင်းထက်

**ရုံးအဖွဲ့**
ကိုနိုးညိန်း၊ ထွန်းထွန်းလွင်၊ ဇင်နိုင်ထွန်း၊ မင်းထွဋ်
နေဇင်လတ်၊ ရှိန်းကိုကိုနိုင်၊ ကျော်မင်းလတ်။
မျိုးနေမာ၊ ပိုပိုဇင်၊ ဖီဖီဇင်၊ ပြုံးပြုံးသင်း၊ သဉ္ဇာဝေ၊ နှင်းသက်ဖဝ။

**ထုတ်ဝေသူ**
ဒေါ်ခင်ဟန်ဆွေ (ဆုပြည့်စုံထွန်းစာပေ) [၀၃၉၀၅၊ (မြဲ)၊ အမှတ် ၅၀၈/၅၁၂ [၂၈] လွှာ၊ ပထမထပ် ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။]

**မျက်နှာဖုံး**
ဉာဏ်လင်းထက်

**အတွင်းသရုပ်ဖော်**
ဂါမဏိ၊ အောင်ဆံမြင့်၊ မြတ်မင်းဟန်၊ အောင်နိုင်လတ်၊ ကျော်နိုးညိန်း၊
လှသန်းအောင်(အင်းလျား)၊ ရန်နိုင်ဦး၊ ကိုကိုကြီး၊ မောင်နေကြည်၊ ချမ်းသာ။

**ကွန်ပျူတာနှင့်ပလင်**
Quality

**ပုံနှိပ်သူ**
ပြည့်[illegible]ပုံနှိပ်တိုက်
[illegible]ဦးယဉ်ယဉ်မွန်
ဆန်စက်အပိုင်း ... [illegible]
[illegible] ရန်ကုန်။

**စာအုပ်ချုပ်**
တင်မေထွန်း

**အုပ်ရေ - ၅၀၀**
**တန်ဖိုး - ၁၅၀၀**

**စာတည်းအဖွဲ့နှင့်ဖြန့်ချိရေးရုံးခန်း**
အမှတ် ၅၀၈/၅၁၂ [၂၈] လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၁၈၇၁၆၆၄၊ ၁၈၆၆၁၃၃

# အယ်ဒီတာ့စကား

မိုးစက်ကလေးများ တိုးလျက်ပြေးလွှားသည့် လာမည့် ၂၀၁၃ နှစ်၊ ဩဂုတ်လဆိုလျှင် ဂမ္ဘီရလောကမဂ္ဂဇင်းသည် (၇၅)အုပ်မြောက်သို့တိုင် ရောက်ပေတော့မည်။ မဂ္ဂဇင်းတစ်အုပ် (၇၅)အုပ်ထိ အောင်မြင်စွာ ကျော်လွှားဖြတ်သန်းဖို့ဆိုသည်မှာ လွယ်ကူသော အခြင်းအရာ မဟုတ်ပါ။ သက်ဆိုင်ရာအနုပညာရှင်များ၏ ဝိုင်းဝန်းကူညီမှု၊ အချိန်ရှင်းနီးမှု၊ စာဖတ်ပရိသတ်တို့၏ ထောက်ခံအားပေးမှုသည် စသည် မြောက်မြားစွာ ပါဝင်ဖြည့်ဆည်းမှသာလျှင် မဂ္ဂဇင်းကောင်းတစ်အုပ် ထွက်လာနိုင်ပါသည်။

ဂမ္ဘီရလောကမဂ္ဂဇင်း၏ (၇၅)အုပ်မြောက်တွင် စာရေးဆရာကြီးများ ဖြစ်ကြသည့် ဒဂုန်ရွှေမျှား၊ ကြူးနစ်၊ ဝေယံလင်းခေါင်၊ အောင်ညိုမှိုင်း(သန်လျင်)၊ ထောင်မှူးကြီးသိန်းဝင်း၊ ဆောင်းလုလင်သည့် နာမည်ရ စာရေးဆရာများ၊ အခြားလူငယ် စာရေးဆရာများ၊ စာရေးဆရာမများ အလှာစုံဖြင့် အင်အားဖြည့် ပါဝင်ရေးသားထားသော အားပါးတရ ဖတ်ရှုရမည့်အကြောင်းနှင့် စာမျက်နှာကို မူလစာမျက်နှာထက် တိုးမြှင့်ကာ (၄၀၀)တိတိ ထူထူထဲထဲ ထုတ်ဝေဖြန့်ချိသွားမည် ဖြစ်ပါသည်။ သို့သော် စာချစ်သူပရိသတ်၏ ထောက်ခံအားပေးမှုကို လေးစားယုံကြည်စွာ တုံ့ပြန်သောအားဖြင့် အုပ်ဈေးနှုန်းကို မူလဈေးနှုန်းအတိုင်းသာ သတ်မှတ်ထားပြီး ဆပ်မံတိုးမြှင့်မည်မဟုတ်ကြောင်း သတင်းကောင်း ပါးအပ်ပါသည်။

လေးစားယုံကြည်စွာဖြင့်...

**အယ်ဒီတာအဖွဲ့**
**ဂမ္ဘီရလောကမဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com



# ညတုန်းက မျက်နှာချင်းဆိုင် စကားပြောခဲ့တဲ့ ဆရာတော်ဘုရား



ပြီးခဲ့သည့် နွေရာသီတုန်းက ကျွန်ုပ်သည် ဂေါ့လက်ဟာကြီးညီကိုတို့ဖွင့်ခဲ့ အတွက် စာရေးဆရာများ၊ စာအုပ်အရောင်းရှင်များ၊ ပြန်ဆက်မှု တာဝန်ရှိသူများ လိုက်ပါပြီး မေတ္တာကုန်းဆိုသည့်ရွာကို ရောက်ခဲ့တယ်။

မေတ္တာကုန်းရွာကို ကတ္တရာလမ်းကနေ ကားနဲ့ သွားရသေးတယ်၊

ရွာအဝင်လမ်းက ကတ္တရာလမ်း မဟုတ်ဘူး။





www.burmeseclassic.com

www.burmeseclassic.com

"သွားရမှာ ဝေးလားဗျ"

"နည်းနည်းဝေးတယ် – ဆရာ၊ မရှိဘူးဆိုတောင် (၁၅)မိုင်၊ မိုင်(၂၀) လောက် မောင်းရမယ် – ဆရာ"

"အဝေးကြီးပါလား"

"ဒီလမ်းက နွေရာသီဆို ကားသွားလို့ရတယ်၊ မိုးရာသီရောက်ရင် အဲဒီ ကားလမ်းဟာ ရေပြည့်ပြီး ချောင်းကျယ်ပြီး ဖြစ်သွားရော – ဆရာ၊ အဲဒီ ချောင်းက မိုးရာသီရောက်သွားရင် ဟိုးပင်လယ်နဲ့ ဆက်သွားရော ..."

"အဲဒီကျတော့ သွားရေးလာရေးက ..."

"မော်တော်ပေါ့ – ဆရာ၊ မော်တော်၊ ပဲ့ထောင်၊ လှေ၊ သမ္ဗန်၊ ဘောက် တဲ့ ရေပေါ်သွားယာဉ်နဲ့ ခရီးသွားရတာပဲခင်ဗျ ..."

"ဝင်ဗျားနာမည် ကိုသောကြာနော် ..."

"ဟုတ်ကဲ့ – ဆရာ"

"အခု ခရီးကို ရလို နွေရာသီ အသွားအပြန်ကိစ္စရှိလို့ ကားငှားရင် ဘယ် လောက်ပေးရမလဲ – ကိုသောကြာ"

"အခု ကျွန်တော်တို့သွားမဲ့ မေတ္တာကုန်းရွာကနေ မြို့ရေဆိပ် အရောက် အသွားအပြန်ဆို ငွေတစ်သိန်းပဲ – ဆရာ"

"ဘုရားရေ – မိုးတွင်းကျရင်ရောဗျာ"

"လူတစ်ယောက် မော်တော်ပို့သွားရင် အသွားအပြန် လေးထောင် ကျပ်ပေးရတယ်"

"အရေးပေါ်မီးဖွားဖို့၊ ပိုးထိလို့ သွားရရင်ရော ..."

"ကျေးလက်ဆေးခန်းနဲ့ မရခဲ့လို့ မော်တော်စင်းလုံးငှားရင် ငါးသောင်း ကနေ တစ်သိန်းပဲ ..."

"ဟူး – မလွယ်ပါလားဗျာ"

"ပိုက်ဆံမတတ်နိုင်ရင် ဘယ်လိုလုပ်မတုံးဗျာ ..."



"ဆင်းရဲလို့ မတတ်နိုင်မှန်းသိကြရင်တော့ ရွာက ဝိုင်းဝန်း စုဆောင်း ကူညီငှားပေးရတာရှိသလို... စိတ်ရင်းစေတနာကောင်းတဲ့ မော်တော် သမား၊ ပဲ့ထောင်သမားနဲ့ ကြုံရင်တော့ အစစ အရာရာ အဆင်ပြေတာပေါ့ ဆရာ"

ဒီမှာ ကိုသောကြာဆိုသူက –

"မနှစ်မိုးလယ်တုံးက ဖွားရှင်ဆိုတဲ့ ရွာသူလေး – သားဦးမွေးတာပေါ့ ဆရာရယ်၊ မွေးတုံးက ရွာလက်သည် အမေငြိမ်းနဲ့ မွေးတာပါ။ အမေငြိမ်းက တစ်ရွာလုံးမကဘူး၊ ရွာနီးချုပ်စပ်ပါ မီးဖွားပေးတဲ့ ရွာနာမည်ကျော် လက် သည်ပါ၊ ဇိတ်စဉ်တယ်လို့ မရှိဘူး၊ မကြားဖူးဘူး၊ ကျုပ်ကိုလည်း အမေငြိမ်း မွေးပေးတာပဲ၊ ရွာဦးကျောင်းက မွေစရိယဦးဇင်းလေ...၊ ဦးသုမန လည်း အမေငြိမ်း မွေးပေးခဲ့တာပဲ၊ ရွာမူလတန်းကျောင်းက ကျောင်း ဆရာ ကိုဝင်းမောင်ညွှန့်ဆိုလည်း အမေငြိမ်း မွေးပေးခဲ့တာပဲ၊, ကုန်ကုန် ပြောမယ် – ဆရာရယ်၊ ဟောဒီရွာဝန်းကျင်က သပြေကုန်း၊ ဝါးကြီးတော၊ ကရင်ကုန်း၊ ရခိုင်ကုန်း၊ ကုလားကုန်း၊ ပသီကုန်းနဲ့ ဝါးထောင်ရွာက အရွယ်ရောက်သူတိုင်းဟာ အမေငြိမ်းရဲ့လက်နဲ့ လူဖြစ်လာကြတဲ့ လူရွယ်နဲ့ ကလေးချည်းပဲဗျ၊ သို့သော် ဖွားရှင်ကိုမွေးတော့ အတော်ကို ခက်ခက်ခဲခဲ ဖြစ်နေတယ်၊ ဖွားရှင်ရဲ့ ကိုယ်ထဲက ကလေးက ကြီးထွားတာလည်း မဟုတ်ဘူးဗျ၊ သို့သော် နာလို့ အားစိုက်ညှစ်လည်း လုံးဝကို ကလေးက မီးမဖွားနိုင်ဘူး၊ ဖွားရှင် – ချွေးသီးချွေးပေါက်ကျ၊ မောလည်းမော၊ အော် လည်း မအော်နိုင်တော့ဘူးဗျာ၊ ခါတိုင်း အခက်အခဲရှိရင် ရွာက ကျောင်းထိုင်ဘုန်းတော်ကြီး သွားပင့်ရင်း ဘုန်းတော်ကြီးက မွေးလူနာ အိမ်ခေါင်းရင်းမှာထိုင်ပြီး အင်္ဂုလိမာလသုတ်ကို ရွတ်ပေး၊ ရေမန်း တိုက်လုပ်လိုက်ရင် မကြာဘူး မွေးရော...၊ အဲဒါ အမေငြိမ်း လေးခါ ကြုံဖူးတယ်၊ ကျောင်းထိုင်ဘုန်းကြီး ဦးဝိလာသ ရောက်လာပြီး ရွတ်လိုက် ရင် မကြာဘူး မွေးတာချည်းပဲ၊ ကြာတော့ – ရွာထဲမှာ နောက်တီးနောက်



www.burmeseclassic.com

www.burmeseclassic.com

တောက် ပြောကြထားရဲ့ဗျာ၊ ရွာမှာ လက်သည်နှစ်ဦးရှိသတဲ့၊ တစ်ဦးက အမေငြိမ်း၊ နောက်တစ်ဦးက ရွာ့ကျောင်းဆရာတော်ကြီး အရှင်ဝိလာသပဲ၊ ဆရာတော်ကြီးကလည်း ကြားလည်း စိတ်မဆိုးပါဘူးဗျာ၊ ငါက ငါ့စရဏနဲ့ ရော၊ ဗုဒ္ဓရဲ့ပရိတ်နဲ့ရော လူ့အသက်ကို ကယ်တင်တာ၊ ဒါ – ဘုရားရှင် ခွင့်ပြုခဲ့တဲ့ မေတ္တာရေ၏ ပရိတ်တန်ခိုးလို့ ပြောတယ်၊ အခု ဖွားရှင် အစက်အခဲဖြစ်နေပြီး အားအင်လည်း ကုန်ပြီ၊ မရှိသေစကား သွေးပါလိုက်စ (သွေးပေါင်တက် ခေါ်တာပေါ့)ပြုတော့ ပင်ပန်းပြီး ဖိုလှိုက် ဖိုလှိုက် ဖြစ်နေရော၊ အမေငြိမ်း စိုးရိမ်စပြုလာပါရော ...၊

"ထိန် ..."

"ဗျာ – အမေငြိမ်း"

"ရွာကျောင်းဆရာတော်ကို အမြန်သွားပင့်စမ်းဟဲ့ ..."

"အမေငြိမ်း ..."

"လျှာမရှည်နဲ့၊ မြန်မြန်သွားပင့် – သွားလေ ..."

"အမေ – ဟို – ဟို – ဆရာတော် မရှိဘူး"

"ဟင် – ဆရာတော် – ဘယ်လို – မ – ရှိ – တာတုံး"

"ခရီးသွားနေတယ်"

"ဘုရားရေ – ဒါဆို ပွဲထောင်ရရ၊ မော်တော်ရရ အမြန်သွားခေါ် – မြန်မြန်လုပ်ကြ"

မီးနေသည် ဖွားရှင်ရဲ့ အခြေအနေ မဟန်မှန်းကို ဖွားရှင်ရဲ့ယောက်ျား ထိန်ရော၊ မီးနေကူများရော သဘောပေါက်လိုက်ပြီ၊ ခက်တာက ..."

"အမေ – ငြိမ်း"

"ဟဲ့ – ဘာလုပ်နေကြတာတုံး၊ မြန်မြန်သွားခေါ်ကြတော့"

"အမေ – မော်တော်ငှားဖို့ – ဟို – ဟို"

"ဘာတုံး – ဘာဖြစ်တုံး"

"ငွေ – ငွေ – ပေးစရာ မရှိဘူး"



"ဟူး – ဒုက္ခပါပဲလား – ထိန်ရယ် – ဟင်၊ နင့်မိန်းမကို နီးရာဆေးရုံ အမြန်ပို့ရမှာဟဲ့ ..."

အမေငြိမ်းက မိန်းမောနေတဲ့ မီးနေသည် မကြားရအောင် တိုးတိုးပြောတော့ ထိန်ရဲ့မျက်လုံးအိမ်မှာ မျက်ရည်တွေ စီးကျလာတယ်၊

သည့်နောက် သူ အိမ်ပေါ်ကနေ အမြန်ပြေးဆင်းပြီး ရွာထိပ်က အောင်သစ္စာမော်တော်ပိုင်ရှင် ဦးချမ်းသာထံ သွားပြီး အကူအညီတောင်းရတယ်၊

"ထိန် – ကူညီချင်ပါတယ် – ငါ့လူရာ၊ ဒါပေမဲ့ – မော်တော်မောင်းတဲ့ ငိုးခွေးက အရက်မူးပြီး အိပ်ပျော်နေပြီ၊ မောင်းမည့်လူ မရှိဘူးကွာ ..."

ဒါ ရွာမြောက်ဖျားက ရေချမ်းသာ မော်တော်ပိုင်ရှင် ဒေါ်မြချစ်ကို နှိုးပြီး အကူအညီတောင်းရပြန်ရော ...၊

"ညဘက်ကြီးဆိုတော့ – ဈေးပိုပေးရမယ်နော်"

"ဗျာ ..."

"မီးနေသည်မို့လို့ဟဲ့၊ တော်ရုံဆို မလိုက်ဘူး"

"ဟို – ဟို – ငွေကတော့ – နောက် – နောက်မှ ..."

"ဝုန်း ..."

စကားမဆုံးသေးဘူး၊ တံခါးကို ပိတ်ပစ်လိုက်တယ်၊ ထိန် ချွေးနဲ့မျက်ရည်ရောပြီး အိမ်ရှိရာကို အပြေးလာခဲ့လိုက်တယ်၊

"ထိန် – အဆင်ပြေလား"

"ဟင့်အင်း"

"အို – ဘယ်လိုကြောင့်တုံးဟဲ့"

ထိန်က အကြောင်းစုံကို ရှင်းပြပြီး မယားလုပ်သူရဲ့အနီးမှာ ထိုင်ရင်း မယားရဲ့ဖျော့တော့တော့လက်ကလေးကို ဆုပ်ရင်း မျက်ရည်တွေ စီးကျနေတယ်၊

ပေါင်းသင်းလာတာ တစ်နှစ်ပဲ ရှိသေးတယ်၊

သားဦးလေးမျက်နှာမှ မမြင်ရသေးဘူး၊



www.burmeseclassic.com

www.burmeseclassic.com

ခုတော့ အားအင်လျော့ပါးပြီး နွမ်းခွေနေပြီ။

"မြရှင် - မြရှင်"

"မိန်းမ - မိန်းမမြရှင် - သတိရရဲ့လားဟင်"

"အင်း - ဟင်း - ဟင်း - အား"

အားလုံးဟာ စိုးရိမ်စိတ်နဲ့ ဝိုင်းကြည့်နေကြတယ်၊ ရေနံဆီမီးရောင် အောက်က မျက်နှာများဟာ သောကနဲ့ မျက်ရည်တို့ စီးမျောဝမ်းနည်းနေ ကြတယ်။

"ဒီအတိုင်းဆို ကလေးရော၊ မအေရော - အသက်ဆုံးရတော့မယ်၊ ငွေ - ငွေ"

လူတစ်ယောက်ရဲ့အသက်ကို စွမ်းအားရှိသမျှ ကယ်နိုင်တာ ငွေပဲ၊ ငွေ ရှိရင် ကြိုက်ရာ ဆေးရုံမှာ ကုလို့ရတယ်၊ မွေးလို့ရတယ်။

ငွေရှိရင် အိမ်ဦးခန်း လူရာဝင်တယ်၊

ရွှေရှိရင် ရွှေဖြစ်လာတယ်၊ စိန်ဖြစ်တယ်၊ ပတ္တမြားဖြစ်တယ်၊

သို့သော် ...၊

ငွေမရှိရင် လူရာမဝင်ဘူး၊ အစော်ကားခံရမယ်၊ တရားသဘောဖြစ် ရင် ရှုံးဖို့များမယ်၊ အထင်သေးခံရမယ်၊ ယုံကြည်မှုနည်းမယ်၊

ထိန်တို့က လယ်ပိုင်၊ ယာပိုင် မရှိဘူး၊ သူရင်းငှား၊ ဝမ်းစာစပါး မရှိဘူး၊ ကျွဲနွားကိုယ်ပိုင် မရှိဘူး၊

ခု - ပစ္စည်းမဲ့၊ သူ့မိန်းမနဲ့ ရင်သွေးလေး သေမင်းနဲ့ နပန်းလုံးနေရပြီ၊

သေမင်းရယ် - မယားနဲ့ ရင်သွေးကို ရွေးမခေါ်ပါနဲ့၊

ဟောဒီကောင်၊ ပညာမဲ့၊ ပစ္စည်းမဲ့၊ မြေမဲ့၊ ယာမဲ့၊ ထွန်မဲ့၊ တက်မဲ့၊ ငါးပိ ရည်နဲ့ တို့စရာကို ဖွားတော်ဖက်အဖြစ် နေ့စဉ်လွေးနေရတဲ့ ကောင်ကိုပါ တစ် ပါတည်း ခေါ်သွားစမ်းပါ ရှင်သေမင်းရယ် ...၊

အင့် ... ဟီး ...၊



"ထိန်ရေ - ထိန်"

"ဟေ့ - ထိန်"

"ဟဲ့ - ဘယ်သူတုံး၊ တိုးတိုးလုပ်ပါဟဲ့"

"အမေငြိမ်းလားဗျို့"

"ဟုတ်တယ်ဟေ့ - နင်ဘယ်သူတုံး"

"ကျုပ်ပါဗျ - ပြောင်းတိုပါ၊ ထိန့်မိန်းမ မြို့ဆေးရုံ ပို့ရမယ်ဆို - မော် တော်ငှားမရဘူးကြားလို့ - ကျုပ်ကြားကြားချင်း အမြန်လိုက်လာတာဗျ"

"ဟဲ့ - ပြောင်းတိုရဲ့ - နင်က ဘာပါလို့တုံးဟဲ့"

"ကျုပ်မှာ ပဲ့ထောင်ပါတယ်ဗျာ ..."

"ဟေ ..."

"ဟုတ်လားဟေ ..."

"ဝမ်းသာလိုက်တာဟယ်၊ ဘုရားမ,သလိုပါပဲဟ ..."

"ဟဲ့ - ဟဲ့ - ယောက်ျားတွေ - မုခက် အမြန်လုပ်၊ ရေဆိပ်ကို ဆင်းမယ်၊ ဖြည်းဖြည်းမ,ကြတော်၊ လွတ်မကျစေနဲ့၊ ဗိုက်မကော့၊ မခေါက်စေနဲ့၊ ဟုတ် ပြီ - ဆင်း - ဆင်း"

အမေငြိမ်းရဲ့ လျှပ်တစ်ပြက်စီစဉ်မှုနဲ့ ဖွားရှင်ကို စောင်မုခက်အထမ်းနဲ့ ရေဆိပ်ကို သယ်ချလာပြီး ပဲ့ထောင်ပေါ်ကို အသာစောင်တွေခုပြီး ချပေးကြ တယ်၊ သည့်နောက် ထိန်၊ အမေငြိမ်း၊ မထားမြို့၊ အေးမိနဲ့ ဘကြီးအုန်းမောင် တို့ ပဲ့ထောင်ပေါ်ကို တက်လိုက်ကြတယ်၊

"လူစုံပြီလားဟေ့"

"စုံပြီ - ကိုပြောင်းရေ၊ ထွက်တော့ ..."

ပြောင်းတို ပဲ့ထောင်စက်ကို နှိုးပြီး စက်ရှိန်ကို တင်လို့ ချောင်းကို ခွဲထွက် လိုက်တယ်၊

ပဲ့ထောင်ဟာ လှိုင်းထ,နေတဲ့ ချောင်းပေါ်မှာ တရိပ်ရိပ် ပြေးနေတယ်၊ ပင်လယ်က ဝင်လာတဲ့ လေကလည်း တဟူးဟူးနဲ့ဗျ။



www.burmeseclassic.com

www.burmeseclassic.com

လူမမာ ကိုယ်ဝန်ဆောင်က ဗိုက်နာလာလို့ လူးလွန့်အော်ဟစ် ဆွဲကုပ်ငြိန်းလုပ်လာတယ်၊

ဝှဲထောင်ကလည်း ညဥ့်အမှောင်မှာ ဖြိုးဖြိုးဖျဖျ ကြယ်ရောင်ကို အားပြုပြီး ဘရိုပ်ရိုပ်ပြေးနေတယ်၊

မြို့ရေဆိပ်ကို ရောက်ဖို့က ဒီလမ်းလေးမှာ တစ်နာရီခွဲလောက် မောင်းရမှာဖြစ်တယ်၊

ဒီလိုအချိန်မှာပဲကိုင်းပင်များရှေ့ကနေလက်နှိပ်မီးရောင်ထိုးပြီးအချက်ပြခေါ်နေလို့ အားလုံး ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ပါရောဗျို့....။

"ဓားပြများလားဟေ့ ..."

"မီးပြခေါ်နေတာဗျ"

"ဘယ်လိုလုပ်မလဲ ..."

"မောင်းပြေးကွာ - ပြောင်းတို့"

"သေနတ်နဲ့ပစ်ရင် ဘယ်လိုလုပ်မလဲဗျ ..."

"နေဦးဟေ့ - အချိန်ကတော့ အချိန်မတော်ပဲ၊ မောင်းပြေးလို့ သေနတ်မှန်ရင် အကုန်သေမယ်၊ ရေစပ်ကို အသာကပ်ပေးလိုက် ..."

"ဘကြီးအုန်း - ကျုပ်တို့ကိုသတ်ရင် ..."

"ငါတို့မှာ ငွေတစ်ပြားမှ မပါဘူး၊ မီးဖွားခါနေတဲ့ မိန်းမကို မြင်ရင် သူတို့ သတ်ရက်မှာလားကွ၊ မောင်းပြေးမှ ဂျီသရီး ဂျီဖိုးနဲ့ ဆွဲလိုက်ရင် အကုန်သေသွားမှာ - ကပ်"

နောက်ဆုံးပဲ့ထောင်ကိုရင်တထိတ်ထိတ်နဲ့အရှိန်လျှော့ကပ်ပေးလိုက်ရော၊ ကြယ်ရောင်ဖျဖျအောက်က မီးရောင်နဲ့လူက -

"ကျေးဇူးပါပဲ - ဒကာကြီးတို့"

"ဗျာ"

"ဟော ..."

"ဘုန်းကြီးလား ဘုရား"



"ဟုတ်ပါတယ် - ဒကာကြီး၊ ဦးဇင်းပါ"

"အချိန်မတော်ကြီး - ဘာဖြစ်လို့ပါလဲ - ဘုရား"

"ဦးဇင်း ညတွင်းချင်း ခရီးသွားချင်စိတ်ဖြစ်လာလို့ ဒီကမ်းစပ်က လှေကိုစောင့်နေတာပါ၊ ဒကာကြီးတို့ ပဲ့ထောင်သံကြားလို့ မီးပြခေါ်ရတာပါ၊ လိုက်ပါရစေ - ဒကာကြီးတို့"

တော်ပါသေးရဲ့၊ ဓားပြမဟုတ်ဘူး၊ သံဃာတော်ဖြစ်နေလို့ ...။

"ဒါဆို မြန်မြန်တက်ပါဘုရား၊ အထဲမှာ လူမမာပါနေလို့ပါဘုရား"

ဦးဇင်းငယ်က ပဲ့ထောင်ထဲကို ဝင်ထိုင်ရင်း မီးထိုးလို့ ကြည့်လိုက်ရင်းက -

"ဒကာကြီး"

"ဘုရား ..."

"ဒါ ဘယ်လိုလူမမာတုံး ..."

"ကိုယ်ဝန်ဆောင်ပါဘုရား၊ မီးဖွားရခက်နေလို့ မြို့ဆေးရုံ အမြန်ပို့မှာမို့ပါဘုရား"

"အို - ကိုယ်ဝန်ဆောင်မိခင်ကိုး၊ ကိုင်း - ဦးဇင်းလည်း ကုသိုလ်ရ၊ ဒကာမလေးရဲ့ ဒုက္ခသည်တို့သားအမိလည်း ပရိတ်ရွတ်သံကြားရင် ဝေဒနာသက်သာအောင် ဦးဇင်းခေါင်းရင်းကနေ ပရိတ်ရွတ်ပေးမယ်"

"မှန်ပါ - ကောင်းပါ့ - ဘုရား"

"ဒကာမလေး ..."

"ဘု...ဘု...ဘုရား"

"ဦးဇင်း အင်္ဂုလိမာလသုတ်တော်ကို ရွတ်မယ်၊ နားထောင်ပါ"

"အင်း - ဟင်း"

"ဒီပရိတ်တော်ကို မြတ်စွာဘုရားရှင် - ဆွမ်းခံရ အခက်အခဲဖြစ်နေတဲ့ အင်္ဂုလိမာလရဟန်းကို သင်ပေးလိုက်တဲ့ ပရိတ်ပဲ၊ ဤပရိတ်ရွတ်သံကို နာ



www.burmeseclassic.com

www.burmeseclassic.com

ကြားရသည်နှင့်တစ်ပြိုင်နက် သားဖွားရခက်သည့်မိခင်တို့ကို အလွယ်တကူ သားဖွားစေနိုင်သည်တဲ့၊ နားထောင်ပါ..

အို-နမ-ငါသည် ယနေ့ သူတစ်ပါးအသက်ကို နှိပ်စက်ညှဉ်းပန်းခြင်း ငါမပြုခဲ့၊ သေစေလိုသော ဆန္ဒနှင့်လည်း မပြုမူခဲ့၊ ဤမှန်သောသစ္စာစကားကြောင့် နမသည်လည်းကောင်း၊ ဝမ်းကြောတိုက်မှ သန္ဓေသား စသည်လည်းကောင်း အသက်ရှင်၍ ကျန်းမာချမ်းသာပါစေသတည်း"

သည့်နောက် ရဟန်းငယ်က အင်္ဂုလိမာလသုတ်ကို စတင်၍ ရွတ်ဆိုလိုက်တယ်၊ ဦးအုန်း၊ အမေငြိမ်း၊ ကိုထိန်၊ ပြောင်းတို့နဲ့ မိန်းမသားများအားလုံး ပရိတ်ကို နာယူကြတယ်၊

ဖွားရှင်ကလည်း အံကြိတ်ရင်း ဦးဇင်းရဲ့ ပရိတ်တရားသံကို အံကြိတ်လို့ နားထောင်လိုက်တယ်၊

ပြောင်းတို့ကတော့ ပွဲထောင်ကို ထိန်းမောင်းရင်း မြို့ခြေကို ရောက်ဖို့ အားသန်နေတယ်၊

စက်သံကြားမှာ ဦးဇင်းလေးရဲ့ အင်္ဂုလိမာလ ပရိတ်ရွတ်သံက စက်သံနဲ့ အပြိုင်ပေါ်နေတယ်၊ လေပြင်းများဟာ တဖြည်းဖြည်း လျော့ပါးလာတာကို ပြောင်းတို့ ပွဲထိန်းရင်း သိလာရတယ်၊

"အား-အ-အား"

"အမေ-အမေ-အား"

"ဘုရား-ဘုရား-အမေ-အား-အီး-အီ"

"ယတောဟံ၊ ဘဂိနီ၊ အရိယာယ၊ ဇာတိယာ၊ ဇာတော၊

နာဘိဇာနာမိ၊ သဉ္စိ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊

တေန သစ္စေန သောတ္ထိတေ ဟောတု သောတ္ထိ၊ ဂဗ္ဘဿ..."

အို-နမ-ငါသည် အရိယာဇာတ် ရဟန်းမြတ်ဖြစ်သောအခါမှစ၍ သေစေလိုသော စေတနာဖြင့် သတ္တဝါတစ်ကောင်ကောင်ကို သတ်ဖူးသည်ဟု ငါမသိပေ..."



သေမင်းရယ်-မယားနဲ့ ရင်သွေးကို ရွေးမခေါ်ပါနဲ့။

ဟောဒီကောင် ပညာမဲ့၊ ပစ္စည်းမဲ့၊

မြေမဲ့၊ ယာမဲ့၊ ထွန်မဲ့၊ တာက်မဲ့၊

ငါးပိရည်နဲ့ တို့စရာကို မွှားတော်ဖက်အံ့ဖြစ်

နေ့စဉ်လွေးနေရတဲ့ ကောင်ကိုပါ

တစ်ပါတည်း ခေါ်သွားစမ်းပါ ရှင်သေမင်းရယ်...။



"အား-မလေး-အီး-အီး"

"ဟဲ့-ဟဲ့-မွေးတော့မယ်ဟဲ့၊ မီးနေကူတွေ လုပ်ကြ၊ ကူကြဟေ့၊ ဟဲ့-ပြောင်းတို့"

"ဗျာ-အမေငြိမ်း"

"စက်ရှိန်သတ်ပြီး ကမ်းနံဘေးကို ကပ်ဟဲ့၊ ဒီမှာ မွေးတော့မယ်၊ ကိုယ်တော်ဘုရား ခွင့်ပြုပါဘုရား"

"ကောင်းမွန်စွာ မွေးဖွားပါစေ"



www.burmeseclassic.com

www.burmeseclassic.com

စက်ရှိန်သတ်ပြီး ရေဆိပ်ကို ကပ်လိုက်တော့ ဦးဇင်းလေးက ကုန်းကမ်းနဖူးပေါ် ခြေချပြီး မတ်တတ်ရပ်လို့ မေတ္တာသုတ်ရွတ်နေတာကို ပြောင်းတို လည်းကြားတယ်တဲ့၊

ပွဲထောင်ဝမ်းထဲမှာ လက်သည်အမေငြိမ်းနဲ့ ရွာသူတို့ အလုပ်များနေတယ်၊ ပြောင်းတိုနဲ့ ထိန်လည်း ဘုရားတ,ရင်း -

"ကွင်းပိုင်တို့ ကူညီကယ်မ,တော်မူပါ"

"ရေရှိ၊ ရေငန်ပိုင်ကြတဲ့ အရှင်တို့၊ ကယ်မ,တော်မူပါ"

"ညှစ် - ညှစ်"

"အား - အီး - အီး"

"ထွက်ပြီ - ထွက်လာပြီ"

"ငဲ - ငဲ - အဲ - ငဲ - ဝဲ - ငဲ"

"မွေးပြီဟေ့ - မွေးပြီဟ"

"အမေငြိမ်း - ဘာလေးတုံးဗျ"

"ယောကျ်ားလေးက ရွှေပန်းကို ချွန်လို့ဟဲ့"

"အဲဒါ သူ့အဖေနဲ့ တူလို့ဗျ"

"ဝါး - ဟား - ဟား - ဟား - ဟား"

အဲဒါမီးနေအကူများက မွေးကင်းစ,လေးကို ပွဲထောင်ပေါ်ပါတဲ့ ရေပုံးကရေနဲ့ သန့်စင်ရေချိုးနေတုံး လက်သည်အမေငြိမ်းက မီးနေကိစ္စများကို ကုန်စင်အောင် လုပ်နေလိုက်တယ်၊

"ဖွားရှင် ..."

"ရှင် ..."

"နေကောင်းရဲ့လား"

"အင်း ..."

"မူးလား"

"မမူးဘူး"



"မောလား ..."

"မမောဘူး"

"ပြောင်းတို ..."

"ဗျာ - အမေငြိမ်း"

"နင့်ပွဲထောင် ရွာဘက်ကို ပြန်လှည့်တော့"

"ဗျာ - မြို့ဆေးရုံကို မသွားတော့ဘူးလား"

"ဒီတစ်နယ်လုံး ငါမွေးလာတာ၊ အဲ - အဲ - ဟုတ်ပေါင်၊ ဒါ - ဒါ - ဟို - ဦးဇင်းလေးရဲ့ အဂ္ဂုလိမာလသုတ်တော်တန်ခိုးကြောင့် ချက်ချင်း လွယ်လွယ်ကူကူ မီးဖွားရတာဟဲ့၊ ဦးဇင်းလေးကို ပြန်ပင့်ကြပါဟဲ့ ..."

"ဟင် .."

"ဦးဇင်းလေးရောဟ ..."

"ဦးဇင်းဘုရား - ဦးဇင်းဘုရား"

"ထိန် - လိုက်ရှာပါဦးဟ၊ အပေါ့အပါးများ သွားနေရော့လား ..."

အနီးမှာ ဦးဇင်းလေးမရှိတော့ဘူး၊ အသံပြုခေါ်တာလည်း ပြန်မထူးဘူး၊ ဟိုနား ဒီနား လိုက်ရှာလည်း မတွေ့တော့ဘူး၊ အနီးဝန်းကျင်ကို အော်ခေါ်လည်း မထူးဘူး၊

"အမေ ..."

"ဦးဇင်းရေ ..."

"ဦးဇင်း - မရှိတော့ဘူး"

"ဟေ - လိုက်ရှာလေ...၊ ထားခဲ့လို့ မရဘူး၊ ဦးဇင်းရဲ့ ပရိတ်တန်ခိုးကြောင့် ငွေလည်းမကုန်ဘဲ လူကြီးရော ကလေးရော ကျန်းမာချမ်းသာခဲ့တာ ငါတို့ကို ရွာပြန်ပို့ပြီးရင် ဦးဇင်းလေး သွားချင်တဲ့နေရာကို လိုက်ပို့ပေး ..."

"အမေ - ကျွန်တော်တို့ အနှံ့လိုက်ရှာပြီးပြီ၊ မတွေ့ဘူး"

"ဘုရားရေ - ငါးမိနစ်၊ ဆယ်မိနစ်ပဲ ရှိသေးဥစ္စာ ..."

"သူ ကျန်ရစ်ခဲ့တဲ့ လက်နှိပ်ဓာတ်မီးနဲ့ကို ထိုးရှာတာ လုံးဝမတွေ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဘုရား - ဘုရား - ဒါ - ဒါဆို ဦးဇင်းလေးဟာ ရှိုးရှိုးရဟန်းသံဃာမှ ဟုတ်ရဲ့လား၊ ဘုရားတပည့်တော်မတို့ ရှိခိုးတော်တင်ပါသည်ဘုရား ..."

အမေပြိမ်းရဲ့ စကားလည်းဆုံးရော ငထိန်တို့အားလုံးဟာ အလွန်ထူးဆန်းတဲ့ ရဟန်းလေးကို ရည်မှန်းပြီး လက်အုပ်ချီ ကန်တော့လိုက်ကြတယ်၊

မေတ္တာလည်း ပို့လိုက်ကြတယ်၊

သည့်နောက် ပုံထောင်ကို ရွာရှိရာသို့ ပြန်လှည့်ပြီး ပျော်ရွှင်စွာ မောင်းနှင်ခဲ့ကြတယ်၊

— ● —

ကျွန်ုပ်သည် ရွာစံ ကိုသောကြာ ပြောပြသည့် ညဦးနက်သန်းခေါင်၊ မီးဖွားရခက်သော ဖွားရှင်နှင့် ထူးဆန်းသော ရဟန်းလေးအကြောင်းကို နားထောင်ရင်း ကြည်နူးဝမ်းသာ အံ့သြဖြစ်ရတယ်၊

"နောင်အခါမှာရော အဲဒီဦးဇင်းလေးကို ပြန်တွေ့လား ..."

"မတွေ့ဘူးဗျ၊ အဲဒါ ကျုပ်တို့ရွာကို သက်တော်ရှည်ဆရာတော်ဘုရားကြီးကိုလျှောက်ထားမေးမြန်းတော့ ..."

"ဘာပြောတုံးဗျ"

"ရတနာသုံးပါးကို မြဲမြဲရိုသေလေးစားကြတဲ့၊ နေ့တိုင်း ရဟန်းလေးကို မေတ္တာပို့ပေးတဲ့ ..."

"ရဟန်းလေးကိုရော ဘယ်လို ကောက်ချက်ချသတုံးဗျ"

"သူတော်ကောင်းရဟန်းလို့ပဲ ပြောတယ်ဗျ ..."

ဒီလိုနှင့် ကျွန်တော်တို့ မော်တော်ကားကို ကွင်းလမ်း ရှည်လျား ကွေ့ကောက်များစွာ ကျော်ခဲ့ပြီးနောက် မေတ္တာကုန်းဆိုတဲ့ရွာကို ရောက်လာခဲ့တယ်၊

အံ့သြစရာပဲဗျာ၊ ရွာထိပ်ကွင်းထဲမှာ ထူးဆန်းတဲ့ စေတီတစ်ဆူကို ဖူးမြင်ခဲ့ရတယ်၊



ပြောရရင် ကျွန်ုပ်လည်း အဲဒီရွာတွေကိုရောက်မှ အံ့သြစရာ ပုဂ္ဂိုလ်တွေအကြောင်းကို ကိုယ်တွေ့ကြုံခဲ့ရလေရဲ့ဗျာ၊

ကြည့်လေ ...၊

အလယ်က ရွှေရောင်နဲ့ ထုံးရောင် ရောနှောခြယ်ထားတဲ့ စေတီကြီးဘတ်ပတ်လည်မှာ ကိုးတောင်ပြည့်အရန်စေတီ(၂၇)ဆူကို ခပ်စိပ်စိပ် တည်ထားတာပဲဗျ၊

တစ်ခါကိုးတောင်ပြည့်စေတီသုံးဆူအကြားမှာ ခေါင်းလောင်း(လူတစ်ဖက်စာ) တစ်လုံးစီနဲ့ ပေါင်း ခေါင်းလောင်း (၉)လုံးကို ထူးထူးခြားခြား မြင်ခဲ့ရတယ်၊

ဒီမှာ ကိုရင်နဲ့ လူပေါင်း (၉)ဦးက ခေါင်းလောင်းတွေကို ထိုးနေတာဗျာ၊ သာယာလိုက်တဲ့အသံဗျာ ...၊

"တစ်လုံးတည်းထိုးရင် အသံမသာယာဘူးဗျ"

"ဟုတ်ရဲ့လား - ကိုသောကြာရ"

"ဆရာ - မယုံရင် ထိုးကြည့်လေ ..."

ဒါနဲ့ ကျွန်တော်က သစ်သားထိုးတုတ်ကို ကိုင်ပြီး ခေါင်းလောင်းကို ထိုးကြည့်တာ၊ အသံတိုးတိုးပဲ မြည်တယ်ဗျ ...၊

"ကျယ်လား - ဆရာ"

"တိုးတယ်ဗျ ..."

"ဟော့ - ကျောင်းသားနဲ့ ကိုရင်တို့ ခေါင်းလောင်း(၉)လုံး ပြိုင်တူထိုးကြစမ်းပါကွယ်"

ကိုသောကြာ စကားအဆုံးမှာ ဘုန်းကြီးကျောင်းသားနဲ့ ကိုရင်လေး (၉)ယောက်တို့ ခေါင်းလောင်း (၉)လုံးကိုပြိုင်တူထိုးလိုက်ရော ...၊

အံ့သြစရာပါဗျာ ...၊

မြည်လိုက်တဲ့အသံနယ် ရွာနီးချုပ်စပ်ပါကြားရလေရဲ့ဗျာ ...၊

ကျွန်တော်တို့ယောကျ်ားသားများကို ဘုန်းကြီးကျောင်းမမှာရှ တည်းစေပြီး အမျိုးသမီးများကိုတော့ ရွာလူကြီး ဦးမျိုးချစ်ရဲ့နှစ်ထပ်အိမ်မှာ တည်းစေတယ်၊



www.burmeseclassic.com

www.burmeseclassic.com

ဓမ္မာရုံကြီးကလည်း ကောင်းမှုကောင်းဗျာ။

ခြေတံရှည်ဆောက်ထားတာ နံဘေးရေ့ဝဲယာမှာလည်း ရှေးဘုန်းကြီးကျောင်းတွေ လေးငါးကျောင်း ရှိရဲ့။

ဓမ္မာရုံရဲ့မျက်နှာစာမှာ ကျောင်းထိုင်ဘုန်းတော်ကြီး အဆက်ဆက်ရဲ့ ဓာတ်ပုံကြီး (၁၀)ပုံခန့်ကို ချိတ်ထားတယ်။

"ကိုသောကြာ ..."

"ဗျာ - ဆရာ"

"ပြောပါဦးဗျ။ ဒီစေတီကို ဘယ်သူတည်ခဲ့တာတုံး"

"စ,တည်တာက ကျောင်းထိုင်ဘုန်းတော်ကြီး ဦးပညာဗလမှ အိပ်မက်ထဲမှာ နတ်မင်းကြီးလေးပါးက စုမြင်ရတဲ့အတိုင်း စေတီကြီးကို စေတီငယ် (၂၇)ဆူ ရန်နေတဲ့ စေတီရုပ်တုပုံစံ ကျောက်ပြားကြီးကို ပေးအပ်ပြီး ရွာထိပ်ကွင်းထဲမှာ၊ မြေကြီးထဲမှာ ကိန်းမြုပ်ပါတယ်၊ အရှင်ဘုရား ပြန်ရှာဖော်၍ စေတီတည်ပါ၊ ပြီးလျှင် နတ်ပြည်ကို ဘုရားလို့ လျှောက်တာကို မြင်မက်ခဲ့တယ်၊ ဆရာတော်ကြီးက သက်တော်(၇၀)ရှိပါပြီ။ သူ့ညီတော်ဘုန်းကြီးက သက်တော်(၆၅)နှစ်ပါ၊

ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ဘုန်းတော်ကြီး ဦးပညာသီလက မေတ္တာသုတ်များ ရွတ်ပြီး ရွာမြင်ကွင်းထဲ မနက်စောစော စင်္ကြံလျှောက်ရော တစ်နေရာ မြေကြီး ပူသလိုရှိနေတာကို အံ့ဖွယ်ကြုံရပါရောဗျာ။

ဟုတ်ရဲ့လား၊ သုံးကြိမ် စမ်းကြည့်တယ်၊ တခြားမြေကြီးနေရာ မပူဘူး၊ ရှေ့က ဆန်ကောဝိုင်းခန့် မြေကြီးနေရာ ထူးဆန်းစွာ ပူနေတယ်၊

ဒါနဲ့ အိပ်မက်ထဲက နတ်မင်းကြီးလေးပါးပြောတဲ့ ဘုရားနေရာများ ဖြစ်နေမလားဆိုပြီး အဓိဋ္ဌာန်ပြုလိုက်တယ်။

"အကယ်၍သာ အိပ်မက်အတိုင်း ကျွန်ုပ် သာသနာပြုရမည်ဖြစ်ပါက ဤပူသောမြေကြီးသည် ကျွန်ုပ်လက်နှင့် ထိသည်နှင့် မြေကြီး အေးပါစေသတည်း၊ သာသနာပြုရမည့်ပစ္စည်းများလည်း တွေ့ရပါစေသတည်း"



အဲလို အဓိဋ္ဌာန်ပြီး စောစောက ပူကြွပ်နေတဲ့ မြေကြီးပေါ်ကို လက်ဝါးအသာတင်လိုက်ရော၊ အလို ... မြေကြီးဟာ ပူရာကနေ အေးသွားပါရောဗျာ၊

အဲဒါ (၂၄)ပစ္စည်းနဲ့ စည်းချ မှတ်သား၊ မေတ္တာပို့ပြီး ကျောင်းရှိရာပြန်လာ၊ သူ့ညီဘုန်းကြီး ဦးဓမ္မစေတီရယ်၊ ကပ္ပိယဦးကြိမ်လုံးရယ် ... ဘုန်းကြီးကျောင်းသားများပါ ခေါ်သွားပြီး တူးလိုက်ကာ တစ်မိုက်ခန့် ကြေးဆင်းတု သုံးဆူ၊ ငွေဒင်္ဂါးပြားရေ (၁၀၀)နဲ့ စေတီတစ်ဆူလို စေတီတစ်ဆူလို စေတီသေးသေးလေး (၂၇)ဆူရန်ထားတဲ့ တစ်ပေခန့် ကျောက်ပြားရုပ်တုကို ထူးဆန်းစွာ ရခဲ့တယ်၊

အိပ်မက်ပေးတဲ့ နတ်မင်းကြီးလေးပါးရော၊ ငွေဒင်္ဂါးများပါ ထားရစ်ခဲ့တဲ့ မမြင်ရသေးသော ရှေးပုဂ္ဂိုလ်အလှူရှင်များပါ ကုသိုလ်ရအောင်၊

အိပ်မက်အရစေတီတည်ဖို့ငွေဒင်္ဂါးများကိုထုခွဲပြီးဟောဒီလိုစေတီရန် (၂၇)ဆူနဲ့ အလယ်စေတီကြီးကိုတည်ပြီး စေတီသုံးဆူဘေးမှာ ခေါင်းလောင်း (၉)လုံးကို စီရင်ခဲ့လိုက်တယ်၊

မြေကြီးထဲကရတဲ့ မူလပုံတော်စေတီနဲ့ အရပ်အလှူရှင်များရဲ့ရွှေငွေတို့ကို ဌာပနာခဲ့တယ်၊

ထီးတော်တင်ရေစက်ချပြီးသည့်နေ့ကစပြီးဆရာတော်ကြီးအဲဒီဘုရားသုံးဆူစေတီမှာ ညတိုင်း မီးလင်းတရားထိုင်တော်မူတယ်၊

(၂၇)ရက်ပြည့်တဲ့ နေ့မှာတော့ ဆရာတော်ဘုရားကြီး ထိုင်လျက်တရားမှတ်ပြီး ပျံလွန်တော်မူရှာတယ်၊

သူ့ရဲ့အရိုးပြာများကိုတော့ ဘုရားစေတီရှေ့က ကုက္ကိုပင် အရိပ်အောက်မှာ အရိုးအုတ်ဂူ ပြုလုပ်ထားကြတယ် ဆရာ၊

နောက်ပိုင်းမှာ သူ့ ညီတော်ဘုန်းတော်ကြီး အရှင်ဓမ္မစေတီက တန်ခူးလရောက်တိုင်း ဘုရားပွဲ၊ တရားပွဲ ကျင်းပပေးခဲ့တာ ညီဆရာတော် အရှင်ဓမ္မစေတီ ပျံလွန်တော်မူတဲ့အထိ (၁၀)နှစ် ရှိခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com

"ဆရာတော်က ဘယ်တုံးက ပျံလွန်တော်မူတုံးခင်ဗျ"

"နှစ်နှစ်ရှိသွားပြီ ဘုရား။ ဆရာတော် ဦးဓမ္မစေတီက ဘုရားစေတီရော၊ ကျောင်းရောကို သံယောဇဉ်ကြီးဘယ်၊ ကျောင်းမှာ ကိုရင်တွေ စာသင်သားရဟန်းတွေ တကျက်ချိန် မငိုက်ရအောင် ကြည့်ရှုတယ်"

တမတတ်တတ်အောင်လည်း သင်တယ်၊

ကိုရင် ရဟန်းတွေကို ယဉ်ကျေးသိမ်မွေ့အောင် ပြောဆိုနေထိုင်ရေးက အစ သွန်သင်တယ်၊

တန်ခူးလ သင်္ကြန်တရားစခန်း ဖွင့်ရင်လည်း တရားစခန်းဝင်သူများကို တရားရအောင် ပြတယ်၊

ကိုရင်တွေ၊ ရဟန်းတွေ တံတွေးထွေးချင်ရာ မထွေးရအောင် သဲပုံးတွေ ချပေးပြီး တံတွေးထွေးဖို့ သင်တယ်၊

ကျောင်းပေါ်မှာ၊ ဓမ္မာရုံမှာ အိပ်ချင်သလိုအိပ်ပြီး အယုတ္တ အနတ္တ ပြောတာကို မကြိုက်ဘူး၊

ကြားရင် မြင်ရင် ကြိမ်နဲ့ ဆော်ရင်ဆော်၊ မဆော်ရင် ကျောင်းကနေ နှင်ပစ်မှာဗျ…၊

ကိုရင်၊ ရဟန်း၊ ကျောင်းသားများ စားရေးသောက်ရေး လိုလေသေး မရှိစေရဘူး၊ ဆရာတော်က ယဉ်ကျေးလိမ္မာတာကို အထူးနှစ်မြို့က်တယ်၊

ဘုန်းကြီးကုဋိ၊ ကိုရင်ကုဋိ၊ လူအိမ်သာ၊ သန့်ရှင်းနေမှ ကြိုက်တယ်၊

ဒါကြောင့် ဆရာတော်ကြီး ရှင်ဓမ္မစေတီက အားလုံးက စည်းကမ်းကြီး၊ စည်းစနစ်ကျလွန်းလို့ လေးစားရှိသေကြတယ်ဗျာ၊

ဆရာတော်ဟာ ပျံလွန်တော်မူမည့်နေ့မှာ -

သူ့နောင်တော်ရဲ့ အရိုးပြာဝှကို သန့်ရှင်းရေးလုပ် ကန်တော့ပြီး ဘုရားသုံးဆူ စေတီမှာ ပုတီး(၂၇)ပတ် စိပ်တယ်၊

ဘယ်သူမှ ခေါင်းလောင်းတစ်လုံးထိုးရင် အသံမြည်အောင်၊ ကျယ်အောင် ထိုးလို့မရဘူး၊ အဲဒီနေ့ညဦးမှာ ဆရာတော် ခေါင်းလောင်းကိုးလုံးကို



တစ်လုံးစီ ထိုးသွားတာ အသံကို စည်ကြီး မြည်ဟိန်းပဲ့တင်နေလို့ အားလုံး အံ့သြကြရပါရော၊

ကျောင်းရောက်ဝတ်တက်ပြီးရောရဟန်း၊ကိုရင်၊ကပ္ပိယ၊ကျောင်းသားများကို ခေါ်ပြီး မိန့်မှာတယ်၊

"ငါရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကျောင်းစည်းကို လေးစားလိုက်နာကြ၊ ယဉ်ကျေးလိမ္မာ၊ တော်အောင်နေကြ၊ ယဉ်ကျေးလိမ္မာမှ လူရော နတ်ရော ကြိုက်မယ် - နားလည်ကြလား"

"နားလည်ပါတယ်ဘုရား"

"ဘုန်းကြီးကျောင်းမှာ အပြုအမူ ညစ်ညမ်းရိုင်းပျတာနဲ့၊ အိမ်မှာ အပြုအမူရိုင်းပျတာ အပြစ်မတူဘူး"

"မှန်ပါ ဘုရား"

"ဘုန်းကြီးကျောင်းမှာ အပြုအမူ အနေအထိုင် ရိုင်းပျရင် ငရဲကို ကျရော - နားလည်လား"

"နားလည်ရင် ကျိန်းကြတော့ …"

ဆရာရယ် …၊ မိုးလည်းလင်းရော၊ အရုဏ်ဆွမ်းစားဖို့ ဆရာတော် ထ.မလာဘူး၊ ဒါနဲ့ လက်ထောက်ကျောင်းထိုင်က ဆရာတော်အခန်းလည်း သွားကြည့်ရော - ဆရာတော် ပျံလွန်တော်မူနေတာကို တွေ့သိရတာပါ၊

အားလုံး ကြေကွဲဝမ်းနည်းကြပေါ့ - ဆရာရယ်၊ ရှင်းရှင်းပြောရရင် ကျုပ်တို့ အရပ်ဟာ အံ့သြစရာတွေနဲ့ပါပဲဗျာ …၊

—♦—

တကြည့်တိုက်ဖွင့်ပွဲကို ရွာလယ်မူလတန်းကျောင်းမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့တယ်၊

တကြည့်တိုက်မြေနေရာကို ရွာက အလှူရှင်တစ်ဦးက လှူတယ်၊ တကြည့်တိုက်ကို ဆရာတော် ဦးဇဝနနဲ့ တပည့်သူငယ်ချင်းများက စုပေါင်း တာဝန်ယူ ဆောက်လုပ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com

ဖွင့်ပွဲမှာ ဆရာတော်ဦးဇဝနက အမှာစကားပြောတယ်၊ ရွာသားတွေကို တဖတ်စေချင်၊ တတတ်စေချင်တယ်၊ တတတ်တဖတ်မှ အမှားနဲ့ အမှန်၊ အဝိဇ္ဇာနဲ့ ဝိဇ္ဇာ၊ သမ္မာဒိဋ္ဌိနဲ့ မိစ္ဆာဒိဋ္ဌိကို ခွဲခြားနားလည်မှာ၊ ဒါကြောင့် ဘုန်းကြီးတို့ စာကြည့်တိုက်ကို ဖြစ်အောင်ကြိုးစားကြတာပါ၊ တဖတ် တတတ်လာရင် လူ့လိမ္မာ လူယဉ်ကျေးလေးတွေဖြစ်ပြီး အိမ်ချစ်စိတ်၊ ကျောင်းချစ်စိတ်၊ ရွာချစ်စိတ်၊ မြို့ချစ်စိတ်၊ တိုင်းချစ် ပြည်ချစ်စိတ်တွေ ဖြစ်လာမှာလို့ ဘုန်းကြီးတို့ ယုံကြည်ပါတယ်၊

လက်ခုပ်သံတွေ လျှံသွားတယ်၊ နောက်တာဝန်ရှိသူ အသီးသီး စကားများ ပြောပြီးနောက် အခမ်းအနားကို ရုတ်သိမ်းလိုက်ပြီး ကျွန်ုပ်တို့ ဘုန်းကြီးကျောင်း ဓမ္မာရုံကြီးမှာ အနားယူကြတယ်၊

ညကျရင် ခြင်းလုံးဖြေဖျော်ပွဲ ရှိတာကိုး …၊

ရေမိုးချိုး စားသောက်ပြီး စာကြည့်တိုက်ရှေ့ မီးရောင်ထိန်ထိန်နဲ့ ခြင်းဝိုင်းကို စကြည့်ကြတယ်၊

မြို့က ပြိုင်ပွဲဝင် ခြင်းပွဲများမို့ အလှစတ်အမျိုးမျိုးပါ ပြသွားတာ ကြည့်လို့ အလွန်ကောင်းပါလေရဲ့၊

စရီးက ပင်ပန်းနေပြီလေ၊ ကားစီးလာရတဲ့ ကွင်းလမ်းခရီးက မနည်းဘူးဥစ္စာ၊ ဒါကြောင့် ကျွန်ုပ်နဲ့ ပြန်ဆက်ဦးစီးမှုး ကိုသိန်းရယ်၊ စိတ်ကူးသစ်တပေက ကိုတင်ထွန်းရယ် စောစောပြန်ပြီး အိပ်ကြတယ်၊

ကျွန်ုပ်မှာက အကျင့်တစ်ခု ရှိတယ်၊ ညဘက်ရောက်ရင် အပေါ့(၄)ခါလောက် သွားရလေ့ရှိတယ်၊ တစ်ရေးနိုးလာရင် ဆီးသွားချင်လာရော၊ ဒါကြောင့် ကျွန်ုပ်အိပ်ရာခြေရင်းမှာ ဆီးအိုးကို ညစဉ်ထားပြီး တစ်ရေးနိုးတိုင်း ဆီးသွားရတာ ကျွန်ုပ်ရဲ့အကျင့်ပါပဲ၊

အခု ဘုန်းကြီးကျောင်းဓမ္မာရုံမှာ ဆီးအိုး မရှိဘူး၊

ဒါနဲ့ ဓမ္မာရုံရဲ့အနောက်စူးက လူအများသုံးရန် အိမ်သာကို ပွဲဦးထွက် ဆီးသွားလိုက်တယ်၊



အိမ်သာက ရေသုံးအိမ်သာပါ၊ သန့်ရှင်းပါတယ်၊ အိမ်သာတံခါးကို မြေဆီအိတ်ခွဲပြီး ချိတ်နဲ့ ချိတ်ရတယ်၊ စိုးရိမ်ရတာ၊ အိမ်သာရဲ့နောက်နားမှာ ကကြစတ်ဝါးရုံး တန်းအုပ်နေတော့၊

မြွေ အိမ်သာထဲဝင်နေရင် ဒုက္ခ …၊

ဒီလိုနဲ့ ကျွန်ုပ်လည်း အိပ်ပျော်သွားခဲ့တယ်၊ အတော်ကြာရော ကျွန်ုပ်တစ်ရေးနိုးလာပါရော၊ နာရီကို ကြည့်လိုက်တော့ ည(၁၁)နာရီ၊ ဘေးလူနှစ်ယောက် မနိုးအောင် ခြေဖော့နင်းပြီး တံခါးဖွင့်လို့ အိမ်သာရှိရာကို လာခဲ့လိုက်တယ်၊

လက်နှိပ်ဓာတ်မီးက သုံးယောက်စလုံး မပါကြဘူး၊

လရောင်ကတော့ လင်းထိန်နေရဲ့ …၊ သို့သော် အိမ်သာရှိရာသို့ သွားချင်ပေမင့် မြွေရောက်နေမှာ စိုးရွံ့ပြီး အိမ်သာရှိရာ ပေ(၂၀)အကွာကို မသွားဝံ့ဘူးဖြစ်နေတယ်၊

ဒါနဲ့ ဘေးဘီအခြေအနေ လှည့်ပတ်ကြည့်ပြီး လရောင်အောက်မှာပဲ ထိုင်ဆီးသွားလိုက်တယ်၊ ဆီးသွားနေချိန်မှာ ကြောထဲကနေ ဖျန်းခနဲဖြစ်ပြီး ကြယ်သီးထ.သွားတယ်ဗျ၊

ခေါင်းနားပန်းလည်း ကြီးသွားတာပဲ၊

ဘာဖြစ်တာလဲ၊ လန့်စရာ၊ ဘာမှလည်း မမြင်ရ၊ ဒါနဲ့ ဓမ္မာရုံပေါ် ပြန်တက်၊ အိပ်ရာထဲ ပြန်ဝင်ခဲ့လိုက်တယ်၊ မကြာဘူး၊ ပြန်အိပ်ပျော်သွားခဲ့တယ်၊

ဟော – နိုးသွားပြန်ပြီ၊ ထုံးစံအတိုင်း ဆီးအောင့်နေပြီ၊ တောင့်ခံကြည့်တယ်၊ မရဘူး၊ ဒါနဲ့ အနီးက အိပ်နေသူတွေ မနိုးအောင် ခြေဖွပြီး တံခါးဖွင့်၊ အောက်ကို ဆင်းလာလိုက်တယ်၊ လရောင်က လင်းနေတုန်းပဲ၊ သို့သော် အိမ်သာကို မသွားရဲဘူး၊ မြွေများ တက်နေမလား၊ မီးလည်းမပါ၊

ဒါနဲ့ ထုံးစံအတိုင်း နံဘေးနံဘီကို လှည့်ကြည့်ပြီး မတ်တတ်ရပ်ဆီးသွားပြီး အလှည့် …၊



www.burmeseclassic.com

www.burmeseclassic.com

"ဟင် ..."

ခေါင်းနားပန်းတွေ ကြီးသွားတယ်၊ ကျွန်တော့်နောက်မှာ ရပ်ကြည့်နေတာ ဘုန်းကြီးအိုကြီးတစ်ပါး၊ သက်တော်(၇၀)ခန့် ရှိမယ်၊ မျက်နှာရှည်ရှည်နဲ့ ညာဘက်ပါးပေါ်မှာ မှဲ့လေးတစ်လုံးပါတယ်၊

စကားပြောမှ သွားတွေ မရှိမှန်း သိရတယ်၊

"ဘာလို့ အိမ်သာကို မသွားရတာလဲ ..."

"ဟို - ဟို - လက်နှိပ်ဓာတ်မီးမပါတော့ မြွေ - မြွေ - ကြောက်လို့ပါဘုရား"

"ဒီကျောင်းဝန်းထဲမှာ မြွေလုံးဝမရှိဘူး"

"တပည့်တော် - မသိတော့ - ကြောက်ပြီး ..."

"ဒကာကြီး - ဘာအလုပ်လုပ်သလဲ"

"ဟို - ဟို - စာရေးဆရာပါ"

"အင်း - စာရေးဆရာဆိုတာယဉ်ကျေးမှုကိုပိုပြီးသုများထက်လေးစားရတယ်၊ ဒီဘုန်းကြီးကျောင်းဝိုင်းထဲမှာ ဘယ်ကျောင်းသား ကိုရင်၊ ရဟန်း၊ ဧည့်သည်မှ ဒီလို ယဉ်ကျေးမှုကင်းမဲ့စွာ ဆီးမသွားကြဘူး၊ တံတွေး မထွေးကြဘူး၊ သလိပ်မဟပ်ကြဘူး၊ ဒကာကြီးက စာရေးဆရာဖြစ်နေတော့ သာမန်လူတွေထက် ပိုပြီး ယဉ်ကျေးမှုကို နားလည်ရမှာပေါ့"

"တပည့်တော် - မှား - မှားပါတယ်ဘုရား၊ တောင်းပန်ပါတယ် ဘုရား"

ပြောရင်း မြေပြင်မှာ ထိုင်ဦးချကန်တော့ တောင်းပန်လိုက်တယ်၊

မော့ကြည့်လိုက်တော့ ရဟန်းအိုကြီးဟာ ခြေထောက်နင်းဖိထောက်နင်းနဲ့ မြေစိုက်စေတီလေးရှိရာကို လှမ်းလှမ်းသွားနေတယ်၊ ပြီး အနေကထိုင်အဝတ်ကို ခင်းလို့ ထိုင်လိုက်တယ်၊

ပြီး - တရားရှုမှတ်နေတာကို မြင်လိုက်ရတယ်၊

ကျွန်ုပ်လည်း အပေါ် ပြန်တက်လို့ စဉ်းစားရင်း ရှက်နေမိတယ်၊ အားလည်းနာနေမိတယ်၊ ကိုသောကြာပြောတာမှန်နေပြီပဲ၊ ဒီဘုန်းကြီးကျောင်းက စည်းကမ်းကြီးတယ်၊ ယဉ်ကျေးမှုကို ထိန်းသိမ်းတယ်တဲ့၊



ကျွန်ုပ်လည်း အလွန့်ကို အံ့ဩနေတယ်။
ဟောဟို ဓာတ်ပုံထဲက
ညာဘက်ပါးမှဲ့သီးနဲ့ ဆရာတော်ကို
ကျွန်ုပ် ညတုန်းက အမှန်တကယ်
မျက်နှာချင်းဆိုင် စကားပြောခဲ့တာပါ။
အမှန်တကယ်
မျက်နှာချင်းဆိုင် စကားပြောခဲ့တာပါဗျာ။



ဟူး - ငါလိုစာရေးဆရာ မယဉ်ကျေးတဲ့ အပြုအမူလုပ်ခဲ့မိတာ အများကြီး မှားသွားပါကလား၊

မိုးလည်းလင်းရောမျက်နှာသစ်ပြီးတာနဲ့ညကအဖြစ်အပျက်ကိုဦးစီးနဲ့ တအုပ်အလှူရှင် ကိုတင်ထွန်းကို ပြောပြလိုက်တယ်၊

"ဆရာမှိုင်းက ဆရာတော်ကြီးနဲ့ သွားတိုးတာနဲ့တူရဲ့ဗျ"

"ဟုတ်တယ်နဲ့တူပါရဲ့ဗျာ၊ ကျွန်တော် စိတ်မကောင်းလိုက်တာ - ဆရာရယ်၊ ဆရာတော်ကြီးကို သွားတောင်းပန်ချင်တယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"အောင်သာပေါ့ဘုရား၊ ကျွန်တော်တို့ကို အထင်မသေးဘဲ နားလည်စွမ်းရှိ
ကြမှာပေါ့ - ဒကာကြီးမယ်"

ဒါနဲ့ ဦးဘုန်းတို့သုံးယောက် ကျောင်းထိုင်ဘုန်းတော်ကြီးနေတဲ့ ကျောင်း
ဆောင်ကိုရောက်သွားရော၊ ဆရာတော်ကြီးတစ်ပါးကိုတွေ့ရလို့ဦးချကန်တော့
လိုက်ကြတယ်။

သို့သော် ညတုန်းက တွေ့ရတဲ့ ဘုန်းကြီး မဟုတ်ဘူး။

"ပြန်ကြတော့မလို့လား - ဒကာတို့"

"မှန်ပါ့ - လျှောက်တင်စရာ ရှိလို့ပါဘုရား"

"လျှောက်ပါ - ဒကာကြီး"

ဒါနဲ့ ညတုန်းက အိပ်သာရှိရာမသွားဘဲ လမ်းမှာပဲ မတ်တတ်ရပ် ဆီး
သွားနေတုန်း ဆရာတော်ကြီးတစ်ပါး တွေ့သွားပြီး ဆုံးမသွားတဲ့ အကြောင်း
ပြောပြပြီး -

"ထပ်တောင်းပန်ချင်လို့ပါဘုရား"

"ညတုန်းက ..."

"မှန်ပါဘုရား"

"ဘုန်းကြီးပုံသဏ္ဌာန်က ဘယ်လိုပုံစံ"

"အသက်(၇၀)ခန့် ရှိမယ်ဘုရား။ ညာဘက်ပါးပေါ်မှာ မှဲ့သီးတစ်လုံး ရှိ
တယ်"

"ပြီးတော့ ..."

"ညာဘက်ခြေကတော့ ထော့နင်း ထော့နင်း ဖြစ်နေပါတယ် ဘုရား။
တပည့်တော်ကို ပြောဆိုပြီး ဟိုရှေ့က စေတီရှေ့မှာ တရားထိုင်နေပါတယ်
ဘုရား။ အဲဒီဆရာတော်ဘုန်းကြီးကို ထပ်ဆင့်တောင်းပန်ချင်လို့ပါဘုရား"

သို့ကလို လျှောက်တော့ ရှေ့ဆရာတော်က ကျွန်ုပ်ရဲ့မျက်နှာကို စူးစူး
စိုက်စိုက်ကြည့်နေရင်းက -

"တကယ်လည်းအဲဒီလိုပုံသဏ္ဌာန်နဲ့ ဆရာတော်ကိုတွေ့ခဲ့တာအမှန်ပဲ
လား - ဒကာကြီး"

"အမှန်ပါပဲဘုရား၊ ဘာဖြစ်လို့ပါလဲဘုရား"

ဆရာတော်ဘုန်းကြီးက ပြောသင့် မပြောသင့် ဟန်နဲ့ စဉ်းစားနေ
တယ်၊

"ဘာဖြစ်လို့ပါလဲ - အရှင်ဘုရား"

"ဒကာကြီးတို့ပြောတဲ့ ဘုန်းတော်ကြီးက ဟိုဘုန်းကြီးလား - ကြည့်"

ဆရာတော် လက်ညှိုးထိုးပြတဲ့ တန်းစီးဓာတ်ပုံကြီးငါးပုံကို ကြည့်
လိုက်ရော -

"ဟောဒီ ဘုန်းတော်ကြီးပါ ဘုရား"

"အဲဒါ ကျောင်းထိုင်လုပ်ခဲ့တဲ့ ဆရာတော် အရှင်ဓမ္မစေတီပဲ"

"အခု - ဆရာတော် - ဘယ်မှာလဲ ဘုရား"

"မရှိတော့ဘူး"

"ဗျာ - ဘယ်လိုမရှိတာလဲ ဘုရား"

"ပြီးခဲ့သည့်နှစ်ကပဲ ပျံလွန်တော်မူသွားပါပြီ - ဒကာကြီး"

"ဘုရားရေ ..."

ဆရာတော်လည်း အံ့ဩနေသလို ကျွန်ုပ်လည်း အလွန့်ကို အံ့ဩနေ
တယ်၊ ဟောဟို ဓာတ်ပုံထဲက ညာဘက်ပါးမှဲ့သီးနဲ့ ဆရာတော်ကို ကျွန်ုပ်
ညတုန်းက အမှန်တကယ် မျက်နှာချင်းဆိုင် စကားပြောခဲ့တာပါ။


အမှန်တကယ် မျက်နှာချင်းဆိုင် စကားပြောခဲ့တာပါဗျာ

⊃ မောင်ညိုမှိုင်း (သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com






## ဖုတ်တစ္ဆေသော အယ်ဂိုင်းမားလော

**တက္ကသိုလ်မျိုး**

လောက၌ တစ်ခါတစ်ရံ အယူသည်းမှုကြောင့် မဖြစ်သင့် မဖြစ်ထိုက်သောဖြစ်ရပ်များရင်နာစွာဖြစ်ခဲ့ရသည်။ စာရေးသူ ပုသိမ်မဖြောင်းမီရန်ကုန်တက္ကသိုလ်၌ တာဝန်ထမ်းဆောင်စဉ် ကာလက ဇနီးဖြစ်သူ ဖွင့်လှစ်ထားသည့်သာကေတ တစ်ရပ်ကွက်သုမနလမ်းရှိအောင်ဆေးခန်းသို့ညနေဘက်လိုက်ပါ၍ကူညီခဲ့ဖူးသည်။ ဇနီးဖြစ်သူ၏ ဆေးခန်းမှာ လူနာသိပ်မများသော်လည်း ကိုယ်ဝန်ဖြင့် ညရေးညတာ သွားလာနေရ၍ စာရေးသူ လိုက်ပါပြီး ဆေးခန်း၌ကွန်ပေါင်တာ (ဆေးပေး၊ ငွေသိမ်း) အလုပ်ကို လိုက်ပါ လုပ်ကိုင်ပေးခြင်းဖြစ်သည်။

စာရေးသူအနေနှင့်ဆေးပညာမတတ်ကျွမ်းသော်လည်း ဆေးစာတတ်၍ ဆေးပေးသည့်အလုပ်နှင့် ငွေသိမ်းသည့်အလုပ်ကိုတော့ မမှားမယွင်းလုပ်နိုင်ခဲ့ပါသည်၊ တစ်ခါတစ်ရံဒဏ်ရာအနာတရဖြစ်လာသည့်လူနာများကို ဇနီးဖြစ်သူဆရာဝန်က ချုပ်ရိုးဖြင့် ချုပ်သည့်အခါ၌ အနားမှနေပြီး လူနာကို ဖမ်းချုပ် ကိုင်တွယ်ပေးရသော အလုပ်လည်း စာရေးသူတတ်ကျွမ်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆေးခန်းသို့ နေ့စဉ် လိုက်ပါခဲ့သူ စာရေးသူအတွက် လူနာများနှင့် ပတ်သက်၍အတွေ့အကြုံများ ရရှိခဲ့သည်၊ ရောဂါမျိုးစုံအကြောင်းကိုလည်း တီးမိခေါက်မိ သိလာသည်၊ မည်သည့်ရောဂါကို မည်သည့်ဆေးပေးရမည်ကိုလည်း အတွေ့အကြုံအရ သိလာသည်၊ စာရေးသူ မလုပ်တတ်သည့်ကုသရေးနှင့်ဆိုင်သော အလုပ်မှာ လူနာခံစားနေရသည့်ဝေဒနာကို စမ်းသပ်၍ မည်သည့်ရောဂါ ဖြစ်ကြောင်း ဖော်ထုတ်နိုင်သည့်ပညာပင် ဖြစ်သည်၊ ထိုသို့ရောဂါ ရှာဖွေရေး၊ ရောဂါအမည်ကို အမှန်အကန် ဖော်ထုတ်နိုင်ရန် ဆရာဝန်တိုင်းသည် နှစ်ပေါင်းများစွာဆေးပညာကိုသင်ယူခဲ့ရခြင်းဖြစ်သည်၊ ဒုတိယအရေးပါသည့် အချက်မှာ ရောဂါအမှန်အကန် ရှာဖွေ ဖော်ထုတ်ပြီးနောက် တွေ့ရှိသည့် ရောဂါနှင့်ဆေးတည့်အောင် ပေးနိုင်ရေးပင် ဖြစ်သည်၊ ထိုသို့ဆေးနှင့်ရောဂါ တည့်အောင် ကုသနိုင်မှလည်း လူနာအဖို့ ဝေဒနာကို ကြာရှည်မခံစားရပဲ အမြန်ဆုံးကုသပျောက်ကင်းနိုင်မည်ဖြစ်သည်၊

စာရေးသူ အထက်က ဆိုခဲ့သည့် မည်သည့်ရောဂါကို မည်သည့်ဆေးပေးရမည်ကို သိခဲ့သည်ဟုရေးခဲ့သည်မှာ ကိုယ့်ရည်ကိုယ်သွေး ဝင့်ကြွားရာရောက်နေပေမည်၊ စာရေးသူဇနီးသည် ဆေးခန်း၌ လိုက်ပါ ကူညီခဲ့သည့်ကာလအတွင်း ဆေးခန်းသို့ လာရောက်သည့် သာမန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ရောဂါ၊ နာစေးချောင်းဆိုးရောဂါ စသည့် အပရိကရောဂါငယ်များနှင့်ပတ်သက်၍ဇနီးသည်ကုထုံးကိုမှတ်သားထားလိုက်ခြင်းဖြင့်ဆေးပေးတတ်ခြင်း၊ကိုသာ ဆိုပေသည်၊ တခြား ထူးဆန်းသည့်ရောဂါများနှင့်ပတ်သက်၍ကား ဘာမှ မသိဟု၍ ရိုးသားစွာ ဝန်ခံရပေမည်၊

—◈—

အထက်ဆိုခဲ့သည့်အတိုင်း စာရေးသူ ဆေးခန်းသို့ နေ့စဉ် လိုက်ပါခဲ့၍ လူနာများနှင့် ပတ်သက်သော အတွေ့အကြုံများ အတော်စုံအောင် တွေ့ခဲ့ရဖူးပေသည်၊ ထိုသို့တွေ့ကြုံခဲ့ရသော အတွေ့အကြုံများအနက် စာရေးသူတို့ဆေးခန်းနှင့် သိပ်မဝေးလှသောလမ်းသွယ်လေးတွင် ဒေါ်သိန်းမေ အမည်ရှိ



သည့်အသက်ရှစ်ဆယ်အရွယ် အမေအိုတစ်ဦးနေထိုင်ပြီး ထိုအမေအိုသည် ဇနီးဖြစ်သူ၏ လူနာတစ်ဦး ဖြစ်ခဲ့သည်၊

ဇနီးဖြစ်သူ ဆေးခန်းဖွင့်ခဲ့သည့် နှစ်နှစ်ကျော်ကာလအတွင်း အဖွားအိုဒေါ်သိန်းမေမှာ ဇနီးဖြစ်သူဆေးခန်းသို့ အကြိမ်ပေါင်းများစွာ လာခဲ့သူ ဖြစ်သည်၊ စာရေးသူတို့ဇနီးမောင်နှံကလည်း ဒေါ်သိန်းမေကို ဆွေမျိုးရင်းချာပမာ ခင်တွယ်နေ၍ နာမည်ကိုပင် မခေါ်တော့ပဲ အဘွားဟု၍ ရိုရိုသေသေ ခေါ်ခဲ့သည်၊

အဘွားဒေါ်သိန်းမေအနေနှင့်လည်း စာရေးသူတို့အပေါ်တစ်ဦးမေတ္တာတစ်ဦးမှာဆိုသလိုပြန်လည်ခင်တွယ်မိပြီးနေထိုင်မကောင်း၍ဆေးကုသရန်မဟုတ်ဘဲ ဆေးခန်းဖွင့်သည်နှင့် အဘွားဒေါ်သိန်းမေ ရောက်လာတော့သည်၊ လက်ချည်းသက်သက်လာခြင်း မဟုတ် တစ်ခါတစ်ရံ လက်ဖက်သုပ်ပန်းကန်လေးကိုင်၍လည်းကောင်း တစ်ခါတစ်ရံ ဘူးသီးကြော်၊ ငှက်ပျောကြော်များကိုလည်းကောင်း စားစရာယူလာစရာ မရှိလျှင် ရေနွေးခရားနှင့်အကြွမ်းပန်းကန်များ ထည့်ထားသည့် လင်ဗန်းကို မနိုင့်တနိုင် မလာ၍လည်းကောင်း၊ လာတတ်သည်၊ စာရေးသူတို့ကလည်းအဘွားဒေါ်သိန်းမေကျန်းမာရေးနှင့် ပတ်သက်လာလျှင် ဆေးဝါးကုသခ လုံးဝ မယူဘဲ ကုသပေးခဲ့ကြသည်၊

အဘွားဒေါ်သိန်းမေသည် စာရေးသူတို့ဆေးခန်းဖွင့်သည့်ရပ်ကွက်၌ သာကေတမြို့စတင်တည်ထောင်ချိန်မှစတင်နေထိုင်ခဲ့ခြင်းဖြစ်ရာ စာရေးသူဆေးခန်းဖွင့်သည့် (၁၉၇၇ - ၁၉၇၈) ခုနှစ်အထိဆိုလျှင် နှစ်ပေါင်းဆယ့်လေးနှစ်ကျော်ပင် ကြာမြင့်ခဲ့ပြီ ဖြစ်သည်၊ ဒါကြောင့်လည်း ဆေးခန်းသို့ လာကြသည့်လူများနှင့်ပတ်သက်၍အဖွားသည်အားလုံးနီးပါးကိုရင်းရင်းနှီးနှီး သိသူဖြစ်သည်၊ ဇနီးသည်ကိုလည်း ဆေးခန်းလာသူများနှင့်ပတ်သက်စရိုက်အမျိုးမျိုး ရှိတတ်ပုံကို အဖွားသတိပေး၍ ကြိုတင် သိခဲ့ရသည်၊ တချို့လူနာသည် ဆေးဖိုးအကြွေးချန်တတ်ပြီး ပေးရန် များလာသောအခါ တခြားဆေးခန်းသို့ ပြောင်းသွားသည်များနှင့် ပတ်သက်၍လည်း အဖွားက သတိပေးတတ်သည်၊



www.burmeseclassic.com

www.burmeseclassic.com

အဘွားနှင့်စာရေးသူတို့၏ဖနီးမောင်နှံနှစ်နှစ်ကျော်ရင်းရင်းနှီးနှီးတွေမျိုး ရင်းချာပမာဆက်ဆံခဲ့ရ၍အဘွားအပေါ်စာရေးသူတို့ဇနီးမောင်နှံသံယောဇဉ် ကြီးခဲ့ကြသည်၊ လာနေကျအဘွားဒေါ်သိန်းမေတစ်ရက်နှစ်ရက် ဆေးခန်းသို့ မလာဖြစ်လျှင် စာရေးသူတို့၏ဇနီးမောင်နှံ ဆေးခန်းသိမ်းချိန်၌ အဘွား၏ နေအိမ်သို့လိုက်သွားတတ်သည်၊ ထိုအခါအဘွားဖျား၍သော်လည်းကောင်း ဝမ်းပျက်၍သော်လည်းကောင်း၊ နာစေးချောင်းဆိုးဖြစ်၍သော်လည်းကောင်း တွေ့ရတတ်သည်၊ စာရေးသူတို့ဇနီးမောင်နှံကို အားနာ၍ ဆေးခန်းသို့ မလာဘဲ အိမ်၌ရှိသည့်ဆေးစားပြီး တစ်ကိုယ်တော် ကုသကြောင်း သိရ သောအခါ စာရေးသူတို့ စိတ်မကောင်း ဖြစ်ကြရသည်၊ ပါသွားသည့် ဆေးဝါးဖြင့်ဆေးထိုးခြင်း၊ဆေးပေးခြင်းပြုကြပြီးနောက်နေ့လည်းဆေးခန်းသို့ မလာဘဲ အိမ်၌ပင် စောင့်နေရန်နှင့် လာရောက် ဆေးကုသပေးမည် ဖြစ် ကြောင်း အဘွားကို နှစ်သိမ့်ပြောကြားခဲ့ရသည်၊

အဘွားဒေါ်သိန်းမေသည် ချွေးမဖြစ်သူ ဒေါ်တင်မြ၊ မြေးလေးယောက် တို့နှင့်အတူ နေထိုင်ခြင်းဖြစ်သည်၊ အဘွား၌ သားတစ်ယောက် သမီးနှစ် ယောက်ရှိသော်လည်း သမီးများမှာ ရန်ကုန်၌မရှိ၊ ယောကျ်ားဖြစ်သူတို့မှာ စစ်တပ်မှ ဝန်ထမ်းများဖြစ်၍ တာဝန်ကျရာသို့ ပြောင်းရွှေ့နေထိုင်ကြ ရသည်၊ ဒါကြောင့် သမီးနှစ်ယောက်သည် တစ်နှစ်တစ်ခေါက်ပင် မိခင် ဖြစ်သူထံ မလာရောက်နိုင်ပေ၊ ချွေးမဒေါ်တင်မြမှာ ခင်ပွန်းသည်နှင့်အတူ လုပ်ကိုင်ခဲ့သည်၊ သာကေတဈေးအတွင်းရှိ ကုန်စုံဆိုင်လေးမှ ဝင်ငွေဖြင့် သားသမီး ယောက်ခမတို့ကို ကျွေးမွေးစောင့်ရှောက်နေသူ ဖြစ်သည်၊ ချွေးမဖြစ်သည့်ဒေါ်တင်မြမှာအဖွားဒေါ်သိန်းမေအပေါ်သမီးရင်းများထက်ပင် ဂရုစိုက် ပြုစုပေးသူ ဖြစ်၍ ရပ်ကွက်အတွင်း၌ သူငါ၏ ချီးကျူးခြင်း ခံရသူ ဘစ်ယောက်ဖြစ်သည်၊

— ◈ —



စာရေးသူ၏ ဇနီးကလေးမျက်နှာမြင်၍ ဆေးခန်းကို တစ်လကျော် ပိတ်ထားခဲ့ရသည်၊ စာရေးသူတို့ဆေးခန်း ပြန်ဖွင့်ချိန်၌လည်း လူနာများနှင့် အလုပ်များနေ၍ အဘွားဒေါ်သိန်းမေကို သတိမထားမိခဲ့၊ အဘွားကလည်း ဆေးခန်းသို့ မလာ၊ ဆေးခန်းဖွင့်ပြီး တစ်ပတ်ကျော်ကြာမှ အဘွား၏ချွေးမ ဆေးခန်းသို့ ရောက်လာသည်၊

"ဒေါက်တာ - အမေ နေမကောင်းတာ တစ်လလောက် ရှိနေပြီ၊ ဒေါက်တာတို့ ဆေးခန်းပိတ်ထားတော့ တခြားဆေးခန်းမှာ သွားပြပြီး ဆေးထိုးဆေးစားလုပ်ပေမဲ့ ရောဂါက မသက်သာဘဲ အတော် ပိန်သွား တယ်"

ဆရာမပြောတာ မှန်တယ်...
စိတ်တွေ ပုံမှန် မဟုတ်တာတော့
အမှန်ဘဲ။
ကျွန်မတို့ အရပ်ထဲမှာ
ဒေါ်သိန်းတင်ကြီး ပုတ်ဝင်နေတယ်ဆိုပြီး
သတင်းဖြစ်နေတယ် ဆရာမ





www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်တင်မြနဲ့အခုပဲလိုက်ခဲ့မယ်၊ ကျွန်မတို့ဆေးခန်းပြန်ဖွင့်တာ တစ်ပတ်တောင်ပြီပဲ၊ ဘာလို့ စောစော လာမပြောတာလဲ"

ဇနီးဖြစ်သူသည် ဆေးအိတ်ကိုလက်မှဆွဲရင်း ဒေါ်တင်မြနဲ့လိုက်သွားသည်၊ စာရေးသူအနေနှင့်ဆေးခန်းစောင့်ရင်းဆေးခန်း၌နေခဲ့သည်၊ ဆေးခန်းလာပြသော လူနာများကို ဧည့်ခံစကားပြောရင်း ဇနီးဖြစ်သူ ပြန်အလာကို စောင့်နေမိသည်၊ မိနစ်သုံးဆယ်ခန့် ကြာပြီးမှ ဇနီးဖြစ်သူနှင့် ဒေါ်တင်မြ ပြန်ရောက်လာသည်၊ အဘွားဒေါ်သိန်းမေ သောက်ရန်ဆေးများကို ပေးရင်း -

"ဒေါ်တင်မြအဘွားကို အတူးဂရုစိုက်ပေးပါအား အတော်နည်းနေတယ်၊ စကားပြောတာလည်း သိပ်မမှန်ဘူး၊ အဘွားတော်တော်ပိန်သွားတယ်နော်"

ဇနီးဖြစ်သူသည် စကားလည်းပြောရင်း၊ ဆေးလည်းပေးရင်း စိတ်မကောင်းစွာနှင့် ဆေးသောက်ပုံ သောက်နည်းများ မှာကြားနေသည်၊

"နက်ဖြန်ခါလည်း ဆေးခန်းမဖွင့်ခင် ဝင်လာခဲ့မယ်၊ ရေခန်းအဆင်သင့်ကြိုထားပါ"

ညနေငါးနာရီလောက် ရောက်မယ်၊

ဟု ဇနီးသည်က ထပ်မံမှာကြားပြီး ဆေးခန်း၌စောင့်နေသော လူနာများကို စမ်းသပ်ကုသနေရင်း -

"အစ်ကိုကြီး ... အဘွားဒေါ်သိန်းမေ တော်တော်ဖြစ်နေတယ်၊ ပိန်သွားတာလည်း တစ်လအတွင်း ယူပစ်သလိုပဲ စကားတွေလည်း သိပ်မမှန်ဘူး၊ ညီမကိုတောင် အဘွားမမှတ်မိသလိုပဲ၊ သနားဖို့ တော်တော်ကောင်းတယ်"

"ဟုတ်တယ်...ဆရာမ - ဒေါ်သိန်းမေတစ်ယောက်အပြင်းဖျားပြီး ဆရာမတို့ ဆေးခန်းပိတ်ထားတဲ့ ရက်အတွင်း အတော်ဖြစ်လိုက်တာ၊ ကျွန်မတို့ တစ်လမ်းလုံးက ဒေါ်သိန်းမေ သေပြီလို့တောင် ထင်မိတာ၊ အခု အဖျားသွေးကျသွားပေမယ့်သတိတွေ ချို့ယွင်းကုန်ပြီး ချွေးမကိုချွေးမမှန်း၊ မြေးကိုမြေးမှန်း မသိတော့ဘူး၊ ဒါပေမဲ့ တစ်ခါတလေတော့လည်း မှတ်မိရင် မှတ်မိပြန်ရော၊ ဒေါ်သိန်းမေ အဖျားကျပြီး သတိပြန်ရရှိန်ကစပြီး အစားအသောက်ကို



သိပ်မစားတော့ဘူး၊ ဒါပေမဲ့ ညလူတိတ်ချိန်မှာတော့ ဒေါ်သိန်းမေအိမ်နောက်ဘက်မှာရှိတဲ့ ကြောင်အိမ်ကိုဖွင့်ပြီး ဟင်းကျန်ထမင်းကျန်တွေ ထထစားတာလည်း တွေ့ကြရတယ်၊

ဇနီးသည်၏ လူနာလည်းဖြစ် အဘွားဒေါ်သိန်းမေနှင့်တစ်လမ်းတည်းနေသူလည်း ဖြစ်သည် မအေးမေက ဝင်ရောက် ပြောလိုက်ခြင်း ဖြစ်သည်၊ စာရေးသူအနေနှင့် အဖွားဒေါ်သိန်းမေနှင့် ပတ်သက်၍ စိတ်အတော်ဝင်စားသွားမိသည်၊ ဒါကြောင့်ဇနီးဖြစ်သူအား -

"အဘွားရောဂါက ဘာဖြစ်တာလဲ - အခုလိုမအေးမေပြောသလိုဖြစ်တာကလည်း ဘာကြောင့်လဲ"

သိလိုသမျှ မေးလိုက်မိသည်၊ ဇနီးဖြစ်သူက လူနာတစ်ဦးကို ဆေးထိုးပေးရန် ပြင်ဆင်နေရင်း -

"ဟိုဆေးခန်းရဲ့ ဆေးမှတ်တမ်းမှာက အဘွားဟာ ရိုးရိုးတုပ်ကွေး ဖြစ်တယ်လို့ ဖော်ပြထားတယ်၊ အဘွားက အသက်လည်းကြီးပြန် လူကလည်း အစကထဲက ပိန်ပြီး အားကနည်းပြန်ဆိုတော့ တုပ်ကွေးဒဏ် မခံနိုင်လို့ သတိလစ်သွားရာက အခုအဖျားကျပြန်တော့ စိတ်တွေ ကယောက်ကယက်ဖြစ်သွားတာနဲ့ တူတယ်၊ သတိကတော့ အတော်ချို့ယွင်းသွားတယ်"

"ဆရာမ ပြောတာ မှန်တယ် ... စိတ်တွေ ပုံမှန် မဟုတ်တာတော့ အမှန်ဘဲ၊ ကျွန်မတို့အရပ်ထဲမှာ ဒေါ်သိန်းတင်ကြီး ဖုတ်ဝင်နေတယ်ဆိုပြီး သတင်းဖြစ်နေတယ် ဆရာမ"

လူနာနှင့်အဖော်လိုက်လာသည့် အဒေါ်ကြီးစကား ကြားမိသော စာရေးသူအဖို့ အံ့သြ ထိတ်လန့်သွားမိသည်၊ အဘွားဒေါ်သိန်းမေတစ်ယောက် ရေတိမ်နစ်မည့်ကိန်း ဆိုက်မည်ကိုလည်း စိုးရိမ်မိသည်၊ တစ်ခါက စာရေးသူကြားဖူးသည်၊ ဖုတ်ဝင်သည့် ဖြစ်ရပ်တစ်ခုကြောင့် အဘွားအပေါ် အတော်ပူပန်မိသည်၊

စာရေးသူ (၁၉၇၄) ခုနှစ်က တက္ကသိုလ်ပေါင်းစုံစာမေးပွဲများကို မြို့နယ်အလိုက် ကျင်းပရာ ပထမအကြိမ် စာမေးပွဲကို မိုးညှင်းမြို့နယ်၌ တာဝန်ထမ်းဆောင်ခဲ့သည်၊ ဒုတိယအကြိမ် စာမေးပွဲကို ပဲခူးတိုင်းကျွက်ကြီး



www.burmeseclassic.com

www.burmeseclassic.com

မြို့နယ်၌ တာဝန်ထမ်းဆောင်ခဲ့သည်။ ဒုတိယအကြိမ် စာမေးပွဲကို ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်၌ တာဝန်ကျခဲ့သည်။ ကျောက်ကြီးမြို့သည် ပဲနွယ်ကုန်း မှတစ်ဆင့် ကားဖြင့် သွားရသည်။ စစ်တောင်းမြစ်၏အရှေ့ဘက်ခြမ်း၌ရှိသော မြို့ဖြစ်သည်။ စာရေးသူတို့ သွားရောက်သည့် ကာလမှ မိုးအကုန်ကာလဖြစ် ၍ စစ်တောင်းမြစ်ကို ယာယီတံတားထိုးထား၍ ပဲနွယ်ကုန်းမှ ကျောက်ကြီး အထိ မော်တော်ယာဉ်တိုက်ရိုက်ရောက်သည်။ ကျောက်ကြီးမြို့သည် အရှေ့ ရိုးမတောင်ခြေ၌ တည်ရှိသော မဖွံ့ဖြိုးသေးသောမြို့နယ်လေး ဖြစ်သည်။ ထိုအချိန်က လုံခြုံရေးအရလည်း အနက်ရောင်နယ်မြေဖြစ်၍ စာရေးသူတို့ တက္ကသိုလ်ဆရာနှစ်ဦးကို မြို့တွင်း၌သာ နေစေခဲ့သည်။ ကျောက်ကြီးမြို့၌ ကြိုတင်ရောက်သည့် ရက်တစ်ပတ်ကျော်နှင့် စာမေးပွဲကာလဆယ်ရက် အားလုံး ရက်နှစ်ဆယ်ခန့် နေခဲ့ရသည်။

ထိုသို့ နေစဉ် နာရေးကိစ္စတစ်ရပ်နှင့် ကြုံတွေ့ရသည်။ စာရေးသူတို့ တည်းခိုနေသောအိမ်နှင့် တစ်ရပ်ကွက်တည်း၌ရှိသော နေအိမ်တစ်အိမ်၌ နာရေးကိစ္စပေါ်ခဲ့သည်။ ကွယ်လွန်သူမှာ အသက်ရှစ်ဆယ်ကျော်အမေအို တစ်ဦး ဖြစ်သည်။ ရောဂါမှာ ဖုတ်ဝင်သောရောဂါဟု ပြောကြ၍ စာရေးသူ အတော်စိတ်ဝင်စားသွားမိသည်။ အမေအိုသည် နွားလှည်းဖြင့်ကျောက်ကြီးမှ မိုင်အနည်းငယ် ဝေးသော ဆွေမျိုးများ၏ အလှူသို့ သွားရောက်ရာမှ အပြန် တွင် အမေအို လှည်းပေါ်မှ လိမ့်ကျခဲ့သည်။ ဒဏ်ရာ ပြင်းပြင်းထန်ထန် မရခဲ့ သော်လည်း လှည်းပေါ်မှ လိမ့်ကျသည့် အချိန်ကြောင့် သတိလစ်သွား သည်။ သားသမီးများက ကျောက်ကြီးနေအိမ်သို့ပြန်ခေါ်ခဲ့ပြီး နှစ်ရက်အကြာ ၌ သတိပြန်ရသည်။

သတိပြန်ရပြီးနောက် အမေအို၏ နေထိုင် သွားလာမှု ပုံစံပြောင်းသွား သည်။ အိမ်သားများကို သတိအမှတ်မရတော့ အစားအသောက်ကို ပုံမှန် ထက် ပိုစားသည်။ ညဘက်၌ လူများမသိအောင် အိုးခွက်များကို လှန်လှော စားသောက်သည်။ အစားအသောက်ကို မက်မက်မောမော စားသော်လည်း အနေအထိုင်မှာမူ မမှန်တော့ပေ။ အများအားဖြင့် အိပ်နေတတ်သည်။



လူများနှင့် ရောရောနှောနှော မနေတော့ ဘုရားတရားသံဃာရတနာသုံးပါး ကိုလည်း ဆည်းကပ်မှု မရှိတော့။ တစ်နေ့တခြားလည်း ပိန်လာသည်။

ထိုအခါ သားသမီးဆွေမျိုးတစ်စုက ပယောဂဆရာပင့်၍ ပြကြည့် သည်။ ပယောဂဆရာက အပမှီနေသည်။ တစ်နည်းဆိုရသော် အမေအို ခန္ဓာ ကိုယ်၌ ဖုတ်ဝင်နေသည်ဟု တပ်အပ်သေချာစွပ်စွဲတော့သည်။ အမေအိုကို အစားဖြတ်ခိုင်းသည်။ ရေပင်မတိုက်တော့ ပယောဂဆရာက -

"ခင်ဗျားတို့ အမေသေသွားပြီ ... အခု ခင်ဗျားတို့ အမေခန္ဓာကိုယ်မှာ မကောင်းဆိုးဝါးဖုတ်ကောင်ဝင်နေတာ ခင်ဗျားတို့ကို ဒုက္ခပေးတော့မယ်၊ ဒါကြောင့် ဒီ ဖုတ်ကောင်ကို နှင်ရမယ်"

ဟုပြောကြားမှုကိုယုံကြည်၍အမေအိုကိုအစားမကျွေးတော့ရေမတိုက် တော့ ထမင်းကျန်ဟင်းကျန်နှင့် စားစရာတွေကို အမေအို ညဘက် မစား နိုင်အောင် လုံလုံခြုံခြုံ ထားတော့သည်။ ထမင်းအသက် ခုနစ်ရက်၊ ရေ အသက် တစ်မနက်ဟူသော စကားအရ အမေအို အစားအစာဖြတ်ထားပြီး သုံးရက်အကြာ၌ ကွယ်လွန်ခဲ့သည်။ ထိုအသုဘကို နေ့ချင်းချ၍ စာရေးသူ အမေအို ကွယ်လွန်ရခြင်းနှင့် ပတ်သက်၍ တစ်ယောက်တစ်ပေါက် ဝေဖန် ကြသည်ကိုလည်း စာရေးသူ ကြားခဲ့ရသည်။ တချို့က -

"ဖုတ်သရဲဆိုတာ တော်တော်ကြောက်စရာကောင်းတယ်၊ လူသေ ကောင်ကို အမှီသဟဲပြုပြီး ဒုက္ခပေးတတ်ကြတယ်"

ဟု ပြောသူက ပြောတတ်သလို တချို့ကလည်း -

"ဒေါ်ရှင်တစ်ယောက် သားသမီးတွေ အယူသီးလို့ မသေသင့်ဘဲ သေရ တာ - သနားပါတယ်၊ လှည်းပေါ်က ကျပြီး ခေါင်းထိသွားလို့သတိလစ်၊ သူငယ် ပြန်သွားတာကို ဖုတ်သရဲဝင်တယ်၊ မကောင်းဆိုးဝါးကပ်တယ်ဆိုပြီး ပယော ဂဆရာစကားယုံပြီး အစာမကျွေးတော့ သေရတာပေါ့"

အမျိုးမျိုးသော ဝေဖန် ပြစ်တင်မှုများအကြောင်း ကြားနာရင်း အမေအို အတွက် စိတ်မကောင်း အတော်ပင် ဖြစ်မိသည်။ အမှန်တကယ်သာ သတိ လစ်ပြီး သူငယ်ပြန်သည်မှာမှန်ပါက အမေအိုအတွက် မတွေးဝံ့စရာ ကောင်း



www.burmeseclassic.com

www.burmeseclassic.com

အောင်စိတ်သောကဖြစ်မိသည်။ ဖုတ်သရဲနှင့်ပတ်သက်၍ကတော့စာရေးသူ ဝေဘုသုတ မရှိ၍ ဘာမှ မပြောလို၊ မဆွေးနွေးလိုလှပေ။

ယခုအဘွားအိုသိန်းမေနှင့်ပတ်သက်၍ဖုတ်သရဲကိုစာရေးသူကြားရ မြင်ရပြီး ကျောက်ကြီးမှာ ကြုံခဲ့ရသော ဖြစ်ရပ်မျိုး မဖြစ်ပါစေနှင့်ဟုသာ ဆုတောင်းနေမိသည်။ အဘွားဒေါ်သိန်းတင်မှာ စာရေးသူတို့ဇနီးမောင်နှံ သံယောဇဉ်ရှိလေသူ တစ်ဦးဖြစ်၍ မဖြစ်သင့်သည်ကို မဖြစ်စေရန် တားမြစ်ရပေတော့မည်။

စာရေးသူတို့ဇနီးမောင်နှံဆေးခန်းသို့ ခါတိုင်းနေ့များ၌ ညနေငါးနာရီမှ နေအိမ်က ထွက်ကြသည်။ ဒီနေ့ အဘွားဒေါ်သိန်းမေကို ဝင်ရောက် ကြည့်ရမည်ဖြစ်၍ လေးနာရီခွဲ၌ နေအိမ်မှ ထွက်ခဲ့သည်။ အဘွားဖနေထိုင်ရာ အိမ်သို့ ငါးနာရီမထိုးမီ ရောက်သည်။

အဘွားအို အိပ်ရာထဲ၌ ပက်လက်အနေအထားနှင့် ငြိမ်ငြိမ်သက်သက် တွေ့ရသည်။ စာရေးသူတို့ကို အားငယ်ညှိုးမှိန်နေသော မျက်နှာလေးနှင့် ကြည့်နေရှာသည်။ စာရေးသူကိုရော ဇနီးဖြစ်သူဆရာဝန်ကိုပါ အဘွားအို သည် မှတ်မိသလို မမှတ်မိသလို အနေအထားနှင့်ကြည့်နေသည်။ အတော် လေးပိန်သွားသည်မှာစာရေးသူအနေနှင့်တအံ့တဩဖြစ်မိသည်။ ခန္ဓာကိုယ်၌ အသားအရေမရှိသလောက်အထိ အဘွားပိန်နေသည်။ အရိုးပေါ်အရေတင် ဆိုသည့်ပမာပင် ဖြစ်နေသည်။ မျက်နှာမှာလည်း မျက်လုံးသာ၊ မျက်တွင်း ဟောက်ပက် ဖြစ်နေသည့်ကြားမှ အားယူ၍ ကြည့်နေရသည့်ပမာ ဖြစ်ပြီး မေးရိုးပြိုင်းပြိုင်းထနေသည်။

"အဘွားနေကောင်းလား ... ဘာစားချင်သလဲ ကျွန်တော်တို့ကို ပြောလေ"

စာရေးသူပြောသမျှကို နားထောင်နေသော်လည်း စကားတစ်လုံးမှတုံ့ ပြန်လာခြင်း မရှိပါ။ အဘွား၌ စကားတုန့်ပြန် ပြောကြားနိုင်မည့် အသိဉာဏ်၊ စကားတုံ့ပြန်ပြော ကြားနိုင်မည့် အားအင်များ ကုန်ဆုံး ပျောက်ကွယ်နေပြီ လောဟုသော အတွေး စာရေးသူ အသိ၌ ပေါ်လာသည်။



ဇနီးဖြစ်သူသည် အဘွားအိုအတွက် ဂလူးကိုစ်အားဆေးပုလင်းကြီးကို အားဆေးများ စပ်သွင်း၍ အဘွားအို လက်ကောက်ဝတ်အကြောမှ သွင်းပေးလိုက်သည်။

"ဒီဆေးပုလင်း ကုန်အောင် တစ်နာရီလောက်ကြာမယ်၊ အဖွားနားမှာ ထိုင်စောင့်ပေးပါ၊ သွင်းထားတဲ့အပ်မပြုတ်အောင်လည်း သတိထားကြည့်ပေး ပါ၊ ဆေးကုန်ခါနီးရင် ကျွန်မကို လာခေါ်ပါ"

ဇနီးဖြစ်သူသည် မှာကြားသင့်သည်များကို မှာကြားရင်း ဆေးခန်းသို့ ထွက်သွားသည်။ စာရေးသူအနေနှင့်အဘွားအတွက်စိုးရိမ်စိတ်များ တားမရ အောင် ဖြစ်နေ၍ ဇနီးသည်နှင့်ဆေးခန်းသို့ မလိုက်သွားသေးဘဲ အဖွား ဖြစ်သူ၏ ချွေးမဒေါ်တင်မြနှင့် မြေးတချို့ကို အိမ်ရှေ့ခန်းသို့ ခေါ်ခဲ့ပြီး -

"ဒေါ်တင်မြ ... ကျွန်တော် သိပ်အရေးကြီးတဲ့စကားတစ်ခွန်း ပြောချင် တယ်၊ ခင်ဗျားယောက္ခမဟာ မညွှန့်မနေ့က စမ်းသပ် ကြည့်တဲ့အခါ ရောဂါ အတော် ဆိုးနေတယ်၊ အသက်ကလည်းကြီး၊ ပိန်ကလည်းပိန်တော့ ရောဂါ ဒဏ်ကို သိပ်ခံနိုင်မှာမဟုတ်ဘူး။ အခု အဖွားဒေါ်သိန်းမေမှာ ဖြစ်နေတာက သွေးများသွားလို့ ဦးနှောက်ထိခိုက်ပြီး သတိတွေ ချို့ယွင်းကုန်တာပါ၊ အသက် အရွယ်အရ သူငယ်ပြန်သလိုပဲ ဖြစ်သွားတာ၊ ဒါကိုခင်ဗျားတို့က ဖုတ်ဝင် တယ်၊ မကောင်းဆိုးဝါး ကပ်တယ်ဆိုပြီး အစားအ... ကျွေးရမတိုက်လုပ်လိုက် ရင် အဘွား အမြန်ဆုံး ဘဝပြောင်းသွားပါလိမ့်မယ်၊ ခင်ဗျားတို့လည်း ကိုယ့် ယောက္ခမ ကိုယ့်အဘွားကို သတ်သလို ဖြစ်သွားလိမ့်မယ်၊ အဲဒီလို အဖြစ် မခံပါနဲ့၊ ကျွန်တော်အနေနဲ့ ပြောချင်တာက အဖွားအပေါ်မှာ ကျွန်တော်တို့ လင်မယားနှစ်ယောက်စလုံး သံယောဇဉ်ရှိကြပါတယ်၊ လူ့လောကကမှာ အဖွားတတ်နိုင်သလောက် တစ်ရက်၊ တစ်ပတ်၊ တစ်လအသက်ရှင်နေပါစေ၊ အဖွားရဲ့ကံဇာတာကုသိုလ်ရေစက် ရှိသေးရင် ဒီထက်မက အသက်ရှင်နိုင် ပါတယ်၊ ဒါကြောင့် အဘွားကျန်းမာရေးကို ဂရုစိုက်ပေးပါ၊ ကျွန်တော်တို့ ယူလာတဲ့ နို့မှုန့်ကို အဘွားသောက်နိုင်သလောက် တိုက်ပေးပါ၊ တခြား သံသယစိတ်တွေ မထားပါနဲ့၊ ပတ်ဝန်းကျင်က ထင်ကြေးနဲ့ပြောတာတွေ နားမယောင်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ စကားအတော်များများ ပြောလိုက်မိသည်၊ စာရေးသူစကား ကြားမိသော ဒေါ်တင်မြတို့ သားအမိသဘောပေါက်သည့်အလား ငြိမ်၍ နားထောင်နေသည်၊

"ဆရာတို့ ကျေးဇူးများလှပါတယ်၊ ဆရာတို့ စကားနားထောင်ပါ့မယ်"

ဒေါ်တင်မြတ် တုံ့ပြန်စကား ကြားရသောအခါ စာရေးသူ စိတ်အေးသွားခဲ့သည်၊ ဆေးခန်း၌ တစ်ယောက်တည်းအလုပ်များနေမည့် ဇနီးသည်ထံ အမြန်ပြန်ခဲ့သည်၊

— ◈ —

ဤဖြစ်ရပ်သည် နှစ်ပေါင်းသုံးဆယ်က ဖြစ်ရပ်ဖြစ်သည်၊ ထိုစဉ်က အဘွားဒေါ်သိန်းမေသည် အကြောအားဆေးနှင့်နို့မှုန့်များ၊ အာဟာရဖြစ်စေမည့်အစာများကြောင့်ပြန်လည်နေကောင်းခဲ့ပါသည်၊ အသိဉာဏ် ချွတ်ယွင်းမှုကတော့ ပျောက်အောင်ကုသ၍မရတော့ပါ၊ နှစ်နှစ်ခန့် အသက်ရှင်နေထိုင်သွားနိုင်ခဲ့သည်ဟု စာရေးသူတို့ ပုသိမ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စဉ် ကြားသိခဲ့ရသည်၊

ထိုနှစ်နှစ်ကာလအတွင်း အဘွားတစ်ယောက်က ကုသိုလ်ကောင်းမှု တစ်စုံတစ်ရာပြုလုပ်နိုင်ခဲ့သော်နှစ်နှစ်တာအသက်ရှင်နေထိုင်ခဲ့ရခြင်းအတွက် အဘွားအဖို့ အကျိုးအမြတ်ပင်ဟု တွေးတောနေမိပေသည်၊

စာရေးသူတို့၏ဇနီးမောင်နှံသည်အသက်အရွယ်အရ ဆေးပညာရပ်၏ တိုးတက်မှုအရ အယ်ဇိုင်းမား(ခေါ်)အသက်အရွယ်ကြီးရင့်သူများအနေနှင့် ဦးနှောက်ပြန်လည်သေးငယ်ခြင်း၊ ဦးနှောက်ပြန်ကျုံ့သည့်ရောဂါအကြောင်းကို သိလာရသည်၊ ထိုရောဂါသည် အမျိုးသားထက် အမျိုးသမီးများ၌ ပိုမိုအဖြစ်များသည်၊ ထိုရောဂါဝေဒနာရှင်များသည် သတိအာရုံ ချို့ယွင်းတတ်ကြသည်၊ အစားအသောက်စားချင်စိတ် လျော့လာတတ်သည်၊ ရှေးယခင်ကဖြစ်ရပ်ဖြစ်စဉ်များကိုတော့ မမေ့တတ်၊ မေ့သူလည်းရှိသည်၊ လောလောလတ်လတ် လုပ်နေကျ အလုပ်များနှင့်ပတ်သက်၍ သတိမေ့လာသည်၊



ဆွေမျိုးသားချင်း၊ သားသမီးမြေးမြစ်များကိုပင် မမှတ်မိသူများလည်းရှိသည်၊ ထမင်းစားပြီးမှန်း၊ မစားမိမှန်း မသိသူများလည်း ရှိသည်၊ ထိုရောဂါနှင့် ပတ်သက်၍ ခေတ်သစ်ဆေးသုတေသနများအရ ကျယ်ကျယ်ပြန့်ပြန့် သိလာသည်၊

ယခုအခါ စာရေးသူအတွေး၌ ကျောက်ကြီး၌ ကြုံတွေ့ခဲ့ရသော အမေအိုဒေါ်ရှင်နှင့်သာကေတ၌ကြုံတွေ့ခဲ့ရသော အဘွားအိုဒေါ်သိန်းမေတို့သည်လည်း ထိုအယ်ဇိုင်းမားရောဂါ ဝေဒနာ၏ သားကောင်များသာ ဖြစ်ပေမည်၊ လိမ့်ကျစဉ်၊ အဖျားတက်စဉ် ထိုရောဂါဝေဒနာပေါ်ပေါက် ခံစားကြရခြင်းဖြစ်ပေမည်၊

ထိုအယ်ဇိုင်းမား ဝေဒနာရှင်ကိုပင် ဖုတ်တစ္ဆေ မကောင်းဆိုးဝါး ပူးဝင်သည်ဟု ယူဆပြီး အစာရေပြတ်၍ ပစ်ကြလေခြင်းလောဟူသော အတွေးသံသယစိတ် စာရေးသူ၌ ပေါ်ပေါက်နေပေတော့သည်၊ ဒါကြောင့် စာရေးသူအနေနှင့်

"ဖုတ်ကောင်ဝင်ရောက်ခြင်းလော၊ အယ်ဇိုင်းမား ဝင်ရောက်ခြင်းလော"

ဟူသော မေးခွန်းကို အတန်တန် အကြိမ်ကြိမ် မေးနေမိတော့သည်၊

➲ တက္ကသိုလ်မျိုး

www.burmeseclassic.com

www.burmeseclassic.com





## ပဌာန်းရွတ်သောလူတစ်ယောက်အကြောင်း

**ဝေယံသိန်း**

ဗုဒ္ဓဘာသာမြန်မာလူမျိုးအတော်များများဟာပဌာန်းဒေသနာတော်ကြီးကို ယုံကြည်ချက်အပြည့်နဲ့ ရွတ်ဖတ်နေကြပါတယ်၊ ပဌာန်းဒေသနာတော်အရှည်ကို လူတိုင်းအလွတ်မရကြပေမယ့် (၂၄)ပစ္စည်းလို့ခေါ်တဲ့ အတိုကောက်ပဌာန်းကိုတော့ လူတိုင်းနီးပါးရကြပါတယ်၊ အခု ပြောပြချင်တာက ပဌာန်းဒေသနာတော် အရှည်ကောက်နဲ့ ပတ်သက်တဲ့ အကြောင်းပါ၊ ဘာကြောင့်လည်းဆိုတော့မြတ်စွာဘုရားက နတ်တွေကိုဟောခဲ့တဲ့တရားဖြစ်လို့ပါပဲ၊ ပဌာန်းဆိုတာ အဘိဓမ္မာရဲ့မဟာတံတိုင်းကြီးလို့လည်းအမိပ္ပာယ်ဖွင့်ဆိုကြပါသေးတယ်၊ ဒါကြောင့် ပဌာန်းတရားကို ရွတ်သူတိုင်း သိထားရမှာကနေရာမရွေးဖို့လိုပါတယ်၊ ပြီးတော့ ထပ်ပြီး သိရမှာက ကျုပ်ရဲ့အဖြစ်ပါ။

ကျုပ်ဟာ ဗုဒ္ဓဘာသာဝင် ဖြစ်ပေမယ့် ဘုရား၊တရားအကြောင်း သာမန်လောက်ပဲ နားလည်ပြီး စိစိစပ်စပ် အနက်ကို မသိသူပါ၊ ဒါပေမဲ့ ပဌာန်းတရားကိုတော့ ကျုပ် အလွတ်ရတယ်၊ ဘာကြောင့်ရသလဲဆိုတော့ ကျုပ်ငယ်ငယ်က ကိုးကွယ်တဲ့ ဆရာတော်ကြီးတစ်ပါး သင်ပေးခဲ့လို့ပါပဲ၊ ဆရာတော်ကြီးကပဌာန်းနဲ့ ပတ်သက်ပြီး မိန့်ကြားထားတာက –



www.burmeseclassic.com

www.burmeseclassic.com

"ပဌာန်းတရားကို သေးသေးမမှတ်နဲ့ မောင်မြ၊ ဒီတရားဟာ တို့ရဲ့ဗုဒ္ဓတနတ်ပြည်မှာ ဝါတွင်းသုံးလလုံးလုံး ဟောခဲ့တဲ့ အဘိဓမ္မာရဲ့အနှစ်ချုပ်ကွ၊ ဒီတရားကို ရွတ်တဲ့အခါတိုင်း နတ်တွေက လာပြီးနာကြတယ်၊ အဲ - ရွတ်ဖတ်တဲ့လူရဲ့သီလ သမာဓိနဲ့ တစ်ကိုယ်ရေ သန့်ရှင်းဖို့လည်း လိုတာပေါ့လေ၊ အဲဒီလို နတ်တွေက လာလာပြီးတရားနာရင်းနဲ့ ရွတ်တဲ့ပုဂ္ဂိုလ်ကိုစောင့်မကြည့်ရှုသွားကြတယ်၊ ဒါကြောင့် မသေမချင်း ဒီတရားကို ယုံယုံကြည်ကြည်နဲ့ ရွတ်စမ်းပါ"

အဲဒီအချိန်ကတည်းက ရွတ်လာခဲ့တာ အသက် (၃၀) အထိ ဆိုပါတော့ ဒါပေမဲ့ စောစောက ပြောထားခဲ့သလိုပဲ ပဌာန်းနဲ့ပတ်သက်ပြီး ဆောင်ရန် ရှောင်ရန်တွေ လုံးဝမသိသလို တရားရဲ့အနှစ်သာရကိုလည်း နည်းနည်းမှ မလိုက်စားခဲ့ပါဘူး၊ ကျုပ်အတွက်ကံကြမ္မာကဒီပဌာန်းနဲ့ပတ်သက်ပြီး ရောက်လာပုံအင်မတန်ထူးခြားပါတယ်၊ ပြီးတော့အင်မတန်ကြောက်ဖို့ကောင်းသလို သွေးပျက်စရာ ဖြစ်ရပ်တွေလည်း ကြုံလာရပါတယ်၊

— ၀ —

ကျုပ်က အင်ဂျင်နီယာတစ်ယောက်ပါ၊ စက်မှုအင်ဂျင်နီယာ မောင်နိုင်မြဆိုရင် အင်ဂျင်နီယာလောကမှာ တော်တော်များများ သိကြပါတယ်၊ တစ်နေ့တော့ ကျုပ်အလုပ်လုပ်နေတဲ့ နိုင်ငံခြားကုမ္ပဏီက ကျုပ်ကို စက်ာပူမှာရှိတဲ့ကား၊ အင်ဂျင်ပိုင်စက်ရုံကို ကြီးကြပ်ရေးမှူးအဖြစ်နဲ့ ရောက်သွားပါတော့တယ်၊ အဲဒီမှာ မသွားခင်ကတည်းက ပြဿနာက ကျုပ်နဲ့အတူ သွားရမယ့်လူဟာ ကုမ္ပဏီမှာအလုပ်တွဲလုပ်တဲ့ ဘာသာခြားတစ်ယောက်ပါ၊ သူ့နာမည်က "ဆန်းထက်နိုင်" လို့ခေါ်ကြတယ်၊ ဒီကောင်နဲ့ ကျုပ်က အလုပ်ခွဲလုပ်ပေမယ့် မဆိုးပါဘူး၊ လေယာဉ်ပေါ်မှာတည်းက ဒီကောင်က ကျုပ်ကို ပြောတယ်၊

"ဟေ့ကောင် ... နိုင်မြ ဟိုရောက်ရင် မင်းနဲ့ငါတစ်ခန်းတည်း အတူမနေနိုင်ဘူး၊ ငါဘာသာငါ တစ်ခန်းနေမယ်၊ ပြီးတော့ စက်ရုံမှာလည်း မင်းလူကို မင်းကြီးကြပ်၊ ငါကလည်း ငါ့လူငါကြီးကြပ်မယ်၊ ရှပ်ရှပ်ရှက်ရှက် လာမလုပ်နဲ့၊



ငါပြောထားတာကို မင်းနားလည်မှာပါ၊ မင်းနဲ့ငါက မတည့်အတူနေတွေဆိုတော့လား"

ဒီတော့ ကျုပ်ကလည်း ခပ်ရွဲရွဲပြန်ပြောလိုက်တယ်၊

"အေးကွာ ... ငါကလည်း အလုပ်သဘောအရ ပေါင်းသင်းနေရတာပါ၊ မင်းနဲ့တစ်ခန်းတည်း အိပ်ဖို့ကတော့ ငါလည်း မသတီဘူးကွ"

ကျုပ် စကားကြောင့် ဆန်းထက်နိုင် ဒေါသထွက်သွားတယ်၊ ပြောရရင် အဲဒီ့လေယာဉ်ပေါ်မှာ ကျုပ်ကိုသူ ဆွဲထိုးချင်နေမှာပဲ၊ ဒီလိုနဲ့ စက်ာပူရောက်ရော ဆိုပါတော့၊ ဆန်းထက်နိုင်ဟာ သူ့ဘာသာသူ အိပ်ခန်းတစ်ခန်းနဲ့နေပြီး ကျုပ်ကလည်း သီးသန့်တစ်ခန်းနဲ့ နေတယ်၊ အဲဒီ့ကို ရောက်ရောက်ချင်းပဲ ကျုပ်ဟာ ထုံးစံအတိုင်း ပဌာန်းဒေသနာတော်ကြီးကို ရွတ်ဖတ်ခဲ့တယ်၊ ကိုယ်အိပ်တဲ့ကုတင်ပေါ်မှာပဲ ဆိုပါတော့၊ အဲဒီ့အချိန်မှာပိတ်ထားတဲ့ အခန်းတံခါး အပြင်ကနေတံခါးထုတဲ့အသံ ကြားရပါတော့တယ်၊

"ဒုန်း - ဒုန်း - ဒုန်း"

ကျုပ်လည်း တံခါးမခေါက်ဘဲ အလိုက်ကန်းဆိုးမသိ လာထုတဲ့လူကို စိတ်တိုနဲ့ ပြောဖို့တံခါးဖွင့်လိုက်တယ်၊

"ဟင်"

ဘယ်သူမှ မရှိပါဘူး၊ ခြေသံတောင် မကြားရတဲ့အတွက် ကျုပ်လည်း အပြင်ထွက်ပြီး လျှောက်ပတ်ကြည့်လိုက်တယ်၊ အားလုံးအိပ်မောကျနေပြီဖြစ်လို့ကိုယ်စီအခန်းတံခါးတွေပိတ်တာကြာပြီ၊ ကျုပ်ဟာ ထူးဆန်းတဲ့ဖြစ်ရပ်ကြောင့် ကြောင်စီစီနဲ့ အခန်းထဲ ပြန်ဝင်ပြီး တံခါးပိတ်လိုက်တယ်၊ ပြီးတာနဲ့ ရွတ်လက်စ ပဌာန်းတရားပစ္စယုဒ္ဒေသ ပါဠိတော်ကြီးကို ဆက်ရွတ်တယ်၊ အဲဒီမှာပဲ -

"ဒုန်း - ဒိုင်း - ဒိုင်း"

"ဟေ့ - ဘယ်ခွေးမသားလည်းကွ၊ တံခါးကို လက်နဲ့မခေါက်ဘဲခြေနဲ့ ကန်နေရအောင် ဘာကောင်လဲ"

ကျုပ်ဟာအနှောင့်အယှက်ဝင်လာတာနဲ့တံခါးထဖွင့်ပြန်တယ်၊ ဘယ်သူမှလည်းမရှိရောတစ်ကိုယ်လုံးကြက်သီးမွေးညင်းတွေထသွားတယ်၊ ဒီနေရာ



www.burmeseclassic.com

www.burmeseclassic.com

မှာ သရဲရှိတယ်လို့လည်း မကြားမိပါဘူး။ ကျုပ်တို့နေတာက အင်ဂျင်ပိုင်ထုတ်လုပ်တဲ့ စက်ရုံဝင်းထဲက ဝန်ထမ်းအိမ်ရာလို နေရာမျိုးမှာပဲ၊ ဘာကြောင့် အခုလို ထူးထူးဆန်းဆန်းတွေ ကြုံနေရသလည်းဆိုတာ ကျုပ်မစဉ်းစားတတ်ဘူး။ ဒါနဲ့ပဲ ပဌာန်းဆက်မရွတ်နိုင်တော့လို့ တစ်ချိုးတည်း အိပ်ပစ်လိုက်တော့တယ်၊

မနက်မိုးလင်းတော့ စက်ရုံထဲဝင်ဖို့ ကျုပ်တို့မန်နေဂျာက ဆန်းထက်နိုင်ဟာ အစကတည်းက ညှိထားတဲ့အတိုင်း ကိုယ့်အလုပ်သမားကိုယ်ခွဲခြားပြီး အုပ်ချုပ်တယ်။ ကျုပ်ကိုင်တဲ့စက်တွေ၊ မော်တာတွေကိုလည်း ဒီကောင့်အလုပ်သမားတွေကို မကိုင်ခိုင်းဘူး ဆိုပါတော့၊ ကျုပ်တို့ စက်ရုံဟာ အဓိကအားဖြင့် ကားအင်ဂျင်ပိုင် ထုတ်လုပ်တာဖြစ်တယ်၊ ဒါကြောင့် ဝန်ထမ်းလည်း အင်အားများတယ်၊

ကျုပ်ဟာ အလုပ်လုပ်နေရင်းနဲ့ ပါးစပ်ကနေ ပဌာန်းရွတ်နေလိုက်တယ်၊ ဒါက ကျုပ်ရဲ့ယုံကြည်ချက် ကျုပ်ရဲ့အကျင့်ဖြစ်နေတာကိုး။ အဲဒီမှာတင် ပြဿနာက စပါတယ်၊

"ဟာ ... ကြီးကြပ်ရေးမှူး - မော်တာတွေ မလည်တော့ဘူးဗျ၊ တစ်ခုခု ချို့ယွင်းသွားပြီနဲ့တူတယ်"

အလုပ်သမားတစ်ယောက်ရဲ့ အော်သံကြောင့် ကျုပ်လည်း ကိုယ်ထိန်းသိမ်းတဲ့ စက်တွေကို ကြည့်လိုက်မိတယ်၊ ဟုတ်တယ် - မော်တာတွေ မလည်တော့ပါဘူး။

"အေး ... မော်တာတွေ ဘာကြောင့် မလည်တော့တာလဲဆိုတာ စစ်ဆေးကြစမ်း၊ လိုအပ်တာအတွက် ကိရိယာတွေ သွားယူ၊ ငါကိုယ်တိုင် ပြင်မယ်"

ကျုပ်လည်း ခိုင်းလိုက်ရော အလုပ်သမားတွေက ရုတ်တရက် ရပ်တန့်သွားတဲ့ စက်တွေကို စစ်ဆေးကြတယ်၊ တစ်နာရီကျော်လောက် စစ်ဆေးကြပြီးနောက်တော့ -

"ကြီးကြပ်ရေးမှူး စက်တွေက ဘာမှမချို့ယွင်းဘူးဗျ၊ တစ်ယောက်က စက်တွေကိုပိတ်လိုက်သလိုမျိုး အားလုံးရပ်နေတာ၊ တစ်ခုခု ချို့ယွင်းတာတော့ မဟုတ်ဘူး"၊



"ဘာကွ ... ဘယ်သူက လုပ်ရတာလဲ"

ကျုပ်လည်း ဒေါသထွက်သွားတယ်၊ စက်တွေ မပျက်ဘဲ ရပ်သွားအောင် လုပ်နိုင်တာဆိုလို့ ဟိုကောင် ဆန်းထက်နိုင်ပဲရှိတယ်၊ ဒီစက်ရုံ အသေးစားလေးထဲမှာ စက်ကျွမ်းကျင်တဲ့ အင်ဂျင်နီယာဆိုလို့ ကျုပ်နဲ့ ဒီကောင်ပဲရှိတာလေ၊ ဒါကြောင့် ဒီကောင့်ကို ကိုယ်တိုင်သွားတွေ့လိုက်တယ်၊ ဒီကောင့်ကို အကျိုးအကြောင်း ပြောပြလိုက်တော့ ဒီကောင် မျက်နှာပျက်သွားတယ်၊

"ဟေ့ကောင် ... ခိုင်မြ ... မင်းက ငါ့ကိုလာစော်ကားနေတာလား။ ငါအဲ့ဒီလို မညစ်ပတ်တတ်ဘူးကွ၊ ငါ့အလုပ်ပဲ ငါလုပ်တယ်၊ မင်းဘာသာမင်း စက်ကိုင်မကျွမ်းကျင်ဘဲ ငါ့ကိုလာစွပ်စွဲတာ ကုမ္ပဏီစည်းကမ်းနဲ့ မညီဘူး၊ မင်းစက်တွေက အလိုလိုဘယ်သူမှ မပိတ်ဘဲ ရပ်သွားရအောင် တစ္ဆေလုပ်တာလားကွ"

• • • • • • • • • • • • • • • • • • • •

ဟား ... ဟား ငါကလည်း
အဲဒါမျိုးကိုမှ ကြိုက်တာကွ။
မင်း ငါ့ကို ဆေးဝါး မန္တာန် အတတ်တွေနဲ့
ပြုစားနေတယ်ဆိုတာလည်း
ငါသိတယ်။
အခုလို
စကားကြားရတာ
ဝမ်းသာတယ်ဟေ့။





www.burmeseclassic.com

www.burmeseclassic.com

"ဝေါ်"

"ဟင်"

အဲဒီအချိန်ပဲ စက်တွေက ပြန်လည်လာတယ်၊ ကျွန်ုပ်လည်း အံ့ဩသွားတယ်၊ အလုပ်သမားတွေ ခေါ်မေးကြည့်တော့လည်း စက်နားကို မကပ်ဘဲ စောင့်ကြည့်နေတုန်း အလိုလိုပြန်လည်လာတယ်တဲ့၊ ဆန်းထက်နိုင်ကတော့ ကျွန်ုပ်ကို ဒေါသမျက်လုံးတွေနဲ့ ကြည့်နေပြီ၊

"ဟေ့ကောင် နိုင်မြ၊ မင်းတို့ကောင်တွေက လူတစ်ယောက်ကိုပြဿနာရှာချင်ရင် အဲ့ဒီလို ကလိမ်ကကျစ်လုပ်တတ်သလား၊ ငါ့ကိုတော့ လာမလုပ်နဲ့၊ မင်းသတ္တိရှိရင် ပွင့်ပွင့်လင်းလင်းပြောကွ"

ကျွန်ုပ်ဟာ ထူးဆန်းတဲ့ ဖြစ်ရပ်ကြောင့် အံ့ဩလွန်းတာနဲ့ ဒီကောင့်ကို တောင် ဘာမှပြန်မပြောနိုင်ဘဲ ငိုင်သွားတယ်၊ ပြီးတဲ့နောက် ကိုယ့်ဘာသာကိုယ် မသိချင်ဟန်ဆောင်ပြီးအလုပ်ဆက်လုပ်နေလိုက်တော့တယ်၊ ဆန်းထက်နိုင် ကတော့ မကျေမနပ်နဲ့ ကျန်ခဲ့လေရဲ့၊ ဘာပဲပြောပြော ဒီကောင်ကတော့ ကျွန်ုပ်ကို အငြိုးထားမှာပဲလေ၊

— ၀ —

ကျွန်ုပ်ဟာ ညအိပ်ခါနီးတော့လည်း ထုံးစံအတိုင်း ပဋ္ဌာန်းရွတ်ရင် တံခါးထုသံ၊ ကန့်ကျောက်သံတွေကြားရလို့ တစ်ပတ်လောက်အကြာမှာ ပဋ္ဌာန်း မရွတ်တော့ဘူး၊ အဲဒီအခါမှာတော့ တံခါးထုသံမကြားရတော့ဘူးဗျ၊ နောက်ထပ် ထူးခြားတာကတော့ စက်ရုံထဲမှာ ဖြစ်ပြီးရင် ရပ်ကုန်တယ်၊ ဒါကြောင့် စက်ရုံထဲမှာလည်း ပဋ္ဌာန်းအရွတ်နည်းသွားတယ်၊ ကျွန်ုပ်ဟာ ဒီဖြစ်ရပ်တွေ ကြောင့် စက်ရုံမှာ လုပ်သက်ကြာပြီဖြစ်တဲ့ မြန်မာဝန်ထမ်း ကိုစိုးထိုက်ကို မေးမြန်းကြည့်မိတယ်၊

"ကိုစိုးအောင်ကို မေးရဦးမယ်၊ ဒီစက်ရုံမှာ အရင်က သရဲတွေ ဘာတွေ ခြောက်တယ်လို့ကြားဖူးလား"



"အဲဒါတော့ မကြားဖူးဘူးဗျ၊ ကျွန်တော့်လုပ်သက် (၈)နှစ်အတွင်းမှာ တော့ ဒီစက်ရုံမှာ ဝါယာကြိုးရှော့ဖြစ်ပြီး ဓာတ်လိုက်သေသွားတဲ့ လူ (၅) ယောက်ရယ်၊ ဘက်ထရီအိုးကြီး တစ်လုံးပေါက်ကွဲပြီး သေသွားတဲ့လူ (၃) ယောက်ကိုတော့မှတ်မိတယ်၊ ဒီလူတွေကအလုပ်လုပ်ရင်းသေသွားကြတာ ဆိုတော့ ကျွတ်လွတ်မယ် မထင်ဘူးဗျ"

"ဟင် ... ဒါဆို ဒီမှာ ရှိနေမှာပေါ့"

ကျွန်ုပ်လည်း ကြက်သီးထသွားတယ်၊ ဒါကြောင့် ကျွန်ုပ်ရွတ်နေတဲ့ ပဋ္ဌာန်း တရားရဲ့တန်ခိုးကို မခံနိုင်လို့ ပရလောကသားတွေ လိုက်နှောင့်ယှက်နေမှန်း သဘောပေါက်သွားတယ်၊ ဒါ့အပြင် ပဋ္ဌာန်းတရားနဲ့ပတ်သတ်လို့ ရေရေရာရာ သိချင်လွန်းတာနဲ့ မြန်မာပြည်က စာရေးဆရာ သူငယ်ချင်းတစ်ယောက်ထံ ဖုန်းဆက်ပြီး ပဋ္ဌာန်းတရားတော်နဲ့ ပတ်သတ်တဲ့ စာအုပ်တစ်အုပ် လှမ်းပို့ခိုင်း လိုက်တယ်၊ (၂)ပတ်လောက်အကြာမှာ ကျွန်ုပ်ဖတ်ချင်တဲ့စာအုပ်ရောက်လာ တယ်၊ စာအုပ်ကို မြန်မာပြည်က အကျော်အမော် ဆရာတော်ဘုရားကြီး တစ်ပါးဖြစ်တဲ့ "ဘဒ္ဒန္တဒေါက်တာ ကုမာရာဘိဝံသ" (ဖန်းမော်ဆရာတော်)က ရေးသားတာ ဖြစ်ပြီး စာအုပ်ထဲက အချက်အလက်တချို့ကို မှတ်သား မိတယ်၊

"ပဋ္ဌာန်းရွတ်တဲ့လူဟာ စည်းစနစ်နဲ့ ချိန်ကိုက်လုပ်ရတယ်၊ ရွတ်နေကျ နေရာ၊ ရွတ်နေကျအချိန်မှာ ရွတ်ရသလို ရွတ်တဲ့လူဟာလည်း တစ်ကိုယ်ရေ သန့်ရှင်းမှုရှိရတယ်၊ နေရာသန့်ရှင်းမှုလည်း ရှိရတယ်၊ ဘာကြောင့်လည်းဆို တော့ ပဋ္ဌာန်းရွတ်နေစဉ် အတွင်းမှာ နတ်တွေက လာပြီး တရားနာကြလို့ပဲ၊ သူတို့က ရွတ်နေကျအချိန်နဲ့နေရာကိုမှတ်ထားတတ်ကြတယ်၊ ရွတ်တဲ့လူက မလေးမစား လုပ်ပြီး ရွတ်ချင်တဲ့အချိန် ရွတ်လိုက်ကတော့ နတ်တွေက စိတ်ဆိုး ပြီသာမှတ်၊ နတ်တွေ တရားလာနာရင် ထူးခြားမှုက အမွှေးနံ့တွေ ရတတ် တယ်၊ ဒါကြောင့် နတ်တွေရဲ့ စောင်မကြည့်ရှုမှု ခံချင်ရင်ပဋ္ဌာန်းကို စည်းနဲ့ကမ်းနဲ့ အချိန်ကိုက် ရွတ်ပါ၊ မြောင်းကြိုမြောင်းကြား သွားရွတ်လို့ ကတော့ ဘာမှဖြစ်မလာဘူးမှတ်၊ တန်ဖိုးရှိတဲ့ တရားကို တရားသိတဲ့ နတ်တွေပဲ လာနာကြမှာ၊ လူတွေကလည်း တန်ဖိုးထားတတ်ကြရမယ်၊



www.burmeseclassic.com

www.burmeseclassic.com

ဒီတအုပ်လည်းဖတ်ပြီးရော ကျုပ်ဟာ ပဌာန်းတရားတော်အကြောင်း တီးမိခေါက်မိသလောက်နားလည်သွားတယ်၊ ကျုပ်ပဌာန်းတရားကိုရွတ်တဲ့အချိန်မှာ နတ်တွေတရားနာဖို့လာတယ်ထင်ပါတယ်၊ ဒီအခါမှာ စက်ရုံဝင်းထဲက မကျွတ်လွတ်သေးတဲ့ ပရလောကသားတွေ နေစရာမဲ့ကုန်လို့ ကျုပ်ကိုလာနှောင့်ယှက်တာလို့ယူဆမိတယ်၊ ကျုပ်ကလည်း လူတစ်မျိုး၊ အရွဲ့တိုက်တတ်တဲ့ အကျင့်လေးက ရှိနေတော့ မလုပ်စေချင်လို့ လာပြီးဟန့်တားလေ ပိုလုပ်လေပဲ၊ ကျုပ်ကို ပဌာန်းမရွတ်ဖို့ လာတားဆီးရင် ကျုပ်က ပိုရွတ်ဖတ်သရဇ္ဈာယ်တယ်၊ ထူးခြားတာကတော့ ကျုပ်ရဲ့လစာ (၂) လအတွင်းတိုးသွားတယ်၊ ပြီးတော့ဆန်းထက်နိုင်နဲ့ကျုပ်ဟာတဖြည်းဖြည်းအခြေအနေတင်းမာစက်ထန်လာတယ်၊

— ၀ —

ဒီကောင်က ကျုပ်ကို သံသယ ဝင်နေတာက ကျုပ်ပဌာန်းရွတ်တဲ့အခါသူ့ကို ဆေးဝါးမန္တာန်တွေနဲ့ တိုက်ခိုက်နေတယ်လို့ ထင်နေတယ်၊ ကျုပ်က လစာတိုးပြီး သူက မတိုးတော့ ကျုပ်ကို အမြဲတမ်း ဣဿမစ္ဆရိယစိတ်နဲ့ ရန်ထောင်နေတယ်၊ ကျုပ်က အဲဒီလို အမြဲတမ်း ရန်ထောင်နေတာကို မနှစ်မြို့ဘူး၊ ကြောက်လို့လည်း မဟုတ်ဘူး၊ ဒါကြောင့် ဒီကောင့်ကို ရဲရဲဝံ့ဝံ့နဲ့ ယောက်ျားတွေ ပီပီ မကျေနပ်ချက်ကို ပြောင်ရှင်းဖို့ ရှင်းရတော့တယ်၊

"ဟေ့ကောင်... ဆန်းထက်နိုင် မင်းနဲ့ငါဒီအတိုင်း ရေရှည်ဆက်သွားနေလို့ကတော့ အကုသိုလ်များတယ်၊ ပြီးတော့ အလုပ်ထဲမှာလည်း စိတ်ရှုပ်တယ်၊ ဒီတော့ ယောက်ျားတွေပဲကွာ၊ တစ်ယောက်ချင်း ချိန်းပြီး ထိုးကြတာပေါ့"

ကျုပ်စကားကို ဆန်းထက်နိုင်က သဘောကျစွာ ရယ်တယ်၊

"ဟား ...ဟား ငါကလည်း အဲဒါမျိုးကိုမှ ကြိုက်တာကွ၊ မင်း ငါ့ကိုဆေးဝါးမန္တာန်အတတ်တွေနဲ့ ပြုစားနေတယ်ဆိုတာလည်း ငါသိတယ်၊ အခုလိုစကားကြားရတာ ဝမ်းသာတယ်ဟေ့၊ ဒီတော့ မနက်ဖြန် ရုံးပိတ်ရက် ညနေ (၆) နာရီစက်ရုံထဲမှာ မင်းနဲ့ငါ နှစ်ယောက်တည်း ချိန်းထိုးကြတာပေါ့၊ နိုင်လူကြီးတွေ



သာတွေ မထားဘူး၊ လဲသွားလို့ မထနိုင်တော့ရင် မြန်မာပြည်ကို ပြန်ကြေးဲ့"

ဆန်းထက်နိုင်က ရှုံးတဲ့သူ အလုပ်ထွက်ပြီး မြန်မာပြည်ကိုပြန်ကြေးလို့ သတ်မှတ်လိုက်တော့ ကျုပ်လည်း သဘောတူလိုက်တယ်၊ ဘာလို့လဲဆိုတော့ ဒီကောင်က ကျုပ်ထက် ခန္ဓာကိုယ်ညှက်နေလို့ပဲ၊

ဒီလိုနဲ့ နောက်နေ့ ညနေ (၆) နာရီ ထိုးခါနီးအချိန်ကို ရောက်ရောဆိုပါတော့၊ ကျုပ်ဟာ ထုံးစံအတိုင်း စက်ရုံဝင်းထဲမှာ လှည့်ပတ်ပြီး ပဌာန်းဒေသနာတော်ကြီးကို ရွတ်ဖတ်ရင်း ဆန်းထက်နိုင်အလာကို စောင့်နေလိုက်တယ်၊ (၆) နာရီထိုးတာနဲ့ ဆန်းထက်နိုင်လည်းဝင်လာပါတယ်၊ ပြီးတာနဲ့ တံခါးအလုံပိတ်ပြီး စက်ယန္တရားတွေရဲ့အလယ်ကြားမှာ နှစ်ယောက်သားမျက်နှာချင်းဆိုင်လိုက်ကြတယ်၊ ဒီကောင့်ခန္ဓာကိုယ်ဟာ ကျုပ်တစ်ချက် ကန်လိုက်တာနဲ့ လွင့်ထွက်သွားလောက်တယ်၊ ဒါကြောင့် ကျုပ်ဟာ သွေးအေးအေးပဲ၊

"ကဲ - စလိုက်ရအောင် ယောကျ်ားပီပီ ပုဝါမကူ ရေမရှုကြေးနော်၊ ရှုံးရင်တော့ ပေးထားတဲ့ကတိအတိုင်းပေါ့"

ဆန်းထက်နိုင်က ကျုပ်ကိုအပြုံးလေးနဲ့ပြောပြီးအသင့်ပြင်တယ်၊ ပြီးတာနဲ့ ကျုပ်ကို စထိုးပါတယ်၊ ကျုပ်က ရှောင်တယ်၊ ပြန်ထိုးတယ်၊ ဒီကောင်ကလည်း ခြေနဲ့ပြန်ကန်တယ်၊ ကျုပ်တို့နှစ်ယောက်ဟာအပြင်းအထန်တိုက်ခိုက်နေလိုက်ကြတာ၊ ပတ်ဝန်းကျင်ကိုတောင် သတိမရတော့ဘူး၊ တစ်ချီမှာတော့ ကျုပ်ရဲ့ညာခြေကန်ချက်ဟာ ဆန်းထက်နိုင်ရဲ့ရင်ဝကိုကန်မိပြီးဆန်းထက်နိုင်ဟာ ကြမ်းပြင်ပေါ် ပက်လက်လန်ကျသွားတယ်၊ ပြန်မထနိုင်တော့ဘူး၊ ကျုပ်လည်း ဒီကောင် သေပြီမှတ်လို့ အနားကို သွားကြည့်လိုက်တယ်၊ အဲဒီအချိန်မှာပဲ...

"အား"

"ဝုန်း ... ဝုန်း"

"အား"

ဆန်းထက်နိုင်ဟာလဲကျနေရာကနေအငိုက်ထလာပြီးကျုပ်ကိုခါးကနေမချီလို့ အဝေးကို ကိုင်ပေါက်လိုက်ပါတော့တယ်၊ ကျုပ်ဟာ ရုတ်တရက်မို့



www.burmeseclassic.com

www.burmeseclassic.com

အငိုက်မိသွားပြီး ကိုင်ပေါက်စံရလို့ အုတ်နံရံနဲ့ ခေါင်းဆောင့်မိပြီး သတိလစ်မတတ် ဖြစ်သွားတယ်၊ နောက်တော့ တဖြည်းဖြည်းနဲ့ လောကကြီးဟာ အမှောင်ကျသွားပါတော့တယ်၊

— ၀ —

ကျုပ်ရှေ့မှာ ပုံရိပ်တွေ ဝေဝါးနေတယ်၊ ပြီးတော့ ခေါင်းတွေလည်း တစစ်စစ် ကိုက်နေတယ်၊ မြင်ကွင်းထဲမှာ အနီးအဝေးတွေလိုလို အရိပ်တွေ ပြေးလွှားနေပြီး ကျုပ်ခန္ဓာကိုယ်ကလည်း ပေါ့ပါးနေတယ်၊ ရောက်နေတာကတော့ စက်ရုံထဲမှာပါပဲ၊ ဒါပေမဲ့ ကျုပ်မသိတဲ့ အခန်းတစ်ခန်းကို ရောက်နေတာမျိုးကြီးပဲ၊ ကျုပ်ဟာ အားလုံးကို စူးစမ်းကြည့်နေတုန်းမှာပဲ အနောက်ကနေ အသံတစ်သံကြားရတယ်၊

"အသင်လူသား ... သတိရပြီလား"

ကျုပ် လှည့်ကြည့်လိုက်တော့ ဖိုးသူတော်တစ်ပါး ဖြစ်နေတယ်၊ အဲဒီဘိုးသူတော်က ကျုပ်ကို ပြုံးပြတော့ ကျုပ်က မေးလိုက်တယ်၊

"ခင်ဗျား ... ဘယ်သူလဲ၊ စက်ရုံမှာ ဖိုးသူတော်ရှိတယ်လို့လည်း မကြားမိပါဘူး"

ကျုပ်အမေးကို ဖိုးသူတော်က ပြုံးပြီး ပြန်ပြောတယ်၊

"ဟုတ်ပါတယ်၊ ကျုပ်က ဒီက မဟုတ်ပါဘူး၊ နတ်တွေရဲ့ စေခိုင်းချက်ကြောင့် ဒီအဆောက်အအုံကို လာစောင့်နေရတာပါ၊ အဲဒါကလည်း အသင့်ရဲ့ အစွမ်းကြောင့်လို့ပြောရင် မှန်ပါတယ်၊ အသင် နေ့စဉ်ရွတ်ဖတ်နေတဲ့ ပဋ္ဌာန်းဒေသနာတော်ကြီးကို နာကြားချင်လွန်းလို့ ရောက်လာရတာပါ၊ ဒီအပြင် နတ်တွေကလည်း အမြဲလာပြီး တရားနာပါတယ်၊ ဒါပေမဲ့ ဒီမှာ ပြဿနာတစ်ခု ရှိနေတယ်၊

"ဘာပြဿနာလဲဗျ - ခင်ဗျားသိရင် ပြောပါဦး"

ကျုပ်ကမေးတော့ ဖိုးသူတော်ဟာ တစ်နေရာကို ခေါ်သွားတယ်၊ အဲဒီနေရာက အခန်းကျဉ်းလေးတစ်ခုပဲ အုတ်နံရံအပြည့်နဲ့ မည်းမှောင်နေတယ်၊ ကျုပ်လည်း အခန်းကျဉ်းလေးထဲကို ချောင်းကြည့်လိုက်တော့ -



"ဟာ ... ဘယ်သူတွေပါလိမ့်"

စက်ရုံဝန်ထမ်းယူနီဖောင်းဝတ်ထားတဲ့ လူတစ်စုဟာ ကြမ်းပြင်ပေါ်မှာ ငုပ်တုတ်ကလေးတွေ ထိုင်နေကြတယ်၊ ပြီးတော့ အဲဒီလူတွေက ကျုပ်ကို မျက်နှာငယ်လေးနဲ့ ကြည့်နေရှာတယ်၊ သူတို့တစ်စုစု ပြောချင်နေပုံပဲ၊ ဖိုးသူတော်က အဲဒီလူတွေရှိရာကို လက်ညှိုးထိုးပြပြီး -

"အဲဒီကောင်တွေဟာ မကျွတ်လွတ်သေးတဲ့ ပြိတ္တာတွေပဲ"

"ဗျာ"

"ဟုတ်တယ် ... သူတို့ဟာ ဒီစက်ရုံမှာ နေတာကြာပြီး မသေခင်ကတော့ ဒီစက်ရုံဝန်ထမ်းပေါ့လေ၊ အခု ဖြစ်နေတဲ့ ပြဿနာက အသင်ရွတ်နေတဲ့ ပဋ္ဌာန်းတရားရဲ့တန်ခိုး အာနုဘော်ကြောင့် ဒီလူတွေ မခံနိုင်ဘဲ ပြေးရတော့မယ်၊ ဒါပေမဲ့ ပြေးစရာလည်း မြေမရှိလို့ သူတို့ဟာ ဒီအခန်းလေးထဲမှာ နေကြရရှာတာပါ၊ သူတို့ကို ကုသိုလ်တစ်ခုခုပြုပေးပြီး မေတ္တာပို့အမျှဝေပေးဖို့ လိုတယ်၊ အခုလို အသင် မြင်ရတာဟာ အသင်ကိုယ်တိုင် ဝိညာဉ်ဘဝကို ခေတ္တရောက်နေလို့ပဲ၊ အသင်နဲ့ ဆန်းထက်နိုင် ရန်ဖြစ်တုန်း ဆန်းထက်နိုင်ရဲ့ ခန္ဓာထဲကို ဒီကောင်တွေထဲက တစ်ကောင်က ဝင်ပူးပြီး ပြိတ္တာတို့ရဲ့ ကမ္မဇိဒ္ဓိ တန်ခိုးနဲ့ အသင့်ဝိညာဉ်ကို ရအောင်ခွာခဲ့တာပါ၊ ဒါပေမဲ့ အခုလို သိပြီးရင်တော့ အသင်ခန္ဓာကိုယ်ထဲ ပြန်ဝင်နိုင်ပါပြီ"

ဖိုးသူတော်ဟာ ပြောပြောဆိုဆိုနဲ့ ကျုပ်ကို သူ့လက်နဲ့ တွန်းလိုက်တယ်၊ သူတွန်းလိုက်တဲ့အရှိန်ကြောင့် ကျုပ်ဟာ လွင့်စဉ်သွားသလို ခံစားလိုက်ရတယ်၊ နောက်တော့ ဦးခေါင်းတစ်ခုလုံး ကိုက်ခဲလာပြီး မျက်လုံးထဲမှာ ဘာမျှမမြင်ရတော့ဘူး၊ အသက်ရှူရတာလည်း မဝတော့သလို ဖြစ်ရာကနေ လုံးဝ မေ့မြောသွားပြန်ပါတယ်၊

ကျုပ်သတိရလို့ မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်တဲ့အခါမှာတော့ ကျုပ် နေနေကျ အခန်းထဲကို ရောက်နေတယ်၊ ကျုပ်ဘေးမှာလည်း ဆရာဝန်နဲ့ ကုမ္ပဏီပိုင်ရှင် ရောက်နေတယ်၊ ဒီတော့မှ ကျုပ်လည်း ကိုယ့်အဖြစ်ကို သတိရပြီး ဆန်းထက်နိုင်ဆိုတဲ့ ကောင်ကို ရှာနေမိတယ်၊ ကျုပ်ရဲ့အထက်လူကြီးက ကျုပ်ကို ပြောတယ်၊



www.burmeseclassic.com

www.burmeseclassic.com

"မောင်နိုင်မြ သတိရလာရင် ငြိမ်ငြိမ်လေးနေပါ၊ ဘာမျှ မစိုးရိမ်ပါနဲ့၊ ဆန်းထက်နိုင်ဆိုတဲ့လူကိုတော့အလုပ်ကထုတ်ပြီးမြန်မာပြည်ပြန်ပို့လိုက်ပါပြီ၊ မောင်နိုင်မြကတော့ သူ့ရဲ့တိုက်ခိုက်မှုကြောင့် သတိလစ်မေ့မြောနေတာ (၅)နာရီလောက် ရှိပါပြီ၊ ကံကောင်းလို့မသေတာပါဘဲ"

ဒီတော့မှ ကျုပ်လည်းစိတ်လက်ပေါ့ပါးသွားတယ်၊ အလုပ်ထဲမှာကျုပ်ကို ရန်စောင်မည့်လူမရှိတော့ဘူးမဟုတ်လား၊ ကျုပ်ဟာအိပ်ရာထဲကထနိုင်တာနဲ့ ကြုံကြိုက်ခဲ့တဲ့အဖြစ်အပျက်တွေကိုပြန်ပြောလိုက်တယ်၊ ဒါ့အပြင် စက်ရုံမှာရှိတဲ့ မကျွတ်လွတ်သေးတဲ့ ပရလောကသားတွေကိုလည်း အမျှဝေဖို့အတွက် စက်ပိုင်ရှင်က မြန်မာ့ဘုန်းကြီးတစ်ပါးကို ပင့်ပြီး ပရိတ်ရွတ်အမျှဝေကုသိုလ်ပြုကြတယ်၊ အဲဒီဘုန်းတော်ကြီးက ကျုပ်ကို ရှီးကျူးပါသေးတယ်၊

"ပဌာန်းရွတ်တာကတော့ အင်မတန် ကောင်းပါတယ်ကွယ်၊ ဒါပေမဲ့ မရွတ်ခင် သတ္တဝါတွေကိုမေတ္တာပို့ရလိမ့်မယ်၊ ဒီလိုမှမဟုတ်ရင် ပဌာန်းတရားရဲ့တန်ခိုးအာနုဘော်ကို အောက်ပရလောကသားတွေ မခံနိုင်ကြဘူး၊

ဘုန်းတော်ကြီးရဲ့ရှီးကျူးစကားနဲ့ ဆုံးမစကားကိုစက်ရုံဝန်ထမ်းအားလုံး မှတ်သားနာယူကြပါတယ်၊ မြန်မာလူမျိုးမဟုတ်တဲ့ ကျုပ်တို့ ကုမ္ပဏီပိုင်ရှင်ကတောင် ပဌာန်းကို စိတ်ဝင်စားနေပါပြီ၊

ဝေယံသိန်း




www.burmeseclassic.com

www.burmeseclassic.com

# အမှောင်သခင်မ

**မောင်လင်းသစ်**

လွန်ခဲ့သော နှစ်ပေါင်းများစွာက ဟီးဘရူး (ခေါ်) ဂျစ်ပစီလူမျိုးတို့သည် ခြေသလုံးကို အိမ်တိုင်အဖြစ် သတ်မှတ်ကာ ကမ္ဘာမြေအနှံ့ ခြေရာဖြန့်ခဲ့ကြလေသည်။ များစွာလှသော ဂျစ်ပစီတို့သည် သူတို့၏ဘဝ၌ အသက်ထက်မြတ်နိုးရသောအရာ ရှိလေသည်။ ထိုအရာသည် သူတို့၏ဆရာလည်းဖြစ် သကဲ့သို့ မိတ်ဆွေရင်းကြီးဆိုရင်လည်း ဟုတ်၍နေလေတော့သည်။ ထို့မှတစ်ဖန် ဂျစ်ပစီတို့သည် ထိုအရာကို ဘုရားတစ်ဆူ ဂူတစ်လုံးသဖွယ် ကိုးကွယ်ကာ ထိုအရာစေခိုင်းသည့်အတိုင်းသာ လုပ်ဆောင်လေသည်။ ထိုအရာကား ယနေ့ကမ္ဘာတစ်ဝန်း အသုံးပြုနေကြသော တားရော့ကတ်ပြားလေးများပင် ဖြစ်လေတော့သတည်း။

တားရော့ကတ်ပြားလေးများသည် အဟောစာအုပ်များ၊ ပုံသေနည်းများဖြင့် အလွတ်ကျက်၍ အသုံးပြုရသော ကတ်ပြားကလေးများ မဟုတ်ပေ။ ဟောပြောသူ ဗေဒင်ဆရာနှင့် တားရော့ကတ်ပြားများ တစ်သားတည်းဖြစ်နေကြခါမှ အံ့သြဆန်းပြားဖွယ်ရာကောင်းသော တိုက်ဆိုင်မှုများဖြင့် မှန်ကန်ပေလိမ့်မည်။ တားရော့ဟောသူတစ်ဦးချင်း၏ အတွေးပုံဇော်မှ



အပေါ် မူတည်၍ တားရော့ကတ်တစ်ကတ်တည်းကိုပင် အဟောအမျိုးမျိုး ကွဲသွားနိုင်ပေသည်။ ကျွန်တော်မောင်လင်းသစ်သည် ကျွန်တော့်ဆရာ ဦးဇော်မိုးမောင်နှင့်အတူ တားရော့ခရီးကို လျှောက်လှမ်းခဲ့ရာ အတော်အသင့်ဖြင့် ခြေလှမ်းသွက်လာလေသည်။ ကျွန်တော့်ဆရာပြောသော စကားတစ်ခွန်းကို စိတ်ထဲတွင် အမြဲတမ်းကြားယောင်နေမိလေသည်။ ဤစကားသည် ကျွန်တော့်အတွက်သာမက တားရော့ဝါသနာပါသူ မိတ်ဆွေများအတွက်ပါ တန်ဖိုးရှိလှသဖြင့် တစ်ဆင့်ပြန်၍ ဖောက်သည်ချလိုက်ပါသည်။ ဤသည်မှာကား -

"ကိုလင်းသစ်ရေ - တားရော့ဆိုတာ ကျက်မှတ်ပြီးလိုက်စားရတဲ့ တစ်နည်းပြောရရင် ဦးနောက်နဲ့လိုက်စားရတဲ့ပညာမဟုတ်ဘူးဗျ၊ ဘာမှ ကျက်မှတ်စရာမလိုပါဘဲ သူ့အတိုင်းလေးကို နှလုံးသားနဲ့ လိုက်စားရမှာ"

ဟူ၍ဖြစ်လေသည်။ နောက်ထပ်လည်း ဆရာဦးဇော်မိုးမောင်သည် တားရော့နှင့်ပတ်သက်သော သူ၏ယူဆချက်များကို ဆရာစားမချန် ပြောပြတာ မိတ်ဆွေရင်းတစ်ယောက်လို တိုင်ပင်လေ၏။

"ကိုလင်းသစ်ရေ - တားရော့နဲ့ ပတ်သက်လာရင် ကိုယ့်နှလုံးသားထဲက ခံစားချက်အတိုင်းသာလုပ်ဗျာ၊ တားရော့အကြောင်း ရေးထားတဲ့ စာအုပ်တွေကို မဖတ်နဲ့၊ တားရော့တွေကိုသာ ဖတ်ပါဗျာ၊ တားရော့ကိုသာ ခင်ဗျားဖတ်နိုင်သွားရင် တားရော့ပေါက်ပြီဗျာ၊ တစ်မျိုးပြောရရင်တော့ တားရော့မာစတာကြီးဖြစ်သွားပြီပေါ့ဗျာ"

"နောက်တစ်ခုပြောရဦးမယ်၊ တားရော့နဲ့ပတ်သက်ရင် တားရော့အခင်း တားရော့မန္တန်ကစပြီး နှလုံးသားနဲ့သာလုပ်မှာ၊ ဥပမာ ကျွန်တော်ဆိုရင် တားရော့အခင်းကို ပြောမယ်၊ တားရော့ဟာ ကောင်းကင်မှာ လင်းလက်နေတဲ့ ကြယ်ကလေးတွေနဲ့တူတယ်ဆိုပြီး အောက်ခံအခင်းကို မိုးပြာရောင်အစသုံးရမယ်လို့ တားရော့စာအုပ်တိုင်းက ညွှန်းပေမယ့် ကျွန်တော့်နှလုံးသားက အဲဒါကိုလက်မခံဘူး။ ကြယ်ပွင့်တွေလင်းတာက ညဘက်ကျမှလင်းတာလေ ညအချိန်ဆိုရင်ကောင်းကင်ကြီးကအနက်ရောင်ကြီးလေ၊ ဒါကြောင့်အနက်ရောင်အခင်းကိုပဲသုံးတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု၍ သင်ပြရှင်းပြလေတော့၏၊ ထိုအတွက်ကြောင့် ကျွန်တော် မောင်လင်းသစ်သည် တားရော့ကို နလုံးသားဖြင့်သာ လိုက်စားခဲ့ရာ မူလ တထက် ပို၍ခရီးတွင်သည်ကို တွေ့ရလေသည်၊ ဤနေရာတွင် တားရော့ မန္တာန်နှင့်ပတ်သက်ပြီး ကျွန်တော် နည်းနည်းပြောလိုပါသည်၊ ဤအချက် မှာလည်း အခြားအခြားသော တားရော့ဆရာကြီးများ၏ အယူအဆများ နှင့် လုံးလုံးကြီးဆန့်ကျင်ကောင်း ဆန့်ကျင်နေပါလိမ့်မည်၊ ကျွန်တော် မောင်လင်းသစ်၏အယူအဆသာဖြစ်၍ တဖတ်သူများ၏ဆန္ဒအတိုင်းသာ ဆုံးဖြတ်စေချင်ပါသည်၊

တားရော့မန္တာန်၏အစ၌ "အိုံ - ကောင်းကင်ဘုံနှင့်စပြီးအဆုံးတွင် အာမင်" ဟူသောစကားလုံးဖြင့် အဆုံးသတ်ထားလေသည်၊ မန္တာန်စာသား တော်တော်များများတွင်လည်း "အိုံ - ကောင်းကင်ဘုံ" ဟူသည့်စကားလုံး မကြာခဏပါလေသည်၊ ကျွန်တော့်နလုံးသားကကောင်းကင်ဘုံနှင့်အာမင် ဟူသောစကားလုံးကို မကြိုက်ပေ၊ ထို့အတွက်ကြောင့် ကျွန်တော်သည် ကိုယ့်နလုံးသားက စိမ့်ထွက်လာသော ဤတားရော့မန္တာန်ကိုသာ ရွတ်လေ သည်၊

### ကျွန်တော်ရွတ်သော တားရော့မန္တာန်

အိုံ - အနန္တစကြဝဠာ ကျွန်ုပ်အား ချီးမြှောက်ပါလော့၊ အနန္တ စကြဝဠာထဲ၌ အနှိုင်းမဲ့သော စွမ်းအားတွေ၊ မေတ္တာတရား တွေရှိနေသည်ဟု ကျွန်ုပ်အကြွင်းမဲ့ယုံကြည်ထားပါသည်၊ အနန္တ စကြဝဠာ၏အကူအညီဖြင့် တားရော့၏ ဖွင့်ဆိုချက်များကို ကျွန်ုပ် ၏နလုံးသားဖြင့်ဖတ်ကာ တိကျသောအဖြေများ ထုတ်နိုင်ရပါ စေသားစကြဝဠာ၊

ကျွန်တော်၏ အတွေ့အကြုံများကို ကျွန်တော့်လို ဝါသနာရှင်များအား လက်ဆောင်ပေးချင်သဖြင့် တားရော့အကြောင်းလေးများကို ရေးဖြစ်ပါ သည်၊ ကျွန်တော် ရေးခဲ့သော အကြောင်းအရာများသည် ပြင်ပလောက၌ တကယ်ရှိခဲ့သော၊ရှိနေသောအရာများကိုအနည်းငယ်အပြောင်းအလဲလုပ် ၍ရေးသားထားခြင်းသာဖြစ်သည်၊ ယခုကျွန်တော်ပြောမည့်တားရော့ဇာတ် လမ်းတစ်ပုဒ်မှာလည်း အကြောင်းအရာသာ အစစ်ကဖြစ်၍ အမည်နာမများ နေရပ်ဒေသများမှာ အပရိကဆိုသည်မှာကား အထူးတစ်တွေ ပြောနေစရာ လိုတော့မည်မထင်ပေ၊

* * *

ကျွန်တော်မောင်လင်းသစ်သည် လကုန်ရက်လည်းဖြစ်၍ စနေ၊ တနင်္ဂ နွေနေ့ဖြစ်သောအပတ်၌ မြောက်ဥက္ကလာရှိနေအိမ်သို့ ပြန်ရောက်နေ ခိုက်တွင် လမ်းထဲမှ ဇော်လွင်မိုးဝေ အမည်ရှိသော လူငယ်လေးတစ်ယောက် သည် အိမ်ပေါ်သို့ တက်လာပြီး -

"ကိုကြီး ကျောင်းအုပ် ပြန်ရောက်လာပြီ၊ ကိုကြီးကို ကျွန်တော်ချောင်း နေတာကြာပြီ၊ အရင်တစ်ပတ်ကလည်း ပြန်မလာဘူး၊ ကျွန်တော့်ကို တားရော့ဟောပေးပါဗျာ၊ အရေးကြီးလို့ပါ"

ဟုပြောလေ၏၊ ထိုဇော်လွင်မိုးဝေအမည်ရှိ လူငယ်ကလေးသည် ကျွန်တော်သိရသလောက် အသောက်အစား၊ အပျော်အပါးကင်းကာ မိခင် အိုကြီးကို လုပ်ကျွေးနေရသူ သားလိမ္မာလေးတစ်ယောက်ဖြစ်လေသည်၊ ထိုအခါ ကျွန်တော်သည် သူ့ကို စနောက်ချင်လာသဖြင့် -

"ဒီနေ့ ဗေဒင်ဆရာ စိတ်မပါဘူးကွာ၊ နောက်မှလာခဲ့"

"ဟာ - လုပ်ပါ ကိုကြီးရဲ့ကျောင်းအုပ်ရာ၊ ကိုကြီးက ရွာသိပ်ချစ်တာ၊ မေး လိုက်တိုင်း ရွာမှာရှည်းပဲ၊ ကျွန်တော် နောက်တစ်လကြာအောင် မစောင့်နိုင် တော့ဘူး၊ ကြာရင် ကျွန်တော်ရှုံးတော့မယ်"

ဟုဆိုလေတော့သဖြင့် ကျွန်တော့်မှာ ထိုသူငယ်အား ဘုရားစင်ရှေ့ခေါ် ကာ တားရော့ကတ်ပြားကလေးများဖြင့် ဗေဒင်ဟောပေးရလေတော့၏၊ မောင်ဇော်လွင်မိုးဝေ၏ကံကြမ္မာကို သိရှိစေရန် ချိုးခိုင်းရာတွင် "စွမ်းအားရှင်" ဟုခေါ်သော တားရော့နံပါတ်(၈)ကတ်ကလေး ကျလေသည်၊ ထိုကတ်





www.burmeseclassic.com

www.burmeseclassic.com

ကလေးသည် အကောင်းအဆိုးရွေးရာတွင် အဆိုးကို ဟောရသော ကတ်ဖြစ်သဖြင့် –

"မင်း ဒီကာလမှာ ကံမကောင်းဘူး၊ အထူးသဖြင့် မိန်းမတစ်ယောက်ကြောင့်ခေါင်းခဲရလိမ့်မယ်၊ပြီးတော့အဲဒီမိန်းမတစ်ယောက်ရဲ့အကြောင်းကိုပဲ မင်းအတွေးတွေ ရောက်နေလိမ့်မယ်၊ အခန့်မသင့်ရင် အဲဒီ့မိန်းမကြောင့်ပဲ မင်းခေါင်းမှာရောဂါဝေဒနာတစ်ခုခု ဒါမှမဟုတ်ရင် ထိခိုက်ဒဏ်ရာတစ်ခုရနိုင်တယ်"

ဟု ဟောလိုက်လေရာ မောင်ဇော်လွှမ်းဝေသည် ဝမ်းသာအားရဖြင့် –

"မှန်လိုက်တာ ကိုကြီးရာ၊ ကျွန်တော် အဲဒီ့ကိစ္စအတွက် လာမေးတာ၊ ကျွန်တော်နဲ့သိနေတဲ့ ကောင်မလေးတစ်ယောက်ရှိတယ်၊ အဲဒါ သူရဲ့ ကျွန်တော့်အပေါ်ထားတဲ့ စိတ်သဘောထားနဲ့ သူဘယ်လိုပုံသဏ္ဌာန်မျိုးရှိလည်း သိချင်တယ်"

"ဘာလဲ – မင်းက ငါ့ကို ပညာစမ်းတာလား၊ မင်းနဲ့သိနေမှတော့ မင်းအပေါ်ထားတဲ့စိတ်နဲ့ သူဘယ်လိုပုံလည်းဆိုတာ မင်းမသိဘူးလား"

"ပညာစမ်းတာ မဟုတ်ပါဘူး ကိုကြီးရာ၊ ကျွန်တော် သူ့ကို အခုထိမြင်တောင်မမြင်ဖူးသေးပါဘူး၊ ကျွန်တော်နဲ့ သိနေတာကလည်း ဒါလေးနဲ့ပါ"

ဟုဆိုပြီးလက်ကိုင်ဖုန်းလေးတစ်ခုထုတ်ပြလေတော့၏၊ကျွန်တော်က ဖုန်းသရဲဖြစ်မှာပေါ့ဟုဆိုလေရာ မောင်ဇော်လွှမ်းဝေသည် ခါးခါးသီးသီးကို ငြင်းဆန်၍ အကြောင်းစုံကို ပြောပြလေတော့၏၊

"ဒီလိုကိုကြီးရဲ့ကျွန်တော် ဒီဖုန်းလေးဝယ်တာ ငွန်လဆန်းကမှဝယ်တာ၊ နစ်သိန်းတန်ဖုန်းလေ၊ တော်တော်ခင်တဲ့လူတွေကိုတောင် ဖုန်းနံပါတ်မပေးရသေးဘူးဗျ၊ ကျွန်တော့်ဖုန်းနံပါတ်က ၀၉၄၂...ပါ၊ ဒါနဲ့ ဇူလိုင်လ (၂)ရက်နေ့ညမှာကျွန်တော့်ဆီကို မတ်ဆေ့(စ်)တစ်စောင်ဝင်လာတယ်၊ ဖုန်းနံပါတ်ကလဲ ကျွန်တော်မသိတဲ့ဖုန်းနံပါတ်၊ ဖတ်ကြည့်တော့..."

"အိပ်ပြီလား၊ အိပ်မက်လှလှမက်ပါစေ" တဲ့၊





ဒီကတ်ကလေးမှာပါတဲ့ရသေ့ဟာ အမှန်တရားကို ရှာဖွေနေတာ၊ မင်းအဖြစ်ကလည်း ဒီကောင်မလေးနဲ့ပတ်သက်ပြီး အမှန်ကို ရှာနေတာဆိုတော့ တစ်ထပ်တည်းဖြစ်နေပြီ၊ ကတ်မှာ ပညာကို တင်စားတာပဲ၊



တကယ်တော့ အင်္ဂလိပ်လို နည်းလမ်းတကျရေးထားတာ၊ အများသုံးနေကျ အင်္ဂလိပ်စာလုံးနဲ့ မြန်မာစကား(မြန်းဂလိပ်)မဟုတ်ဘူး၊ ဒါနဲ့ ကျွန်တော်လည်း မအိပ်သေးဘူး၊ မင်းဘယ်သူလဲလို့ ပြန်မေးလိုက်တယ်၊ သိပ်မကြာပါဘူး၊ စာပြန်ဝင်လာတယ်၊

"တစ်စုံတစ်ယောက်ပါ၊ မင်းနဲ့ သူငယ်ချင်းဖြစ်ပါရစေ၊ စာပြန်တာကျေးဇူးပဲနော်" တဲ့၊

"ကျွန်တော်ထင်လိုက်ပြီ မိန်းကလေးတစ်ယောက်၊ ဖုန်းဆော့ရင်းဝင်လာတာဖြစ်မယ်လို့၊ ဒါနဲ့..."

"မင်းနာမည်ပြော၊ ငါ့ဖုန်းနံပါတ် ဘယ်ကရလဲပြောဆိုပြီး စာပြန်ရိုက်လိုက်တယ်၊ အဲဒီအချိန်မှာ ကျွန်တော့်စိတ်က မစောင့်နိုင်တော့ဘူး၊ ဒါနဲ့ပဲ သူ့နံပါတ်အတိုင်း ဖုန်းခေါ်လိုက်တယ်၊ ထင်ထားတဲ့အတိုင်း မိန်းကလေးတစ်ယောက်ပါပဲ၊ အသံလေးက ဝဲတဲတဲနဲ့ နားထောင်လို့ အတော်ကောင်းတယ်၊ သူ့နာမည်ကိုမေးတော့ စာပြန်ပို့လိုက်တယ်လို့ပြောတယ်၊ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

နာမည်ကို သိလားမေးတော့၊ သိတယ်တဲ့ သိရင်ပြောဆိုတော့ ဖော်လွှမ်းဖေ တဲ့၊ အဲဒီမှာကျွန်တော်စိတ်ဝင်စားသွားတယ်၊ အင်း - ဟုတ်တယ်၊ နည်းနည်း တောင် ကိုယ့်ကိုယ်ကိုယ် ဘာလိုလိုဖြစ်သွားသေးတယ်၊ သူ့စာကို ပြန်ကြည့်လိုက်တော့ သူ့နာမည်က သက်ဆုရတီတဲ့"

"*ဩော် - - အင်း - - ဟုတ်တယ်၊ အစကတော့ ကိုကြီးပြောသလိုပဲ၊* ကျွန်တော်အသိတစ်ယောက်ကနေ နောက်နေတယ်ထင်မိသေးတယ်၊ ဒါနဲ့ အလုမ်းအကမ်းစုံအောင် လေ့လာကြည့်လိုက်တာ ဖုန်းကတ်ကုန်၊ ငွေကုန်၊ အချိန်ကုန်တာပဲ အဖတ်တင်တယ်၊ နောက်ပြီး သူ့စာတွေ၊ သူ့စကားတွေထဲ မှာ သူ့ကို ကျွန်တော်ယုံကြည်လာတယ်၊ သနားလည်းသနားလာတယ်၊ တွယ်တာမိသလိုလည်းဖြစ်နေတယ်၊ ဒါပေမဲ့ - တကယ်တမ်းသနားရမှာက ကျွန်တော့်ကိုယ်ကျွန်တော်ပါပဲ၊ အခုချိန်ထိ သူနဲ့ပတ်သက်ရင် ခံနေရတုန်း ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် သူ့ကို အခုချိန်ထိ မမြင်ဖူးသေးဘူး၊ သူ ဘယ်သူလဲဆိုတာ အတိအကျမသိဘူး၊ ဒါပေမဲ့ သူ့စကားအရ ဆိုရင်တော့သူဟာမင်္ဂလာတောင်ညွန့်မှာနေတယ်၊ မိဘနှစ်ပါးနဲ့ မောင်လေး တစ်ယောက်ရှိတယ်၊ ကုမ္ပဏီကြီးတစ်ခုမှာလုပ်တယ်၊ ကျန်းမာရေး ခဏ ခဏချူချာနေလို့ အိမ်မှာနားနေရတယ်ဆိုတာပဲ၊ အဲဒါကိုလည်း ကျွန်တော် ယုံခဲ့တယ်၊ သူ့အသံလေးက ဝဲနေလို့ ကရင်အမျိုးသမီးလားလို့ မေး ကြည့်တော့ တိုင်းရင်းသူတော့စပ်တယ်၊ ဒါပေမဲ့ - ကရင်မဟုတ်ဘူး လို့ပြောတယ်"

"ဒီလိုနဲ့ ကျွန်တော်က ဖုန်းခေါ်လိုက်၊ သူကပြန်ပြောလိုက်၊ သူက စာပို့ လိုက်၊ ကျွန်တော်က စာပြန်လိုက်နဲ့တစ်လလောက်အကြာမှာကျွန်တော့်ကို နိပ်စက်တော့တာပါပဲ၊ တစ်မနက်မှာ ကျွန်တော်က သူ့ကို မက်ဆေ့(ခ်) ပို့လိုက်တော့ သူက စာပြန်လာတယ်"

"ရှေ့တစ်ပါတ်မှာ သူမင်္ဂလာဆောင်တော့မယ်၊ မိဘတွေပေးစားတာတဲ့၊ ဒါနဲ့ ကျွန်တော်လည်း နောက်နေတာပဲလို့ပဲထင်တယ်၊ ပြန်ရိုက်တယ်"

"တကယ်လား၊ ဘယ်သူနဲ့လဲ၊ ဘယ်နေရာမှာလဲ၊ နာမည်ပြောပြပါလား လို့"



"မေးလိုက်တာ မကြာပါဘူး"

"တကယ်ပါ၊ စိတ်မကောင်းပါဘူး၊ သူ့အမြဲတမ်းသတိရနေပါ့မယ်၊ တာ့တာဆိုတဲ့စာတစ်စောင် ပြန်ဝင်လာပြန်ရော၊ အဲဒီမှာ ကျွန်တော် တင်း သွားတယ်၊ တကယ်တမ်း မင်္ဂလာဆောင်တော့မယ့် အမျိုးသမီးတစ် ယောက်က ဘာဖြစ်လို့ ကျွန်တော့်ကို တကူးတက ခင်ချင်ရတာလဲ၊ သူက ဘယ်လိုမိန်းကလေးလဲ၊ တကယ်အိမ်ထောင်မပြုဘူးဆိုရင်တော့ သူ့မှာ ကျွန်တော်နဲ့ပတ်သက်တဲ့ အကြံအစည်တစ်ခုတော့ ရှိရမယ်ဆိုပြီး စိတ်တွေဆိုး၊ ဒေါသတွေထွက်နေပေမယ့် ရင်ထဲမှာလည်း တစ်မျိုးကြီးပါ၊ အဲဒီနောက်ပိုင်းမှာ ကျွန်တော် ဖုန်းခေါ်ရင် သူမကိုင်တော့ဘူး၊ နောက်ပိုင်း ကျွန်တော်လည်း ကိုယ့်မာနနဲ့ကိုယ် သူ့ကို ဖုန်းမခေါ်တော့ဘူး၊ တခြား လူတွေကိုလည်း မစုံစမ်းနိုင်တော့ဘူး၊ အမှောင်ထဲကမိန်းမ တစ်ယောက် အတွက်နဲ့ ခေါင်းရှုပ်မခံတော့ဘူးဆိုပြီးနေတာပါ၊ ဒါပေမဲ့ ပွင့်ပွင့်လင်းလင်း ဝန်ခံရရင် သူ့အသံနဲ့ သူ့စာလေးတွေ မျှော်နေမိသေးတယ်၊ ဟိုတစ်နေ့က မြို့ထဲသွားရင် သူ့အကြောင်း တွေးမိနေတုန်း ခေါင်းပေါက်သွားရတာပဲ"




တားရော့နံပါတ်(၈) စွမ်းအားရှင်ကတ်



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလည်းဆိုတော့ကျွန်တော်ကလိုင်းကားပေါ်မှာမတ်တတ်ရပ်နေတယ်၊ ကားကလည်း ဂိတ်မှာရပ်ပြီး လူခေါ်နေတာ၊ လမ်းပေါ်မှာ ကောင်မလေးတွေဖြတ်သွားရင်၊ ဟဲ့ ဆုရတီလို့ခေါ်သံကြားလိုက်မိတာနဲ့ ကျွန်တော်လည်း ကားပေါ်ကနေပြေးအဆင်း၊ ကားကလည်း နောက်ကား လာလို့အထွက်နဲ့ ကံကောင်းလို့ မှောက်ခုံလဲတာ၊ နောက်ပြန်သာဆိုရင် အုတ်ဆက်ပွင့်မှာလား၊ ကားကြိတ်မှာလားပဲ၊ အဲဒါ ပလက်ဖောင်းနဲ့ ခေါင်းနဲ့ဆောင့်ပြီး ခေါင်းပေါက်သွားတာပါပဲ"

ဟူ၍ ရှင်းပြလေတော့၏၊ မောင်ဇော်လွှမ်းဝေ ချိုးလိုက်၍ကျလာသော ကံကြမ္မာဖတ်တားရော့ကတ်ပြားလေးကို ဂုင်းရှေ့သို့ ချပြလိုက်ရင်း -

"မင်းတော့ အမှောင်သခင်မနဲ့ တွေ့နေပြီဟေ့"

ဟုပြောလိုက်ရလေတော့၏၊ မောင်ဇော်လွှမ်းဝေသည် ထိုကတ်ကလေးကိုကြည့်၍ ဝေခွဲမရဖြစ်နေသဖြင့် ကျွန်တော်မောင်လင်းသစ် ကပင် ရှင်းပြရလေတော့၏၊

"ဒီလိုမောင်ဇော်လွှမ်းဝေရေ မင်းကျတဲ့ကတ်ကလေးက အစ်ကိုတို့ တားရော့မှာ နံပါတ်(၈)ပဲ၊ ဒီကတ်လေးက အဆိုးဟောရတာ ဒီမှာကြည့်ပါ လား၊ မိန်းမတစ်ယောက်က အင်မတန်ကြောက်စရာကောင်းတဲ့ခြင်္သေ့ တစ်ကောင်ရဲ့ခေါင်းကို လက်နဲ့ဖိထားတာလေ၊ ဆန့်ကျင်ဖက်တွေ အနိုင်ရ တဲ့သဘောပါနေတယ်၊ တောသုံးတောင် အပိုင်စိုးတဲ့ခြင်္သေ့ကြီးဟာ ဒီမိန်းမ နဲ့ကျတော့ ကြောင်လေးတစ်ကောင်လိုဖြစ်နေတယ်၊ ပြီးတော့ ဒီမိန်းမက စွမ်းအားရှင်နော်၊ ဘာဖြစ်လို့လဲဆိုတော့တားရော့(၂၂)ကတ်မှာ နံပါတ်(၁) မှော်ဝိဇ္ဇာဟာ ယောက်ျားစွမ်းအားရှင်ပဲ၊ သူကတော့ မိန်းမစွမ်းအားရှင်ပေါ့၊ နံပါတ်(၁)ကတော့ အကောင်းဟောရတဲ့အထက်လမ်းစွမ်းအားရှင်၊ နံပါတ် (၈)ကတော့အဆိုးဟောရတဲ့အမှောင်လမ်းစွမ်းအားရှင်၊တစ်နည်းအားဖြင့် အစ်ကိုတို့ဗမာလိုဆိုရင်တော့ ရှာသူတို့၊ စုန်းမတို့ပေါ့ကွာ၊ ဒီကတ်ကို ကြည့်ပြီး မင်းတော့ မိန်းမတစ်ယောက်ကြောင့် ဒုက္ခရောက်တော့မယ်လို့ ဟောတာကတော့ ရှင်းပါတယ်နော်၊ မိန်းမလက်နဲ့ ခြင်္သေ့ခေါင်းကို ဖိထား



ထားညီးကမိန်းကလေးတစ်ယောက်ဟာအင်္ဂါသားဖြစ်တဲ့မောင်ဇော်လွှမ်း ဝေရဲ့ခေါင်းထဲကို ရောက်နေပြီပေါ့ကွာ၊ အခု မင်းပြောသလိုဆိုရင် သူက အမှောင်ထဲက မင်းက အလင်းထဲမှာဖြစ်နေတယ်၊ မင်းလုပ်သမျှ သူသိနေ နိုင်ပြီ၊ မင်းကတော့ သူဘယ်သူလဲလို့တောင် သိခွင့်မရှိတဲ့ဘဝဖြစ်နေတယ်၊ အဲဒါကြောင့် မင်းဟာ အမှောင်သခင်မနဲ့ တွေ့နေပြီလို့ ဟောတာဟေ့"

ဟုရှင်းပြလိုက်လေတော့၏၊ မောင်ဇော်လွှမ်းဝေက ကျွန်တော့်အား -

"ကိုကြီးကျောင်းအုပ် - သူက ကျွန်တော့်အပေါ် ဘယ်လိုသဘော ထားလဲ သိချင်တယ်၊ နောက်ပြီး ကျွန်တော့်ကို ဆက်သွယ်ဦးမှာလားလို့လဲ သိချင်တယ်၊ ကျွန်တော့်ကို ဆက်သွယ်ဦးမှာလားဆိုတာ သူ့ဘက်က စ.ဆက်တာကိုပြောတာနော်၊ ကျွန်တော်ဆက်သွယ်လို့ သူပြန်ဆက်တာကို ပြောတာ မဟုတ်ဘူး"

"အေးပါကွာ၊ မင်းကလည်း မဆက်နဲ့ပေါ့"

"ဟုတ်ပါတယ်၊ ကျွန်တော်လည်း သူနဲ့ မဆက်မိအောင် ကိုယ့်ကိုယ်ကိုယ် ထိန်းနေပါ့မယ်"

"ဒါဆိုလည်းချိုးကွာ၊ ဘယ်ဘက်လက်နဲ့ချိုးနော်၊ သူ့ကိုလည်း အာရုံပြုထား"

"ဟာ၊ကိုကြီးကလဲကျွန်တော်မှသူ့ကိုမမြင်ဘူးတာ၊ဘယ်လိုအာရုံပြုရ မှာလဲ"

"သူ့အသံတော့ ကြားဖူးတယ်မဟုတ်လား၊ သူ့အသံကို အာရုံပြုပြီးချိုး လိုက်"

ဟုဆိုလိုက်ရာမောင်ဇော်လွှမ်းဝေချိုးလိုက်၍ကျသောကတ်မှာလည်း တားရော့နံပါတ်(၈) စွမ်းအားရှင်ကတ်ပင်ဖြစ်နေသဖြင့် ထိုကတ်ကလေး ကိုပြကာ -

"ဒီမှာ - ဇော်လွှမ်းဝေရေ၊ ဒီပုံထဲမှာ စွမ်းအားရှင်မိန်းမရဲ့ခေါင်းပေါ်မှာ အင်္ဂလိပ်(8)ဂဏန်းကို တုံးလုံးလှန်ထားတဲ့ပုံလေး တွေ့လား၊ အမှန်တော့ စွမ်းအားရှိတဲ့လူတွေကိုပြတဲ့ တန်ခိုးစက်ဝိုင်းပါ၊ ဒါပေမဲ့ ကွင်းလိမ်ကလေး



www.burmeseclassic.com


www.burmeseclassic.com

လိုဖြစ်နေတယ်မဟုတ်လား။ ခေါင်းပေါ်မှာ အလိမ်တွေတော့ မင်းကိုလိမ်ဖို့ခဲ စဉ်းစားနေလိမ့်မယ်၊ သူ့စိတ်ထဲမှာ မင်းကို ကစားစရာသတ္တဝါလေး တစ်ကောင်လို စဉ်းစားနေတယ်ဆိုတော့ မင်းကို ပြန်ဆက်သွယ်ဦးမှာပါ၊ အခုမင်းပြောတဲ့ သူနေတဲ့နေရာဟာ မြို့ ကြီးပြကြီးနော်၊ ဒါပေမဲ့ တားရော့ကတော့ သူဟာရန်ကုန်ကမဟုတ်ဘူးလို့ပြောနေထယ်၊ ဘာကြောင့်လည်းဆိုတော့ ဒီပုံထဲမှာ တောင်တွေ တောတန်းတွေ တွေ့နေရတယ်၊ ဒီတော့ သူ ဆက်သွယ်လာရင် မင်းသဘောပဲ"

ဟုပြောလိုက်လေတော့၏၊

(မှတ်ချက် ။ ။ စွမ်းအားရှင်များ၏ ဦးခေါင်းပေါ်တွင်ရှိနေသော ထိုတန်ခိုးစက်ဝိုင်းပုံလေးကို လောကီဆရာ တော်တော်များများသည် တန်ခိုးစက်ဝိုင်းအဖြစ်လည်းကောင်း၊ အတွင်းစည်း၊ အပြင်စည်းအဖြစ်လည်းကောင်း၊ အသုံးပြုကြသဖြင့် ထင်ရှားအောင် ရေးဆွဲပြလိုက်ပါသည်၊

စာရေးသူ)



တားရော့နံပါတ်(၈) စွမ်းအားရှင်ကတ်



ထိုအခါ မောင်ဇော်လွမ်းဝေသည် သူဘာဆက်လုပ်သင့်သလဲဟု မေးလေတော့၏၊ ထိုအခါကျွန်တော်က -

"ငါ့သဘောပြောရရင် မင်း သူ ဆက်သွယ်လာရင် မကိုင်သင့်တော့ဘူးကွ၊ သူဟာ တကယ်အိမ်ထောင်ပြုတယ်ဆိုရင် မင်းစိတ်ထဲမှာ မထားသင့်တော့ဘူး၊ သူညာပြီးပြောတာဆိုရင်တော့ မင်းအပေါ် မရိုးသားတာပဲ၊ ဘာမှမသိတဲ့လူတစ်ယောက်ကို အချိန်တွေကုန်ခံ၊ စိတ်ဓာတ်တွေချိန့်သွားအောင် လုပ်တာပဲ၊ အခုဆိုရင် မိန်းကလေးတွေကို မင်းလန့်မသွားဘူးလား၊ အေး - အဲဒါမင်းအတွက်လည်း မကောင်းဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ မိန်းကလေးတိုင်း သူ့လိုမဟုတ်ဘူးလေ၊ အဲဒီအတွက် မင်းဟာ သာယာချမ်းမြေ့စေမယ့် ဇနီးကောင်းတစ်ယောက် ဆုံးရှုံးသွားနိုင်သလို၊ တစ်ဖက်မိန်းကလေးတွေအတွက်လည်း မင်းလို ရိုးသားပြီးကြိုးစားတဲ့ အိမ်ထောင်ဘက်ခင်ပွန်းကောင်းတစ်ယောက် ရနိုင်ဖို့အခွင့်အရေး ဆုံးရှုံးသွားတာပေါ့ကွာ၊ တားရော့ကပြောတဲ့စကားလေး နားထောင်ကြည့်ပါဦး"




တားရော့နံပါတ်(၉) ရသေ့ကတ်



www.burmeseclassic.com

www.burmeseclassic.com

ဟုဆိုကာ သူ့အား တားရော့ရှိုးနိုင်းလိုက်လေရာ The Hermit ဟု ခေါ်သော ရသေ့ကတ်ကလေး ကျလေတော့၏။ ထိုကတ်ကလေးမှာ တားရော့နံပါတ်စဉ်တွင် နံပါတ်(၉)ဟူ၍ဖြစ်လေသည်။

"ဒီကတ်ကလေးမှာပါတဲ့ရသေ့ဟာ အမှန်တရားကို ရှာဖွေနေတာ၊ မင်းအဖြစ်ကလည်း ဒီကောင်မလေးနဲ့ပတ်သက်ပြီး အမှန်ကို ရှာနေတာဆိုတော့ တစ်ထပ်တည်းဖြစ်နေပြီ၊ ကတ်မှာ ပညာကို တင်စားတာပဲ မီးအိမ်ကို အသုံးပြုပြီး ရှာရတဲ့အတွက် မင်းလည်း ပညာကို အသုံးပြုပြီး ရှာရမယ်၊ ဒါမှတွေ့မယ်၊ ဒါပေမဲ့ ရသေ့ဆိုတာ အေးချမ်းမှုကို ရှာနေတာဆိုတော့ နောက်ဆုံး မင်းလဲ အေးချမ်းသွားမှာပါ၊ မင်းကို တားရော့က ပေးတဲ့ တွေးတစ်ရ ပေးလိုက်ဦးမယ်၊ မင်းအသိ ဒါမှမဟုတ် ဆွေမျိုးထဲမှာ ကျောင်းဆရာမတွေ ဘာတွေမရှိဘူးလား"

"ရှိတယ်၊ ညီမတစ်ဝမ်းကွဲတစ်ယောက်ကတော့ နယ်ဘက်မှာ ဆရာမဖြစ်နေတယ်"

"အေး...သူ့ကို မေးကြည့်ကွာ၊ ထူးမယ်ထင်တယ်၊ မီးအိမ်ဟာ ပညာနဲ့ ပညာရေးနဲ့ပတ်သက်တဲ့ဆရာမတွေကို စုံစမ်းနိုင်းတာပဲ"

"ဒါဆိုရင် ဘယ်တော့လောက် ကျွန်တော့်ဆန္ဒတွေ ပြည့်ဝပြီး အေးချမ်းသွားမှာလဲ၊ အခုချိန်မှာတော့ ရင်ထဲမှာ မီးတွေလာနေတယ်"

ဟု အမေးထုတ်လေတော့၏။ ထိုအခါ ကျွန်တော်က -

"ကတ်က နံပါတ်(၉)ဆိုတော့ ကိုးနှစ် မဟုတ်ရင် ကိုးလလောက်တော့ ကြာလိမ့်မယ်ထင်တယ်ကွ"

"ကိုးရက်လောက်တော့လုပ်ပါ ကိုကြီးရာ"

ဟုဆိုကာ ထွက်သွားလေတော့၏။

***

ကျွန်တော်မောင်လင်းသစ်သည် ဤတားရော့ဇာတ်လမ်းအဆုံး၌ သူတို့နှစ်ဦး တွေ့သွားကြသလား။ ဘာတွေဖြစ်သွားကြလဲ၊ ကောင်မလေးကတကယ်ကို အဟောတွေအတိုင်း ဇော်လွမ်းဝေအတွက် အမှောင့်သခင်မပဲလေလား။ ဇော်လွမ်းဝေတစ်ယောက်တကယ်ပဲ ဆန္ဒတွေပြည့်ဝပြီးအေးချမ်းသွားမှာလားဆိုတာတွေကိုတော့ စိတ်ဝင်စားနေမိလေသည်။ အဘယ်ကြောင့်ဆိုရသော် ကျွန်တော့်တားရော့ဟောကွက်များ မှန်၊ မမှန်ကို အရမ်းသိချင်နေမိသောကြောင့်ဖြစ်လေတော့သတည်း။ ။

၁ မောင်လင်းသစ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဇာခြင်ထောင်အသာလှစ်လို့

**တက္ကသိုလ်ဖောင်အောင်သွေး**

ယခုရက်သတ္တပတ်အတွင်း ကျွန်တော့်စိတ်သည် မည်ကဲ့သို့ပြောင်းလဲနေမှန်း ဖြစ်နေသည်ကို ကိုယ်တိုင် မပြောပြတတ်၊ နို့မို့လျှင်လည်း ကိုယ့်စိတ်အကြောင်း ကိုယ်သိဦးမည် မဟုတ်ချေ၊ ပြောသည့်သူက ရှိပေလို့သာ၊

"ဟိတ်ကောင် အတာ၊ အခုတလော မင်းဟာ မှိုင်တိုင်တိုင် ငိုင်တိုင်တိုင်နဲ့ ဘာရောဂါဖြစ်နေလဲကွ ငါ့ကို ပြောစမ်းပါဦး"

တွဲဖော်တွဲဖက် နိုင်ဝင်းက လှကဲခတ်မိပြီး မေးမြန်းလေ၏၊ လမ်းထိပ်အုတ်ခုံပေါ်၌ ညစာစားပြီး.သည်နှင့် အိမ်ပေါ်မှဆင်းကာ လာရောက်ထိုင်ခြင်းပင် ဤအုတ်ခုံပေါ်၌ ကျွန်တော်တို့ ရွယ်တူကာလသားလူငယ်များ စုဝေး၍ နောင်ပြောင်ကြ၊ ဆဲဆိုကြ၊ ငြင်းခုံကြ၊ ဂစ်တာတီး၍ သီချင်းဆိုဟစ်နေကျနေရာ၊

ကျွန်တော်သည် နိုင်ဝင်းကို ခေါင်းခါယမ်းပြလိုက်ပြီး မိုးကောင်းကင်ကို မော့ကြည့်မိလိုက်၏၊ နေလုံးဝင်သွားပြီ ဖြစ်သော်လည်း ညနေဆည်းဆာအလင်းရောင် အဖြူငွေ့များ ကျန်ရစ်နေသေးပင်၊ သို့ပေတည့် အမှောင်သည် တဖြည်းဖြည်းတော့ လွှမ်းမိုးလာစ ပြုလာနေချေပြီ၊



"ဘာလဲကွ ... ရီရီမြင့်က နေမျိုးနဲ့ တွဲနေလို့များလားကွာ"

"မဟုတ်ဘူး ငါ - ဘာဖြစ်နေလို့လဲ၊ ငါ ဘာမှ မဖြစ်ပါဘူး၊ ပုံမှန်အတိုင်းပါ"

ခါတိုင်း ကျွန်တော်သည် လူရွှင်တစ်ဦးဖြစ်၏၊ သူငယ်ချင်းများနှင့် ပေါ်းလားဝါးလား နောက်ပြောင်လားနှင့်အသံအကျယ်ဆုံးသူ၊

ယခုတစ်လော ကျွန်တော် ခပ်အေးအေး တစ်ယောက်တည်း လဲနေချင်နေ၏၊ ယခုလို နိုင်ဝင်းက ထူးခြားသော မေးခွန်းများကြောင့် ကိုယ့်ကိုယ်ကိုယ်ပင် သံသယ ဖြစ်လာသလိုပင်၊

မိုးကောင်းကင်ကို မော့ကြည့်နေရသည်မှာ အရသာရှိလှ၏၊ ကြယ်ပွင့်များကို မြင်ရသည်မှာ ပျော်စရာကောင်းလှ၏၊ ညဥ့်အမှောင်ထဲ တိတ်ဆိတ်စွာနေရလျှင် ကြည်နူးမိလာ၏၊ ထို့အပြင် ယခုတလော သူငယ်ချင်းများနှင့် လမ်းပေါ်စုဝေးထိုင်ကြပြီးနောက် အိပ်ချိန်ရောက်သော် ကိုယ့်အိမ် အသီးသီး ပြန်ကြ၏၊ လူစုခွဲကြ၏၊ အိမ်ပေါ်ရောက်လျှင် ကျွန်တော် မအိပ်ချင် ဝရန်တာတွင်ထိုင်ရာခင်းပြီး ခေါင်းအုံးလျက် ပက်လက်လှန်ကာ မိုးကောင်းကင်ကိုမော့၍ ငေးမော ကြည့်နေမိ၏၊ ညသုံးနာရီထိုးချိန် ရောက်မှ အိပ်ပျော်သွားတော့သည်၊

"ကျောင်းသွားဖို့ အချိန်နီးပြီ ထတော့လေ"

နံနက်ခင်း အမေက အတင်းလှုပ်နိုးမှ အိပ်ရာမှထရတော့၏၊

"ဒီလောက်တောင် ဘာလို့ အအိပ်ကြီးရတာလဲ"

"ညက စာကြည့်တာ နာရီပြန်နှစ်ချက်ထိုးအထိ ရောက်သွားလို့"

"စာမေးပွဲက အဝေးကြီး ရှိပါသေးတယ်၊ ညဥ့်နက်ကျော်ထိ မကြည့်နဲ့ အိပ်ရေးပျက်ပြီး ကျန်းမာရေး ထိခိုက်လာလိမ့်မယ်"

ကျွန်တော်ပြောတာကို အမေက အဟုတ်ကြီး မှတ်နေရှာ၏၊ အချောင်နာမည်ကောင်းယူလိုက်၏၊ သူငယ်တန်းကစပြီး တစ်နှစ်တစ်တန်း မှန်မှန်အောင်လာခဲ့သူဖြစ်ပြီး ယခုနှစ်၌ ပထမဆုံးအကြိမ် ဆယ်တန်းစာမေးပွဲဖြေဆိုရမည့် သင်တန်းနှစ်ဖြစ်လေ၏၊



www.burmeseclassic.com

www.burmeseclassic.com

ဝစ်စစ် ကျွန်တော်အိပ်ရေးပျက်နေခဲ့သည်မှာ ငါးရက်ခန့် ရှိပေလိမ့်မည်။ တသင်ခန်းထဲတွင် အိပ်ငိုက်နေမိနေသည်။

"အတာ ... ဂစ်တာတီးစမ်းကွာ"

အုတ်ခုံ၌ ညစဉ် စုဝေးရောက်ရှိနေကျ သူငယ်ချင်းများ စုံညီလာကြ၏။ ပေါလိုဂစ်တာသုံးလက်မှာ ဝိုင်းထဲတွင်ရောက်ရှိနေပြန်သည်။ ကျွန်တော်မှာ ဂစ်တာကို ကျွမ်းကျွမ်းကျင်ကျင် တီးခတ်တတ်၏။ အစ်ကိုတစ်ဝမ်းကွဲ ဖြစ်သူ ဝီလျံသာကျော်မှာ မိဘနှင့်အတူ မိသားစုတစ်စုလုံး အမေရိကန်ပြည်၌ သွားရောက်အမှုထမ်းနေထိုင်ကြရာ မနှစ်က မြန်မာပြည်သို့ မိသားစုပြန်လည် ရောက်ရှိလာခဲ့ကြ၏။ ဂစ်တာတီးကျွမ်းကျင်သော ဝီလျံသာကျော်ထံမှ စနစ်တကျ သင်ကြား တတ်မြောက်ထားမိခြင်းပင်။

သူငယ်ချင်း စောစံကေးက အတင်းလက်ကမ်းထိုးပေးသည်ဖြင့် ဂစ်တာကို ယူလိုက်မိ၏။ ကြိုးညှိ၏၊ အသံစမ်း၏၊ စိတ်တိုင်းမကျ ဖြစ်နေ၏။ လက်ချောင်းများမှာ အဆစ်နာကျင်လာသဖြင့် အနီးရှိ မောင်မောင့်ကို ဂစ်တာ လှမ်းပေး၍ လက်လွှဲပြောလိုက်၏။

"ငါ့လက်ချောင်းတွေ ကျဉ်နေလို့ ငါမတီးချင်ဘူး၊ မင်းတီးပေးကွာ"

သို့နှင့် မင်း - မင်း စောစံကေး မဟုရာတို့ တီးခတ်ကြ၏။ နိုင်းဝင်းက သီချင်းဟစ်လေတော့၏။

ကျွန်တော်သည် သီချင်းသံနှင့် ဂစ်တာသံများကြားတွင် ထိုင်လျက် အာကာသမိုးကောင်းကင်ကြီးကို မော့၍ ငေးကြည့်နေမိ၏။ အနောက်မြောက် ထောင့်နေရာဆီမှ ကြယ်သုံးပွင့်တစ်ပြိုင်တည်း ကြွေကျသွားသည်ကို မြင်လိုက်ရသဖြင့် အံ့အားသင့်မိသွား၏။ ဤကဲ့သို့ ကြယ်ကြွေခြင်းမျိုးကို တစ်သက်နှင့်တစ်ကိုယ် မမြင်ဘူးခဲ့ချေ။ သူငယ်ချင်းအားလုံးမှာ သီချင်းသံများ၌ အာရုံစိုက်နေကြပြီး ဂစ်တာသံ မူးယစ်နေကြသဖြင့် မည်သူမျှ မမြင်လိုက်မိကြပေ။

နက္ခတာရာစုံသော တန်ဆောင်မုန်းလပြည့်ညဖြစ်၍ လမင်းကြီးမှာလည်း ဝိုင်းဝိုင်းစက်စက် ချစ်စဖွယ်ကြီးပင်။



မကြာမီ အုမြူးနေကြသော ကျွန်တော်တို့ အုပ်စုဆီသို့ တိုယိုတာ ဟိုင်းလပ်ကားတစ်စီး ထိုးရပ်လာ၏။ ရပ်ကွက်ထဲနေသော ထူးထူးကိုယ်တိုင် တစ်ယောက်တည်း မောင်းနှင်လာသည်။

"ဟေး ... လမ်းမတော် အနောက်ပိုင်းမှာ မီးထွန်းပွဲ သွားကြည့်ရအောင်၊ ငါ ကားယူလာတယ်၊ အားလုံး တက်ကြကွ ဟား - ဟား"

"သွားမယ်ဟေ့ - တက်ကြ"

ထူးထူးက အော်ဟစ်ခေါ်လိုက်သည်နှင့် သီချင်းသံ၊ ဂစ်တာသံများ ရပ်တန့်သွားကာ တစ်ယောက်တစ်ပေါက် အော်ဟစ်ဆူညံ လှုပ်ရှားလာကြပြီး ကားပေါ် စုပြုံ တက်ကြလေ၏။ ကျွန်တော်မှာ သိပ်မလိုက်ချင်သဖြင့် အုတ်ခုံပေါ်၌ ငူငူကြီး ထိုင်နေမိဆဲ။

"ဟေ့ကောင် - အတာ - လာလေကွာ ကားပေါ်တက်လေ"

ကားပေါ်ရောက်သွားကြသော သူငယ်ချင်းများက ဝိုင်းအော်နေကြ၏။

"ငါမလိုက်ချင်ဘူး"

"မရဘူး အပျော်ပဲဟာ မင်းတစ်ယောက်တည်းနေလို့ ဘယ်ဖြစ်မလဲ၊ အပျော်တစ်ပတ်ပတ်ပြီး ပြန်လာကြမှာပဲကွ"

စောစံကေးနှင့်နိုင်ဝင်းတို့က ကျွန်တော့်လက်ကို အတင်းဆွဲခေါ်တင်ကြသဖြင့် ကားပေါ်သို့ ရောက်ရှိခဲ့လေတော့၏။ ထူးထူးက မောင်းနှင်ထွက်ခွာလာတော့သည်။ ပုဇွန်တောင်ရပ်ကွက်မှနေ၍ အနော်ရထာလမ်းမကြီးအတိုင်း အနောက်ပိုင်းသို့ မောင်းနှင်လာစဉ် လမ်းခရီးတစ်လျှောက်လုံး ကားပေါ်တွင် ဂစ်တာတီးလျက် ပျော်ရွှင်လာကြ၏။

"ညောင် ... ညောင်"

ရုတ်တရက်ကျွန်တော်တို့လူစုထိုင်လိုက်လာသော သစ်သားခုံတန်းရှည် အောက်မှ ကြောင်ငယ်လေးတစ်ကောင် ခုန်ထွက်လာကာ မြတ်လှိုင်၏ ပေါင်ပေါ်သို့ ခုန်တက်လိုက်၏။ အားလုံးက အံ့ဩသွားကြ၏။

"ဟာ ... ကြောင်နက်လေးကွ - ချစ်စရာလေး"



www.burmeseclassic.com

"သွား ... သွား"

မြတ်လှိုင်က ကြောက်လန့်တကြား လက်ဖြင့် ပုတ်ထုတ်လိုက်သည်။

"ဒီကောင်တွေ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူနေတာ မြင်နေရက်သားနဲ့ ကြောင်နက်လေးတဲ့"

ကြောင်ဖြူလေးသည် ကား ကြမ်းပြင်ပေါ်တွင် အားလုံး၏ တွဲလောင်းချနေကြသော ခြေထောက်များကြားတွင် ပွတ်သီးပွတ်သပ်ဖြင့် သွားလာနေ၏။

"လူကြီးတွေက ပြောတယ်။ ဒီလို ကြောင်နက်တွေဟာ အရမ်းစွမ်းတယ်တဲ့ကွ"

"ဟုတ်တယ် ... ဂမ္ဘီရမဂ္ဂဇင်းစာအုပ်တွေမှာလည်း ဒီလိုကြောင်နက်တွေရဲ့ ထူးဆန်းတဲ့ စတ္တုဇာတ်လမ်းမျိုးတွေ ငါဖတ်ဖူးတယ်"

"ကြောင်မျက်လုံး ကြည့်စမ်း - ထိုင်ခုံအောက်အမှောင်ထဲမှာ အရောင်တွေလင်းပြီး မီးလုံးလေးနှစ်လုံးလို တောက်ပနေတယ်နော်"

ကားပေါ်ရှိ သူတို့အားလုံး၏ မြင်သမျှ ပြောသမျှ ကြောင်ကလေးအပေါ်တွင် ကျွန်တော့်မှာ စိတ်လှုပ်ရှားလာမိလာ၏။ အကြောင်းမှာ -

"အားလုံးက ကြောင်အနက်ကလေးတဲ့၊ ငါ - မြင်ရတာ အနက်ရောင်အမွေးမှ မဟုတ်ပဲ၊ အလင်းရောင်နဲ့ ဖြူဆွတ်နေတာပဲ"

ရုတ်တရက် ကြမ်းပြင်ပေါ်မှနေ၍ ကျွန်တော့်ပေါင်ပေါ်သို့ ကြောင်ဖြူလေးက ခုန်တက်၍ ဝပ်ချလိုက်၏၊ သူ့ကိုယ်လုံးကို လက်ဖြင့် ပွတ်သပ်ပေးပြီး အကဲခတ်ကြည့်ရာ ကျွန်တော့်မျက်နှာကို မော့ကြည့်ပြီး ပြန်၍ ငြိမ်နေသည်။ ရန်ကုန်မြို့အလယ်ခေါင် လူစည်ကားသော ဆူးလေဘုရားလမ်း ပတ်ဝန်းကျင်ရှိ လင်းထိန်နေသော မီးရောင်တွင် ဖြူသမျှ ဖြူဖွေး၍ ချစ်စရာကောင်းလှသော ကြောင်ဖြူလေး ဖြစ်လေ၏။ သုံးလသားလောက်ရှိ အကောင်ငယ်လေး ဖြစ်သည်။



*"ကားပေါ်မှာ ကြောင်လေးတစ်ကောင် ပါလာတယ်၊ ထွေး - မင်းတို့ကြောင်လား"*

"တို့အိမ်မှာ ကြောင်မမွေးဘူး၊ တစ်ခြားအိမ်က ကြောင်ဖြစ်လိမ့်မယ်၊ ကားပေါ်တက် အိမ်ရှင်း ပါလာတာ ဖြစ်မှာပေါ့"

---

ကျွန်တော်သည် အများနှင့်တစ်ယောက်မို့ ကြောင်ဖြူကြောင်နက် ကိစ္စ ဖွင့်မပြောဘဲ အသာငြိမ်နေလိုက်ခဲ့၏။ ဆူးလေဘုရားလမ်းမီးပွိုင့်၌ မီးနီပြ၍ ကားရပ်ထားစဉ် မောင်မောင်က -

"ရွှေတိဂုံဘုရားပေါ်မှာ ပိုစည်တယ်ကွ၊ သွားတိုးရအောင် ကောင်မလေးတွေ အလျှံပဲ" ဟု စည်းရုံးလိုက်ရာ မဟူရာက ထောက်ခံလိုက်၏။ နောက်ဆုံး အားလုံး သဘောတူကြပြီး ထူးထူးက ရွှေတိဂုံဘုရားအနောက်ဘက်မုခ်သို့ မောင်းနှင်၍ ရောက်ရှိလာသော ကားရပ်ထားပြီးနောက် ထိုမုခ်ဝစောင်းတန်းဘက် လှေကားမှ ရင်ပြင်ပေါ်သို့ တက်လာကြလေသည်။ လူကြားထဲ ကြောင်ဖြူလေးကို ရင်ခွင်ထဲ လက်တစ်ဖက်ဖြင့် ပွေ့ပိုက်ပြီး သူငယ်ချင်း အုပ်စုနောက်မှ ခပ်ငြိမ်ငြိမ် လိုက်လာ၏။

"ဟေ့ကောင်အတာ ... မင်းကလည်း ဒီကြောင်နက်ကိုတကိုင်ကိုင်နဲ့ တစ်ပွဲလောက် အထာ ကိုင်ပြစမ်းလေကွာ"

သူငယ်ချင်းများက ကျွန်တော့်ကို စွပေးနေကြ၏။ ဝင်စစ်အားလုံးထဲတွင် ကျွန်တော်သည် နှုတ်သွက်၊ နှုတ်ရဲသလောက် ကောင်မချောချောလေးများ အုပ်စုနှင့်တွေ့လျှင် စကားကောင်းကောင်း ချူတတ်၏။ ချက်ချင်း အုပ်စုချင်း ခင်မင် ရင်းနှီးသွားလျက် အတွဲဝိုင်း စိုပြေ သွားတတ်ကြသည်၊ ယခု စိတ်ထဲမှာ လေးလံ ထိုင်းမှိုင်းပြီး မပျော်ရွှင်၊ တစ်ယောက်တည်း ခပ်ငြိမ်ငြိမ်နှင့် တစ်နေရာ၌ထိုင်ပြီး စိတ်ကူးယဉ်နေမိချင် စိတ်များ တဖွားဖွား ပေါ်လာနေ၏။

www.burmeseclassic.com

ဘုရားရင်ပြင်ပေါ်တွင် ပရိသတ်အလွန်စည်ကားလွန်း၏၊ တဖြည်းဖြည်း ညဥ့်နက်လာချေပြီ၊

"ညောင်"

ရင်ခွင်ထဲ ပွေ့ပိုက်ထားသော ကြောင်ဖြူလေးမှာ ရုတ်တရက် ဘာ မြင်တွေ့သွားသည်မသိ ညောင် ဟုတစ်ချက်အော်ရင်း လက်ပေါ်မှ အတင်း ရုန်းဆင်းသွား၏၊ လူအုပ်ကြီးတက်နင်းမိမည်စိုးရိမ်၍ ထိတ်လန့်ပြီး ချက်ချင်း နောက်မှ မျက်ခြေမပြတ် ပြေးလိုက်ဖမ်းရလေပြီ၊ အရှေ့မြောက်ထောင့်ရှိ စေတီငယ်များကြားထဲတွင်ရပ်တန့်၍ဝပ်နေလေ၏၊ အနီးကပ်၍လွယ်ကူစွာ ဖမ်းယူပြီး မလှမ်းမကမ်းတွင် တရားထိုင်နေကြသော ယောဂီကြီးသုံးဦးကို တွေ့မြင်ရ၏၊

ရင်ပြင်ပေါ်တွင် သူငယ်ချင်းများနှင့် လူချင်းကွဲသွားလေပြီ၊ အနောက် ဘက်စောင်းတန်းမှပြန်ဆင်းလာ၏၊ ထူးထူး၏ ဟိုင်းလပ်ကားကိုလိုက်ရှာ၏၊ မတွေ့ရချေ၊ ရပ်ထားသော ကားအုပ်စုများကြားတွင် စိတ်မောစွာဖြင့် ရှာ လည်းမတွေ့ရချေ၊ နောက်ဆုံး၌ကိုယ့်ဘာသာကားငှားပြီးအိမ်ပြန်ရန် ဆုံးဖြတ် လိုက်၏၊ အိတ်ကပ်ထဲတွင် ကျပ်တန်နှစ်ရွက်သာပါ၏၊ အိမ်ပြန်ရောက်မှ အဖေအမေထံမှ ကားငှားခ ကျသလောက် တောင်းပေးရတော့မည်၊

ကျွန်တော့်ရှေ့နားတွင် အငှားကားလေးဘီးတစ်စီး လာရပ်၏၊ ကားပေါ် မှ ဘုရားဖူးသုံးဦး ဆင်းလေ၏၊ ဤတွင် ကျွန်တော်က ပုဇွန်တောင်ရပ်ကွက် သို့ ကားဆက်ငှား၍ စီးလိုက်လာတော့၏၊ ကြောင်ဖြူလေးမှာ ပေါင်ပေါ်တွင် ဝပ်လျက် ငြိမ်သက်စွာ လိုက်ပါလာ၏၊ ဦးဝိစာရလမ်းမှ ကျောင်းတိုင်ကို ပတ်ကာ ဘုရားတောင်ဘက်ရှိ ဦးထောင်ဘိုလမ်းအတိုင်း ကန်တော်ကြီး တိရစ္ဆာန်ရုံဘက်ဆီသို့ဖြတ်ဆင်း မောင်းနှင်လာ၏၊

ညဥ့် (၁၂) နာရီခွဲသွားချေပြီ၊

ကန်ပတ်လမ်းတစ်လျှောက်လုံး လူသွားလူလာ ရှင်းနေပြီး ကားအသွား အလာ နည်းလာ၏၊ စီးလာသော မာဇဒါလေးဘီးကားလေး အင်ဂျင်စက်သံ



မှာ တိတ်ဆိတ်ငြိမ်သက်နေသော ညဥ့်၏ ကန်စောင်းတစ်ခုလုံး တဂျုန်းဂျုန်း နှင့် ဖွတ်ချက်ဖွတ်ချက် မြည်ပြီး စက်ရပ်သွားလေတော့သည်၊

"ကား ... ဘာဖြစ်သွားတာလဲ ဦးလေး"

"အင်း ... တစ်နေ့လုံးအခေါက်ခေါက်အပြန်ပြန် ခိုင်းအားကြီးတော့လည်း စက်ချို့ယွင်းတာပေါ့ကွာ၊ ဒီလိုပါပဲ၊ ခဏစောင့်ဦး၊ ဦးလေး ပြင်လိုက်ဦးမယ်"

ကားသမားကြီးသည် အင်ဂျင်စက်အဖုံးဖွင့်ကာ ပြင်နေစဉ် ကျွန်တော် သည် ကြောင်ဖြူလေးကိုရင်ခွင်ထဲ ပွေ့ချီလျက် ကားအနီးရှိ ပလက်ဖောင်း မြက်ခင်းကလေးပေါ်တွင် ဖင်ထိုင်ချပြီး စောင့်နေမိ၏၊

ကန်တော်ကြီး၏ ရေပြင်လွှာမှာ တန်ဆောင်မုန်းလပြည့်ညမို့ လရောင် အောက်ဝယ် ဖွေးဖွေးဖြူ လှိုင်းပြက်ကလေးများ ထနေ၏၊ ညဥ့်နက်လေ တဖြူးဖြူး တိုက်ခတ်၍ အေးမြ၏၊ ကန်ရေပြင်ဝယ် ရွှေတိဂုံစေတီအရိပ်ပေါ် လွင်ပြီး မလှမ်းမကမ်းဆီ၌ ကရဝိက် ဖော်တယ်၏ မီးရောင်စုံသည် ကြည်နူး ဖွယ်၊ ကားဆရာကြီးကလည်း တရွတ်ရွတ်နှင့် ကားပြင်နေဆဲပင်၊ မြက်ခင်း ပြင်ပေါ်၌ ပက်လက်လှဲလိုက်၏၊ ကြောင်ဖြူလေးမှာ ဘယ်မျှ ထွက်မပြေးဘဲ ရင်ဘတ်ပေါ်တွင် ငြိမ်၍ ဝပ်နေရှာသည်၊ အလွန်လိမ္မာ၍ ချစ်စရာကောင်းလှ ၏၊

တကယ်တော့ ထူးထူး၏ကားပေါ်သို့ မည်သို့မည်ပုံ ရောက်ရှိလာမှန်း မသိသော ပိုင်ရှင်မဲ့ ကြောင်ဖြူလေး ဖြစ်နေ၏၊ ယခု လက်ငင်း ကျွန်တော်မှာ သူ၏ အရှင်သခင်ဘဝသို့ ရောက်ရှိလာတော့သည်၊

"ဟေ့ ... သူငယ်"

"ခင်ဗျာ"

"စက်ကမကောင်းသေးဘူး၊ အချိန်ကြာမယ်၊ စောင့်မနေနဲ့တော့ မင်း ဘာသာ တခြားကားငှားပြီး ပြန်ပါတော့ ငါလည်း စိတ်ညစ်သွားပြီ၊ တစ် နေကုန် ဘာမှမဖြစ်ပဲ အကောင်း ဘယ်လို ဖွေဖောက်သွားမှန်း မသိပါ ဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com

ကားဆရာကြီးကို နှုတ်ဆက်ပြီး ကြောင်ဖြူလေးကို ပွေ့ပိုက်လျက် သိမ်ဖြူလမ်းမကြီးဘက်ဆီသို့လမ်းလျှောက်လာပြီးကန်တော်လေးရပ်ကွက်သို့ ရောက်လာသည်၊ ကျွန်တော် ဖြတ်သန်းနေကျ ဖြစ်၏၊ ကားတချို့ လမ်းမကြီးပေါ်တွင် ဖြတ်မောင်းနေကျသော်လည်း ခရီးသည်ပါပြီးသော အငှားကားများသာ ဖြစ်နေသည်၊ ဆိုက်ကားလည်း တစ်စီးမျှမတွေ့ လမ်းတတ်တိုင်မီးများ လင်းထိန်နေသော်လည်း တိုက်တာအိမ် အဆောက်အဦများမှာ မီးပိတ်လျက် အိမ်ရှင်များ အိပ်ပျော်၍ ကောင်းနေကြပြီ၊

ရပ်ကွက်အတွင်းပိုင်း လမ်းတို၊ လမ်းရှည်၊ လမ်းချိုးများကို ဖြတ်သန်းဝင်ရောက်လာ၏၊ တစ်ယောက်တည်းဆိုလျှင်စိတ်အားငယ်နိုင်သော်လည်း ယခု အဖော်ပါနေသဖြင့် စိတ်တင်းထားနိုင်၏၊ အဖော်မှာ ရင်ခွင်ထဲမှ ကြောင်ဖြူလေးပင်၊

ဖြတ်လမ်းထိပ်တစ်ခုသို့ရောက်လျှင် လမ်းပေါ်တွင် ခွေးတစ်အုပ်နှင့် တွေ့ရလေ၏၊ ကျွန်တော့်ကို မြင်သဖြင့် ခွေးတစ်ကောင်က တစ်ချက် လှမ်းဟောင်လိုက်ရာ အိပ်နေကြသော ခွေးများလည်း နိုးထကုန်ကြ၏၊ ခွေးကြီးရစ်ကောင်ခန့်ရှိ၏၊ ခြေတုန့်ခနဲရပ်လိုက်ပြီး ရှေ့သို့ခြေမလှမ်းရဲဘဲ နောက်ပြန်ဆုတ်ပြီး ရန်မူတိုက်ခိုက်ရန် လှုပ်ရှားလာကြပြီ၊ ကျွန်တော့်ကို ရှောင်ရှားခွင့် မပေးကြပါ၊ နောက်ပြန်လှည့်ပြီး ခြေလှမ်း ခပ်သုတ်သုတ် ပြန်ဆုတ်လာသော်လည်းနောက်မှနေ၍ခွေးအုပ်သည်မာန်ဖီလျက်ရန်မူရန် လိုက်လာကြကုန်လေသည်၊

ညဥ့်နက်သန်းခေါင်ကျော် ကယ်မည့်သူလည်း မရှိ၊ ကြောက်စိတ်မွှန်ထူလာ၏၊ ထွက်ပြေးလည်း လွတ်မည်မဟုတ်၊ ရုတ်တရက် ကျွန်တော့် ရင်ခွင်ထဲမှကြောင်ဖြူလေးမှာအောက်သို့ခုန်ဆင်းသွား၏၊ အဖော်မဲ့သွားသဖြင့် ရင်ထဲဟာထွက်သွားပြန်၏၊

ကြောင်ဖြူလေးမှာ မြေပြင်ပေါ်တွင် ကျောကုန်းမှာ ခုန်းထလျက် အမွေးအမြှင်များ ထောင်ကြွလာပြီး ထွက်မပြေးဘဲ ရန်သူကို ရင်ဆိုင်နေသည်၊



တဟဲဟဲ တရှဲရှဲနှင့်လျှာများထွက်လျက် အနီးသို့ရောက်ရှိလာကြသော ခွေးကြီးရှစ်ကောင်မှာရှေ့ကိုခြေမလှမ်းတော့ပဲမာန်ဖီသံများမှငြိမ်သွား၍အမြီးများ ကုပ်လျက် ယောင်ပေယောင်ပေ လှည့်ကြည့်ပြီး၊ အိမ်ကြို့အိမ်ကြားထဲသို့ ဝင်သွားကုန်ကြ၏၊

"မီ-မီ-မီ"



ဟော့ကောင်အတာ...
မင်းကာလည်း ဒီကြောင်နက်ကို
တကိုင်ကိုင်နဲ့
တစ်ပွဲလောက်
အထာကိုင်ပြစမ်းလေကွာ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်မှာ အံ့အားသင့်ပြီး ဝမ်းသာလျက် ကြောင်ဖြူလေးကို မြူဆွေရင်း လှမ်း၍ ဖမ်းရန် ပြုစဉ် ပုံမှန် အနေအထားအတိုင်းဖြင့် ရှေ့မှနေ၍ လမ်းပေါ်သွားလေသည်။ သွားရာနောက်မှကပ်လိုက်လာပြီး ဖမ်းစဉ်တစ်ထပ်အုတ်နီတိုက်၏ ပြတင်းပေါက်ဘောင်ပေါ်သို့ ခုန်တက်သွား၏။ ပြန်လည်ဖမ်းခေါ်ရန် ပြတင်းပေါက်နားသို့ ကပ်လာမိ၏။ ရင်ခေါင်းလောက်အမြင့်ရှိအုတ်ဘောင်အနားရောက်၍ ဖမ်းရန် လက်ကမ်းစဉ် မှန်ချပ်တံခါးဟနေရာမှ ကြောင်ဖြူလေးသည် အိမ်ထဲသို့ ဝင်သွားလေတော့၏။

ဟနေသော ပြတင်းပေါက်တံခါးရွက်ကို အသာဖွင့်ပြီး ကျွန်တော်သည် အသံမကြားအောင် အိမ်ထဲသို့ ဝင်ကြည့်မိလေ၏။ တိုက်ခန်းတစ်ခုလုံး မီးခလုတ်ပိတ်၍ မီးမှောင်ချထားပုံရ၏။ သို့ပေတည့် အပြင်မှ လေဝင်တရုတ်ကပ်မှန်ချပ်များမှနေ၍ လမ်းမတတ်တိုင်မီးအလင်းရောင်နှင့် လရောင်ဖြင့်ပြင်ပမှ အလင်းရောင်သည် ဝင်လာနေသလော မပြောတတ်ပေ၊ တိုက်ခန်းတစ်ခုလုံးထိန်ထိန်လင်းလျက် ကျွန်တော့်မျက်စိက မြင်နေရ၏။ အိမ်တော်ပြင်ဆင်ထားမှုမှာ တရုတ်တန်းက တရုတ်ဘုံကျောင်းလိုလို လူနေတရုတ်အိမ်လိုလို မီးပုံးနီများ ချိတ်ဆွဲထား၏။ ပရိဘောဂကုလားထိုင်စားပွဲခုံ မှန်ဗီဒိုများ၏ ပုံသဏ္ဌာန်များမှာ ရွှေရောင်နှင့် ဆေးနီရောင်ခြယ်၍ တရုတ်ပန်းပု ပန်းလက်ရာများဖြစ်လေ၏။ တရုတ်ဆိုင်းဘုတ်အနီရောင်ပေါ်တွင် ရွှေစာလုံးဖြင့် တရုတ်စာများလည်း ရေးထားသည်။

ဧည့်ခန်းများကို ဖြတ်သန်းမိလိုက်လျှင် အိပ်ခန်းများကို မြင်တွေ့ရ၏။ ပထမအိပ်ခန်းထဲ လှမ်းကြည့်ရာ ခုတင်ကြီးပေါ်တွင် ရာတိတ်နှစ်ယောက် ခြေဆန့်လက်ဆန့်ပြီး ပက်လန်လှန် အိပ်ပျော်နေကြ၏။ ဒုတိယအိပ်ခန်းထဲလိုက်ကာကြားမှ လှမ်းကြည့်ရာ ယောကျာ်းကြီးနှင့်မိန်းမကြီးတို့ ခုတင်ကြီးပေါ်တွင် ရာတိတ်နှစ်ယောက်ခြေဆန့်လက်ဆန့်ပြီးပက်လက်လှန် အိပ်ပျော်နေကြ၏။ တတိယအိပ်ခန်းအဝရောက်လျှင် ကြောင်ဖြူလေးရောက်ရှိလာပြီး သစ်သားတံခါးရွက်ချပ်ကို ကိုယ်လုံးနှင့် တွန်းဖွင့်ပြီး ဝင်သွားရာ ကျွန်တော်လည်း နောက်မှ ဝင်လိုက်လာမိ၏။



ဤအိပ်ခန်းသည် ပို၍ ကျယ်ဝန်းပြီး အလှပြင်မှန်တင်ခုံပေါ်၌ အလှကုန်ဗူးစည်းမျိုးစုံ တင်ထား၏။ မှန်ဗီရိုလည်း ရှိ၏။ ကြိုးတန်းပေါ်တွင် လှန်းထားသော အမျိုးသမီးအင်္ကျီမျိုးစုံ တွေ့ရ၏။ ခုတင်ခေါင်းရင်းဘေးတွင် စာကြည့်စားပွဲပေါ်၌ စာအုပ်တချို့နှင့် စားပွဲတင်ဓာတ်ပုံထောင်ထားလေသည်။

ခုတင်မွေ့ရာပေါ်၌ ပန်းနုရောင်ဇာခြင်ထောင်ထဲဝယ် အလွန် ချောမောလှပသော ကျွန်တော့်အသက်အရွယ်ခန့်ရှိမိန်းမချောလေးမှာ ခြေဆန့်နဲ့လက်ဆန့်ပြီး ပက်လက်လှန်၍ အိပ်မောကျနေရှာ၏။

ကျွန်တော့်မှာ သူမ၏ ညဉ့်၏ အလှကို မြင်မြင်ချင်း စွဲမက်သွားမိသဖြင့် အတင့်ရဲစွာ ခုတင်ဘေး၌ရပ်ပြီး မျက်နှာနှင့် တစ်ကိုယ်လုံးကို အနီးကပ် စိုက်ကြည့်နေမိ၏။ နောက်ဆုံး မနေနိုင်၍ ဇာခြင်ထောင်ကို အသာမလျက် သူမ၏ ပါးပြင်မို့မို့လေးကို နိုးနမ်းမိလေပြီ။ နိုးသွားမည် စိုးရိမ်၍ ချက်ချင်း ခွာလိုက်မိသည်။ ခြေဖမိုးကို ကြောင်ဖြူလေးက လက်ဖြင့်လာပုတ်၏။ သတိပေးသဖြင့် ထွက်ချင်ထွက်ချင်နှင့် သူမအိပ်ခန်းထဲမှ ထွက်လာသည်။

အိမ်အတွင်းထဲမှ အပြင်ပြန်ထွက်ရန် လုပ်စဉ် ကြောင်ဖြူလေးမှာ မထွက်ခွာသေးပဲ ရှေ့မှဦးဆောင်ကာ အတွင်းလှေကားထစ်အတိုင်း အပေါ်ထပ်အခန်းဆီသို့ တက်လာမိကြပြန်သည်။ ဝင်လာချိန်မှစ၍ ယခုထက်ထိ တစ်အိမ်သားလုံး မနိုးကြပဲ နစ်နစ်မြိုက်မြိုက် အိပ်မောကျနေကြသဖြင့် ကျွန်တော်သည် ဖြည်းဖြည်း စိုးရိမ်စိတ်နည်းပြီး အတင့်ရဲလာမိ၏။ ထပ်ခိုးပေါ်ရှိ စတိုခန်းထဲ ကြောင်ဖြူလေးနှင့်အတူ ဝင်လာရာ တံရပ်ကပ်မှန်ပြတင်းပေါက်မှ အပြင်မှ လမ်းဓာတ်မီးရောင်ကြောင့် ပစ္စည်းမျိုးစုံ ပုံထားသည်ကို မြင်နေရ၏။

ကြောင်ဖြူလေးက သံသေတ္တာတစ်ခုအပေါ်သို့ ခုန်တက်၍ ထိုင်လိုက်ရာ ကျွန်တော်လည်း သူ၏ ထူးခြားမှုကြောင့် ထိုသံသေတ္တာကို ကြည့်ရာ သော့ခတ်မထားသဖြင့် အဖုံးဖွင့်ကြည့်မိ၏။ အစိမ်းရောင်ကတ္တီပါရုံကြီးအိတ်တစ်လုံးကို တွေ့ရာ ဖွင့်ကြည့်မိပြန်၏။ အံ့အားသင့်သွား၏။ ရွှေများဖြင့် ကွပ်ထားသော ကျောက်စိမ်းဆွဲကြိုးကုံး၊ ကျောက်စိမ်းလက်ကောက်၊ ကျောက်စိမ်း



www.burmeseclassic.com

www.burmeseclassic.com

လက်စွပ်၊ ကျောက်စိမ်းနားကပ်လက်ဝတ်ရတနာများကို တွေ့ရ၏။ ဝမ်းသာပြီး အိတ်ကိုယူကာ ထပ်ခိုးခန်းထဲမှ အောက်သို့ ပြန်ဆင်းလာသည်။ ကြောင်ဖြူလေးမှာ ရှေ့မှနေ၍ဝင်လာကြသောပြတင်းပေါက်ဆီသို့ သွားနေစဉ်တတိယ အိပ်ခန်းပေါက်ဝရှေ့သို့ရောက်လျှင် စိတ်ထဲ၌ သူမကို နောက်ဆုံးကြည့်ချင်စိတ်ပေါ်လာ၏။ ချက်ချင်း အိပ်ခန်းထဲဝင်ပြီး ခုတင်ပေါ်အိပ်ပျော်နေရှာသော သူမကိုကြည့်ပြီးနောက် စားပွဲပေါ်ရှိ သူမ၏ ထောင်တင်ထားသော ဓာတ်ပုံချပ်ကလေးကို မှန်ဘောင်ထဲမှ ဆွဲထုတ်ယူလိုက်စဉ် -

"ညောင် ... အူး"

ကြောင်ဖြူလေး၏ အချက်ပေးလိုက်သော အသံကြောင့် ဓာတ်ပုံကို လက်ထဲကိုင်ပြီး ကြောက်လန့်စိတ်ဖြင့် ချက်ချင်း အိမ်သားများ မနိုးမီ အလျှင်အမြန်အဝင်ပြတင်းပေါက်မှနေ၍ အိမ်အပြင်သို့ ခုန်ချ ထွက်လာမိတော့၏။ အိမ်ရိပ်မှနေ၍ လမ်းမပေါ်သို့ ခြေလှမ်းမြန်မြန် လျှောက်လာခဲ့၏။

"ရတနာထုပ်"

လမ်းစုလတ်ရောက်လျှင် စိတ်ငြိမ်စပြုလာသဖြင့် ကိုင်ယူလာခဲ့သော လက်ထဲမှ ပစ္စည်းကို သတိရ၏။ ကိုင်မြှောက်ကြည့်လိုက်ရာ သူမ၏ ဓာတ်ပုံ တစ်ပုံပဲ ဖြစ်နေ၏။ ရတနာထုပ်မှာ စားပွဲပေါ်တွင် မေ့ကျန်ရစ်ခဲ့မိကြောင်း သတိပြန်ရလေပြီ။ တကယ်တော့ သူမ၏ ဓာတ်ပုံကို လိုချင်စိတ်ဇောကပ်ပြီး မှန်ဘောင်လေးမှ ဖြုတ်ယူရန် ရတနာရှုံ့ကြီးအိတ်လေးကို ဘေးတွင် ခဏ ချထားမိခဲ့ခြင်းပင်။

"ဒီအော်သံကြောင့် ငါ အမြန်ပြေးထွက်လာမိလို့ ရတနာထုပ် မေ့ကျန်ခဲ့တာ"

ကြောင်ဖြူလေးအပေါ် ဒေါသထွက်မိလာ၏။ ပါးစပ်ထဲ ရောက်နေသည့် အစာကို မျိုမချမီ ပါးစပ်ထဲမှအပြင်သို့ထွက်အန်ကျသွားသည့်နယ် လွှတ်သည့် ငါးကြီးသွားမိတော့၏။ ဒေါသရောလောဘရောပေါင်းပြီး ကြောင်ဖြူလေးကို



ဂရုမစိုက်တော့ပဲ ရှေ့ဆက်ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာရာ မင်္ဂလာတောင်ညွန့်ရပ်ကွက်အတွင်းရှိ မြရာကုန်းကျယ် လမ်းမကြီးပေါ်သို့ ရောက်ရှိလာ၏။ လမ်းမကြီး၏ တစ်ဖက်ခြမ်းတစ်လျှောက်တွင် တရုတ်သချိုင်းကြီး၏ အုတ်နံရံတံတိုင်းကြီးများ ကာရံထားလေ၏။ တရုတ်သချိုင်းကြီးကို ကျွန်တော်မကြောက်ပါ၊ ဤတောင်ညွန့်ထဲမှ သူငယ်ချင်းများနှင့်အတူ နေ့ရောသီရောက်လျှင် ကုက္ကိုပင်ကြီးများအရိပ်အောက်ရှိ တရုတ်အုတ်ဂူကြီး ပေါ်ထိုင်လျက် ဂစ်တာတီးပြီး သီချင်းဆိုနေကျဖြစ်၏။

"ဗျို့... ကားအားလား - လိုက်မယ်"

ညဆွဲကားတစ်စီး မောင်းနှင်လာသဖြင့် လက်လှမ်းတားပြီး ရပ်ခိုင်းကာ ကားပေါ် တက်လိုက်၏။ ကားဆရာဘေးတွင် ဝင်ထိုင်ပြီး ကားထွက်ခွာစဉ် တရုတ်သချိုင်းအုတ်နံရံတံတိုင်းကြီး တစ်နေ့၌ လမ်းလျှောက်သွားနေသော ကြောင်တစ်ကောင်ကို လပြည့်ည၏အလင်းရောင် ဖွေးဖွေးအောက်တွင် ကားပေါ်မှ လှမ်းမြင်နေရတော့၏။ ကြောင်ဖြူလေးလား၊ တခြားကြောင်များ ပေလား၊ အလှမ်းဝေးနေသဖြင့် သဲသဲကွဲကွဲ အရောင် မမြင်ရချေ။

အိမ်ရှေ့ရောက်မှပင် စိတ်လုံးဝအေးချမ်းသွား၏။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ မိသားစုမှာ အိပ်မောကျနေရောထင့် ကားရပ်သံ ကြားသဖြင့် သားဇောဖြင့် အိပ်မပျော်ရရှာသော မိခင်သည် တံခါးထဖွင့်ပေး၏။ ထို့နောက် ကားခကို ထုတ်ပေး၏။ ကျွန်တော်အိမ်မီးဖွင့်ပြီး တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်ရာ ညဉ့်သန်းခေါင်ကျော်နှစ်နာရီခွဲရှိနေပြီ။

"သား လူစုကွဲသွားလို့ အိမ်ပြန်နောက်ကျသွားတယ် မေမေ"

"ထူးထူးတို့သူငယ်ချင်းအုပ်စု ဘုရားပေါ်မှာ သားနဲ့လူစုကွဲသွားကြောင်း မေမေ့ကို လာသတင်းပေးလို့ သိပြီးပြီ၊ ဘာလို့ ဒီအချိန်ကြီး ပြန်လာရလဲ ဘုရားပေါ်မှာပဲ တစ်ညလုံး နေလိုက်ရောပေါ့၊ မနက်ကျမှ ပြန်လာပါလား၊ လမ်းမှာ အန္တရာယ်များလှတယ်၊ ကဲ - ကဲ အိပ်တော့"



www.burmeseclassic.com

www.burmeseclassic.com

ခြေဆေးမျက်နှာသစ်ပြီး အိပ်ရာထဲ ဝင်လှဲလိုက်သည်။ အိတ်ကပ်ထဲပါလာသော ဓာတ်ပုံကို ခေါင်းအုံးအောက်တွင်ထားလျက် စောင်ခေါင်းမြီးခြုံ၏၊ မျက်လုံးမှိတ်လိုက်တော့၏။

ညက အိပ်ရေးပျက်ခဲ့သဖြင့် နံနက်နေမြင့်ချိန်ရောက်မှ နိုးတော့သည်။ ခေါင်းအုံးအောက်မှ ဓာတ်ပုံကို ဆွဲထုတ်ပြီး ခုတင်ပေါ်မှ မဆင်းသေးပဲ ကြည့်လိုက်၏။ ဓာတ်ပုံမှာ ဆေးရောင်စုံမဟုတ်ပဲ ဓာတ်ပုံဆေးသားအလွန် ကောင်းသော အညိုရောင်ဖြစ်၏။ တရုတ်ကားများတွင် ပါဝင်ကြသော တရုတ်မင်းသမီးများကဲ့သို့ ဝတ်စားဆင်ယင် ထုံးဖွဲ့၍ ချစ်စဖွယ် ပြုံးပြုံးလေး ရိုက်ကူးထားသော ညက ကျွန်တော် နိုးနမ်းခဲ့မိသော ရုပ်ပါရှင်ကလေး ဖြစ်နေချေပြီ။

ရုပ်ပါရှင်လေးကိုကြည့်ပြီး ကြည်နူးနေစဉ် ရုတ်တရက်ညက မေ့ကျန်ရစ်ခဲ့သော လက်ဝတ်ရတနာထုပ်ကို သတိရမိလိုက်ရာ ကြောင်ဖြူစုတ်ကို ဒေါသဖြစ်ပြီး လောဘအာရုံပြောင်းသွား၏။ ဤကိစ္စအဖြစ်အပျက်ကို မည်သူကိုမျှ မပြောပြဘဲ လျှို့ဝှက်ထားမည်ဟု ဆုံးဖြတ်သော်လည်း မရ၊ နိုင်ဝင်းကို ဖွင့်မပြောသေးပဲ အဖော်ပြု၍ ညနေစောင်းတွင် ညက ဝင်ရောက်ခဲ့မိသော ရုပ်ပါရှင်၏အိမ်ကို ပြန်လာရှာမိလေ၏။

"ညက ဒီရပ်ကွက်ထဲကို ဘယ်လမ်းထိပ်ကနေ စဝင်လာခဲ့လဲ"

ကျွန်တော်က ညက ဘုရားက အပြန်ကားအတူ ငှားစီးလာသော မိဘနှစ်ဦးနှင့်ပါလာသော ကောင်မလေးကို သဘောကျ၍ သူတို့ဝင်သွားသော အိမ်ကို ရှာရန်ဟု လိမ်လည်အကြောင်းပြပြီး နိုင်ဝင်းကို အဖော်ခေါ်လာခြင်းပင်။

"ကားဝင်လာတဲ့ လမ်းကို ငါ ဇဝေဇဝါ ဖြစ်နေတယ်၊ သူတို့ အိမ်ရှေ့ချပြီး ငါနဲ့ကားဆရာက အတွင်းလမ်းတွေထဲကနေ မြရာကုန်းလမ်းကို ထွက်တယ်၊ ထွက်တာနဲ့ တရုတ်သချိုင်းကို ဦးကိုက်ပဲကွ"

"ဒါဆို ... လွယ်ပါတယ်ကွာ၊ အထွက်လမ်းအတိုင်း တို့ဝင်ပြီး နောက်ပြန်သဲလွန်စ လိုက်ရှာမယ်ကွာ၊ သူတို့အိမ်နဲ့ ပတ်ဝန်းကျင်အိမ်အနေအထား မှတ်မိတယ် မှတ်လား"



"အေး ... တစ်ထပ်အုတ်အနီရောင်တိုက်ပဲ၊ ခြံဝင်းထဲမှာ ပန်းချုံတွေရှိတယ်၊ တရုတ်အိမ်လိုလို ဘာလိုလိုပဲ"

နိုင်ဝင်းနှင့်နှစ်ဦးသား တရုတ်သချိုင်းရှိမြရာကုန်းလမ်းမှနေ၍ အတွင်းလမ်းထဲသို့ ချိုးကွေ့ဝင်လာကြ၏။ မအူကုန်းရပ်ကွက်နှင့်ဆက်နေသဖြင့် အိမ်အိုအိမ်ဟောင်းနှင့်တိုက်အိုတိုက်ဟောင်းများ၏၊ တိုက်သစ်များလည်းရှိ၏၊ ကုလားလူမျိုးအများစုရှေးကတည်းကနေထိုင်လာခဲ့ကြသောရပ်ကွက်ဖြစ်သည်၊ အတွင်းဖြတ်လမ်းတို့မှာလည်း များ၏၊ လူနေထူထပ်၍ ကားများ၊ ဆိုက်ကားများ ရှုပ်နေသည်၊

"ညက ဒီကိုဒေါင်ကြီးလား၊ ကားပျက်နှစ်စီးနဲ့..."

ရုတ်တရက် ကားဝပ်ရှော့ဖွင့်ထားသော သွပ်ကာသွပ်မိုး ဂိုဒေါင်ကြီးကို မြင်တွေ့လိုက်မိသဖြင့် စိတ်ထဲ၌ သံသယ ဝင်လာ၏၊ ညက ထံခါးပိတ်၍ထားသော်လည်း ဂိုဒေါင်ရှေ့၌ ကားပျက်နှစ်စင်းမှာမူ ရှိနေဆဲပင်၊ ဤဂိုဒေါင်ကြီးနှင့် ကားပျက်နှစ်စီးကို လုံးဝသတိထား မှတ်မိနေသော်လည်း မျက်နှာချင်းဆိုင်ရှေ့တွင် ကလေးတချို့ ဝင်ရောက်ကစားနေကြသော မြေကွက်လပ်ကြီးသာ တွေ့နေရ၏၊ ဟိုဘက်လမ်းနှင့်ဤဘက်လမ်းသွယ် ရှည်နှစ်ခုအကြား ဖြတ်လမ်းကူး သဘောမျိုး ကွက်လပ်နေရာ ဖြစ်လေသည်၊ အိမ်မြေကွက် မဟုတ်ချေ၊

ညက ဤဝပ်ရှော့ဂိုထောင်ကြီးနှင့်ကားပျက်နှစ်စီး အမှန်တကယ် တွေ့မြင်ခဲ့ရသည်ဟုဆိုလျှင် ရှေ့မျက်နှာချင်းဆိုင်မှ ရုပ်ပါရှင်လေး၏တိုက်အနီရောင် မတွေ့ရသဖြင့် အလွန် ထူးဆန်းသွားမိတော့၏၊ နိုင်ဝင်းကို ဖွင့်မပြောတော့ပဲ အနီးတစ်ဝိုက် လှည့်ပတ်ကြည့်ပြီး ပြန်လာခဲ့ကြ၏။

"ညက ငါ့ရဲ့အဖြစ်အပျက်ဟာ ထူးဆန်းတယ်၊ အမှန်ကော ဟုတ်ရဲ့လား၊ ငါရူးများ ရူးနေလား၊ အိပ်မက်တွေလား"

နောက်နေ့များတွင် ကျွန်တော်တစ်ယောက်တည်း ထိုရပ်ကွက်တစ်ဝိုက်လုံး တစ်လမ်းဝင်တစ်လမ်းထွက် တဖြည်းဖြည်း လိုက်လံရှာဖွေနေသည်၊



www.burmeseclassic.com

www.burmeseclassic.com

ရှုပါရှင်လေး၏ စက္ကူပန်းချီထဲက အုတ်တိုက်နီကျိုး လုံးဝ ရှာဖွေ၍ မတွေ့တော့ပါ၊ သွပ်မိုးသွပ်ကာ ဂိုဒေါင်ငါးလုံးတွေ့သော်လည်း ထိုဂိုဒေါင်များရှေ့တွင် လူနေကုလားပျဉ်ထောင်အိမ်များသာ တွေ့မြင်ရပြန်၏။

နောက်ဆုံးတော့ ထူးဆန်းစွာ ပျောက်ဆုံး ရှုပါရှင်လေးကို သူ့ကိုယ်စား သူ့ဓာတ်ပုံလေးကို တဖွဖွနမ်းမိရင်း အလွမ်းဖြေရုံမှတစ်ပါး...

— ❀ —

ကိုတာကိုယ်တိုင်ရေးထားသော ဝတ္ထုစာမူကို စားပွဲဝိုင်းတွင် အတူထိုင်သော ကိုသိန်းထွန်းက ဖတ်ပြီးနောက် ကျွန်တော်ကပါ ဆက်လက်ယူဖတ်ကြည့်၍ ပြီးဆုံးသွား၏။

"ရေးထားတာ ဘယ်လိုလဲ အကြံဉာဏ်ပေးပါဦး"

အသက် (၆၀) ခန့်ရှိသော ကိုတာက ကျွန်တော်တို့နှစ်ဦး၏ ထင်မြင်ချက်ကို တောင်းခံလိုက်သည်၊ သုံးဦးစလုံးမှာ သက်ရွယ်ကြီးပိုင်းသို့ ရောက်ရှိနေကြပြီဖြစ်သော မိတ်ဆွေများအဖြစ်ပါသည်၊ ကိုတာက လက်ဖက်ရည်ဆိုင်တွင် ရှိန်းဆိုလျက် သူရေးထားသော ကိုယ်တွေ့ဝတ္ထုစာမူကို ဖတ်ရှုနိုင်ခြင်းဖြစ်ပါသည်၊

"လိုတာ ပိုတာရှိရင် တည်းဖြတ်ပေးပါဆရာဆွေ"

"ဇာတ်လမ်းရော၊ အရေးအသားရော - ဘာမှ ထပ်မလုပ်နဲ့တော့၊ ဒီအတိုင်းပဲ ကောင်းတယ်"

ကျွန်တော်က အကြံပေးလိုက်၏၊

"အရေးအသားကတော့ မပြောလိုပါဘူး၊ ဒီဇာတ်လမ်း အဖြစ်အပျက်အကြောင်းခြင်းရာကိုတော့ ကျွန်တော် စိတ်ဝင်စားတယ်၊ ဂမ္ဘီရလိုလိုသည်းထိတ်ရင်ဖိုပဲ စိတ်ကူးယဉ်လား၊ တကယ့်အဖြစ်အပျက်လား"

ပင်စင်စားရဲအရာရှိဟောင်းကိုသိန်းထွန်းက မေးလိုက်သည်၊



"ဒီအဖြစ်အပျက်ဟာ (၁၉၇၀) ခုနှစ်လောက်က ကျွန်တော် အသက် (၁၆) နှစ် ဆယ်တန်းကျောင်းသားအစတုန်းက တန်ဆောင်မုန်းလပြည့်ညမှာ တကယ်ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်မှန် ဖြစ်တယ်၊ အခုဆိုရင် နှစ်ပေါင်း (၄၃) နှစ် ကြာမြင့်ခဲ့ပြီပေါ့"

"ခင်ဗျားကလည်း အခုထက်ထိ ရဲစိတ်မကုန်သေးဘူး၊ လူတွေ့ရင် အမှုစစ်တဲ့အကျင့် ပါနေတုန်းပဲလား၊ ဟား - ဟား"

"ဒီကလည်း နာမည်ကြီးအောင် အင်တာဗျူးခံဖို့ အဆင်သင့်ပါပဲ"

သုံးဦးသား အရွှန်းလေး ဖောက်မိလိုက်ကြသဖြင့် ကြားဖြတ် အမောပြေ လန်းဆန်းသွားမိကြတော့၏၊

"ဒီလို အဲဒီညက ဖြစ်ပျက်ခဲ့မှု မှန်သမျှနဲ့ ဆက်နွယ်နေခဲ့တဲ့ သက်သေအထောက်အထားတွေကော ပြနိုင်ခဲ့သလား၊ ဥပမာဗျာ - အဓိက ဖြစ်ခဲ့တဲ့ ကြောင်ဖြူလေးမျိုးပေါ့၊ နောက်ပြီး"

"ကြောင်ဖြူလေးဆိုရင် ကားပေါ်မှပါလာတာ သူငယ်ချင်းတွေအားလုံး မျက်မြင်ပဲလေ ... တစ်ချိန်လုံး ကျွန်တော့် ရင်ခွင်ထဲမှာလိုက်လာတာ"

"နောက် - အုတ်တိုက်နီထဲက စုတင်ပေါ်က ကောင်မလေးနဲ့တွေ့တဲ့ အမှတ်အသားကော"

"သူ့ဓာတ်ပုံရှိသေးလား"

"ပြောပြရမယ်ဆိုရင် အဲဒီနှစ်မှာ ဆယ်တန်းအောင်တယ်၊ သူ့ဓာတ်ပုံလေးကို သိမ်းထားခဲ့တယ်၊ စုတင်ပေါ်သူ အိပ်ပျော်နေတုန်း ပါးကို ခိုးနမ်းမိလို့ သံယောဇဉ်လည်း ငြိတွယ်မိခဲ့ပါတယ်၊ ဒါပေမဲ့ - တက္ကသိုလ်ဆက်တက်ရင်း ကျောင်းမှာတွေ့ကြတဲ့ ကျွန်တော့်မိန်းမနဲ့ ချစ်မိကြရင်း ဘွဲ့ရပြီးအလုပ်ဝင်ပြီး လက်ထပ်လိုက်ခဲ့ကြတယ်၊ ဒါကြောင့် ရှုပါရှင်တရုတ်မလေးရဲ့ဓာတ်ပုံကို မိန်းမတွေ့သွားရင် ပြဿနာတက်ပြီး ဖြေရှင်းရခက်မှန်းသိလို့ စာအိတ်ထဲထည့်ပြီး လုံခြုံစိတ်ချရမယ့်နေရာမှာ လုံးဝဖောက်မြုပ်ထားလိုက်တယ်၊ ထပ်ပြီး ရှင်းပြပြရင် ဟောဒီ ဝတ္ထုကို ကျွန်တော် အဲဒီချိန်တုန်းကတည်းက ရေးချင်



www.burmeseclassic.com

www.burmeseclassic.com

နေတာ လက်ယားနေတာပဲ၊ မိန်းမနဲ့သားသမီးတွေ သိသွားမှာ စိုးရိမ်လို့ အောင့်အည်းနေခဲ့ရတာ တစ်မြန်နှစ်က မိန်းမဟာ နှလုံးရောဂါနဲ့ ကွယ်လွန်သွားခဲ့တယ်၊ ဒါနဲ့ နှစ်ပေါင်းများစွာ ဇာတ်မြှုပ်နံထားခဲ့တဲ့ ရှုပါရှင်မလေးရဲ့ဓာတ်ပုံကို ပြန်မော်ကြည့်လိုက်ရော ဓာတ်ပုံဟာ ဆေးသားတွေပျက်ပြီး ရုပ်ပျက်ဆင်းပျက် ပြန်တွေ့ရတယ်၊ ဒါနဲ့ ကျွန်တော့် ဒီအသက်အရွယ်ကြီးရောက်မှ ရူးတယ်ပဲဆိုဆိုဗျာ၊ အဲဒီဓာတ်ပုံကို မြေလည်းမမြှုပ်ချင်၊ ဆွဲလည်း မဆုတ်ဖြဲ ချင်၊ မီးလည်းမရှို့ချင်၊ သူ့အိမ်နဲ့ အနီးဆုံးဖြစ်တဲ့ ကန်တော်ကြီးရေပြင်ပေါ်တွင်မျှောပေးလိုက်မိခဲ့တယ်"

"ကိုတာ စာရေးဆရာလုပ်ဖို့ကောင်းတာကြာပြီ၊ နှလုံးသားစိတ်ကူးချက်လေးတွေဟာ ညက်လှချည်လား"

ကိုသိန်းထွန်းက ရိုးမွမ်း၍ သဘောကျနေသည်၊ သူတို့နှစ်ဦး၏ အတိုင်အဖောက်စကားသံကို နားထောင်ရင်း ကျွန်တော်မှာ ငြိမ်နေမိ၏၊

"နောက်ဆုံးသိချင်တဲ့အချက်က အဲဒီညတုန်းက ကြောင်ဖြူလေးဟာ အထီးလား အမလား"

"ဟိုး ... ဆရာရဲ့ဘယ်က ဘယ်လိုကားပေါ်ပါလာမှန်းမသိတဲ့ကြောင်ကို သူငယ်ချင်းတွေအားလုံးက သိပ်စိတ်ဝင်စားတာ မဟုတ်ဘူး၊ ကြောင်ဖြူကိုလည်း ကြောင်နက်ဆိုပြီး ဘယ်သူမှ ကိုယ်ပေါ်အတက်မခံကြဘူး၊ ဘယ်သူမှ အရေးမစိုက်ဘူး၊ ပျော်ဖို့ပဲ အာရုံစောနေကြတာ၊ ကြောင်လေး ဒုက္ခရောက်မှာ စိုးလို့ ကျွန်တော်ပဲ ထိန်းထားမိတာ၊ တစ်ခါတည်းလူနဲ့ မခွာတော့ပဲဖြစ်ခဲ့တာပဲ၊ အထီး။ အမလည်း သိချင်စိတ်မရှိလို့ လှန်လည်း မကြည့်ဖြစ်ခဲ့ဘူးဗျာ၊ ဘုရားပေါ်မှစပြီး သူ ဒုက္ခပေးလို့ တစ်ညလုံးစိတ်တွေ ဖျောက်ချားခံခဲ့ရတာ၊ သူ့အော်သံကြောင့် လက်ဝတ်ရတနာထုပ် မရလိုက်ရတာ နာသဗျာ"

ဤတွင် ရဲမှူးဘဝမှ သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစားယူထားသော ကိုသိန်းထွန်းက ကျွန်တော့်ဘက်လှည့်ပြီး ခပ်ပြုံးပြုံးဖြင့် ပြောလိုက်၏၊



"ရဲဝန်ထမ်းတစ်လျှောက်လုံး လူမျိုးစုံတွေရဲ့အမှုမျိုးစုံတွေကို ကိုင်တွယ်ခဲ့ရပါတယ်၊ တစ်ချို့အမှုတွေဆိုရင် အရမ်းကို ထူးဆန်းအံ့ဩဖွယ်ကောင်းပြီး ဖြေရှင်းရခက်တယ်၊ ဒါပေမဲ့ သမရိုးကျမဟုတ်တဲ့ ရှုထောင့်နဲ့ ဖြေရှင်းတော့ လွယ်ကူသွားပြန်ရော၊ အခုကိုတာ့ဟာလည်း အဲဒီလို ဖြစ်နေတယ်၊ လူ့လောကကြီးမှာ ထူးဆန်းတဲ့ လျှို့ဝှက်မှုတွေ အံ့မခန်းပါကလား ဆရာဆွေ"

"ကျွန်တော့် အဖြစ်အပျက်အပေါ် ဘယ်လိုများ သုံးသပ်မြင်မိသလဲ ကိုသိန်းထွန်း"

"အင်း ... ပြောရမှာ ရှိတုံ့ရှတုံ့ ဖြစ်နေတယ်၊ အတိအကျ မဟုတ်သော်လည်း ဖြစ်နိုင်ခြေရှိတဲ့ ကျွန်တော့်အမြင်သက်သက်ဖြစ်တယ်၊ ကျွန်တော့်စကားကြောင့် ခင်ဗျား ဥပါဒါန်အစွဲအလမ်းကြီး ဖြစ်သွားမှာကို စိုးရိမ်မိတယ်ဗျာ"

"လူ့ဘဝကြီးမှာ နှစ်ပေါင်း (၆၀)လောက် ဖြတ်သန်းလာခဲ့ပြီးပါပြီ၊ ဗုဒ္ဓရဲ့တရားသဘောလည်း ကျင့်ကြံအားထုတ်နေပါတယ်၊ ခင်ဗျား အမြင်ကို ကြားချင်ပါတယ်"

"ကောင်းပါပြီ ... ကျွန်တော့်မှာ လုပ်ငန်းရဲ့သဘာဝဖြစ်တဲ့ စိတ်လေ့ကျင့်မှုအရပေါ့၊ အခင်းတစ်ခုနေရာမှာ အမှုတစ်ခုဖြစ်ပွားတယ်ဆိုရင် ပထမဦးဆုံးချက်ချင်း အမှုလို့ မဆုံးဖြတ်သေးဘူး၊ အမှုလို့ ဆုံးဖြတ်နိုင်လောက်တဲ့ အခင်းအကျင်း အချက်အလက်တွေကို စုဆောင်းပြီးမှ ရာဇဝတ်မှုဖြစ်မြောက်သွားပြီလို့ ဆုံးဖြတ်လေ့ရှိတယ်၊ အခုလည်း အဲဒီအတိုင်းပါပဲ၊ ကိုတာရဲ့အဲဒီညက ဖြစ်ပျက်ခဲ့တဲ့ အမှုကိစ္စဟာအမှုလို့ ဖြစ်မြောက်လားဆိုပြီး အချက်အလက် စုဆောင်းလိုက်တော့ ကိုတာကိုယ်တိုင် ဒီအမှုကိစ္စဖြစ်ပွားခဲ့တယ်ဆိုတာ ကျွန်တော် ဆုံးဖြတ်နိုင်ခဲ့တယ်၊ ကျွန်တော် ယုံကြည်တယ်၊ ဒီတော့ ဒီအမှုကိစ္စအပေါ်ကျွန်တော့်သုံးသပ်ချက်အမြင်ကို ပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com

ကိုသိန်းထွန်းက မျက်နှာတည်ငြိမ်စွာဖြင့် ရေနွေးကြမ်းတစ်ခွက် သောက်လိုက်ပြီး အာခေါင်ရှင်းပစ်လိုက်၏။

"ဒီအမှုပြဿနာအားလုံးကို ကြံစည်ခဲ့သူကတော့ ကြောင်ဖြူမလေး ပါပဲ"

"ကြောင်ဖြူမလေး ....ဟုတ်လား"

ကိုတာက ကြားဖြတ်၍ပြုံးဖြဲဖြဲ ပြောလိုက်သဖြင့် ကိုသိန်းထွန်းက မနှစ်သက်သဖြင့် စကားရပ်လိုက်၏။

"ကိုသိန်းထွန်း ပြောစကားတွေကို ဆုံးအောင် နားထောင်လိုက်ပြီးမှ ကျွန်တော်က ကိုတာ့ကို စကားဦးသိမ်းပေးလိုက်ရာ နားလည်သဘောပေါက်ပြီး လက်ကာ၍ တောင်းပန်လေ၏။

"ကြောင်ဖြူမလေးနေတဲ့နေရာက အဲဒီတရုတ်သချိုင်းကြီးထဲမှာပါ၊ ဒီတုန်းက လူငယ်လူရွယ်ပဲ ရှိသေးတဲ့ကိုတာက သူငယ်ချင်းတွေနဲ့တရုတ်သချိုင်းထဲမှာ သီချင်းဆိုကြ၊ ဂစ်တာတီးကြနဲ့ လူငယ်ဘဝပျော်နေရှိန်ပေါ့၊ သချိုင်းဆိုတာ လျှို့ဝှက်ချက်တွေ အများကြီးပဲ၊ ဆက်သွယ်မှုရှိတဲ့ သဘောသာဝကို ပြောရရင် မီးခြစ်ဘူးလိုပဲ ယမ်းကပ်ဘူးထဲမှာ မီးခြစ်ဆံတွေ သီးခြားစီနေတယ်၊ မီးခြစ်ဘူးဟာ အလင်းရောင်ရတယ်ဆိုတာ မှန်သော်လည်း မီးခြစ်ဆံနဲ့ ယမ်းကပ်နဲ့အကြောင်း မတိုက်ဆိုင်သေးသမျှ ဘာအလင်းရောင်မှ မထွက်ဘူး၊ တိုက်ဆိုင်ပြီး ခတ်မိမှ မီးတောက်နဲ့အလင်းရောင် ဖြစ်ပေါ်လာတယ်၊ အဲဒီလိုပဲ လူသားနဲ့ ပရလောကသားတွေ ဆယ်သွယ်မှုရပုံဟာ အကြောင်းနှစ်ခု တိုက်ဆိုင်မိမှ ဆက်သွယ် ဖြစ်ပေါ်ကြရတာ"

လူသေမှု၊ လူသတ်မှု၊ ဒုစရိုက်အဖုံဖုံ သုသာန်သချိုင်းအစုံစုံနှင့်အတွေ့အကြုံဖြတ်သန်းခဲ့သူတစ်ဦးဖြစ်သဖြင့် ကြောင်ဖြူမလေး၏အခြေခံကို စတင်ဖော်ထုတ်ပြလိုက်၏။



"ကိုင်း...ပရလောကကိုအရမ်းကျယ်ပြန့်လို့ဒီလောက်ပဲနားလည်ထား၊ ပြောရမယ်ဆိုရင်ပရလောကရဲ့အစိတ်အပိုင်းဝင်နေတဲ့အဲဒီကြောင်ဖြူမလေး ဟာ ကိုတာကိုမြင်ဖန်များပြီး ကြိုက်နေတယ်ပဲ ဆိုပါတော့"

"ဗျာ"

"ဒီတော့ ကိုတာနဲ့ဆက်သွယ်ဖို့ ကြံစည်တယ်၊ အဲဒီတန်ဆောင်မုန်း လပြည့်ညမှာ တရုတ်သချိုင်းထဲတနေ ကိုတာတို့ သူငယ်ချင်းတွေနဲ့အတူ ဘုရားပေါ်လိုက်ပါခဲ့တယ်၊ ကိုတာနဲ့ ထက်ကြပ်မကွာလိုက်နိုင်အောင် ကျန်တဲ့ သူအားလုံးကို အနက်ရောင်နဲ့ ခြောက်လှန့်ခဲ့တယ်၊ သူ့ကို ဘယ်သူမှ အနား ကပ်ခံကြဘူး၊ ဒီတော့မှ သူက ကိုတာနဲ့အတူ ချဉ်းကပ်ခဲ့တယ်၊ ဘုရားပေါ်က ဆင်းပြီးတက္ကစီငှားပြီး အပြန်မှာ ကန်ပတ်လမ်းသိမ်ဖြူကွင်းနားမှာ ကားစက် ချက်ပြီး ဆင်းခဲ့ရတာလည်း သူ့လက်ချက်ပဲ၊ ပြောရမယ်ဆိုရင် ကိုတာကို ခေါ်သွားမယ့်အုတ်တိုက်နီလေးဟာ အဲဒီဧရိယာရပ်ကွက်ထဲမှာ ရှိတယ် ဟုတ်လား"

ကျွန်တော်နှင့်ကိုတာတို့နှစ်ဦးမှာ ကိုသိန်းထွန်း၏ တစ်ဆင့်ချင်း အမှုအခင်း အဖြစ်အပျက် ကွင်းဆက်များကို ဖြည်းဖြည်းချင်း ရှင်းပြနေသဖြင့် ကျွန်တော့်ထက် ကာယကံရှင်ကိုတာမှာ ယခုမှ ထိတ်လန့်နေရှာသည်။

"ဒါဖြင့်ရင်အဲဒီကြောင်ဖြူမလေးဟာတကယ့်ကြောင်အစစ်မဟုတ်ဘူး ပေါ့ အဲဒီလိုလား"

ကိုတာက စိတ်လှုပ်ရှားလျက် သိချင်ဇောနှင့်ဆန္ဒစော၍ မေးလိုက်လေ၏။ ကျွန်တော်က သူ့ကို စကားဝင် မပြောရန် မျက်နှာရိပ်ကဲပြလိုက်၏။

"ဒီအုတ်တိုက်နီလေးထဲခေါ်ဆောင်ခဲ့တာလည်းအကြွင်းမဲ့မဟုတ်ဘူး၊ ဒီတိုက်ထဲမှာရှိတဲ့ ရတနာပစ္စည်းကို ပေးချင်လို့ပဲ၊ တကယ်လည်း လက်ဝတ် ရတနာထုပ် သိမ်းထားတဲ့နေရာကိုပြပြီး လက်ထဲပေးခဲ့တာပဲ၊ အဲဒီပစ္စည်း ပေးချင်လွန်းလို့ကြံစည်ခဲ့ရတာ၊ လူ့စိတ်သဘောဟာလောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ရာဂနဲ့မကင်းနိုင်ကြ သူတွေပဲ၊ ကျွန်တော် ကိုယ်တိုင်ပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com

ကိုသိန်းထွန်းက အာမေခြောက်သွားသဖြင့် ရေနွေးကြမ်းငုံ့သောက်လိုက်ပြီး ပြန်စကားဆက်၏။

"တိုက်ထဲရောက်တော့ဒီအိမ်ရဲ့မိသားစုငါးယောက်နဲ့ကိုတာတွေ့တယ်။ ယောကျ်ားကြီး၊ မိန်းမကြီး ရာတိတ်နစ်ကောင်နဲ့ ခုတင်ပေါ်က သမီးဖြစ်ဟန်တူတဲ့ မိန်းကလေး အိပ်မောကျနေတယ်ထင်တဲ့ မိန်းကလေးရဲ့ပါးကို နမ်းခဲ့တယ်။ အဲဒီနောက် ကြောင်ဖြူမလေးကြောင့် ရတနာထုပ်ကို ရလိုက်ပြီး ဒီတော့ ကြောင်ဖြူမလေးဟာ သူ့အကြံအစည် အောင်မြင်လို့ တိုက်ထဲက အမြန် ပြန်ထွက်ကြရုံပဲ ရှိတော့တယ်။ ကိုတာဟာ ကြောင်ဖြူမလေးနောက် တစ်ဖဝါးတည်း လိုက်မလာပဲ တရုတ်မလေးအခန်းထဲ ဒုတိယအကြိမ်ဝင်ပြီး ဓာတ်ပုံ ရွာယူတယ်။ ပြောရမယ်ဆိုရင် တိုက်နီထဲက ပြန်လည်ထွက်ခွာဖို့ လုံးဝ အချိန်ကျရောက်နေပြီ။ ကိုတာဟာအန္တရာယ်ကိုမသိဘူး။ ကြောင်မလေးဟာ မြန်မြန်ထွက်လာဖို့ အော်သံပေးတယ်။ ဒါကို အိမ်သားတွေ လန့်နိုးပြီး မီးမှာ ကြောက်လို့တိုက်ထဲက ထွက်ပြေးခဲ့တယ်။ ကျွန်တော့်အထင်ပြောရရင် တိုက်ထဲက မိသားစုငါးယောက်စလုံးဟာ အိပ်မောကျနေတာ မဟုတ်ဘူး။ လူသေအလောင်းတွေပဲ"

"ဗျာ .... လူသေအလောင်းတွေ"

ကိုတာအံ့ဩမိပြီး အာမေဋိတ်အသံထွက်သွား၏။

"အဲဒီအုတ်တိုက်နီထဲကနေ ဝင်ခဲ့တဲ့ ပြတင်းပေါက်က ပြန်ထွက်ကြပြီး တကွဲတပြားစီသွားနေကြချိန်မှာ လူသေငါးလောင်းနဲ့အတူ အုတ်တိုက်လေးလည်း လူ့လောကမြင်ကွင်းထဲမှ ပျောက်ကွယ်သွားခဲ့တယ်လို့ ယူဆမိတယ်။ ကြောင်ဖြူမလေးဟာသူ့အကြံအစည်အတိုင်းကိုတာကိုရတနာထုပ်ပေးချင်လို့ ပရလောကထဲက အချိန်နဲ့ ထွက်လာပြီး အချိန်ကိုက် အုတ်တိုက်ထဲ ဝင်တယ်။ နောက်ဆုံးအချိန်ကိုက် ပြန်ထွက်ပြီး တရုတ်သချိုင်းရှိ ပရလောကထဲကို အချိန်ကိုက် ပြန်ဝင်သွားခဲ့တာပဲ။ အမှုဖြစ်ပွားခဲ့တဲ့ အခင်းအကျင်းဟာ ဒါပါပဲ။ မရှင်းတာရှိရင် မေးနိုင်ပါတယ်"



ကိုသိန်းထွန်းသည် ကိုတာ၏ထူးဆန်းသောညတစ်ည၏အဖြစ်အပျက်ကို သာမန်ပြဿနာဟု သဘောမထားပဲ ရာဇဝတ်မှုတစ်မှုဖြစ်ပွားခဲ့ပုံအတိုင်း အဲလွန်စများ စုဆောင်းပြီး ဆက်စပ်ကြည့်လိုက်သူဖြစ်၏။ ရဲမှူးမှုခင်း စုံထောက်ပညာဖြင့် ရှထောင့်အားလုံး ကျွန်တော် ကိုယ်တိုင် လက်ခံနိုင်စွမ်း ရှိသွားပါ၏။

ကြောင်ဖြူမလေးနေတဲ့နေရာက
အဲဒီတရုတ်သချိုင်းကြီးထဲမှာပါ။
ဒီတုန်းက လူငယ်လူရွယ်ပဲ ရှိသေးတဲ့ကိုတာက
သူငယ်ချင်းတွေနဲ့တရုတ်သချိုင်းထဲမှာ
သီချင်းဆိုကြ၊
ဂစ်တာတီးကြနဲ့လူငယ်ဘဝပျော်နေချိန်ပေါ့၊





www.burmeseclassic.com

www.burmeseclassic.com

"အားလုံး လက်ခံနိုင်လောက်ပါတယ်၊ မရှင်းတဲ့ အချက်တစ်ချက်ကို ဖွင့်ပေးပါဦး။ ဒါက ပရလောကဘုံသားဆိုတော့ ဝိညာဉ်ကောင်ဖြစ်တဲ့ ကြောင်မလေးဟာ ဘုန်းတန်ခိုးကြီးမားလှတဲ့ ရွှေတိဂုံစေတီတော်ကြီးရဲ့ သာသနိက အဆောက်အအုံ ပရဝုဏ်ထဲကို တက်ရောက်ဝင်ခွင့်ရနိုင်ပါ့မလား"

ကိုတာက မေးလိုက်ရာ ကိုသိန်းထွန်းက ခေါင်းတဆတ်ဆတ် ညိတ်၍ စဉ်းစားနေပြီးနောက်ပါ။

"အဲဒါ မေးသင့်တဲ့အချက်ပဲ၊ ကြောင်မလေးကို ပရလောကသားအနေနဲ့ ခြုံပြီး ပြောလိုက်တာပါ၊ ပရလောကဘုံ ဆိုတာကလည်း ကျွန်တော် ဘာသာရေးဆိုင်ရာ ပြောနိုင်ဆိုနိုင်ပုဂ္ဂိုလ်များနဲ့ ဆွေးနွေးဖူးပါတယ်၊ ပြောရရင်ကြောင်မလေးကိုဝိညာဉ်ကောင်၊ တစ္ဆေ၊သရဲ၊ မှင်စာဆိုတဲ့ အသိုင်းအဝိုင်းနဲ့ မလုံလောက်ဘူး၊ ကျွန်တော်တို့လုံးဝ မသိမမြင်နိုင်တဲ့ လျှို့ဝှက်မှုတွေ အများကြီးပဲ၊ ဆိုလိုချင်တာက ရွှေတိဂုံဘုရားကြီးရဲ့ပရဝုဏ်ထဲ ဝင်ခွင့်နေခွင့် အဆင့်ပါဝါတန်ခိုးရှိတဲ့ ပရဘုံသားလို့ပဲ ယူဆစေချင်တယ်၊ ဥပမာ ဥစ္စာစောင့်လိုမျိုး ဆိုရင် ဘုရားပရဝုဏ်ထဲမှာ နေနိုင်ကြတယ်၊ အစဉ်အဆက် ကျွန်တော်တို့တစ်တွေ ဆရာကြီးတွေပြောပြလို့ကြားဖူးတယ်လေ၊ အခုဒီကြောင်မလေးဟာ သာသနိက နယ်ပိုင်မြေထဲ ဝင်နိုင်ခွင့်ပါဝါရှိတဲ့ပရလောကသား ဖြစ်ပါလိမ့်မယ်၊

"တိုက်နီအိမ်နဲ့ကြောင်မလေးက ဘယ်လိုပတ်သက်နေလဲ"

"ကြောင်ဖြူမလေးဟာ ခုတင်ပေါ်က လူသေအလောင်းတရုတ်မလေးပဲ၊ သူပိုင်တဲ့ပစ္စည်းကို သူ့ပေးတာပဲ"

"ဟုတ်ရဲ့လားဗျာ ... ဒါဖြင့် ကြောင်ဖြူမလေးဟာ ဒီတိုက်နီထဲမှာ ဘာလို့ မနေဘဲ တရုတ်သချိုင်းမှာ နေရတာလဲ"

ကိုတာက အမေးသွက်လာသလို ကိုသိန်းထွန်းကလည်း အမှုသွား အမှုလာ အခင်းအကျင်းကို မေးမြန်းခြင်းအပေါ် တုံ့ပြန်ချက်များကြောင့် ဖွင့်



လင်းမြင်သာဖြစ်လာရပြီ၊ ကျွန်တော့်မှာ သုံးပွင့်ဆိုင်မဝင်တော့ပဲ အလယ်ဗဟိုတွင် ခွထိုင်၍ နားထောင်ပေးလိုက်၏။

"နိုင်မာတဲ့သက်သေ အထောက်အထား ဖြစ်နေတဲ့ ကိုတာ၊ ကြောင်ဖြူမလေး၊ တရုတ်မလေးဓာတ်ပုံ၊ သွပ်မိုး၊ သွပ်ကာကိုထောင်ကြီးနဲ့ ကားပျက်နှစ်စီး၊ အဲဒီအချက်လေးချက် ဆုံချက်ကို လွှတ်မသွားစေနဲ့၊ ဒီဆုံချက်အပေါ်မှာပဲ စဉ်းစားပါ၊ အဖြေအမှန် ထွက်လာမယ်၊ သက်သေမခိုင်မာတဲ့ အတွေးနဲ့ တွေးရင် ခိုင်မာတဲ့ဆုံချက်လေးခုဟာ ပျောက်ပျက်သွားလိမ့်မယ်၊ အတွေးဆိုတာ မဆုံးနိုင်သလို ရှုပ်ထွေးလေပဲ"

"အေးဗျာ ... ခင်ဗျားရဲ့ သုံးသပ်ရှင်းပြချက်ကို ကျွန်တော် သဘောကျလက်ခံလိုက်ပါပြီ၊ တိုက်အိမ်ထဲကအထွက်မှာ ဓာတ်ပုံသာရပြီး ရတနာထုပ်ဖမ့်ကျန်ရစ်ခဲ့တာ ကြောင်မလေးကြောင့်ဆိုပြီး အဲဒီကတည်းက ဒေါသထွက်ပြီးအထင်မှားခဲ့မိသမျှတွေဟာ အခုမှ လုံးဝ ပြေပျောက်သွားပါပြီ၊ ပစ္စည်းနှစ်ခုက တစ်ခုပဲ ရက်ာထိုက်ခဲ့တာကိုး"

ကိုသိန်းထွန်း၏ သုံးသပ်ချက် အတွေးအမြင်အပေါ်၌ ကိုတာနှင့် ကျွန်တော်တို့ နှစ်ဦးစလုံး သဘောကျ ကျေနပ်မိကြ၏၊ နံနက်ခင်း ဝတ္ထုစာမူကိစ္စနှင့်စကားလက်ဆုံကျခဲ့ကြသည်၊ စားသောက်ပြီးကြသည်နှင့် လက်ဖက်ရည် ဆိုင်မှနေ၍ လူစုခွဲကာ ထွက်လာမိကြသည်၊

ဝတ္ထု၏ဇာတ်လမ်းအဖြစ်အပျက်ကိုတာကိုယ်တိုင်ထိုနှစ်၊ ထိုလ၊ ထိုရက်၊ ထိုအချိန်ကာလ၌ အမှန်တကယ်တွေ့ကြုံဖြစ်ခဲ့သည်ဆိုပါက ကိုသိန်းထွန်း၏ သဲလွန်စ ကောက်ချက်များနှင့် ပေါင်းစပ်လိုက်လျှင် အလွန် အံ့ဩဖွယ်ရာဖြစ်ရပ်ဆန်းကြီးတစ်ခု ဖြစ်လေ၏။

ကိုသိန်းထွန်း သက်သေမခိုင်မာပဲ ဆက်မတွေးရန် ပြောကြားခဲ့သော်လည်း ကျွန်တော်ကတော့ အိမ်အပြန်လမ်းတစ်လျှောက်လုံး ဆက်၍ တွေးတောလာမိနေ၏။



www.burmeseclassic.com

www.burmeseclassic.com

ယခုကျွန်တော်သည် အသက် (၇၀) ကျော်ရှိ ပုဗ္ဗန်တောင်မှာကြီးပြင်းခဲ့သဖြင့် လွန်ခဲ့သော နှစ်ပေါင်း (၄၀) ခန့်က ကိုတာ၏ အဖြစ်အပျက်နေရာများကို ရင်းနှီးသူဖြစ်၏၊ ထို့ကြောင့် သွပ်မိုးသွပ်ကာ ဂိုဒေါင်ကြီး၏ မျက်နှာချင်းဆိုင်ရှိ အုတ်တိုက်နီအိမ်ကို ပို၍ စိတ်ဝင်စားလာမိသည်၊ မိသားစုဝင်လူသေအလောင်းငါးလောင်းနှင့်အတူ တန်ဆောင်မုန်းလပြည့် ညသန်းခေါင်ကျော်တွင် ကိုတာကိုယ်တိုင် တိုက်အိမ်ထဲရောက်ဖူးခဲ့ပြီး တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့တွင် ထိုဌာနမြေတိုက်နီအိမ်မြေပျောက်ဆုံးကွယ်ပသွားခဲ့သည်ကို ကျွန်တော့်အဖို့ အလွန်ထိတ်လန့်ကြောက်မက်ဖွယ်ကောင်းသော လျှို့ဝှက်ပုစ္ဆာတစ်ပုဒ်ဖြစ်နေဆဲပင်၊

နေ့စကြဝဠာအတွင်း ကမ္ဘာဂြိုဟ်ကြီးသည် မိမိ၏ ဝန်ရိုးတန်းပေါ်တွင် (၃၂) ဒီဂရီ တိမ်းစောင်း၍ လည်ပတ်နေဆဲပင်၊

အကာယ်၍ရွေ့လျားခြင်း၊ လွဲချော်ခဲ့သော ထို့အတူ ကိုတာသည် တိုက်နီအိမ်ထဲမှ ပြန်ထွက်ရန် အကာယ်၍ အချိန်ကာလ လွဲချော်ခဲ့သော...၊

◯ တက္ကသိုလ်မောင်အောင်ဆွေ



# အရပ်တန်ခိုး

## မင်းမြင့်နိုင် (ဘူးသီးတောင်)

www.burmeseclassic.com

www.burmeseclassic.com

# အရပ်ဂံ တန်ခိုး

**မင်းမြင့်နိုင်(ဘူးသီးတောင်)**

"သူကြီး … ဗျို့သူကြီး … မြို့ပိုင်မင်းဘုတ် (မော်တော်) လာနေတယ် ဗျို့… ချောင်းဝရောက်နေပြီ…"

"ဟေ့…ဘယ်သူလဲကွ…မြို့ပိုင်မင်းဘုတ်(မော်တော်)ကိုတွေ့ခဲ့တယ် ဆိုတာ…"

"ကျွန်တော်ကျော်ဦးပါသူကြီး…ကျွန်တော်ဖောင်တော်ဆိပ်(ဆိပ်စံတံတား)မှာငါးမျှားနေရင်း ဘုတ် (မော်တော်) ဝင်လာတာတွေ့လို့သူကြီးကို ပြေးပြီး လာပြောတာပါ"

"အေး .. အေး .. ဒါဆို မင်းက ရွာသားလေး ငါးယောက်ခေါ်ပြီး ဖောင်တော်(ဆိပ်စံတံတား)ကို လိုက်လာခဲ့ ငါသွားနှင့်မယ် ကြားလား ကျော်ဦး"

"ဟုတ်ကဲ့သူကြီး – ဟုတ်ကဲ့"

ရွာသူကြီးဦးကျော်စိန်သည်မြို့ပိုင်မင်း၏ဘုတ်(မော်တော်)လာသည် ဆိုသော ရွာသားကျော်ဦး၏ စကားသံကြောင့် ခြေမကိုင်မိ လက်မကိုင်မိ ပျာယာခတ်သွားပြီးအိမ်ပေါ်မှဆင်းကာ မော်တော်ဘုတ်ဆိုက်ကပ်လာမည့် ဖောင်တော်(ဆိပ်စံတံတား)ရှိရာသို့အပြေးသွားလေတော့၏။ ခေတ်ကာလ



အချိန်ကမြန်မာနိုင်ငံအားနယ်ချဲ့အစိုးရ၏လက်ကိုင်တုတ်ဖြစ်သောရွာသူကြီး မှာလည်း သူ၏ ရာထူးတည်မြဲရေးနှင့် မျက်နှာကောင်း ရရှိရေးတို့အတွက် မြို့ပိုင်မင်းဟူသော အသံကြားလိုက်သည်နှင့် ပျာယာခတ်ပြီး မြို့ပိုင်မင်းဆို သည့်ပုဂ္ဂိုလ်အားကြိုဆိုရန် အပြေးအလွှားသွားရောက်စောင့်ကြိုနေခြင်းဖြစ် ပေသည်။

ရွာသူကြီးဦးကျော်စိန်ဖောင်တော်(ဆိပ်စံတံတား)ဆိပ်သို့ရောက်ရှိ ပြီး ခဏအကြာတွင် မြို့ပိုင်မင်း၏ဘုတ်(မော်တော်)ရောက်ရှိလာလေတော့ သည်။ မော်တော် ဆိပ်စံတံတားသို့ ဆိုက်ကပ်ပြီးချိန်တွင် မော်တော်ပေါ်မှ ပုလိပ်သားနှစ်ယောက် အရင်ဆင်းလာပြီးမှ မြို့ပိုင်မင်းဆိုသူသည် ဆင်းလာ လေ၏။ မြို့ပိုင်မင်းဆိုသူမှာ ကာကီဘောင်းဘီ အတို ဒူးဖုံးကို ဝတ်ဆင်ပြီး ကာကီရောင်အင်္ကျီနှင့်ဖော့ဦးထုပ်ကိုဆောင်းပြီးဂိုက်ဆိုက်ကောင်းလှစွာဖြင့် တစ်လှမ်းချင်း လျှောက်လှမ်းလာလေတော့၏။ ထိုခေတ်ထိုအချိန်အခါက မြို့ပိုင်မင်းကတော့ မြန်မာလူမျိုး တစ်ဦးဖြစ်လေ၏။ သူ၏နာမည်က ဦးခင် မောင်လတ်ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သည်။

မြို့ပိုင်မင်းနှင့် အစောင့်ပုလိပ်သားသုံးယောက် မြို့ပိုင်၏ လူယုံတော် မြအောင်တို့ ငါးယောက်သည် မော်တော်ပေါ်မှ ဆင်းလာကြပြီး ရွာသူကြီး ဦးကျော်စိန်၏အိမ်ကြီးရှိရာ ရွာလယ်သို့ဦးကျော်စိန်နောက်မှ လိုက်သွားကြ လေ၏။ ရွာသားများမှာ မြို့ပိုင်မင်းအား မိမိတို့အိမ်ခြံဝင်းအတွင်းမှကြည့်ရှုနေ ကြလေသည်။ ရွာသူကြီးအိမ်သို့ ရောက်ရှိကြပြီး အစောင့် ပုလိပ်သား သုံး ယောက်မှ သူကြီးအိမ်အောက်ထပ်တွင် ထိုင်လိုက်ကြစဉ်မြို့ပိုင်မင်းကသူကြီး ၏ အိမ်အပေါ်ထပ်သို့ တက်ရောက်သွားပြီး ပက်လက်ကုလားထိုင်တွင် ဝင် ရောက် ထိုင်ချလိုက်ပြီး ရွာသူကြီးအား မေးမြန်းလိုက်လေတော့သည်။

"ဘယ်လိုလည်း သူကြီး နယ်မြေအေးချမ်းရဲ့လား၊ အခွန်တော်တွေ ရော အပြည့်အစုံ သွင်းကြရဲ့လားဗျ"

"နယ်မြေလည်း အေးချမ်းပါတယ်။ မြို့ပိုင်မင်းခင်ဗျား – အခွန်တော် ငွေလည်း ကျွန်တော့်အပိုင် ဆယ်ရွာအားလုံး ကျေအောင်သွင်းပြီး ကြပါပြီ ခင်ဗျာ"…။



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းတယ် သူကြီး ကောင်းတယ်၊ ကျုပ်လည်း သူကြီးတို့ ရွာကို မရောက်တာ လေးလလောက်ရှိသွားပြီဗျ၊ အရမ်း အလုပ်တွေအားလို့ လာခဲ့တာ... ချောင်းထဲမှာ ဘဲဟသာတွေကျရဲ့လား... ဟို (ရှရား) ဘဲတွေရောရောက်ကုန်ပြီလားဗျ... ကျုပ်လည်း မပစ်ရတာကြာလို့ လက်ယားနေပြီ သူကြီးရေ"

"ဘဲဟသာတွေကတော့ အစုလိုက် အများကြီးတော့ မကျဘူး မြို့ပိုင်မင်းရဲ့ ဟိုနားနှစ်ကောင်သည်နားနှစ်ကောင် စုံတွဲလိုက်တော့ အမြဲကျနေပါတယ်၊ ရပ်ရှား (ရှရား) ဘဲတွေကတော့ အုပ်လိုက်ကျနေတာ၊ လခွဲနီးပါးရှိသွားပြီ ခင်ဗျာ"

— ➢ ➣ —

မြို့ပိုင်မင်းဦးခင်မောင်လတ်မှာ တောပစ် တောလည် ဝါသနာပါသူဖြစ်၏၊ သူကြီးဦးကျော်စိန်တို့ရွာသို့ နှစ်လတစ်ကြိမ် သုံးလတစ်ကြိမ် ညအိပ်လာရောက်ပြီး ရွာအနီးပတ်ဝန်းကျင်ရှိ တောင်များတွင် ချေ (ဂျီ) တော ဝက်၊ တောကြောင်များနှင့် ချောင်းများတွင် ကျက်စားကြသော ဘဲဟသာများရေဘဲများအား ပစ်ခတ်ပြီး တောလိုက်လေ့ရှိ၏၊ ယခုလို နတ်တော်ပြာသိုလများဖြစ်သော ဆောင်းရာသီရောက်လျှင် အုပ်လိုက် ရောက်ရှိလာကြသော ဆိုက်ဘေးရီးယားငှက်ဟုခေါ်သောရခိုင်ဒေသသားရခိုင်လူမျိုးများခေါ်သောရပ်ရှားဘဲများသည်အကောင်ရေ(ရာ)နှင့်ချီ၍ရခိုင်ပြည်နယ်အတွင်းရှိလယ်ပြင်များ၊ မြစ်ချောင်းများတွင်ရောက်လာကြမြဲပင်၊ ၎င်းဆိုက်ဘေးရီးယားငှက် (ရပ်ရှား (ရှရား) ဘဲများသည် ယခုလို ဒီဇင်ဘာ ဇန်နဝါရီ (နတ်တော် - ပြာသို) လဆောင်းရာသီရောက်ပြီဆိုလျှင်၎င်းငှက်များနေထိုင်ရာ ဆိုက်ဘီးရီးယား (ရှရား) နိုင်ငံရှိ ကုန်းပိုင်းဒေသများတွင် ရေခဲပြီး ရေခဲပြင် ဖုံးလွှမ်းသွားသောကြောင့်အစာရှားပါးလွန်းလှသောကြောင့် မိုင်ပေါင်းထောင်ချီဝေးကွာသော ရခိုင်ပြည်နယ်အတွင်းသို့ နှစ်စဉ် လာရောက် ကျက်စားလေ့ရှိကြလေသည်၊ ထိုရပ်ရှား (ရှရား) ဘဲများသည် အိမ်မွေးဘဲငန်းနှင့် ခပ်ဆင်ဆင်တူပြီး လည်တိုင်နည်းနည်းတိုသည်၊ ဦးခေါင်းပိုင်းတွင် အညိုရောင်အမွေးများပါရှိပြီး မျက်လုံးနှစ်ဖက်အထက်အောက်၌ အညိုရောင်အစင်းနှစ်စင်းရှိပြီး အတောင်ဖျားတွင် အညိုရောင် အမွေးအနည်းငယ် ပါရှိလေသည်၊ တစ်ကောင့်လျှင် တစ်ပိဿာခွဲမှ နှစ်ပိဿာခန့်အထိ ရှိကြလေ၏၊ မြို့ပိုင်မင်းဦးခင်မောင်လတ် မေးလိုက်သော ရှရား (ရှရား) ဘဲများ ကျနေပြီလားဆိုသည်မှာ ထို ဆိုက်ဘေးရီးယားငှက်များကို မေးလိုက်ခြင်းဖြစ်ပါသည်၊

"သူကြီးရေ - ကျုပ်တို့မနက်တ ထမင်းစားပြီးရင် ဘဲပစ် သွားကြမယ်၊ ညရောက်မှ ချေ (ဂျီ) လေး တောကြောင်လေး ပစ်ရအောင် တောင်ကုန်းတွေဘက် တောလည်သွားကြတာပေါ့"

"ဟုတ်ကဲ့ပါ မြို့ပိုင်မင်း ... ကျွန်တော်တို့ ရွာသချိုင်းတောင်ကုန်းတွေဘက်မှာ ချေ (ဂျီ) နှစ်ကောင်ရောက်နေတယ်လို့ နွားကျောင်းတဲ့ရွာဖျားက ဘပုဆိုတဲ့ ကလေးတစ်ယောက် ပြောတာ ကြားမိတယ် ခင်ဗျား" ...

"ဟာ ဒါဆိုရင် နီးနီးနားနားမှာ ပစ်ရမှာပေါ့ဗျာ၊ ကောင်းတယ် သူကြီးရေ၊ အဲဒီသတင်း သေချာအောင် စုံစမ်းလိုက်ပါဦး"

ဟုတ်ကဲ့မြို့ပိုင်မင်း ... ကျွန်တော်ရွာက အဖေဘာဒါ (ရွာဆော်) ကို စုံစမ်းလိုက်ပါမယ်"၊

နံနက်တ ထမင်းစားသောက်ပြီး နာရီဝက်ခန့်အကြာတွင် မြို့ပိုင်မင်းဦးခင်မောင်လတ်သည် သူ၏နှစ်လုံးပြူးသေနတ်အား ယူဆောင်၍ရွာသူကြီးနှင့်အတူ လောင်း (လှေ) တစ်စီးနှင့် လောင်း (လှေ) တစ်စီး လှော်သည့်ရွာသားနှစ်ယောက်တို့နှင့် ဆိုက်ဘေးရီးယားငှက်ခေါ်သော ရပ်ရှား (ရှရား) ဘဲနှင့် ဘဲဟသာပစ်ရန် ချောင်းငယ်အတွင်းမှမြစ်ကြီးအတွင်းသို့ထွက်လာခဲ့ကြလေ၏၊ ရွာသူကြီးဦးကျော်စိန်က လှေသမားနှစ်ယောက်အားမြစ်ကြောင်းအတိုင်း စုန်ဆင်းလိုက်ပြီး ရပ်ရှား (ရှရား) ဘဲနှင့် ဘဲဟသာများ ကျက်စား ပျော်ပါးရာ ခရလယ်ခေါ် သောင်ထွန်းနေသော ကျွန်းရှိရာသို့ လောင်း (လှေ) အား လှော်ခတ်စိုင်းလိုက်လေသည်၊

"ဖေမောင်ထွန်း - ဟိုမှာ မြင်နေရတဲ့ ကျွန်းအနားကိုရောက်ရင် လောင်း (လှေ) ကိုမလှော်နဲ့တော့ ရေစီးအတိုင်းမျှောချပြီးမင်းနဲ့ဖိုးသိန်းလည်း





www.burmeseclassic.com

လောင်း(လှေ)ထဲမှာပက်လက်လှန်ပြီးလိုက်ခဲ့ကြ...မောင်ထွန်းကငါ့အချက်ပြတဲ့အခါ လောင်း(လှေ)ဦးကို သောင်ဘက်ကို လှည့်ပေးကြားလား၊ ခေါင်းမထောင်နဲ့နော်"

"ဟုတ်ကဲ့ သူကြီး - စိတ်ချပါဗျာ ကျွန်တော်က သူကြီးတို့ တောပစ်ဂုက်ပစ်ထွက်တိုင်း လိုက်ပြီးလောင်း (လှေ)ကို အမြဲလှော်ပေးနေရတဲ့သူပါဗျ ... စိတ်ချစမ်းပါ သူကြီးရယ်"

သူကြီး ဦးကျော်စိန်က လောင်း (လှေ)ထက်မကိုင် (ပဲ့ကိုင်)သူ မောင်ထွန်းအား သေချာမှာကြားလိုက်ပြီး ရေလယ်ကျွန်းဆီသို့ လှမ်းမျှော်ကြည့်လိုက်လေသည်၊ စပ်လှမ်းလှမ်းတွင်မြင်တွေ့နေရသော ရေလယ်ကျွန်းလတာပြင်ပေါ်တွင် ရေးရေးမြင်နေရသော ဖြူဖြူအရောင်အဆင်းရှိ ရပ်ရှား (ရှုရှား) ဘဲတစ်အုပ်ကို မြင်လိုက်ရသောကြောင့် ...

"ဟိုးမှာ ဘဲအုပ်ကို မြင်နေရပြီ မြို့ပိုင်မင်း - အနားမရောက်ခင်မှာ မြို့ပိုင်မင်းက လောင်း(လှေ)ဦးမှာ မှောက်ပြီး ခေါင်းပေါ်မှာ မက်ကလာ (စမောက်)ကို ဖုံးပြီးနေပါ၊ လောင်း(လှေ)ဦးကိုဘဲအုပ်ရှိတဲ့ဘက်ကိုလှည့်ပေးပါမယ်"၊

"ကောင်းပြီ သူကြီး ... ကျုပ်အဆင်သင့်လုပ်လိုက်မယ်"

မြို့ပိုင်မင်းက လောင်း(လှေ)ဦးပေါ်တွင် နှစ်လုံးပြူးသေနတ်အား အသိုက်သင့်တင်လိုက်ပြီး သူကိုယ်တိုင်ကလည်း လောင်း(လှေ)ဦးဘက် ဦးခေါင်းလှည့်၍ မှောက်လျက်အနေအထားပုံစံနေလိုက်ပြီး မက်ကလာ (စမောက်)ကို ဦးခေါင်းအထက်တွင် ဆောင်းထားလိုက်ရာ လှေဦးပေါ်၌ မကာကလာ (စမောက်)တစ်လုံးတင်ထားသည့်ပုံစံဖြစ်သွားပြီး စပ်လှမ်းလှမ်းမှ ကြည့်လျှင် လူမရှိသော လူမပါသော လောင်း(လှေ)တစ်စီး မြစ်ထဲတွင် မျှောလာသည့် ပုံစံဖြစ်သွားလေ၏၊ လေးယောက်မှာ လှေပေါ်တွင် မှောက်လျက် အနေအထား ဖြစ်သွား၏၊

မြို့ပိုင်မင်းမှာ နှစ်လုံးပြူးသေနတ်၏ ဘယ်ညာပြောင်းနှစ်ခုအတွင်း ကိုးလုံးကျည်ဆန် (ခဲသီးကိုးလုံးပါသောကျည်ဆန်) နှစ်တောင့်ကို ထည့်ထားပြီး လှေဦးမှနေ၍ ရှေ့သို့ မျှော်ကြည့်ရင်း လိုက်ပါလာခဲ့လေသည်၊



ရွာသူကြီးဦးကျော်စိန်သည်ရပ်ရှား(ရှုရှား)ဘဲများနှင့်ကိုက်သုံးရာခန့်အကွာအဝေးသို့လောင်း(လှေ)ရောက်သည်နှင့်လောင်း(လှေ)ဦးကိုဘဲအုပ်ရှိရာကျွန်းသို့ဦးတည်နိုင်းလိုက်၏၊ ပဲ့ကိုင်မောင်ထွန်းကလည်းလောင်း(လှေ) အတွင်းမှ ပက်လက်အနေအထားမှနေ၍ လှော်တက်အား အသာအယာလှုပ်ရှားပြီးလောင်း(လှေ)အားရေလယ်ရှိသောင်ပြင်သို့ဦးလှည့်လှော်တက်အားအသာအယာလှုပ်ရှားပြီး လောင်း(လှေ)အား ရေလယ်ရှိသောင်ပြင်သို့ဦးလှည့်ပေးနေလေ၏၊ ရေစီးအတိုင်းတရွေ့ရွေ့နှင့်မျောပါလာသောလောင်း(လှေ)သည် ဘဲအုပ်များရှိရာ လတာပြင်နှင့် နီးသည်ထက် နီးကပ်လာလေသည်၊ ရပ်ရှား (ရှုရှား)ဘဲအုပ်မှာ အကောင်ရေ ငါးဆယ်ခန့်ရှိသည်၊ ဘဲအုပ်ရှိရာသို့လောင်း(လှေ)ဦး နီးကပ်လာသည်မှ ကိုက်(တစ်ရာ)ခန့်ရောက်ရှိလာပြီဖြစ်၏၊ ဘဲအုပ်မှာမြစ်အတွင်းမှမျောပါလာသောလောင်း(လှေ)အားစူးစမ်းသောအကြည့်ဖြင့် ကြည့်ရှုကြပြီးလျှင် လောင်း(လှေ)ပေါ်တွင် လူတစ်ဦးတစ်ယောက်မှမတွေ့ရသည့်အတွက် တစ်ကောင်နှင့်တစ်ကောင်အသံပေးရင်း လတာပြင်ပေါ်တွင် နှန်ပေါက် မြူးတူးနေကြလေသည်၊

လောင်း(လှေ)နှင့်ဘဲအုပ်ကိုက်ငါးဆယ်ခန့်အကွာအဝေးသို့ရောက်သည်နှင့်မြို့ပိုင်မင်းဦးစင်မောင်လတ်သည် နှစ်လုံးပြူးသေနတ်အား ဘဲအုပ်ရှိရာသို့ သေချာစွာ ချိန်ပြီးလျှင် သေနတ်ဘယ်ဘက်ပြောင်းလှေတ်အား ညစ်ဆွဲလိုက်လေတော့သည်၊ ဒိုင်း -ဟူသောပေါက်ကွဲသံနှင့်အတူ ဘဲအုပ်ကြီးမှာလန့်ပြီးလျှင် လတာပြင်ပေါ်တွင် လေးလှမ်း ငါးလှမ်းခန့်မျှအားယူ ပြေးသွားသွားပြီးကောင်းကင်ထက်သို့ ပျံတက်ကြလေ၏၊ ဘဲအုပ်ကြီး ပျံတက်၍ ငါးတစ်ပြန် အမြင့်ခန့် ရောက်ရှိချိန်တွင် မြို့ပိုင်မင်း၏ နှစ်လုံးပြူး သေနတ်ညာဘက်ပြောင်းမှ ပေါက်ကွဲသံပေါ်ထွက်လာလေတော့သည်၊ လေထဲတွင် ပျံသန်းနေကြသော ဘဲအုပ်တွင်းမှ ဘဲ (၃)ကောင်သည် လတာပြင်ပေါ်သို့ ပြုတ်ကျလာသည်ကို တွေ့ကြရလေ၏၊ လှုပ်ရှားပစ်ခတ်မှု ဖလိုင်းရှော့(တ်) (ပျံဝဲနေစဉ်) ... ပစ်ခတ်နည်းဖြင့် ပစ်လိုက်ခြင်းဖြစ်သည်၊



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

"ဟာ ... မြို့ပိုင်မင်းလက်ကတော့ အရင်ကထက်တောင် ဖြောင့်လာသေးတယ်... ပထမပစ်ချက်က လေးကောင် ဒုတိယ ဇလိုင်း ရှော့(တ်) (ဖျာခဲ့နေစဉ်) ပစ်ချက်က သုံးကောင်အားလုံး (၇)နစ်ကောင်တောင် ထိတယ်ဗျ"

ရွာသူကြီးကအားရပါးရပြောလိုက်ပြီးဖိုးသိန်းအားဘဲအသေများအား ကောက်ယူနိုင်းလိုက်လေ၏၊

"ကိုင်း သူကြီးရေ ... ဘဲခုနစ်ကောင်တောင် ရပြီပဲ - ရွာပြန်ကြရအောင် - ညကျရင်လည်း ချေ(ဂျီ)ပစ်ထွက်ကြဦးမှာ၊ ဒီနေ့ခင်းတော့ တော်ပြီပေါ့ဗျာ"

မြို့ပိုင်မင်း၏ ပြောစကားဆုံးသည်နှင့် သူကြီးဦးကျော်စိန်မှ လောင်း(လှေ)သမားနှစ်ယောက်အားရွာဆီသို့ပြန်လှည့်ပြီးလှော်စတ်နိုင်းလိုက်လေ၏၊ ရွာသို့ ပြန်ရောက်ကြပြီး ရရှိခဲ့သောဘဲများအား အမွေးနုတ်၍ ကင်ထားလိုက်ကြလေသည်၊ မြို့ပိုင်မင်းသည် သူ၏ နစ်လုံးပြူးသေနတ်အား သူ၏ လှုယုံတော်မြအောင်ကို တိုက်နိုင်းလိုက်လေသည်၊

— ➢ ➣ —

ညနေ ငါးနာရီအချိန်စန်တွင်မြို့ပိုင်မင်းဦးခင်မောင်လတ်နှင့်အဖွဲ့သည် ညစာထမင်းစားသောက်ပြီးသဖြင့် သူကြီး၏ အိမ်ပေါ်ထပ်တွင် ရေနွေးကြမ်းသောက်ရင်း စကားပြောနေကြလေသည်၊

"နေ့ခင်းကစုံစမ်းနိုင်းထားတဲ့ချေ(ဂျီ)သတင်း ဘာထူးလည်း သူကြီး"

"နွားကျောင်းသားလေး ဘပုပြောတာကတော့ ရွာသချိုင်းတောင်ကုန်းမှာ ချေ(ဂျီ) နစ်ကောင်ကို တွေ့တယ်တဲ့ - မြို့ပိုင်မင်းရဲ့ - မနေ့က ညနေခင်းမှာ နွားတွေ အိမ်ပြန်မောင်းလာတဲ့အခါသချိုင်းနားကညောင်ပင်ကြီးအောက်မှာ တွေ့ခဲ့ရသေးတယ်လို့ ပြောတယ် ခင်ဗျာ"

"ဟာ - ဒါဆိုရင်တော့ ဟန်ကျတာပေါ့ဗျာ - ညကိုးနာရီလောက်သွားကြတာပေါ့ - လရောင်လည်းရှိသေးတဲ့အချိန်ဆိုတော့ မီးတိုးပစ်ဖို့ မလိုဘူး၊ လရောင်နဲ့ပဲပစ်လို့ရတယ်"၊ "ရွာသချိုင်းတောင်ဆိုတော့ သွားရတာပေါ့၊ နေ့လယ်က လောင်း(လှေ)သမား နစ်ယောက်ကိုပဲ ခေါ်သွားမယ်၊



စကားပြောဆိုနေကြပြီး ရေနွေးကြမ်းသောက်၍နေကြစဉ် ည(၉) နာရီထိုးပြီဖြစ်သောကြောင့် ... မြို့ပိုင်မင်းသည် နစ်လုံးပြူးသေနတ်နှင့် ကျည်ဆန်ခါးပတ်ကိုယူ၍ ရွာသူကြီးဦးကျော်စိန်က ငါးတောင့်ထိုးဓာတ်မီးကို ယူပြီး အမဲလိုက်စားမြှောင်ကို ခါးပတ်တွင်ထိုး၍ အိမ်အောက်သို့ ဆင်းသာကြ၏၊ အိမ်အောက်တွင် ပုလိပ်သားသုံးယောက်မှာ ကွပ်ပျစ်ပေါ်တွင် လဲလျောင်းနေကြလေသည်၊ လောင်း(လှေ)ဆိပ်သို့ရောက်လျှင် လောင်း(လှေ)ဆိပ်သို့ရောက်လျှင် လောင်း(လှေ)ပေါ်တွင် အသင့်စောင့်နေသော လောင်း(လှေ)သမား မောင်ထွန်းနှင့် ဖိုးသိန်းတို့နစ်ယောက်အား တွေ့လိုက်ရလေ၏၊ မြို့ပိုင်မင်းနှင့် သူကြီးတို့နစ်ယောက် လောင်း(လှေ)ပေါ်သို့ရောက်သည်နှင့် လောင်း(လှေ)အားကြိုးဖြုတ်၍ ချောင်းအထက်ပိုင်းသို့ လှော်စတ်နိုင်းလိုက်လေသည်၊

လဆန်း(၇)ရက်လရောင်နှင့်ချောင်းရေပြင်တွင်လေပြည်တိုက်ခတ်သဖြင့် လှိုင်းကြက်ခွပ်ကလေးများထနေသော ချောင်းရေပြင်မှာ ငွေရောင် ဖိတ်ဖိတ်လက်နေသည်၊ လောင်း(လှေ)ကို လှော်စတ်လာသည်မှာ ဆယ့်ငါးမိနစ်ခန့်အကြာတွင် ရွာသချိုင်းတောင်ကုန်းရှိညောင်ပင်ကြီးအားညလရောင်အောက်တွင် ဆယ့်ငါးမိနစ်ခန့်အကြာတွင် အုပ်ဆိုင်းညို့မှိုင်းသောအသွင်ဖြင့် လိုက်ကြရလေသည်၊

"မောင်ထွန်းရေ...အဲဒီညောင်ပင်နားမရောက်ခင်ရေသူးချုံတွေရှိတဲ့ အမှုလေးနားမှာ လောင်း(လှေ)ကို ဦးထိုးဆိုက်ပြီး ကပ်လိုက်ဟေ့ - အသံ ထွက်စေနဲ့နော်"

ရွာသူကြီးဦးကျော်စိန်က မောင်ထွန်းအား တိုးတိုးလေသံဖြင့် ပြောလိုက်ပြီး မြို့ပိုင်မင်းအားလည်း - "မြို့ပိုင်မင်းခင်ဗျား - ညောင်ပင်နားက ရေသူးချုံနားမှာ လောင်း(လှေ)ဆိုက်ပြီး ညောင်ပင်အောက်ကို အခြေအနေကြည့်ပြီးမှ ရှေ့ဆက်သွားသင့်ရင် ဆက်ပြီး သွားကြတာပေါ့"

မြို့ပိုင်မင်းဦးခင်မောင်လတ်သည်နစ်လုံးပြူးသေနတ်တွင်ခြောက်လုံးကျည်နစ်တောင့်အားပြောင်းရင်းတွင်ထည့်၍ကျည်ထိုးထားလိုက်ပြီး (လှေ)



www.burmeseclassic.com

www.burmeseclassic.com

ဆိုက်ကပ်နေသည်ကို စောင့်ဆိုင်းနေလေ၏။ လောင်း(လှေ) ဆိုက်ကပ်ပြီး၍ လောင်း(လှေ)ပေါ်မှ မြို့ပိုင်မင်းနှင့် ရွာသူကြီးတို့နှစ်ယောက် ဆင်းလာခဲ့ကြ ပြီး စရာဆူးချုံများရှေ့တွင်ရှိသော ကုန်းကမူလေးရှိရာသို့ တဖြည်းဖြည်း တိုးကပ်သွားကြလေသည်။ ကုန်းကမူလေးသို့ရောက်လျှင် နှစ်ယောက်သား ထိုင်ချလိုက်ကြပြီး ညောင်ပင်ကြီး၏ အောက်ဘက်သို့ သေချာစွာ စူးစိုက် ကြည့်ရှုကြလေ၏။ လရောင်၏အလင်းမှာ ညောင်ရွက်များကြားမှ မပီဝိုးဝါး ဟိုတစ်ကွက် သည်တစ်ကွက် ကျနေသဖြင့် သေချာစွာ ကြည့်ရှုကြရ လေသည်။

"ဟိုမှာ တွေ့ပြီဗျ... ချေ(ဂျီ) ညောင်ပင်ခြေရင်းနားမှာ မလှုပ်မယှက် ငြိမ်နေတာ တွေ့လား - ဓာတ်မီးမထိုးနဲ့နော်၊ လရောင်နဲ့ပဲ ပစ်မယ်"

မြို့ပိုင်မင်းသည်ရွာသူကြီးဦးကျော်စိန်အား လေသံဖြင့်တီးတိုးပြောဆို ပြီး လက်တွင်းရှိနှစ်လုံးပြူးသေနတ်အား ညောင်ပင်ကြီး၏ပင်ခြေသို့ထိုးချိန် လိုက်လေ၏။ သေနတ်ပြောင်းဝထိပ်ဖျားတွင်ရှိသော ချိန်သီးနှင့် ပစ်မှတ်ချေ (ဂျီ)ရှိရာသို့ တည့်မတ်စွာ ချိန်ရွယ်လိုက်ပြီး သေနတ်မောင်းခလုတ်အား ညင်သာစွာ ဆွဲညှစ်လိုက်လေ၏။

"ချောက် ..."

ကျည်ဆန်ဖင်အား မောင်းရိုက်တံမှ ရိုက်ခတ်လိုက်သော ချောက်ဆို သည့် အသံသာ ထွက်ပေါ်လာလေသည်။ ဘယ်ဘက်ပြောင်း၏ ခလုတ်ဆွဲ ညှစ်၍ ပစ်လိုက်ခြင်းဖြစ်သည်။ ကျည်မထွက် ကျည်အဖြစ်သောကြောင့် ကျည်ဆန်မထွက်ခြင်းဖြစ်သည်။ မြို့ပိုင်ဦးခင်မောင်လတ်သည် လက်ညှိုးအား ညာဘက်ပြောင်းအပစ် ခလုတ်ပေါ် ပြောင်းလိုက်ပြီး သေချာစွာ ချိန်ရွယ်၍ ဒုတိယအကြိမ် ခလုတ်အား ဆွဲညှစ်လိုက်လေ၏။

"ချောက်"

ဒိုင်း... ဟူသော သေနတ်သံအစား ချောက်ဟုသာ မောင်းရိုက်သံ ထွက်ပေါ်လာလေ၏။ မြို့ပိုင် ဦးခင်မောင်လတ် စိတ်တိုသွားလေသည်။ ယခု ပစ်၍ မထွက်သော ကျည်ဆန်များမှာ အိမ်မှယူလာသော အသစ်ကျပ်ချွတ်



ကျည်ဆန်များဖြစ်၏။ ယခုကဲ့သို့ကျည်အဖြစ်ရန် အကြောင်းမရှိ - ထို့ကြောင့် နှစ်လုံးပြူးသေနတ်အား ဖြုတ်ယူ၍ သေနတ်၏ ပြောင်းရင်းတွင်သွင်းလိုက် ပြီး ပြောင်းအား ပြန်တင်လိုက်၏။ နှစ်လုံးပြူးသေနတ်ဆိုသည်မှာ ပြောင်းကို ချိုး၍ ပြန်တင်လိုက်သည်နှင့် မောင်းတင်ပြီးသား အသင့်ပစ်ခတ်ရန် အနေ အထားဖြစ်သည်။ ကျည်အ နှစ်တောင့်အား သူကြီးဦးကျော်စိန်သို့လှမ်းပေးပြီး သေနတ်အား ညောင်ပင်ခြေရင်းသို့ ထိုးချိန်ပြီး ပစ်မှတ်ရှိရာသို့ ပစ်ခတ်လိုက် လေ၏။



မှန်ပါဘုရား ...
တပည့်တော်တို့
ဆရာတော် တရားထိုင်နေတာကို
ချေ(ဂျီ)ထင်မှတ်ပြီး
သေနတ်နဲ့ ပစ်မိပါတယ် ဘုရား ...
အဲဒါ - တပည့်တော်တို့ကို
ခွင့်လွှတ်ပါလို့ ရှိခိုးတောင်းပန်ပါတယ်
ဘုန်းဘုန်းဘုရား



www.burmeseclassic.com

www.burmeseclassic.com

"ရှောက်"

မထွက်ပါ...ကျည်ဆန်လုံးဝမထွက် - ညောင်ပင်အောက်တွင်ရှိသော ရေ(ဂျီ)မှာလည်းတုတ်တုတ်မျှမလှုပ်၊ မြို့ပိုင်မင်းဦးခင်မောင်လတ်စိတ်မရှည် ချင်တော့ပါ။ ညာဖက်ပြောင်းရင်းရှိကျည်ဆန်အားထပ်မံ၍ပစ်ခတ်လိုက်ပြန် သည်၊

"ရှောက်"

ဦးခင်မောင်လတ်တစ်ယောက် ဆံပင်မွေးညင်းများ ထောင်ထသွား လောက်အောင် အံ့သြသွားလေသည်၊ သေနတ်နှင့် လေးချက်တိတိပစ်၍ ကျည်မထွက်သော(ဂျီ)သူ့တစ်သက်တစ်ခါမှမတွေ့ဘူးမကြုံဘူးခဲ့ပေ၊ ယခု တွေ့ရကြုံနေရလေပြီ၊ သို့အတွက်ကြောင့်ကျည်ဆန်မထွက်သောကျည်ဆန် မိးမကူးသော ရေ (ဂျီ)ကို ကြည့်ချင်မြင်ချင်လာသည့်အတွက်ကြောင့် ရွာသူကြီးဦးကျော်စိန်လက်ထဲမှ ဓာတ်ခဲ (၅)တောင့်လက်နှိပ်ဓာတ်မီးကို ယူ၍ညောင်ပင်အောက်တွင်ရှိသောရေ(ဂျီ)အားလက်နှိပ်ဓာတ်မီးဖြင့် ထိုး ကြည့်လိုက်လေတော့သည်၊

လက်နှိပ်ဓာတ်မီးရောင်အောက်တွင်မြင်တွေ့လိုက်ရသောမြင်ကွင်း ကြောင့် ဦးခင်မောင်လတ်နှင့် ရွာသူကြီးဦးကျော်စိန်တို့နှစ်ယောက်သည် အံ့သြကုန်လှုပ်၍ ကြောက်လန့်သွားကြပြီး ခြေထောက်များမှာ ရပ်၍ မမြဲကြ တော့ပဲ ဒူးထောက်လျက် ထိုင်လျက်သားကျသွားကြလေတော့သည်၊

—><—

မြို့ပိုင်မင်းဦးခင်မောင်လတ်မှာ တုန်ရီကြောက်ရွံ့သောအသံဖြင့် ဦးကျော်စိန်အား ပြောလိုက်လေ၏၊

"မှားကုန်ပြီ သူကြီးရေ အမှားကြီး မှားကုန်ပြီ - ကျည်ဆန်မထွက်လို့ တော်သေးတယ်၊ ကျည်သာထွက်သွားရင် ဒုက္ခအကြီးအကျယ် ရောက် ကုန်မှာပျာ"

"ရွာသူကြီးဦးကျော်စိန်မှာ စကားသံ မထွက်ပေ တုန်တုန်ရီရီဖြင့်



ညောင်ပင်အောက်သို့သာ စူးစိုက်ကြည့်နေမြဲ ကြည့်နေလေသည်၊ အတန် ကြာပြီးမှ -

"အဲဒါ ... ရွာဦးကျောင်းက ဆရာတော်ကြီးဦးဥတ္တမပဲ မြို့ပိုင်မင်းရဲ့ ဆရာတော်က ဒီမှာလာပြီး တရားထိုင်နေတာ - ကံကောင်းလို့ပေါ့မြို့ပိုင်မင်း ရယ် ... ကံကြီးထိုက်ပြီ ထင်ပါတယ်ဗျာ - ဘယ်လိုလုပ်ကြမလည်း ဟင် -" သက်တော်ရှစ်ဆယ်ရှိတဲ့ ဘုန်းကြီးပါ"

"ဆရာတော်ကြီးကိုရှိခိုးကန်တော့ပြီးတောင်းပန်ကြတာပေါ့...သူကြီး ရယ် - ကဲလာ လာ ဆရာတော်ကြီးအနား သွားရအောင်"

မြို့ပိုင်မင်းက သူကြီးအား ပြောဆိုပြီး သေနတ်ကို လက်တစ်ဖက်က ကိုင်၍ ကျန်လက်တစ်ဖက်က လက်နှိပ်ဓာတ်မီးကို မီးထိုး၍ ညောင်ပင်ကြီး အောက်သို့ရှေ့က ဦးဆောင်ထွက်သွားလေ၏၊ ရွာသူကြီးကျော်စိန်ကလည်း နောက်မှကပ်လျက် လိုက်ပါသွားလေသည်၊ ညောင်ပင်ခြေရင်းရှိဆရာတော် ကြီးအနားသို့ ရောက်သည်နှင့် နှစ်ဦးသား လက်အုပ်ကိုယ်စီ ချီလိုက်ကြပြီး ဆရာတော်ကြီးအား ရှိခိုးကန်တော့လိုက်ကြလေ၏၊ ဆရာတော်ကြီးမှာ မျက်လုံးမှိတ်လျက် တင်ပြင်ခွေထိုင်ပြီး လက်ဝါးနှစ်ဖက်အား ယှက်လျက်ဖြင့် တရားရှုမှတ်နေဟန်ရှိလေသည်၊ မြို့ပိုင်မင်းဦးခင်မောင်လတ်နှင့် ရွာသူကြီး ဦးကျော်စိန်တို့မှာ လက်အုပ်ချီလျက်သား ဆရာတော်ကြီးအနီးတွင် ထိုင်နေ ကြလေ၏၊ တစ်နာရီခန့်ကြာပြီးမှ ဆရာတော်ကြီးသည် မျက်လုံးဖွင့်ကြည့် လိုက်ပြီး မေးလိုက်လေ၏၊

"ဒကာကြီးတို့ ဘာကိစ္စရှိလို့လဲကွယ်"

"မှန်ပါ့ဘုန်းဘုန်းဘုရား - တပည့်တော်တို့ ဆရာတော်ကို ပြစ်မှားမိ လို့ တောင်းပန်ချင်လို့ပါဘုရား"၊

"အော် - ရွာသူကြီးတို့ပါလား - ဘုန်းကြီးတို့ ဘာတွေပစ်မှားကြလို့ လည်း ပြောစမ်းပါဦး"

—><—

www.burmeseclassic.com

"မှန်ပါဘုရား ... တပည့်တော်တို့ ဆရာတော် တရားထိုင်နေတာကို ချေ(ဂျီ)ထင်မှတ်ပြီး သေနတ်နဲ့ ပစ်မိပါတယ် ဘုရား ... အဲဒါ – တပည့်တော်တို့ကို ခွင့်လွှတ်ပါလို့ ရှိခိုးတောင်းပန်ပါတယ် ဘုန်းဘုန်းဘုရား"

မြို့ပိုင်မင်းဦးခင်မောင်လတ်က လျှောက်ထားတောင်းပန်လိုက်လေ၏။

"ဒကာကြီးတို့က ဘုန်းကြီးမှန်းမသိလို့ ပစ်မိကြတာပဲ – ဘုန်းကြီးခွင့်လွှတ်ပါတယ် ..."။

"ဆရာတော်ဘုရား ... ဆရာတော်မှာ ဆေးကောင်း၊ ဝါးကောင်း အဆောင်ကောင်းလေးများ ရှိရင် တပည့်တော်တို့ကို စွန့်ပါဘုရား"။

"ဟဲ့ ... ဒကာကြီးရဲ့၊ ဘုန်းကြီးမှာ ဘာအဆောင်မှ မရှိပါဘူးကွယ့်၊ ဘာဖြစ်လို့ အဆောင်တောင်းနေကြတာတုန်းကွဲ့ ဒကာတို့ရဲ့ – ပြောစမ်းပါဦး"။

"ဒီလိုပါ ဆရာတော်ဘုရား – တပည့်တော်တို့ ဆရာတော်တရားထိုင်နေတာကို ချေ(ဂျီ)အမှတ်နဲ့ သေနတ်နဲ့ ပစ်မိပါတယ်ဘုရား၊ ဒါပေမဲ့ သေနတ်က မီးမကူး ကျည်မထွက်ပါ ဘုရား၊ ဒါကြောင့် ဆရာတော်မှာ အဆောင်ရှိလို့ သေနတ်မီးမကူး ကျည်ဆန်မထွက်တာဖြစ်မှာပေါ့ ဘုရား – မီးမကူး ကျည်မထွက်တဲ့ အဆောင်တောင်းတာပါ ... ဘုန်းဘုန်းဘုရား"။

"အော် ... ဒါကြောင့်ကိုး – ဘုန်းကြီးမှာ ဘာအဆောင်မှ မရှိပါဘူး၊ ဒကာကြီးတို့ရယ် ... ဘုန်းကြီး တရားထိုင်နေတုန်းမှာ သေနတ် မီးမကူး ကျည်ဆန်မထွက်ဘူးဆိုတာ ဘာကြောင့်လည်း သိကြလား"

"ဘာကြောင့်ပါလည်း အရှင်ဘုရား – အမိန့်ရှိပါဘုရား"

"ဘုန်းကြီး တရားထိုင်နေစဉ်အချိန်မှာ ဘုရားဂုဏ်တော်ကိုးပါးရှိတဲ့ အထဲက အရဟံဂုဏ်တော်ကို ပွားများနေလို့ပဲ ဒကာကြီးတို့ – ဘုန်းကြီးတို့ရဲ့ ဗုဒ္ဓဘုရားရှင်မြတ်ရဲ့ ထူးခြားမြင့်မြတ်တော်မူလှတဲ့ ဂုဏ်တော်တွေရှိတယ်ကွဲ့ ကိုးပါးသော ဂုဏ်တော်တွေပေါ့ကွယ် – အဲဒီလို ဂုဏ်တော်တွေအထဲက အရဟံဆိုတဲ့ ဂုဏ်တော်တစ်ပါးထဲကို စူးစူးစိုက်စိုက် ရွတ်ဖတ်ပူဇော်ပွားများ



နေရင် တုတ် ဓား သေနတ်ပြီးစေတယ်၊ အန္တရာယ်ကင်းစေနိုင်ပြီး ဘေးဒုက္ခ အပေါင်းက ကင်းဝေးစေတယ်ကွဲ့၊ အဲဒီလို အရဟံဂုဏ်တော်တစ်ပါးတည်းကိုပဲ နေ့ညမပြတ် ရွတ်ဖတ်ပူဇော်ပွားများလို့ရှိရင် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တောင် ဖြစ်တယ်လို့ ကျမ်းစာပေစာနဲ့တကွ ဖော်ပြရေးသားထားတာတွေ အထင်အရှားရှိတယ် ဒကာကြီးတို့"

"တင်ပါ့ဘုန်းဘုန်း ... ဆရာတော်ကို ပစ်မိလို့ မီးမကူးမထွက်တဲ့ ကျည်ဆန်တစ်တောင့်ကို ပစ်ကြည့်ပါရစေဘုရား ခွင့်ပြုတော်မူပါ"။

မြို့ပိုင်မင်းဦးခင်မောင်လတ်သည် ဆရာတော်ကြီးအား တောင်းပန်လျှောက်ထားပြီး နစ်လုံးပြူးသေနတ်အား မောင်းချိုးလိုက်ပြီး ပြောင်းရင်းအတွင်း၌ရှိနေသော ပစ်၍မထွက်သည့် ကျည်ဆန်အား သေနတ်မောင်းပြန်တင်၍ မိုးပေါ်သို့ သေနတ်အားထောင်ပြီး မောင်းအား ဆွဲညှစ်လိုက်လေ၏။

"ဒိုင်း"

ကျယ်လောင်စွာ ပေါက်ကွဲသော သေနတ်သံကြောင့် ညောင်ပင်ကြီးနှင့် အနီးရှိ သစ်ပင်များပေါ်တွင် အိပ်နေကြသော ကျေးငှက်များ လန့်ပျံပြေးသံများ ဆူညံသွားလေတော့သည်၊ မြို့ပိုင်မင်းဦးခင်မောင်လတ်သည် လက်တွင်းမှ သေနတ်အား ပြောင်းချိုး၍ ပြောင်းရင်းအတွင်းရှိ ပစ်ပြီးသား ကျည်ဆန်အခွံနှင့် မထွက်ခဲ့သော ကျည်ဆန်တစ်တောင့်အား ထုတ်ယူလိုက်ပြီးလျှင် ကျည်ဆန်ခါးပတ်အတွင်းသို့ ပြန်ထည့်လိုက်ပြီး ကျည်ဆန်ခါးပတ်အား ခါးမှ ချွတ်လိုက်၍ နစ်လုံးပြူးသေနတ်နှင့်တကွ ပူးပြီး ဆုပ်ကိုင်ကာ ဆရာတော်ကြီး၏ ရှေ့တွင် ချထားလိုက်ပြီးလျှင် ...

"ဆရာတော်ကြီးဘုရား အစ သည်နေ့ သည်အချိန်အခါမှစ၍ တပည့်တော်ရဲ့ ပိုင်ဆိုင်တဲ့ သည်သေနတ်နဲ့ ကျည်ဆန်အားလုံးအား ဆရာတော်ကို ပေးလှူပါတယ် အရှင်ဘုရား – သည်နေ့ သည်အချိန်ကစ၍ တပည့်တော်သည် အမဲပစ်ခြင်း၊ တောလိုက်ခြင်း အလုပ်ကို စွန့်လှူလိုက်ပါပြီဘုရား၊ အရှင်ဘုရားအား ပစ်မှားမိသည့် အမှားကိုလည်း ခွင့်လွှတ်တော်မူပါရန် လျှောက်ထား တောင်းပန်အပ်ပါသည် ဆရာတော်အရှင်သူမြတ်ဘုရား"။



www.burmeseclassic.com

www.burmeseclassic.com

မြို့ပိုင်မင်းဦးခင်မောင်လတ်သည်ရှည်လျားစွာလျှောက်ထားလိုက်ပြီး သေနတ်နှင့်ကျည်ဆန် ခါးပတ်အားဆရာတော်ကြီးသို့ပေးအပ်လိုက်လေရာ ဆရာတော်ကြီးက

"ဒကာကြီး ဘုန်းကြီးတို့နဲ့ ဒီလို လက်နက်နဲ့ဆိုတာ လုံးဝ မအပ်စပ်မသက်ဆိုင်ပေဘူး။ ဒါကြောင့် ဒကာမြို့ပိုင်ကြီးပဲ ပြန်ယူသွားပါ။ ဒါမှမဟုတ် ဟောဒီရွာသူကြီးဦးကျော်စိန်ကို ပေးလိုက်ပေါ့ကွယ် ... ဒီနေ့ဒီရက်ကစလို့ တောမပစ်တော့ပဲ သူ့အသက်ကိုသတ်တဲ့ပါဏာတိပါတာဆိုတဲ့သိက္ခာပုဒ်ကို စောင့်ထိန်းပြီး သတ္တဝါတွေရဲ့အသက် မသတ်ဖြတ်တော့ဘူး ဆိုတဲ့အတွက် ဘုန်းကြီး သာဓု ခေါ်ပါတယ် ဒကာကြီး - သာဓု - သာဓု - သာဓု ဘုန်းကြီးလို့ အသက်ရှည်ပါစေကွယ်"

"ပေးတဲ့ဆုနဲ့တစ်လုံးတစ်ဝတည်းပြည့်စုံရပါလို၏အရှင်ဘုရား"

မြို့ပိုင်မင်းနှင့်ရွာသူကြီးဦးကျော်စိန်တို့သည်ဆရာတော်ဦးဥက္ကဋ္ဌအားရှိခိုးဦးချ၍ပြန်ခဲ့ကြလေတော့သည်။ မြို့ပိုင်မင်းဦးခင်မောင်လတ်သည်နောက်တစ်နေ့မိုးလင်းသည်နှင့် သူ၏ကိုယ်ပိုင်ပစ္စည်းဖြစ်သော နှစ်လုံးပြူးသေနတ်နှင့်ကျည်ဆန်များအားရွာသူကြီးဦးကျော်စိန်အားအပိုင်ပေးအပ်ခဲ့ပြီး ရွာဦးကျောင်းဆရာတော်ကြီးဦးဥက္ကဋ္ဌကျောင်းသို့သွား၍ပစ္စည်းလေးပါးဒကာခံယူလိုက်ပြီးလျှင် မြို့သို့ ပြန်လည် ထွက်ခွာသွားလေတော့သတည်း။

| | |
|---|---|
| ရခိုင်အခေါ် | ဗမာအခေါ် |
| ဖောင်တော်ဆိပ် | မော်တော်ဘုတ် |
| အပေါ်ဒါ | ရွာဆော် |
| လောင်း | လှေ |
| မက်ကလာ | စမောက် |

⊃ မင်းမြင့်နိုင်(ဘူးသီးတောင်)

# စွဲလမ်းခဲ့သည့် ဆံနွယ်တစ်စု

ရေကျော်စိုးအောင်






www.burmeseclassic.com

www.burmeseclassic.com

# စွဲလမ်းခဲ့သည့် ဆံနွယ်တစ်စု

ရေကျော်စိုးအောင်

လူ့ဘဝ လူ့ဘုံမှာ ယုံကြည်ရန်ခက်ခဲသောအကြောင်းတို့သည် ရှိ၏၊ မယုံကြည်နှင့်ဟု ဆိုကြပေမင့် ဘဝနှင့်စပ်လျဉ်း၍ ကိုယ်တွေ့ကြုံသည့်အခါ မယုံကြည်၍ မရကောင်းသည်က အမှန်ဖြစ်၏၊ အမှန်ဝင်စစ် ဗုဒ္ဓရှင်တော်မြတ်ကြီး ဟောကြားတော်မူခဲ့သည့် စွဲလမ်းမှု တဏှာ၏အရင်းခံဖြစ်သည့် သေလွန်ပြီးလေသော ဝိညာဉ်၏ မိမိဆံပင်အပေါ် စွဲလမ်းခဲ့ရသည့် အကြောင်းကား အမှန်သာ ဖြစ်ပေတော့သည်၊

မိသားစု အားလုံး ရုပ်တုပညာကို အလုဆင်သည့် အတတ်အား ဖခင်၏ အနုပညာဖန်တီးမှုမှ စတင်သည်ဟု ဆိုရမည်ဖြစ်သည်၊ သဘာဝရုပ်တုများကို ထုဆစ်ရာ၌ အထူးသဖြင့် မိန်းမလှရုပ်တုများကို ထုဆစ်သည်ကများ၏၊

ပဟာမဝန်ရုပ်တုစခန်း၏ အလှပြရုပ်တုများသည် သက်ရှိလူသားနှင့် မခြား ထုဆစ်နိုင်သည့် ကျွန်တော်၏အဘိုးဖြစ်သည့်ပန်းပုဆရာကြီး ဦးအောင်မြတ် ဖြစ်သည်၊ အသက်ကြီးလေပြီ၊ အဘိုးသည် ရုပ်ထု ထုဆစ်ပြီးသည်နှင့် လူနှင့်မခြား ဆံကေသာ(ဆံပင်)အမျိုးမျိုးကို ဝယ်၏၊ ဘယ်က ရသည်ကို မမေးခဲ့၊ ရသည့်ဆံပင်ကို အမျိုးမျိုးပြုပြင်ပြီး သင့်လျော်မည့် ထုဆစ်ထားသည့် ရုပ်တုတွင် အလှဆင်၍ ရောင်းချတတ်၏၊

အဘိုး၏ထုဆစ်ပြီးရုပ်တုသည်နိုင်ငံပေါင်းစုံမှဝါသနာရှင်များကရုပ်တုတွင် ကပ်ထားသော တန်ဖိုးကိုမဆစ်၊ သတ်မှတ်ထားသည့် တန်ဖိုးအတိုင်း ကျေနပ်ယုံကြည်စွာ ပေးချေတတ်၏၊ အဘိုး၏ အနုပညာလက်ရာသည် အဘိုးမှ ဖခင်အထိ သက်ဆင်းလာသည်ဖြစ်ရာ ဖခင်၏သားသမီးများအထိ ဘိုးအေအမွေကို ထိန်းသိမ်းကြရတော့သည်၊

— ❧ —

တစ်ညတွင် ဆံပင်ရှည်တစ်ခုအား အဖေ့အား လာရောင်း၏၊ ယင်းဆံပင်မှာလည်း အထူးအော်ဒါအဖြစ် မှာကြားထားသည့် ရုပ်တုတွင် သုံးမည်ဖြစ်၏၊ ရောင်းသူမှာလည်း ပဟာမဝန်သုသာန်မှ သင်္ချိုင်းစောင့်ဦးဝေဠုဖြစ်သည်၊ အဖေသည် အရေးတကြီးလိုအပ်သည့် ရုပ်တုအတွက်ဖြစ်၍ ဦးဝေဠုပြောသည့်တန်ဖိုး ၃ဝဝိ(သုံးရာ) ပေးဝယ်ခဲ့သည်၊

ဝယ်ပြီးသည့်နောက် ဆံပင်ရှည်ကြီးအား စနစ်တကျ ဆေးစိမ်သန့်စင်ပြီး အခြောက်ခံကာ လှန်းထားခဲ့စဉ် ယင်းဆံပင်အချို့သည် လေလုံးဝ မတိုက်သည့်အခန်းအတွင်း၌ပင် တဖွားဖွားနှင့် လူးလွန့်လျက်ရှိနေသည်ကို အံ့ဩဖွယ် အဖေမြင်လိုက်ရသည်နှင့် -

"ဩော် - လေတိုက်လို့ ဆံပင်တွေ တဖွားဖွား လူးလွန့်နေသည်"

ဟု ထင်မှတ်မှားမိခဲ့သည်က အမှန်၊ ဘာပဲဖြစ်ဖြစ် ရုပ်တုတွင် ဆံပင် တပ်ပြီး၍ မှန်ဘီရိုပြခန်းအတွင်း ထည့်ထားသည့် ညဉ့်မှာပင် ယင်းပြခန်း အတွင်းက အမျိုးသမီးတစ်ဦး၏ တသိမ့်သိမ့် ငိုရှိုက်သံကား ပီပီသသ ကြားနေရသည်၊ ဤသည်ကို အဖေသည် -





www.burmeseclassic.com

www.burmeseclassic.com

"ဩော်… ဒါဟာ စိတ်အမှတ်မှား၍ကြားနေသည်"

ဟု အဖေက မကြောက်တတ်သူပီပီ ထင်မှတ်နေခဲ့သည်တွင် အဖေ့ သားအငယ်ဆုံး မောင်သူရတစ်ယောက် ကောက်ကာငင်ကာ ဖျားလေတော့သည်၊ အဖျားသည် ကလေးနှင့်မလိုက်၊ အဖျားတက်နေသည်က ညဥ့် ၈ - နာရီ ထိုးခါနီးတိုင် ဖြစ်၏၊

အမေက အဖေ့ကို -

"ကိုမောင်လှရေ၊ သားငယ်လေးရဲ့အဖျားဝေဒနာက မရိုးဘူးထင်တယ်၊ ဟေမဝန်ရွာထိပ်က ဆေးဆရာကြီး ဦးအောင်သူကို ပင့်ပြီး ပြရင်ကောင်းမယ်ထင်တယ်"

ဟု အမေ့အပြောကို အဖေက…

"အေးကွာ… မြန်မြန်တော့ ပြတာပေါ့"

ဟုဝတ်ကျေတမ်းကျေပြောပြခဲ့သည်၊ တစ်ခုထူးခြားသည်ကထိုရုပ်တု၏ ဆံပင်တို့သည် ညဥ့်အခါ အလင်းရောင်တွေဖြာပြီး လှုပ်ရှားနေတတ်သည်ကို တွေ့မြင်ကြရသူတွေက တွေ့ကြရသည်ဟု ဆိုသူများကလည်း ရှိကြသည်၊ မပြေးသော်ကန်ရာရှိသည့်ဟုသောအချက်ကပြခန်းသန့်ရှင်းရေးတာဝန်ကျအေးကြည်မတစ်ယောက်ထုဆစ်ထားသည့်ရုပ်တုကိုကိုင်တွယ်ပြီး ကြမ်းကြမ်းကိုင်တွယ်ပြီး ရွှေဖယ်လိုက်ရုံမက နုတ်မှလည်း…

"ဘာမဟုတ်သည့်အရုပ်ကိုများ ရွှေအိုရောင်ဆံပင်နဲ့ ခြယ်မှုန်းထားလိုက်ကြတာ၊ ကျက်သရေလုံးဝမရှိ"


ဟု ပြောဆိုလိုက်သည်နှင့် ရွှေအိုရောင်ဆံပင်တို့သည် သီးခြားထွက်ပေါ်လာပြီး အေးကြည်မ၏လည်ပင်းကို စပ်ကြမ်းကြမ်းရစ်ပတ် ဆောင့်ဆွဲလိုက်သလိုဖြစ်ကာ အေးကြည်မတစ်ယောက် လည်ပင်းအစ်၍ ဆန့်ငင်ဆန့်ငင်ဖြစ်ကာ အသက်ထွက်သွားလေတော့သည်၊



တာဝန်ရှိသူများက ဟေမဝန် ရုပ်တုစခန်း၏ရုပ်တုပြခန်းကို ဝင်ရောက်စစ်ဆေးစဉ်မှာ ပြခန်းအတွင်းမှ ရုပ်တု၏ ရွှေအိုရောင်ဆံပင်တို့မှာ စုစည်းမှုမရှိ၊ ပြန့်ကျဲလျက်ရှိသည်ကို တွေ့ရသော်လည်း တရားခံမပေါ်ဘဲ မတော်တဆ လူသေမှုအဖြစ် အမှုပိတ်ခဲ့ရသည်၊

— ✿ —

# အဘ - သမီးကို
မမှတ်မိဘူးလား၊
သမီး ဝေဝေလွှင်ပါ၊
အဘပြုလုပ်ပေး တဲ့
အလှူဒါနကြောင့်
သမီးသာခုခေါ်ဆိုခွင့်ရပြီး
ကောင်းရာသုဂတိဘုံမှာ
ရောက်ရှိခံစားနေရပါပြီ #





www.burmeseclassic.com

www.burmeseclassic.com

ထို့ထက် ထူးခြားသည်က ရုပ်တုစခန်း၏ ပန်းပုဆရာ ဦးမောင်လှ အိပ်စက်စဉ်မှာ အိပ်မက်အတွင်းတွင် ဆံကေသာရွှေအိုရောင်မှာ ကားတိုက်၍သေဆုံးသွားသည့်ဝေဝေလွင်ဆိုသူ အမျိုးသမီးငယ် ရွှေအိုရောင်ဆံပင်တို့ သုသာန်စောင့်ဦးဝေ့ျက ဖြတ်ပြီး ရောင်းချခဲ့၍ ရောက်ရှိခဲ့ကြောင်း အမျိုးသမီးငယ်က ငိုငိုမဲ့မဲ့ဖြင့် လာရောက်တိုင်တည်ပြောဆိုသည်ဟု အိပ်မက်မက်၍ လန့်နိုးခဲ့ရသည်။

သည်အထိ အဖေက မယုံကြည်သေး၊ အဖေမှတစ်ဆင့် အမေကလည်း သည်အတိုင်းပင်။ ဤသို့ အိပ်မက်မက်ပြီး မကြာမီ ကံအားလျော်စွာ သည်ရုပ်တုဝယ်ယူသွားသူသည် ဝယ်ပြီး တောင်ကြီးအပြန် ကားမှောက်သည့် သတင်း ပါလာမှ အဖေ တုန်လှုပ်ခဲ့ရတော့သည်။

သည်တော့မှ သုသာန်စောင့်ကြီး ဦးဝေ့ျအား အကျိုးအကြောင်းမေးတော့မှ သူက သူ့ရှေ့ရှိ မြေပုံမှတ်တိုင်အား လက်ညှိုးထိုးပြအပြီးမှာ သူမ၏ ဆံပင်ကို အကြိမ်ကြိမ် ငိုပြီး သနားစဖွယ် ပြန်တောင်းနေသည်ဟု ပြောပြပါသည်။ အမှန်စင်စစ် ကာယကံရှင်များက အသုဘတရားနာပြီး ပြန်သွားခဲ့ကြကြောင်း၊ ကျန်ရစ်သည့် အသုဘအလောင်းကြီး မြေမြှုပ်ပေးရန်လည်း အပိုငွေများပေးခဲ့စဉ် သူမ၏ဆံပင်မှာ ကောင်းမွန်ရှည်လျားနေ၍ သူ့ကောင်းရာဘုံဘဝရောက်အောင် ဆံပင်များဖြတ်၍ ရသည့်ငွေဖြင့် လှူဒါန်းပေးရန် ရည်ရွယ်ချက်စေတနာတို့ဖြင့် ဆံပင်များ ရောင်းချခဲ့ကြောင်း ဖွင့်ဟဝန်ခံ ပြောပြရှာပါသည်။

မှန်ပါသည်၊ ဦးဝေ့ျ၏ စေတနာမှန်ဖြင့် ဆံပင်ရောင်းချခဲ့သည့်ငွေများဖြင့် အလှူဒါနပြု၍ အမျှဝေခဲ့သော်ငြား ကာယကံရှင် ကုသိုလ်ကောင်းမှု မရခဲ့ဟန်တူကြောင်း ပြောပြရာ အဖေက ဆံပင်အပေါ် စွဲလမ်းမှုတဏှာကြောင့် ဝေဝေလွင် မကျွတ်မလွတ်ခဲ့ရကြောင်း တွေးမိ၏၊ တွေးမိသည်နှင့်



အဖေ့မျက်စိရှေ့တွင် လွင့်ခဲ့သည့် တစ်နှစ်ကျော်ခန့်က မော်တော်ကား အက်ဆီးဒင့်(မတော်တဆ)ဖြစ်၍ ကွယ်လွန်ခဲ့ရသည့် ဝေဝေလွင်အား အမှတ်ရမိပါတော့သည်။

ဘာပဲဖြစ်ဖြစ် သူမအတွက် ထိုက်သင့်ထိုက်တန်သော အလှူတစ်ခု ပြုလုပ်ပေးရန် အဖေက သချိုင်းမှ သူမ၏မြေမြှုပ်ထားသည့်နေရာမှ မြေအနည်းငယ်ယူပြီး တရားနာရန်လည်း ဤသို့ ဖိတ်ကြားခဲ့၏၊

“သမီးလေးဝေဝေလွင်ရေ... သမီးအတွက် အလှူဒါနကို ပြုပေးမယ်၊ သမီးလေးရဲ့ဆံပင်ရောင်းရငွေကိုလည်း သမီးကို ရည်မှန်းပြီး လှူမယ်၊ သာဓုခေါ်ရန် သမီးလာခဲ့ဖို့ ဖိတ်ကြားပါတယ်”

ဟု ဆွေးမြည့်မြည့်ဖိတ်ကြားခဲ့သည်၊ အလှူဒါနပြုမည့်နေ့တွင် သချိုင်းမြေကို သံဃာတော်များရှေ့တွင်ချပြီး တရားနာရန် အဖေကလည်း ခေါ်သည်၊ အဖေပြောပြထား၍ ဆရာတော်များကလည်း သိရှိထားပြီး အမျှအတန်းဝေပြီး သာဓုခေါ်နိုင်ရန် တရားနာဖိတ်ကြားကြသည်၊

အိပ်ရှေ့သရက်ပင်တို့မှ လေမတိုက်ဘဲနှင့် ယိမ်းထိုးနေကြရုံမျှမက အိမ်နှင့် အခြားသောနေရာမှ ခွေးများကလည်း လွမ်းဆွေးဖွယ်ဆွဲဆွဲငင်ငင် အူကြသည်မှာ ထိတ်လန့်ဖွယ်အတိဖြစ်၏၊ နေခင်းနေ့လယ်မို့သာ တော်သေး၏၊ ညဥ့်အချိန်ဆိုပါက ထိတ်လန့်ဖွယ်ရာ အမှန်ဖြစ်မည်ထင်ပါသည်။

ဝေဝေလွင်အတွက် ရည်စူးပြီး အလှူဒါနပြု၊ အလှူပွဲအပြီး ရေစက်ချ အမျှဝေပြီးသည်နှင့် ဆရာတော်များက ခေါ်ယူထားသည့် ဝေဝေလွင်၏ ဝိညာဉ်အား သွားလိုရာသွားနိုင်ကြောင်း ခွင့်ပြုလိုက်သည်နှင့် ခွေးအူသံများ လုံးဝ တိတ်ဆိတ်သွားခဲ့သည်၊

တိုက်ခတ်နေသော လေပြင်းတို့ ငြိမ်သက်သွားသည်နှင့် ရဟန်းတော်များနှင့် အဖေတို့မှာ အလွန်မွှေးကြိုင်သည့် အမွှေးနံ့ ရကြသည်နှင့် သံဃာတော်များက -



www.burmeseclassic.com

www.burmeseclassic.com

"အတာကြီး - အလှူခါနဲ့ ပြောက်သွားပြီတကြီး၊ အဘကလေးလည်း အမျှရသွားပြီး ကောင်းရာသုဂတိဘုံမှာ စံမြန်းသွားရတာမှန်ကြောင်း အမေ့ ရင်ထဲမှာ သက်သေပြနေပြီဖြစ်ပါတယ်"

ဟု ပြောပြသည်နှင့် အဖေတ ဝမ်းပြောက်ဝီတီဖြစ်ခဲ့ပြန်ပါသည်၊

— ✿—✿ —

ယင်းညသို့ တွင်ပင် အဝတ်အစား တောက်တောက်ပြောင်ပြောင်ဖြင့် အမျိုးသမီးငယ် တစ်ယောက် ပေါ်လာပြီး -

"အဘ - သမီးကို မမှတ်မိဘူးလား၊ သမီး ဝေဝေလွှင်ပါ၊ အဘပြုလုပ်ပေးတဲ့ အလှူခါနကြောင့် သမီးသာဓု ခေါ်ဆိုခွင့်ရပြီး ကောင်းရာသုဂတိဘုံမှာ ရောက်ရှိခံစားနေရပါပြီ"

-ဟု ပြောဆို နှုတ်ဆက်ခဲ့အပြီး အိပ်ရာမှ လန့်နိုးခဲ့ရပါသည်၊ တွေ့နှစ်သောစိတ်တို့ဖြင့် ဝမ်းသာကြည်နူးခြင်း ဖြစ်ခဲ့ရပါသည်၊ နာရီကြည့်လိုက်ရာ ညနာရီတိုးရန်အလို တွေ့ရပြီး ထက်မအိပ်တော့၊ မျက်နှာသစ် သန့်စင်ပြီး တရားရှုမှတ် မိုးလင်းခဲ့ရတော့သည်၊

— ✿—✿ —

အမှန်စင်စစ် ဝေဝေလွှင်သည် မတော်တဆ ကားအက်ဆီးဒင့် ဖြစ်ကာ ရုတ်တရက် ကွယ်လွန်ခဲ့ရသည်၊ သူမ၏ ထံပင်အပေါ် လူ့ဘဝကပင် စွဲလမ်းမှု တဏှာ ညှိတွယ်ခဲ့သည်မှာ သေသည်အထိဖြစ်သည်၊ ဦးဝေမှုက သူမ၏ ထံပင်ကို လှူရန်ဖြတ်ပြီး ရောင်းခဲ့သည်၊ ဒါကို မကျေနပ်၍ ဒေါသစိတ်ဖြင့် ထံပင်နှင့် ဝပ်ဆိုင်သူများကို ဒေါသဖြင့် ဒုက္ခပေးခဲ့ခြင်းလည်း ဖြစ်၏၊



စွဲလမ်းမှုကြောင့် ဖြစ်ခဲ့ရသော ဒေါသအရှိန်ဖြင့် ခြောက်လှန့်မှုကို ယုံကြည်၍ ရေသကဲ့သို့ မယုံ၍လည်း မဖြစ်ပေ၊ ဗုဒ္ဓရှင်တော်မြတ်သည် ရဟန်းသံဃာတော်များအား—

"ဘိက္ခုဝေ၊ ရှစ်သား ရဟန်းတို့၊ စွဲလမ်းမှု သမုဒယ တဏှာသည် အပါယ် ငရဲသို့ ကျရောင်းစေရုံမှုမက ဘဝအိုးအိမ် အကြိမ်ကြိမ်တွင်လည်း ဖြစ်ပျက် တရားတို့ စဉ်ဆက်မပြတ် ဖြစ်နေရသည်"

ဟု ဟောကြားတော်မူခဲ့သည်၊ စွဲလမ်းမှုသမုဒယတဏှာသည် မင်္ဂလာလမ်း၊ နိဗ္ဗာန်လမ်းခရီးအတွက် အနှောင့်အယှက် တစ်ရပ်လည်း ဖြစ်၍ ဆိုးနိမ့်ပယ် သတ် နိုင်ရမည်လည်း ဖြစ်ပါသည်၊ ထံပင်တစ်ရပ် ဘာဖြစ်ရမှာလဲဟုလည်း အပြစ်တင်မစောသင့်ပေ၊ ပုထုဇဉ်လူသားတိုင်း မိမိတို့ဥစ္စာပစ္စည်း မှန်သမျှ တို့ စွဲလန်းတွယ်တာကြ၏၊ မက်မောကြသည်၊ အဝ်ကလေးအစ စာအုပ် တလေးအစ မက်မောတွယ်တွယ်တာကြသည်၊ ဤစွဲလမ်းမှုတဏှာကြောင့် ပင် အပါယ်ငရဲအတွင်း စုံးစုံးမြုပ်ကြရ၏၊ သို့ဖြစ်၍ စွဲလမ်းမှုတဏှာကို သုတော်ကောင်းတို့ ပယ်သတ်နိုင်ကြမှသာ နိဗ္ဗာန်ရွှေပြည်နန်းတက်လှမ်း နိုင်ကြမည်ဖြစ်၏၊

အဖေသည် ငယ်ရွယ်သူတို့၏ အစွဲအလမ်းအပေါ် သံဝေဂတရား ရသွားသည်နှင့် ဟောမဝန်ရုပ်တုစခန်းကို သားဖြစ်သူအား လွှဲအပ်ပြီး တောရစခန်း တွင် သုတော်ကောင်းတရား ကျင့်ကြံရန် လူဝတ်ကြောင်ကို စွန့်သွားခဲ့ ပေသည်၊

သားဖြစ်သူကိုလည်း -

"ငါ့သားမောင်စိုးအောင်၊ လောဘ၊ မောဟ၊ ဒေါသတရားတွေအပြင် စွဲလမ်းမှုသမုဒယတဏှာကိုလည်း ပယ်သတ်နိုင်အောင် ကြိုးစား၊ ပုထုဇဉ် ဘဝဆိုတော့ စွဲလမ်းမှု အနည်းနှင့်အများ ရှိနေဦးမှာပါ၊ ဘာပဲဖြစ်ဖြစ် အလောဘ၊ အမောဟ၊ အဒေါသ၊ အနည်းဆုံးဖြစ်အောင် ကြိုးစားပါ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောဆိုဆုံးမစကားသံများနှင့် အဖေ၏မှတ်စု၊ ဒိုင်ယာယီကြောင့် အဖေကြုံခဲ့ရသည့် သမုဒယတဏှာအကြောင်း တစ်စိတ်တစ်ဒေသ သိခဲ့ရပါသည်။ ဘာပဲဖြစ်ဖြစ် အဖေ၏ ဆိုဆုံးမစကားတို့သည် ထာဝရ ရင်မှာအမြဲ သိုသိပ်ထားရှိပါမည့်အကြောင်း ထပ်လောင်းဆန္ဒပြုလိုက်ရပါတော့သည်။

➲ ရေကျော်စိုးအောင်


**မည်သူမဆို**

**ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘိမိုးဝတ္ထုစာမူများ**

**ပေးပို့နိုင်ကြပါသည်။**

မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
ကမ္ဘာ့ရှုလောကမဂ္ဂဇင်း



www.burmeseclassic.com

သစ်ခွမာယာ

## တောင်းစံတိုင်း(ဗန်ငနဝင်း)

ကိုရန်နိုင်မှာ ရန်ကုန်တက္ကသိုလ်မှ ရုက္ခဗေဒ ဘာသာရပ်ဖြင့် ဘီအက်စ်စီဘွဲ့ရရှိထားသော်လည်း အစိုးရဌာနများတွင် ဝင်ရောက် လုပ်ကိုင်ခြင်း မရှိဘဲ ဝါသနာပါရာ သစ်ခွပန်းများစိုက်ပျိုးခြင်း၊ ထိုသစ်ခွများကို သုတေသနလုပ်ခြင်း၊ သစ်ခွနှင့် ပတ်သက်သော နိုင်ငံခြားစာပေများအား ဖတ်ရှုလေ့လာခြင်းဖြင့် သာ အချိန်ကုန်လွန်လျက် ရှိနေပေသည်။

အမှန်တော့ ကိုရန်နိုင်မှာ ဌာနဆိုင်ရာဝန်ထမ်းလုပ်ရန် မလိုပေ။ မိဘများ ပိုင်ဆိုင်ထားသော ဧရာဝတီတိုင်းအတွင်းက ဆန်စက်ငါးလုံးနှင့် မကွေး တောင်တွင်းကြီးရှိ ဆီစက်သုံးလုံးတို့ရှိနေသဖြင့် ကိုရန်နိုင်အတွက် ပြည့်စုံ လျက်ရှိနေပေသည်။ ထို့ကြောင့်လည်း ကိုရန်နိုင်မှာ ဝါသနာပါသော လုပ်ငန်း အား လုပ်ကိုင်ရင်း အိမ်ထောင်ပြုဖို့ကိုပင် မေ့လျော့နေခဲ့လေသည်။ အစဆုံး လျှင် အသက်သုံးဆယ်ကျော် လူပျိုဟိုင်းကြီးဘဝပင် ရောက်ရှိ၍ နေလေပြီ။ မိဘများပိုင်ဆိုင်သော လုပ်ငန်းများတွင်လည်း ဆွေမျိုးထဲမှ ယုံကြည်စိတ်ချ ရသူများကို တာဝန်ပေးထားသဖြင့် ကိုရန်နိုင် အနေဖြင့် သွားရောက် ကြည့်ရှုရန်ပင် မလို၊ စီးပွားရေးအခြေအနေမှာလည်း တိုးတက်လျက်ပင် ရှိနေ လေသည်။



မိဘများက ကိုရန်နိုင်အား သင့်တော်ရာ အဆင့်အတန်းတူ မိန်းကလေး တစ်ယောက်နှင့်လက်ဆက်ပေးရန် စီစဉ်ခဲ့ကြသော်လည်း ကိုရန်နိုင်က လုံးဝ ငြင်းဆန်နေခဲ့သဖြင့် အစီအစဉ်မှာ ပျက်ပြားသွားခဲ့ရသည်။ သို့ကြောင့်လည်း မိဘများက ငြူစူကာ နားပူနားဆာ လုပ်လာခဲ့သဖြင့် ကိုရန်နိုင်မှာ မိဘများနှင့် အတူမနေတော့ပဲ အင်းစိန်မင်းကြီးလမ်းရှိ နှစ်ဧကခွဲခန့်ခြံဝင်းနှင့် တစ်ထပ် တိုက်ကလေးသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ဒါမှလည်း နားအေးပါးအေးဖြင့် သူ့လုပ်ငန်းအား တိုးချဲ့လုပ်ကိုင်နိုင်မည်ဖြစ်သည်။ မိဘများကလည်း တစ်ဖွတ် ထိုး လုပ်တတ်သော သားဖြစ်သူ ရန်နိုင်အတွက် စိတ်မချ၊ သို့ကြောင့် ဆွေမျိုး ရင်းချာထဲက ဦးဘမောင် ဒေါ်စန်းမြတို့အား ခေါ်ယူကာ အင်းစိန်အိမ်တွင် နေစေပြီး သားရန်နိုင်အား စောင့်ရှောက်ရန် တာဝန်ပေးထားခဲ့ရသည်။

ကိုရန်နိုင်မှာ သုံးလေးလတစ်ကြိမ် နယ်စွန်နယ်ဖျားတောင်ပေါ်ဒေသများ သို့ ခရီးထွက်လေ့ရှိသည်။ ထိုသို့ခရီးထွက်ရခြင်းမှာလည်း သူ့ဝါသနာပါရာ သစ်ခွပန်းများ ရရှိရေးကိစ္စပင် ဖြစ်လေသည်။ သူ့အမြဲသွားလေ့ရှိသော ဒေသ မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းအတွင်း သို့ ဖြစ်၏။ ထိုဒေသများတွင် ကျောင်းနေဘက်သူငယ်ချင်းများ ကူညီပေးမှု ကြောင့် မြန်မာ့သစ်တောထွက် အဖိုးတန်သစ်ခွမျိုး အများအပြားကိုလည်း ရရှိစုဆောင်းနိုင်ခဲ့သည်။ ရရှိသော သစ်ခွမျိုးများကိုလည်း ရရှိရာ ဒေသများ ခွဲခြားမှတ်ပုံတင်ကာ သုတေသနပြုစိုက်ပျိုးထားရှိသည်။

ထိုသို့ သုတေသနပြုလုပ်ရာတွင် အပွင့်ကြီးထွားမှုနှင့် အရောင်အသွေး ငုံဆန်းပြားလှပမှုနှင့် ပန်းအိုးစိုက်ပျိုးခြင်း၊ သစ်တုံးဖြင့်ရှင်သန်ခြင်းတို့ကိုလည်း မြေချစိုက်ပျိုးနိုင်သည်အထိ လေ့ကျင့်သုတေသနပြုမှုတို့ပါဝင်လေသည်။ ထိုကဲ့သို့ စမ်းသပ်လေ့ကျင့်သုတေသနပြုရာတွင် အများအားဖြင့် သစ်ခွမျိုး များမှာ မူလဇီဇအရ လေကြောင့်မျိုးပွားခြင်း၊ အမြစ်မှ လေရှူရခြင်း ရှိသလို တချို့သစ်ခွမျိုးမှာ မြေကြီးတွင် ပေါက်ရောက်ပြီး အရွက်များမှ လေရှူသည်ကို တွေ့ရသည်။ သို့ကြောင့်လည်း ကိုရန်နိုင်မှာ လေသစ်ခွနှင့် မြေသစ်ခွတို့ကို အာဟာရတစ်မျိုးတည်းဖြင့် မြေချစိုက်ပျိုးနိုင်အောင် လေ့ကျင့်သုတေသန ပြုလုပ်နေခြင်းလည်း ဖြစ်လေသည်။

—○—



www.burmeseclassic.com

www.burmeseclassic.com

ကိုရန်နိုင်မှာ ခြံဝင်းအတွင်းပေတစ်ရာပတ်လည် သစ်ခွဗိမာန်တစ်ခု ဆောက်လုပ်ထားပြီး ထိုသစ်ခွဗိမာန်နဲ့တစ်ဆက်တည်းမှာ သုတေသနဓာတ်ခွဲခန်းတစ်ခုကိုလည်းတည်ဆောက်ထားရှိသည်၊ အမြစ်မှလေရှူသော သစ်ခွများအတွက်သစ်တုံးအုန်းဆန်ဖတ်များဖြင့်အစီအရီအလှအပ ချိတ်ဆွဲစိုက်ပျိုးထားသလိုကျောက်ခဲ၊ အုတ်ကျိုးများကိုပန်းအိုးဖြင့်ထည့်ကာစိုက်ပျိုးရသည်လည်းရှိပါသည်၊ သည့်အပြင် မြေသစ်ခွခေါ် Groung-or chid များကိုလည်း သူတို့ ကြိုက်နှစ်သက်သော မြေဆွေး၊ ဖွဲပြာ၊ လွှစာအမှုန့် စသည်များဖြင့် စနစ်တကျရောစပ်ပြီး ပန်းအိုးများဖြင့် လှပစွာ စိုက်ပျိုးထားသည်၊ ထိုသစ်ခွမျိုးအားလုံးကိုဆယ့်နှစ်ရာသီပတ်လုံး အဆက်မပြတ် ဖူးပွင့်လာနိုင်ပြီး အရောင်အသွေးလှပအောင်လည်း သုတေသနပြုလုပ်ထားသဖြင့် တစ်ခြံလုံး ဖူးပွင့်ဝေဆာကာ ရနံ့များ သင့်ပျံ့လျက်ရှိနေပေသည်၊ ထို့အပြင် အဖိုးတန်လှပသော မြေစိုက်သစ်ခွမျိုးကိုလည်းစိုက်ပျိုးထားသဖြင့်သံဆန်များ ဟိုတယ်များနှင့် စော်ကသည်များသို့ မပြတ်အောင် ပို့ပေးရောင်းချလျက်ရှိနေသည်၊

ထိုကဲ့သို့ စိုက်ပျိုးထားရှိခြင်းကြောင့် ကိုရန်နိုင်အတွက် စီးပွားရေးအရတွက်မြေကိုက်သော်လည်း သိပ်ပြီး အဲလေးအနက်မထား၊ ဝါသနာပါရာ သုတေသနလုပ်ငန်းနှင့် ထူးခြားဆန်းကြယ်သော သစ်ခွပန်းတို့၏ ဗီဇမျိုးရိုးများကိုလေ့လာကာ သီးခြားမျိုးကွဲအဖြစ်တီထွင် ဖန်တီးရန် ကြိုးစားနေခြင်းလည်းဖြစ်သည်၊ ထို့ကြောင့် မြန်မာပြည်အနှံ့မှရရှိသော သစ်ခွများနှင့်နိုင်ငံခြားမှမှာယူထားသော သစ်ခွများကိုသူ့အမျိုးနဲ့သူရရှိရာဒေသအလိုက် ခွဲခြားမှတ်ပုံတင်ထားလျက်ရှိသည်၊

ကိုရန်နိုင်မှာ နေ့စဉ်နဲ့အမျှ သစ်ခွပန်းများကို လေ့လာကြည့်ရှုရင်း တစ်ခါတစ်ရံ ဖွတ်မေ့ပုတတ်မေ့ငေးမောနေတတ်သလို ဓာတ်ခွဲခန်းဝင်လျှင်လည်းမှန်ဘီလူး၊ ဖန်ပြွန် စပ်ဆေးခွက်များဖြင့်အလုပ်ရှုပ်ကာထမင်းစားရမည်ကိုပင် မေ့လျော့နေတတ်သည်၊ အလုပ်ပင်ပန်း အိပ်ရေးပျက်ခြင်းကြောင့် ဓာတ်ခွဲခန်းနှင့်သစ်ခွဗိမာန်ထဲတွင်အိပ်ပျော်သွားသည်မှာလည်းမနည်းတော့ပေ၊ ဤမျှလောက် အအိပ်ပျက် အစားပျက်ခံကာ အလုပ်ကြိုးစားနေသဖြင့်လည်း သစ်ခွဥယျာဉ်ခြံပိုင်ရှင်များ အသိုင်းအဝိုင်းတွင် နာမည်ရကျော်ကြား



လာခဲ့သည်၊ ကိုရန်နိုင်၏ သစ်ခွဗိမာန်မှာ ကျယ်ဝန်းခြင်း၊ သစ်ခွမျိုးများကောင်းမွန်ခြင်း၊ လှပသောအရောင်အသွေးနှင့်ပန်းပွင့်ကြီးမားခြင်း၊ ပွင့်လွှာထူပြီး တာရှည်ခံခြင်း စသည့်အကြောင်းများကြောင့် သစ်ခွခြံလောကတွင် ဗိုလ်ပိုင် ရေပန်းစားလျက် မြန်မာ့သစ်ခွကို နိုင်ငံခြားသို့ပင် အများအပြား တင်ပို့ရောင်းချလာခဲ့ရလေသည်၊

တစ်နေ့တွင် သူငယ်ချင်းဖြစ်သူ ဗိုလ်မှူးအောင်ရဲထွန်း ရောက်ရှိလာပြီး၊ ရှည်လျားလှပသော အရွက်ဆံများ ဝေဆာနေသော နီးခြင်းတောင်းနှစ်လုံးအား ယူဆောင်ကာ ကားပေါ်မှ ဆင်းလာသည်၊

"ကိုယ့်သူငယ်ချင်းအတွက် ရှေ့တန်းက ယူလာတဲ့ ရှားမှာရှားတဲ့ သစ်ခွမျိုးကောင်းလက်ဆောင်ပဲဟေ့ ... မင်းအတွက်ကတော့ ရွှေပဲကိုယ့်လူရယ်"

"ကျေးဇူးတင်လိုက်တာ သူငယ်ချင်းရယ် ... ဒီသစ်ခွမျိုးကိုယ်လည်း မတွေ့ဖူးသေးဘူး"

မှန်ပါသည်၊ ဗိုလ်မှူးအောင်ရဲထွန်း ယူဆောင်လာခဲ့သောသစ်ခွမျိုးမှာ တကယ်ပင် ရှားပါးသစ်ခွမျိုးဖြစ်နေပေသည်၊ အခြားသစ်ခွမျိုးများအပင်များနှင့်မတူ၊ သူ၏မူလပင်စည်ဖြစ်သောဥမှာ အချိုးပန်းကန်အသေးခန့်ရှိပြီး အထပ်လိုက် အနိုင်လိုက် တွဲစပ်မျိုးပွားကြောင်း သိသာနိုင်သည်၊ ပင်စည်ဥထိပ်မှ ထွက်သော အရွက်မှာ ဖြက်နှစ်လက်မခန့်ရှိပြီး နှစ်ပေမှ သုံးပေခန့်အထိ ရှည်လျားနေကြောင်းတွေ့ရသည်၊ အပွင့်ရိုးတန်မှာ အရွက်ကဲ့သို့ နှစ်ပေမှသုံးပေအထိ ရှည်လျားပြီးဆယ်ပွင့်မှ ဆယ်ပွင့်မှ အပွင့်နှစ်ဆယ်ထိပွင့်ကြောင်း၊ အပွင့်အရှည်သုံးလက်မခန့်ရှိပြီးပွင့်လွှာပတ်လည်အကားဆုံးမှာလည်းသုံးလက်မခန့်ရှိသည်၊ ပွင့်စမှရက်ပေါင်းခြောက်ဆယ်ခန့်ထိ မကြွေမနွမ်းပဲ ရှိနေတတ်သည်၊ ထိုကဲ့သို့နွမ်းကြွေမသွားခြင်းမှာ ပွင့်ဖတ်လွှာ၏ အထုမှာ တစ်စင်တီမီတာရှိနေသဖြင့်တာရှည်ခံကြောင်း ဗိုလ်မှူးအောင်ရဲထွန်းက ပြောပြသည်၊

သို့သော် ... ကိုရန်နိုင်၏မျက်မြင်မှာ သစ်ခွခြင်းနစ်ခုစလုံးမှာ ပုံသဏ္ဍာန်ခရာ ဖွဲ့စည်းပုံပါတူနေသော်လည်း ပင်စည်အရိုးအရွက်များ၏ အရောင်မှာ တူကွဲပြားနေကြောင်းတွေ့နေရသဖြင့်သူငယ်ချင်းဖြစ်သူအား မေးမြန်းကြည့်မိသည်၊ သူငယ်ချင်းဖြစ်သူဗိုလ်မှူးအောင်ရဲထွန်းက -



www.burmeseclassic.com

www.burmeseclassic.com

"ဒီသစ်ခွနှစ်ခြင်းစလုံးက မျိုးရိုးဗီဇဖွဲ့စည်းပုံ အတူတူပဲကွာ၊ ဒါပေမဲ့ ဒီဘက်က ပင်စည်နဲ့ အရိုးအရွက်အားလုံး ရွှေဝါရောင်ပြေးနေတဲ့သစ်ခွက အမြင့်ပေ ခြောက်ထောင်နဲ့ အထက်တောင်ထိပ်တောင်မြင့်ကျောက်ဆောင် ကျောက်ပုံတွေမှာ တွယ်ကပ်ပေါက်ပွားတတ်တယ်၊ လေကောင်းလေသန့် *ကြိုက်တယ်နေပူခံနိုင်တယ်၊ အဲဒါကြောင့် ပင်စည်ဥနဲ့အရိုးအရွက် အပွင့်* အားလုံး နေပူရောင်လိုရွှေဝါရောင် ဖြစ်နေတယ်၊ ပြီးတော့ ဒီအစိမ်းရောင် ရင့်ရင့် ပင်စည်ဥနဲ့အရိုးအရွက်အပွင့်အားလုံး စိမ်းညို့မဲမှောင်နေတဲ့သစ်ခွ ကစောစောကပြောတဲ့ရွှေဝါရောင်သစ်ခွနဲ့ဆန့်ကျင်ဖက်ကွ၊ သူကတောင်မြင့် ကြီးများရဲ့အောက်ခြေပေနစ်ရာသုံးရာနက်ရှိုင်းမဲမှောင်နေတဲ့ လျှိုနက်ကြီး အတွင်းက ကျောင်ဆောင်တွေမှာရော မြေကြီးပေါ်မှာပါ ပေါက်ပွားလေ့ရှိ တယ်၊ သူ့အပွင့်က အစိမ်းရောင်မည်းမည်းမှောင်မှောင်နဲ့အရမ်းလှတယ်၊ အအေးကြိုက်တယ်၊ နေပူလေပူကိုတော့အရမ်းကြောက်ပဲ၊ အဲဒီသစ်ခွတွေရဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေကို သစ်ခွပါရဂူလုပ်မယ့် ကိုယ့်သူငယ်ချင်း သိထားရမယ်၊ ပြီးတော့ ဒီသစ်ခွမျိုးက လူသူအရောက်အပေါက်နည်းတဲ့နေရာမှာ ပေါက်ပွား တတ်လို့ဒေသခံတောင်ပေါ်သားတွေကနတ်သစ်ခွလို့တင်စားခေါ်ဝေါ်ကြတာ ရှိတယ်၊ ကိုယ့်လူရဲ့"

"ဟာ... ကြိုက်ပြီ... ကြိုက်သွားပြီကွ၊ မင်းစကားအရကတော့ ဒီသစ်ခွ ဟာ ဂမ္ဘီရဆန်လွန်းတယ်လို့ ငါထင်လိုက်ပြီကွာ၊ ဘာကြောင့်နတ်သစ်ခွလို့ ခေါ်ကြတဲ့ အကြောင်းရင်းကိုတော့ ရှင်းခဲ့ပါဦး သူငယ်ချင်း"

"ဒါကတော့ .... ဒီသစ်ခွမျိုးရဲ့ လျှို့ဝှက်ချက်တွေကို ဒေသခံတွေက အပြည့်အစုံ မဟုတ်ရင်တောင် အနည်းအကျဉ်းသိထားကြလို့ဖြစ်မှာပေါ့"

"အဲလေကွာ ...ဒေသခံတွေသိထားသလောက်တော့ မင်းလည်း သိခဲ့ရ မှာပေါ့၊ အဲဒါတော့ ငါ့ကို ရှင်းပြခဲ့ဖို့လိုတယ်လေကွာ"

"သူတို့ပြောတာက ဒဏ္ဍာရီဆန်လွန်းလို့ ငါ မယုံကြည်ဘူးကွာ၊ မင်း လက်တွေ့သုတေသနလုပ်ပြီး စမ်းသပ်စိုက်ပျိုးတဲ့အခါ တွေ့ကောင်းတော့ တွေ့မှာပေါ့၊ ဒေသခံလူတွေပြောလိုက်တာကတော့ပန်းပွင့်တဲ့အချိန်နဲ့လပြည့် ညကြုံကြိုက်ရင်အင်မတန်ချောမောလှပတဲ့နတ်သမီးလေးတစ်ယောက်ကို ပန်းရုံဘေးမှာအစိမ်းရောင်ဝတ်စုံလေးနဲ့ တွေ့ရတတ်တယ်တဲ့၊ အဲဒါကြောင့် နတ်သမီးသစ်ခွလို့ ခေါ်ကြသတဲ့ကွာ၊ သူတို့ပြောတာ အဲသလောက်ပဲ၊ တကယ်လို့မင်းသာနတ်သမီးလေးနဲ့တွေ့ခဲ့မယ်ဆိုရင်တော့ လူပျိုကြီးဘဝက ဇွံ့အောင်တော့ကြိုးစားရလိမ့်မယ်နော်၊ ကဲ - ငါလည်းသွားစရာရှိသေးတယ်၊ တာ့ - တာ သူငယ်ချင်း"

— ○ —

ကိုရန်နိုင်မှာ သူငယ်ချင်းဗိုလ်မှူးအောင်ရဲထွန်းလာပို့သွားသော သစ်ခွ ပန်းတစ်မျိုးတည်းက ဗီဇနှစ်မျိုးဖြစ်နေသော ပန်းခြင်းနှစ်ခြင်းအနက်၊ နေပူနဲ့ လေကောင်းလေသန့်ကြိုက်သော ပန်းခြင်းကို ကျောက်အဂ်တေတို့ဖြင့် လူတစ်ရပ်ကျော်မြင့်အောင် ကျောက်တောင်ပုံသဏ္ဌာန် ဖန်တီးပြုလုပ်ပြီး ထိုကျောက်တောင်ပေါ်တွင် နေပူခံကာ ပန်ကာဖွင့်လျက် စိုက်ပျိုးထားလိုက် သည်၊ နောက်တစ်မျိုးက အမှောင်နဲ့အရိပ်အာဝါသအအေးအလွန်ကြိုက် သော ပန်းမျိုးအတွက်မှု လေးဖက်လေးတန်အုတ်နံရံများကာရံပြီး ရေပန်း ဖွင့်ခါ လေအေးပေးစက် တတ်ဆင်လျက် ငွေကုန်ခံ စိုက်ပျိုးထားလေသည်၊

နောက်နှစ်လခန့်ကြာသောအခါဖူးတံအစိုများ ပန်းတစ်အုံလျှင် ခြောက် တန်ရနှစ်တံထွက်ပြူလာသည်၊ဖူးတံစို့သည်မှစ၍လေးဆယ်ငါးရက်ခန့်တွင် ပန်းပွင့်များပွင့်အာလာကြသည်၊ ဗိုလ်မှူးအောင်ရဲထွန်း ပြောခဲ့သလိုပင် နေပူခံပန်းမှ ရွှေဝါရောင်အပွင့်များ၊ အမှောင်နဲ့အအေးကြိုက်သောပန်းမှ ဖက် ရောင်အစိမ်းနုပန်းပွင့်များ လှပ်ယမ်းပွင့်အာလာကြသည်၊ ပန်းနှစ်ရုံစလုံး၏ ပန်းများမှာ အရောင်အသွေးမတူသော်လည်း ပုံသဏ္ဌာန်အရွယ်အစား အားလုံးအတူပင် ဖြစ်သည်၊ ပန်းပွင့်များတွင် ပွင့်ဖတ်လွှာတူသဖြင့် တော် တော်နဲ့မညှိုး တာရှည်ခံသည်၊ စပွင့်သည်မှ တစ်မိုင်လုံး ကြွေကျသွားသည် အထိ ရက်ပေါင်းခြောက်ဆယ်ကျော်ခံကြောင်း တွေ့ရသည်၊ ပန်းပွင့်များ ညှိုးကြွေကျသွားသောအခါထိုနေရာတွင်အသီးရှည်မျောမျောကလေးများ ဘွဲ့လောင်းကျကျန်နေခဲ့သည်၊အသီးများရင့်မှည့်ချိန်တွင် တစ်လက်မ လုံးခန့်ရှိပြီး အရှည်တစ်လက်မခွဲကျော်ကျော်ရှိသည်၊ သစ်ခွသီးများကို တြည့်ပြီး ကိုရန်နိုင် သုတေသနလုပ်ရန်ဝမ်းသာနေမိသည်၊





www.burmeseclassic.com

www.burmeseclassic.com

ဤသစ်ခွမျိုးမှာ ပင်စည်ဥမှ မျိုးပွားရရှိနိုင်သလို အစေ့မှလည်း မျိုးပွားရရှိနိုင်မည်ဖြစ်ကြောင်း ကိုရန်နိုင် ယုံကြည်မိသည်။ သို့ကြောင့်လည်း ထိုပန်းနှစ်ရုံအား အရိပ်တကြည့်ကြည့်ဖြင့် ပန်းရုံနားတွင် ပက်လက်ကုလားထိုင်တစ်လုံးချကာ သစ်ခွပန်းများ ယိမ်းနွဲ့လှုပ်ရှားသည်ကို တစိမ့်စိမ့် ကြည့်နေတတ်သည်။ တစ်နေ့သောလပြည့်ညတွင် သူငယ်ချင်းဗိုလ်မှူးအောင်ရဲထွန်း ပြောခဲ့သလို တကယ်ပဲ နတ်သမီးလေးကို ပန်းရုံနားမှာ တွေ့ရလေမည်လားဟု တွေးတောရင်း လပြည့်ည၏ လမင်းကြီးကိုကြည့်ရင်း ပက်လက်ကုလားထိုင်ပေါ်တွင် အိပ်ပျော်သွားလေသည်။

အသက်နှစ်ဆယ်ရွယ် အမျိုးသမီးငယ်တစ်ယောက် အထက်အောက်ဖက်ဖူးစိမ်းရောင်ကိုဝတ်ဆင်လျက်၊ အသားဖြူဖြူ နှာတန်ပေါ်ပေါ် ချစ်စရာမျက်လုံးအစုံဖြင့် သစ်ခွပန်းများအား ဂရုတစိုက် လှည့်ပတ်ကြည့်ရှုပြီး -

"ဟယ် ... ဒီသစ်ခွပန်းကြီးက လှလိုက်တာ။ ဘယ်ကရလာတာလဲ အစ်ကို"

သာယာချိုမြိန်သောအသံပိုင်ရှင်မိန်းမပျိုလေး၏လှုပ်ရှားမှုကို မျက်ခြည်မပြတ် ကြည့်ရှုနေသော ကိုရန်နိုင်မှာ သူကလေး၏ အမေးစကားကြောင့် သစ်ခွပန်းရှိရာဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်ပြီး -

"အစ်ကို သူငယ်ချင်းတစ်ယောက် ရှမ်းပြည်မြောက်ပိုင်းက ယူလာတယ်လို့ပြောတာပဲ၊ မြန်မာနိုင်ငံက ဒီသစ်ခွမျိုးဟာ ကမ္ဘာမှာတောင်မရှိသလောက်ပဲတဲ့၊ သစ်ခွမျိုးပေါင်းတစ်သောင်းကျော်ရှိတဲ့ ထိုင်းနိုင်ငံကဘုရင်မပန်းခြံမှာတောင် မတွေ့ဖူးဘူးလို့ ပြောကြတယ် ညီမလေးရဲ့"

"ဟင် ... ဒါဆို လူသူမနီးတဲ့တောကြီးမျက်မည်းထဲက သစ်ခွမျိုးများဖြစ်နေမလားပဲအစ်ကို"

"အင်း ... ဟုတ်ရင် ဟုတ်မှာပေါ့၊ လာပေးတဲ့သူငယ်ချင်းပြောတာက အနည်းဆုံး ပေခြောက်ထောင်ကျော်မြင့်တဲ့နေရာနဲ့ လူသူအသွားအလာမရှိတဲ့နေရာ တောင်ထိပ်တွေနဲ့ အသူတစ်ရာနက်ပြီး မည်းမှောင်နေတဲ့ ချောက်ကမ်းပါးကြီးတွေမှာသာ ပေါက်ပွားလေ့ရှိတယ်လို့ ပြောခဲ့တယ်"

"ဟာ ... ဒါဆို ကျွန်မ အဖေပြောခဲ့တာ မှန်နေပြီလား မသိဘူး၊ အစ်ကို"

"ညီမလေးရဲ့ ... အဖေက ဘယ်လိုပြောခဲ့လဲဟင်"



"အခုလို လူသူမနီးတောကြီးမျက်မည်းထဲက ထူးခြားတဲ့သစ်ခွမျိုး အပါအဝင် အခြား ထူးခြားနေတဲ့ တောပန်းမှန်သမျှကို အိမ်မှာယူဆောင်ပြီး မစိုက်တောင်းဘူးတဲ့အစ်ကို၊ ဟိုး - ဟိုး သီချင်းထဲကလို ယက္ခ၊ ဂန္ဓာန်ဝန်းရံစေတဲ့ နတ်ပန်းအာသာဝတီနွယ်..."ဒီလိုသဘာဝတောပန်းအလှဆိုတာက အစောင့်အရှောက်တွေ ဘာတွေ ရှိတတ်တယ်တဲ့၊ သီချင်းထဲမှာ ပါသလိုပေါ့။ ယက္ခဂန္ဓာန်မဟုတ်ရင်တောင် ကောင်မလေးချောချောလှလှလေးတွေစောင့်တတ်သတဲ့၊ တချို့ဆို ဂန္ဓာန်ဘီလူးတွေတောင် ကောင်မလေးယောင်ဆောင်ပြီး နောက်တော့ ခူးတဲ့သူကို လှည့်စားဝါးမျိုတတ်ကြတာတဲ့၊ သတိလည်းထားပါဦးအစ်ကို၊ အခုလို ကျွန်မ လာတော့ အစ်ကို့သူတေသန အလုပ်တွေ ပျက်တာပေါ့နော်၊ ကျွန်မပြန်လိုက်ဦးမယ် အစ်ကို"



'ဒီတစ်ခါတွေ့ရင်
လူလား-နတ်လား
အမျိုးအနွယ်နဲ့ နာမည်လေးကိုပါ
မေးမြန်းပြီး
ရင်ထဲက သတိရစွဲလမ်းမိတဲ့အကြောင်း
ပြောပြမည်' စသည်ဖြင့်
စိတ်ကူးထဲတွေးရင်း
ကျေနပ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

နေပူခံ သစ်ခွစိုက်ပျိုးထားသော ကျောက်အခဲတွေပုံအနီးသို့ ကောင်မလေးဝင်ရောက် ပျောက်ကွယ်သွားသည်။ ကိုရန်နိုင်မှာလည်း အိပ်မော်နေရာမှ လန့်နိုးသွားကာ သူငယ်ချင်းဗိုလ်မှူး၏ အောင်ရဲထွန်း ပြောသွားသည့် ပန်းပွင့်ချိန်နှင့်လပြည့်ညကြုံကြိုက်လျှင် ဖက်ဖူးစိမ်းရောင် နတ်သမီးလေးတစ်ယောက် သစ်ခွပန်းရုံနားမှာ တွေ့ရတတ်သဖြင့် နတ်သစ်ခွဟု ခေါ်တွင်ကြောင်း၊ သတိရမိသည်။ အမှန်လည်း ဒီနေ့ဟာ လပြည့်ညဖြစ်ကြောင်း၊ တွေးမိသောအခါ ကိုရန်နိုင် တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်း ထသွားခဲ့ရလေသည်။

—○—

ကိုရန်နိုင်မှာတစ်နေ့ညက အိပ်မက်လိုလိုမြင်မက်ရခြင်းကြောင့် စိတ်ထဲက မသိမသန့်ဖြစ်ချင်လာသည်။ တကယ်ပဲပန်းပွင့်ထဲကကောင်မလေးလား ဒါမှမဟုတ် သူပြောသွားသလို အစောင့်အရှောက် ဂုမ္ဘာန်ဘီလူးတွေဆိုတာ တကယ်ပဲရှိနေသလား။ လပြည့်ညရဲ့မိန်းမပျိုလေးက တကယ်ပြောတာလား လှည့်စားပြီးပြောသွားတာလား။ မာယာများသောမိန်းကလေးဆိုတာတစ်ဖက်သားအပေါ်ခြိမ်းခြောက်လှည့်စားခြင်း၊ ချစ်ယောင်ပြပြီး မြူဆွယ်ကာအလိုရှိ အသုံးချတတ်ကြောင်း၊ စာပေများ၌လည်းကောင်း၊ လူကြီးသူမများ၏ စကား၌လည်းကောင်း ဖတ်မှတ်ကြားနာဖူးခဲ့သည်။ ကိုရန်နိုင်၏ အတွေ့အတွ အမြင်အာရုံတွင် မြင်တွေ့လိုက်ရသော မိန်းမပျိုလေးမှာ စွဲမက်ရင်စရာပင် ဖြစ်နေပေသည်။

ဘယ်လိုပဲပြောပြော ကိုရန်နိုင်ရင်ထဲမှာတော့ လှုပ်ခတ် ကျန်ခဲ့သည်ကတော့ အမှန်ပင်။ ထို့ကြောင့်လည်း အတူနေထိုင်လျက်ရှိသော ဦးလေးဦးဘမောင်နှင့်ဒေါ်လေးဒေါ်စန်းမြတို့အား လွန်ခဲ့သောလပြည့်ညက အိပ်မက်ထဲမှာ ကြုံတွေ့လိုက်ရသော အခြေအနေ အစုံအလင်အား ပြောပြလိုက်လေသည်။ ထိုအခါ အတွေ့အကြုံ ကြားဖူးနားဝပိုများသော ဦးဘမောင်က -

"လောကမှာ လူတွေအကုန်အစင် မသိနိုင်တဲ့ ထူးခြား ဆန်းကြယ်တာတွေ အများကြီးရှိတယ် ငါ့တူ၊ တိရစ္ဆာန်နဲ့ပတ်သက်တဲ့ ထူးခြားဆန်းကြယ်မှု သစ်ပင်တောတောင်၊ ကျောက်တုံးကျောက်ခဲနဲ့ ပတ်သက်တဲ့ ထူးခြား ဆန်းကြယ်မှု အဲ - အခု ငါ့တူတွေ့ရတဲ့ ပန်းနဲ့ ပတ်သက်တဲ့ ထူးခြားဆန်းကြယ်မှုလည်း အများကြီးရှိတယ်။ သူယောင်ဂမုန်း၊ ကိန္နရာဂမုန်း၊ မြွေဂမုန်း၊ ဘီလူးဂမုန်းစတဲ့ လူတွေကိုဒုက္ခပေးတဲ့ ထူးခြားဆန်းကြယ်တာတွေရှိသလို အကျိုးပြုတဲ့စီးပွားဂမုန်း လာဘ်ခေါ်ဂမုန်းစတာတွေလည်း အများကြီးပေါ့။ သစ်ခွနဲ့ ပတ်သက်လို့ ဦးလေးကြားဖူးတာကတော့ ... သူယောင်သစ်ခွနဲ့ ကိန္နရာသစ်ခွ၊ ဗိုးသူတော်သစ်ခွ၊ ဒေါင်းမျှသစ်ခွ၊ ဒါတွေက လူကိုဒုက္ခတော့ မပေးဘူး။ ဒါပေမဲ့ ခင်မင်တဲ့သဘော၊ စချင်နောက်ချင်ပဲ့သဘောနဲ့ လူကိုတော့လှည့်စားတတ်တယ်။ ဖျားယောင်းတတ်တယ်ဆိုတာကိုတော့ဦးလေး ဘုန်းကြီးကျောင်းနေတုန်းက ဆရာတော် ပြောဖူးတယ်ကွယ့်"

"ပြီးတော့ - အခုလို မိန်းကလေးအရိပ်အရောင်တွေ့ရတဲ့ပန်းပွင့်ရဲ့ ဝတ်ဆံညှာကိုကြည့်ရင် အတွင်းမှာ မိန်းကလေးရဲ့ပုံရိပ်တစ်ခုကို တွေ့ရမယ်တဲ့၊ အဲသလိုပဲ ဒေါင်းပျံ၊ ဗိုးသူတော်၊ ဘီလူး စတဲ့ပန်းပွင့်တွေရဲ့ဝတ်ဆံညှာ အရင်းမှာလည်း ဒီလိုပဲ ပုံရိပ်တွေ ရှိနေတတ်တယ်တဲ့ ငါ့တူရဲ့"

ဟုထူးထူးဆန်းဆန်းစကားများဦးဘမောင်ထံမှကြားရသောအခါပို၍ပင် ရင်ခုန်လာမိသည်။ တကယ်လို့များ မိန်းကလေးရဲ့ပုံရိပ်ဆိုလျှင် အကြောင်းမဟုတ်၊ တခြားကြောက်မက်ဖွယ်ရာဘီလူးရုပ်ပုံရိပ်များ တွေ့ရှိမည်ဆိုပါက အစားပျက်အအိပ်ပျက်ခံကာ မြူစုယူလာခဲ့သောသစ်ခွပန်းများကိုလွှင့်ပစ်ရတော့မည်။ တွေးရင်းဖြင့် ရင်မောသွားမိသည်။ ထိုစဉ်မှာ ဒေါ်လေးဒေါ်စန်းမြတလည်း -

"မင်းရဲ့ဗိုလ်မှူး ယူလာတဲ့သစ်ခွပန်းတွေကြည့်ရတာ တခြားသစ်ခွတွေနဲ့ မတူဘူး တစ်မျိုးကြီးပဲ၊ တို့ရွာမြောက်ဖျားကျေးပင်အိုင်နားက ကုက္ကိုပင်မှာရှိတဲ့ ကြက်တူရွေးပန်းရုံကြီး ကြည့်ရသလို ကြက်သရေမရှိဘူး။ အဲဒီကြက်တူရွေးပန်းရုံကြီးမှာ မြွေတွေဥလိုက်၊ ပေါက်လိုက်နဲ့ ကျီးကန်းတအာအာ ဆက်ရက်တကျီကျီ၊ တစ်ခါတစ်ခါ လက်မောင်းလောက်မြွေကြီးက ပန်းရုံထဲနေပြီး လျှာတစ်လစ် ထုတ်ပြနေသေးတယ်။ မင်းရဲ့သစ်ခွပန်းရုံကြီး ကြည့်ရတာလည်း အဲဒီလို အတူတူပဲ၊ ကြက်သီးထပြီး ကျောချမ်းစရာကောင်းနေတယ် ရန်နိုင်"





www.burmeseclassic.com

www.burmeseclassic.com

ဒေါ်စန်းမြမှာ ပွင့်ပွင့်လင်းလင်းကြီး ပြောချလိုက်ပြီးမှ သူတူတော်မောင် ရန်နိုင်ကို အားနာသွားမိသည်၊ သို့ကြောင့်လည်း ဒေါ်သန်းမြမှာ အဆင်ပြေ ချောမွေ့စေသော စကားဖြင့် ပြန်ပြောလိုက်ရသည်၊

"သစ်ခွကိုမြတ်နိုးတဲ့ဝါသနာကတော့ ဝါသနာပေါ့ရန်နိုင်ရယ်၊ ဒီဝါသနာ အတွက် အအိပ်အပျက် အစားပျက်တော့ မဖြစ်စေချင်ဘူး။ ကျန်းမာရေးလည်း ဂရုစိုက်ရဦးမယ်၊ တစ်ခုခု နေထိုင်မကောင်းဖြစ်လာရင် အစ်ကိုကြီးနဲ့မမကြီး တို့က ဒေါ်လေးတို့ပဲ အပြစ်ပြောလာမှာ"

"ဒါကတော့ စိတ်ချပါ ဒေါ်လေးရယ် အခုဟာကလည်း ဒီသစ်ခွမှာ အထူးအဆန်းတစ်ခု တွေ့လာရလို့ ကျွန်တော် စိတ်ဝင်စားမိတဲ့ အကြောင်း ဦးလေးနဲ့ဒေါ်လေးကို ပြောပြတာပါ"

ကိုရန်နိုင်မှာ မည်သို့ပင်ဆိုစေ လပြည့်ညမှာ တွေ့လိုက်ရသော မိန်းမ ပျိုလေးအား သတိရနေမိသည်၊ နောက်လပြည့်ညတွေကိုလည်း မြန်မြန်ပင် ရောက်လာစေချင်သည်၊ လပြည့်ညတိုင်းမှာ သူလာပါစေဟုလည်း စိတ်ထဲက ဆုတောင်းနေမိသည်၊ "ဒီတစ်ခါတွေ့ရင် လူလား - နတ်လား အမျိုးအနွယ်နဲ့ နာမည်လေးကိုပါ မေးမြန်းပြီး ရင်ထဲက သတိရစွဲလမ်းမိတဲ့အကြောင်း ပြောပြ မည်" စသည်ဖြင့် စိတ်ကူးထဲတွေးရင်း ကျေနပ်နေမိသည်၊

သိပ်မကြာလိုက်ပါ၊ မှတ်မှတ်ရရ ကဆုန်လပြည့်နေ့သို့ ရောက်ရှိလာပါ သည်၊ ရပ်ကွက်သူ၊ ရပ်ကွက်သားများ မဟာသွန်သာရာဘုရားနှင့် ကျောင်း တော်ကြီးဘုရားများသို့ ကဆုန်ညောင်ရေသွန်းလောင်းရန် ပျော်ရွှင်မျှော်ပါ သွားလာလျက် ရှိနေကြသည်၊ ရန်နိုင်မှာ မည်သည့်ဘုရားသို့မျှ သွားရန် စိတ်ကူးမရှိ၊ သူ စိတ်စောနေသည်မှာ လပြည့်ညမှာ ရောက်ရှိလာမည့် ဖက်ဖူးရောင် မိန်းမပျိုလေးပင်ဖြစ်၏၊ ထိုသို့သတိရမိသည်နှင့်အတူ ရန်နိုင်၏ ရင်ထဲတွင်လည်း တင်းကြပ်စွာ ခံစားလာခဲ့သည်၊ သူ့အလာကိုလည်း စောင့်မျှော်နေမိသည်၊ ထမင်းကိုလည်း ဟုတ်တိပတ်တိ မစားဖြစ်သည်မှာ လွန်ခဲ့သော လပြည့်ညက စတင်လာသော ဝေဒနာတစ်ခု၊ အလုပ်ပင်ပန်း ခြင်းနှင့် အိပ်ရေးပျက်ခြင်းကြောင့်လည်းဖြစ်နိုင်သည်၊ ယခုလညတွင်လည်း ထမင်းစားချင်စိတ်ရှိသဖြင့် ဒေါ်လေးစန်းမြအား ဟောလစ်တစ်ခွက်နဲ့ကြက်ဥ တစ်လုံး ပြုတ်ပေးရန် မှာထားခဲ့ပြီး သစ်ခွခြံထဲ ဆင်းလာခဲ့သည်၊



ည ၈နာရီခန့်ရှိနေသဖြင့်ပန်းရုံထဲက မီးရောင်စုံများကို ဖွင့်လိုက်ပြီး အတွင်းသို့ဝင်လာခဲ့သည်၊ သစ်ခွပန်းများကိုတစ်ခေါက်နှစ်ခေါက် လှည့်ပတ် ကြည့်ရှုပြီး သုတေသနစားပွဲတွင် ဝင်ထိုင်လိုက်သည်၊ ရုက္ခဗေဒ၏ ထူးခြား ဆန်းကြယ်မှုဆိုင်ရာ သစ်ခွနဲ့ပတ်သက်သော အင်္ဂလိပ်ဘာသာစာအုပ်ကြီး အား ဖတ်ရှုနေလိုက်သည်၊ ခဏအကြာတွင် ဒေါ်စန်းမြမှာ ဟောလစ်နဲ့ ကြက်ဥပြုတ်လာပို့ရင်း ရန်နိုင်ဖတ်နေသော အင်္ဂလိပ်စာအုပ်ကြီးနဲ့ရန်နိုင် စိတ်ဝင်စားနေသော နတ်သမီးသစ်ခွအား တစ်ချက်စီစောင်းငဲ့ကြည့်လိုက် ပြီး -

"ရန်နိုင် - အိပ်ရေးပျက်မခံနဲ့နော် - စောစောအိပ်စောစောထပေါ့"

"အခုက ဘာလဲ... မင်းရဲ့လပြည့်ည ကောင်မလေးကို စောင့်နေတာ မဟုတ်ဘူးလား၊ အော် - အဲ - မင်းရဲ့လပြည့်ညလရောင်အောက်က သစ်ခွ ပန်းကို စောင့်ကြည့်နေတာလား၊ ရန်နိုင်"

ဒေါ်စန်းမြမှာစကားပြောလျှင် တဲ့တိုးကြီး ပြောတတ်သဖြင့် တစ်ခါတစ်ခါ အလိုက်မသိဖြစ်သွားတတ်သည်၊ ထို့ကြောင့်လည်း စကားကိုပြင်ပြောကာ ရန်နိုင်အနားမှအိမ်ဘက်သို့ပြန်ထွက်လာခဲ့သည်၊ အိမ်ပေါ်ရောက်သောအခါ သူ့ယောကျ်ားဦးဘမောင်အား -

"ကိုဘမောင်....ရှင့်တူရန်နိုင်တော့ [illegible]သူ့လပြည့်ညကောင်မလေး ကို စောင့်မျှော်နေတယ်နဲ့တူတယ်၊ ကြ[illegible]ဘာသိပ်နေကောင်းပုံလည်း မရဘူး၊ ဒ႒သားကလည်းဖြူဖပ်ဖြူရော်နဲ့၊ [illegible]လကလည်း အတော်တိုက်နေ တယ်၊ ရှင် - ရန်နိုင်အခြေအနေကို ဒီပြတင်းပေါက်ကနေပြီး စောင့်ကြည့် နေဦး၊ အိပ်ချင်ရင် ကျွန်မကို နှိုးပါ၊ ဒီကောင်စိတ်တစ်ဖွတ်ထိုးရယ်နဲ့ခက်ပါ တယ်လေ"

ဒေါ်စန်းမြတစ်ချက်ညည်းကာ အိပ်ခန်းထဲ ဝင်သွားသည်၊ ဦးဘမောင် မှာလည်းပြတင်းပေါက်နားမှရန်နိုင်၏အခြေကိုစောင့်ကြည့်လျက်ရှိနေလေ သည်၊

— ○ —



www.burmeseclassic.com

www.burmeseclassic.com

လပြည့်ညာ၏လမင်းကြီးမှာဝိုင်းစက်ပြည့်ဝန်းပြီးတဖြည်းဖြည်းမြင့်တက်လာလျက် ရှိနေသည်၊ ရန်နိုင်မှာ ပန်းရုံထဲက သုတေသနစားပွဲတွင်ထိုင်ရင်း ရုက္ခဗေဒ၏ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များကို စိတ်ဝင်တစား ဖတ်ရှုလျက်ရှိရာမှ အိပ်ရေးပျက်များခြင်းကြောင့်လား အလုပ်ကပင်ပန်း၍လား မပြောတတ်၊ ဖက်ကြောတစ်ရလုံး အုံ့ခဲတက်လာကာ တစ်ချက်တစ်ချက် မူးမေ့ချင်သလို ဖြစ်လာ၏၊ ထို့ကြောင့်လည်း စားပွဲပေါ် အသင့်ရှိနေသော ရှုဆေးအား ကောက်ယူကာ ဖြေးညင်းစွာရှူသွင်းနေလိုက်သည်၊ ညဦးနက်လာသော်လည်းလမင်းကြီးမှာသာနေဆဲ၊ဘိုကုန်းဘက်မှငှက်ဆိုးနစ်ကောင် "ဂီး – ဂီး – ဂီး နဲ့ အော်မြည်ကာ ရန်နိုင်၏သစ်ခွခြံအပေါ်မှ ဖြတ်ကျော်ပျံသန်းသွားသည်၊ အတွင်းဖက်ရှိ ခြံဝင်းများမှ ခွေးတစ်အုပ်၏ စူးစူးဝါးဝါး ထိုးဟောင်သံကိုလည်း ကြားလိုက်ရသည်၊ ထိုစဉ်မှာ –

ကိုရန်နိုင်ရှေ့ကျောက်ပုံသဏ္ဍာန် ပြုလုပ်ထားသော သစ်ခွတောင်ရှေ့တွင် တစ်နေ့က တွေ့လိုက်ရသော ဖက်ဖူးနုရောင်ကောင်မလေးမှာ ဘယ်အချိန်က ရောက်နေသည်မသိ၊ ရန်နိုင်အား ရပ်လျက်မှ ပြုံးပြနှုတ်ဆက်နေသည်ကိုတွေ့လိုက်ရသည်၊ ရန်နိုင်မှာ အလွန်ပင် ဝမ်းသာသွားပြီး ထိုင်ခုံမှထကာ မိန်းကလေးနားသို့ရောက်ရှိသွားသည်၊

"ဒီနေ့ … လပြည့်ညမို့ မင်းလာ တာလားဟင်"

ရန်နိုင်က သူမအနားသို့ရောက်ကာ မေးလိုက်သော်လည်း မရှောလေးက ဘာမှ ပြန်မပြောပဲ ပြုံးပြရင်း ညို့ယူဖမ်းစားနေသလိုနဲ့ ရပ်ကြည့်နေသည်၊ ရန်နိုင်မှာအားမလိုအားမရစိတ်မရှည်တော့ပဲ ကောင်မလေးအား လှမ်းဖက်လိုက်သည်၊ ရန်နိုင် လှမ်းဖက်လိုက်ပုံမှာ စိတ်ပါလက်ပါဖြစ်ပြီး လွတ်ထွက်သွားမည်ကိုပင် အလွန်စိုးရိမ်ခြင်းကြောင့် တအားကြုံးဖက်လိုက်ခြင်း ဖြစ်သည်၊ သို့သော်လည်း ရန်နိုင်လက်များက ကောင်မလေးကို မဖက်မိဘဲ လေကိုသာ ဖွေ့မိသလို ခံစားလိုက်ရသည်၊ ထိုသို့ ခံစားသိရှိလိုက်ရချိန်တွင် ရန်နိုင်မှာ ဘာကိုမျှမမြင်ရတော့ပဲ မိုက်ခနဲဖြစ်ကာ မူးမေ့ပြီး ယိုင်လဲသွားတော့သည်၊ နားထဲတွင် ညဦးနစ်ရျက်တီးသံချောင်းခေါက်သံနှင့်အတူ တစ်ဖက်ခြံမှ စူးရှူးဝါးဝါး ခွေးဟောင်သံများကို နားထဲမှ သဲ့သဲ့ကြားလိုက်ရသည်၊

မူးမေ့လဲကျသွားသည်မှာမည်မျှကြာသွားသည်မသိ၊သတိရပြီးမျက်လုံး ဖွင့်ကြည့်ချိန်တွင် ကောင်းကင်ပေါ်၌ မိုးသောက်ကြယ်ကြီးပင် အတော်မြင့်တက်နေသည်ကို တွေ့ရသည်၊ လဲကျနေသည့်နေရာအား သေချာကြည့်မိသောအခါ သူ့ခေါင်းတွင် ကျိုးပြတ်ကျနေသော ရွှေဝါရောင်သစ်ခွပန်းကြီး တစ်ခိုင်အား တွေ့ရသဖြင့် ကောက်ယူကြည့်မိသည်၊ ရင်ထဲက နဖြောတသစွာ ခံစားလာရပြီး တစ်နေ့က ဦးလေးဘမောင် ပြောပြသော ဝတ်ဆံညှာ အတွင်းမှ ပုံရိပ်ဆိုသောစကားကို သတိရလာသည်၊ အမြန်သိလိုသဖြင့် ဓာတ်ခွဲခန်းစားပွဲရှိ အလင်းအားကောင်းသော မီးချောင်းအား ဖွင့်လိုက်ပြီး ပွင့်ဖတ်လွှာအတွင်းမှ ဝတ်ဆံညှာအရင်းသို့ မှန်ဘီလူးဖြင့် ကြည့်လိုက်သည်၊

"ဟိုက် … အား – လား – လား – မာ – မာ" မာယာများသော သစ်ခွပန်းထဲမှာ မိန်းမပျိုလေးအယောင်ဆောင်ကြံစည်ခဲ့သော ဘီလူးကြီးမှာ အစွယ်ငေါငေါဖြင့် စောင့်ကြောင့်ထိုင်နေသော ပုံရိပ်အား တွေ့လိုက်ရသဖြင့် ရန်နိုင်မှာ အကြောက်ကြီးကြောက်လန့်တုန်လှုပ်ကာ သုတေသနစားပွဲ၌ပင် မူးမေ့လဲကျသွားပြန်လေတော့သည်၊


နောက်နေ့မနက်တွင် အသားဖြူဖပ်ဖြူရော်ဖြင့် ပြူးကြောင်ကြောင်ဖြစ်နေသော ရန်နိုင်အား ဦးဘမောင်ဒေါ်ဝန်းမြတို့က အင်းစိန်ဆေးရုံကြီးတွင် ဌာသရန် ရောက်ရှိသွားကြစဉ် ကိုရန်နိုင် နှုတ်များမှ အသံထွက်ပြောဆိုလာသည့် စကားမှာ "မာယာ – မာယာ – မာယာရှင်သစ်ခွ – မာယာရှင်သစ်ခွ" ဟူ၍သာ ဖြစ်လေတော့သည်၊

◌ ကောင်းစံဟိန်း (မန်နေဝန်း)



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

# အချိန်တံတိုင်း၏ အခြားတစ်ဖက်...

**နတ်မိမယ်**

တစ်နေ့သော နံဝင်ဘာ၏ ညနေခင်း ...။

ပြည့်စုံသူကထိုင်ခုံပေါ်ထိုင်နေရင်းမှ ခါးမတ်ကာအညောင်းဆန့်လိုက်ပြီး လက်မှ နာရီကို မြှောက်ကြည့်လိုက်သည်။ ညနေ ခြောက်နာရီခွဲတော့မည်။

သူလိုက်ပါ စီးနင်းလာသော အဝေးပြေးကားကြီးက မြို့လေးထဲသို့ စတင်ဝင်ရောက်လာပြီဖြစ်သည်။ သူက ထိုင်ခုံတွင်ပြန်မှီလိုက်ရင်း ကားမှန်မှ လမ်းဘေးရှုခင်းများကို ငေးမောနေမိသည်။

မြို့ထဲဝင်ခါစမို့ လူနေအိမ်များ သိပ်မတွေ့ရသေးပဲ လမ်းဘေးဝဲယာတွင် စိုက်ပျိုးရေးခြံများ၊ ပန်းစိုက်ခင်းများ၊ မွေးမြူရေးခြံလေးများကို တွေ့ရသည်။ မြို့ထဲ မဝင်ခင်ကတော့ လမ်းဘေးတွင် တောင်ယာ စိုက်ခင်းများကို တမျှော်တခေါ် မြင်ခဲ့ရသည်။ မြေလတ်ပိုင်းဒေသမှ မြို့ငယ်လေးမို့ မြို့နေလူ အချို့က တောင်ယာ လုပ်ကိုင်ကြဟန် တူပါသည်။

သူကတော့ စိမ်းလန်းစိုပြေသော ရှုခင်းများကို ငေးမောရင်း စိတ်တွေ လွတ်လပ် ပေါ့ပါးသွားရသည်။ ရန်ကုန်မြို့လယ်တွင် နေလာခဲ့သော သူ့အတွက် ယခုလို သန့်ရှင်းလတ်ဆတ်သော သဘာဝလေကိုပင် မရှူရှိုက်



ရတာ ကြာပြီ မဟုတ်လား။ တစ်နေ့တစ်နေ့ လေးလွှာက သူ့တိုက်ခန်းထဲမှာပဲ တကုပ်ကုပ် စာရေးရင်း အချိန်ကုန်ခဲ့ရသည်။ မီးရောင်စုံတွေ၊ လူမျိုးစုံတွေ ရှုပ်ယှက်ခတ်နေသော ဘားတွေ၊ ကလပ်တွေမှာလည်း သူက အပန်းဖြေတတ်သူ မဟုတ်ပါ။

တစ်ခါတလေတော့ပြင်ဦးလွင်ဖြစ်ဖြစ်၊ ချောင်းသာဖြစ်ဖြစ်သွားကာ အနားယူသည်။ သို့သော်အနားယူရသည်ဟုဆိုရသည့်တိုင်အောင် ထိုကာလအတွင်း လုံးချင်းတစ်အုပ်တော့ ပြီးအောင် ရေးဖြစ်သည်။ ထုတ်ဝေသူက သူ့ကို တစ်နေ့ရွှေဥတစ်လုံးဥသော ငန်းမလို တစ်လတစ်အုပ်ရအောင် အတင်း တိုက်တွန်း ရေးခိုင်းနေသည် မဟုတ်လား။ စာအုပ်ကောင်း တစ်အုပ်ဖြစ်ရန် အချိန်ယူပြီး ရေးလေ့ရှိသော သူ့အတွက် တစ်လတစ်အုပ်ပြီးအောင် မနည်း ကြိုးစားရလေသည်။ သူ့စာအုပ်တွေက လူငယ်တွေကြား ရေပန်းစားခဲ့သော်လည်း လက်နဲ့ထိတိုင်း ရွှေဖြစ်သော ဘက်ဆဲလားတစ်ယောက်တော့ မဖြစ်သေးသည်မို့ ကြိုးစားမှုကို ရပ်တန့်ထားဖို့ မဖြစ်နိုင်သေးပေ။

ပြည့်စုံက ဖတ်လက်စ စာအုပ်ကို ကျောပိုးအိတ်ထဲ ထည့်လိုက်ရင်း သူငယ်ချင်းဖြစ်သူ ညီညီ ပြောခဲ့သောစကားများကို သတိရသွားမိသည်။ ညီညီကတော့ နယ်မှ ကျောင်းလာတက်သော ဤမြို့သူ ဝေဝေလွင်နှင့် လက်ထပ်လိုက်သည်။ ထို့နောက် ဝေဝေလွင်၏ဇာတိမြို့ကလေးသို့ လိုက်ပါသွားလေသည်။ သို့တိုင်အောင် သူနှင့်ညီညီက အဆက်အသွယ် မပြတ်ခဲ့ပါ။ ဖုန်းအဆက်အသွယ် ရှိကြသည့်အပြင် ညီညီက ရန်ကုန်သို့ မကြာခဏ လာတတ်သဖြင့် သူနှင့် မကြာခဏ တွေ့ရပါသည်။

ထိုသို့တွေ့တိုင်းလည်း ညီညီက သူ့မြို့လေးသို့ လာလည်ဖို့ သူ့ကို ပြောတတ်သည်။ တိုက်ခန်းထဲမှာပဲ အောင်းနေတတ်သော သူ့ကိုလည်း အားမလို အားမရ ဖြစ်နေလေသည်။

"တို့မြို့လေးက နယ်မြို့လေးဆိုတော့ ရန်ကုန်မှာလို ကားတွေလူတွေ ရှုပ်ယှက်ခတ် မနေဘူးကွ၊ အရမ်းတိတ်ဆိတ်အေးချမ်းတာ၊ မင်းလို စာရေးဆရာတွေအတွက်တော့ အနေအထားက စိတ်ကြိုက်ပဲ ပတ်ဝန်းကျင်ကသစ်



www.burmeseclassic.com

www.burmeseclassic.com

ကိုရောက်တော့ မင်းလည်း စိတ်တွေ Relax ဖြစ်တာပေါ့ကွာ၊ တို့မြို့လေးကို လာဖြစ်အောင် လာခဲ့စမ်းပါ"

ညီညီက မကြာခဏ ခေါ်သော်လည်း ဤမြို့သို့ သူတစ်ခါမျှ မရောက်ခဲ့ပါ။ သူနေသောရန်ကုန်နှင့်ဝေးလွန်း၍လည်းဖြစ်သည်၊ ယခုပဲကားကိုတစ်နေကုန် စီးလာရသည် မဟုတ်လား။ ဒီကြားထဲ ကားပေါ်တွင် ဖွင့်ပြထားသော ဗီဒီယိုကားများ၏ အော်ဟစ်သံ၊ ရှုည့်သံများကို တစ်လမ်းလုံး နားမချမ်းသာဖွယ်ရာ ခံစားခဲ့ရလေသည်။

သူတွေးနေစဉ်မှာပင် အဝေးပြေးဂိတ်တွင် ထိုးရပ်သွားသည်၊ သူက အဝတ်အစားအိတ်ကို ဆွဲကာ ကားပေါ်မှ ဆင်းလာခဲ့သည်၊ ဒီမှာ သူ့ကို လာကြိုမည့်သူ မရှိပါ။

တိုက်တိုက်ဆိုင်ဆိုင်ပင် သူက ဒီကိုလာဖို့ ပြင်ဆင်နေစဉ် ညီညီ - တို့ လင်မယားက ရန်ကုန်သို့ရောက်လာသည်၊ ညီညီ၏ အဖေ ကျန်းမာရေး မကောင်း၍ လာရောက် ပြုစုကြခြင်း ဖြစ်သည်၊ ရန်ကုန်တွင် သုံးလေးရက် ကြာဦးမည်တဲ့၊ သူက အစီအစဉ်ကို ဖျက်မည်ပြုတော့ ညီညီက အဖျက်မခံ၊ သူ့ကို အိမ်သော့ပေးလိုက်ကာ အိမ်မှာ သွားနေနိုင်းသည်၊ သူက ငြင်းဆန်သော်လည်း ညီညီ၏ ဇနီးမဝေကပါ အတင်းတိုက်တွန်းနေ၍ အိမ်သော့ကို လက်ခံ ထားလိုက်ရလေသည်။

သူက ကားဂိတ်လက်ဖက်ရည်ဆိုင်မှ လူတစ်ယောက်အား ညီညီတို့ အိမ်ကို မေးတော့ ထိုလူက -

"ကိုညီညီအောင်တို့ အိမ်ကြီးကိုပြောတာလား ဒါဆို အစ်ကို ကျော်ခဲ့ပြီ၊ သူတို့အိမ်က ဟိုဖက်မြို့စွန်မှာလေ အစ်ကို နောက်ပြန်လျှောက်ရလိမ့်မယ်" ထိုစကားကြောင့် သူစိတ်မောသွားရသည်၊ ကားအကြာကြီး စီးရတာပင်ပန်း ပါသည်ဆိုမှ လမ်းလျှောက်ရလိမ့်ဦးမည်။

"သူတို့အိမ်က တစ်ထပ်တိုက်အဟောင်းကြီးလေ၊ အစ်ကိုမြင်ရင် သိမှာပါ၊ အဲဒီခြံဘေးမှာ တခြားအိမ်မရှိဘူး၊ အဲဒီအိမ်ကြီးတစ်အိမ်ပဲ ရှိတယ်" ထိုလူပြောခဲ့သလိုပင်၊ အခြားလူနေအိမ်များနှင့် ဝေးကွာနေပြီး အိုမင်းဟောင်းနွမ်း



နေသော တစ်ထပ်တိုက်ကြီးကို ခြံဝင်းကျယ်ကြီးထဲတွင် အလွယ်တကူ တွေ့မြင်လိုက်ရသည်၊ အိမ်ကြီးကို မြင်ခါမှ မဝေတို့ မျိုးရိုးစဉ်ဆက် နေထိုင်ခဲ့ပြီး သက်တမ်းနှစ် (၁၀၀)ခန့်ရှိပြီဆိုသော ညီညီစကားကို အကြွင်းမဲ့ယုံမိလေသည်။

သူက ညီညီပေးလိုက်သော သော့ဖြင့် ခြံတံခါးကို ဖွင့်ပြီး ခြံထဲဝင်လာခဲ့သည်၊ ပတ်ဝန်းကျင်က အလင်းရောင်ပျောက်ကာ အမှောင်ဖုံးစပြုပြီ၊ မီးအလင်းရောင် ကင်းမဲ့သော အိမ်ကြီးက ဝိုးတဝါးအလင်းရောင်အောက်တွင် အနက်ရောင် သတ္တဝါကြီးတစ်ကောင် ထိုင်နေသလိုပင်၊

"အိမ်ရှေ့တံခါးမကြီးကနေ ဝင်သွားရင် ဧည့်ခန်းကိုရောက်မယ်၊ နံရံမှာ မီးခလုတ်တွေရှိတယ်၊ အိပ်ခန်းတွေ အများကြီးရှိတယ်၊ မင်းကြိုက်တဲ့အခန်းမှာ အိပ်လို့ရအောင် ငါသော့တွေ ပေးလိုက်မယ်၊ အိမ်နောက်ဘက်က တံခါးလေးက အရင်တုန်းက ထမင်းချက်တို့ အိမ်ဖော်တို့ဝင်ရတဲ့ တံခါးပေါ့၊ ခုတော့ မသုံးဖြစ်ပဲ ပိတ်ထားတာကြာပြီ၊ မင်းအဆင်ပြေသလို နေနော်၊ ဟော့ကောင် - ဘာမှ အားနာစရာ မလိုဘူး"

ညီညီစကားများကိုစဉ်းစားရင်း သူက သော့တွဲကိုကိုင်ကာလျှောက်လာခဲ့စဉ်...

ဆင်ဝင်အောက်တွင် ရပ်ထားသော ကားတစ်စီးကို မြင်လိုက်ရ၍ သူအံ့ဩသွားမိသည်၊ ညီညီတို့ လင်မယားက တစ်စီးတည်းသောကားကို ရန်ကုန်သို့ ယူသွားကြသည် မဟုတ်လား၊ ဒီကားက ဒီအိမ်မှာ ဘယ်လို ရှိနေတာလဲ၊ ပြီးတော့ ကားပုံစံက ရှေးခေတ်က တောက်စ်ဝက်ဂွန်းကားမျိုး၊

သူက ထိုကားလေးကို ထူးဆန်းစွာ ရပ်ကြည့်နေစဉ်မှာပင် မထင်မှတ်ဘဲ စကားပြောသံသဲ့သဲ့ကို ကြားလိုက်ရသလို ထင်လိုက်မိသည်၊ စကားပြောသံက လူတစ်ယောက်မှ မရှိဟူသော အိမ်ကြီးထဲမှ ဖြစ်သဖြင့် ဒိန်းခနဲ ခုန်သွားကာ တစ်ကိုယ်လုံး တောင့်မတ်သွားရသည်၊

ဘာဖြစ်တာလဲ၊ ညီညီက ပြောခဲ့တာတော့ အိမ်မှာ လူတစ်ယောက်ကို သော့ခတ်ပိတ်ထားခဲ့သည်တဲ့၊ သော့တွေကို သူ့ကို ပေးလိုက်သည် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

လား၊ လူမရှိသည့်အိမ်ထဲက ဘာကြောင့် စကားသံတွေ ကြားနေရတာလဲ၊ မြို့ထဲပိုင်းမှာနေသော မဝေရဲ့အမျိုးတွေရောက်နေတာများလား။

သူက တွေးရင်း တံခါးအနီးသို့တိုးကပ်လာခဲ့သည်၊ အတွင်းမှမီးရောင်က အပြင်သို့ တစ်စွန်းတစ်စ ဖြာကျနေသည်၊ သူက စေ့ပိတ်ထားသော တံခါးကို ဖွင့်ဖို့ မကြိုးစားသေးပဲ တံခါးနားကပ်ကာ စကားသံများကို နားထောင်ကြည့်မိသည်၊ အသံက ယောကျ်ားသံများ ဖြစ်သည်၊ စကားသံများကို သဲသဲကွဲကွဲ ကြားလိုက်ရသောအခါ သူပို၍ အံ့ဩသွားမိလေသည်၊

သူတို့ပြောနေကြသည်မှာ မြန်မာဘာသာဖြင့် မဟုတ်ပဲ အင်္ဂလိပ်ဘာသာဖြင့် ပြောနေကြခြင်း ဖြစ်သည်၊ သူက အင်္ဂလိပ်စကားကို အတော်အသင့် နားလည်သော်လည်း သူတို့ ပြောနေသည်က သိပ်မကျယ်လှသဖြင့် ဘာမှနားမလည်ပါ၊ သူတို့က ဘယ်သူတွေလဲ၊ ဘာကြောင့်အင်္ဂလိပ်လိုစကား ပြောနေရတာလဲ၊

သူအတွေးရခက်စွာဖြင့် ထိုနေရာတွင် ရပ်နေမိစဉ်မှာပင် –

သူ့လက်မောင်းကို လက်တစ်ဖက်က လာရောက်ထိကိုင်လိုက်သဖြင့် ရုတ်တရက် သူလန့်သွားကာ ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်၊ သူတွေ့လိုက်ရသည်က သူ့ကို မျက်လုံးအဝိုင်းသားဖြင့် ကြည့်နေသော မိန်းကလေး တစ်ယောက်၊

သူက စကားပြောမည်ပြုတော့ မိန်းကလေးက ပါးစပ်ရှေ့တွင် လက်ညှိုးလေးထောင်ကာ ရှူးဟု လုပ်ပြသည်၊ ထို့နောက် သူ့လက်မောင်းကို ကိုင်ကာ အိမ်ဘေးမှ မှောင်ရိပ်သို့ ဆွဲခေါ်သွားသည်၊ သူလည်း ဘုမသိ ဘမသိဖြင့် သူမ ဆွဲခေါ်ရာနောက်သို့ လိုက်လာခဲ့မိသည်၊ အိမ်ထဲမှ စကားသံများကိုမကြားရသောနေရာရောက်မှ သူမက ရပ်တန့်လိုက်သည်၊ ထို့နောက် သူ့ကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီး –

"ရှင်က … ဘယ်သူလဲ – ဖေဖေ့မိတ်ဆွေလား" ဟု မေးသည်၊

သူမ မေးခွန်းကြောင့် သူ အူကြောင်ကြောင် ဖြစ်သွားရသည်၊ ခုမှ တွေ့သောသူ့ကိုဘာကြောင့်ဖေဖေ့မိတ်ဆွေလားဟုမေးနေရပါလိမ့်၊ပြီးတော့



ထိုမိန်းကလေးကို သေချာကြည့်မိတော့ အဝတ်အစား၊ အပြင်အဆင်တွေကလည်း ထူးဆန်းနေသည်၊

စတစ်လည်ထောင်ရင်ဖုံးအင်္ကျီမှာ လက်ရှည်ဖြစ်ပြီး လက်ဖျားမှာ အနည်းငယ် ပွသွားသည်၊ တွဲဝတ်ထားသော လုံချည်မှာ ယခုခေတ် ပွဲနေ ပွဲထိုင်များမှသာ မိန်းကလေးအချို့ဝတ်လေ့ရှိသော အချိတ်ကြီးကြီးနှင့် ခပ်ရိုးရိုးပုံစံဖြစ်သည်၊ ရှည်လျားသောဆံပင်ကို အပြောင်သိမ်းကာ တစ်ပတ်လျှို့ထုံးထားပြီး ကျန်သော ဆံပင်စကို ရင်ဘတ်ပေါ်ချထားသည်၊ လည်တိုင်တွင်ဒေါင်းပုံသဏ္ဌာန်ရွှေဘယက်ကိုလည်း ဝတ်ထားသေးသော သူမပုံစံမှာ သူကြည့်ဖူးသော အဖြူအမည်း ရှေးခေတ်ရုပ်ရှင်ကားထဲမှ ထွက်လာသလိုပင်၊

"ရှင် … ဒီအိမ်ကို ဘာလာလုပ်တာလဲ"

မိန်းကလေးက ထပ်မေးလိုက်မှ သူသတိဝင်သွားသလို ဖြစ်ကာ –

"ဩော် … ကျွန်တော်က ဒီအိမ်မှာ နေဖို့ လာခဲ့တာပါ၊ ကျွန်တော့ သူငယ်ချင်းညီညီအောင်က လွှတ်လိုက်လို့ပါ"

သူ့စကားကြောင့်သူမကစဉ်းစားသလိုမျက်မှောက်ကလေးကြုတ်လိုက်ရင်း –

"ညီညီအောင် ဖေဖေ့မိတ်ဆွေထဲမှာတော့ဒီနာမည်မကြားဖူးသေးဘူး၊ အင်းလေ … ကျွန်မ မသိတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ ဒါနဲ့ ရှင်တစ်ယောက် တည်းလား"

"ဟုတ်ကဲ့ … ကျွန်တော်တစ်ယောက်တည်းပါ"

သူမ – သက်ပြင်းတစ်ချက်ကို ခပ်ဖွဖွ ချလိုက်ပြီး –

"ရှင့်ကြည့်ရတာ အဖွဲ့ဝင်အသစ်ဖြစ်မယ် ထင်တယ်၊ သူတို့က ရှင့်ကို ဘယ်လိုနေထိုင်ရမယ်၊ ဘယ်လိုလှုပ်ရှားရမယ်ဆိုတာ သေချာ မပြောပြရသေးဘူး ထင်တယ်"

"ဗျာ"

သူမစကားကို သူနားမလည်စွာ ရေရွတ်လိုက်မိသည်၊ သူမက ဆက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com

"ဘာပဲဖြစ်ဖြစ်ဒီလိုတော့ရှင်အတင့်မရဲသင့်ဘူး၊ ကျွန်မတို့ကရှင်တို့တွေကို ကူညီထောက်ပံ့ပေးနေတယ်ဆိုပေမယ့် ဒါကို လူသိခဲ့လို့ လုံးဝ မဖြစ်ဘူးလေ၊ အဲဒီအဖြူကောင်တွေဆိုရင် ပိုပြီး သတိထားရမယ်၊ ဒါနဲ့ - နေပါဦး ဒီနေ့အထက်ကအရာရှိတွေ ဒီအိမ်ကို ရောက်လာမယ်ဆိုတာ ရှင့်သူငယ်ချင်းက မပြောလိုက်ဘူးလား" သူမစကားကို သူက အူတူတူဖြင့် -

"ဟို - ညီညီကတော့ ဘာမှ မပြောဘူးဗျ၊ ဒီအိမ်မှာ လူတစ်ယောက်မှ မရှိဘူးတဲ့၊ မင်း - စိတ်ကြိုက်အနားယူနိုင်တယ်တဲ့ အဲဒီလိုပဲ ပြောလိုက်တာ"

"အင်းလေ ... ဟုတ်နိုင်ပါတယ် မနက်ကအထိတော့ အိမ်မှာ ရှင်းလင်းသေးတာပဲ၊ သူတို့က ညနေမှ ရုတ်တရက် ရောက်လာကြတာလေ တော်သေးတာပေါ့၊ ရှင်အိမ်ထဲဝင်မသွားသေးလို့ ရှင့်ကိုသာ သူတို့တွေ့သွားရင် ဘယ်လို ဖြေရှင်းရမယ်မှန်းတောင် သိတော့မှာ မဟုတ်ဘူး၊ ရှင့်ကြောင့် ဖေဖေပါ ဒုက္ခရောက်သွားနိုင်တယ်"

သူမ ပြောသမျှကို သူ ဘာမှ နားမလည်ဘဲ ပါးစပ်အဟောင်းသားဖြင့် နားထောင်နေမိသည်၊ ဘာတွေလဲ သူမ ဘာတွေပြောနေတာလဲ၊ အဖွဲ့အစည်းတွေ၊ အထက်အရာရှိတွေ အဖြူကောင်တွေ သူ ဘာမှ နားမလည်ပါ။

"ရှင်ဝင်လာတာကို ထမင်းစားခန်းထဲကနေ လှမ်းမြင်လို့ ကျွန်မထွက်လာတာ အခု လောလောဆယ်တော့ ရှင် ဖေဖေနဲ့တွေ့လို့ရမှာ မဟုတ်သေးဘူး၊ သူတို့ပြန်သွားမှပဲ ဖေဖေနဲ့တွေ့ရလိမ့်မယ်"

ကျွန်တော် ခင်ဗျားအဖေနဲ့ ဘာကြောင့်တွေ့ရမှာလဲ ... ဟု သူမေးမည်ပြုစဉ်မှာပင် -

အိမ်ရှေ့တံခါးမကြီးက ကျွီခနဲ ပွင့်လာကာ လူတစ်ယောက် ထွက်လာသည်၊ သူမက ဟောတော့ - ဟု ရေရွတ်လိုက်စဉ်မှာပင် သူက အိမ်ထဲမှ ထွက်လာသော သူကို တအံ့တဩ ငေးနေမိသည်၊

စစ်အတွင်းကအင်္ဂလိပ်ရဲဝတ်စုံကိုဝတ်ထားပြီးပုလိပ်ဦးထုပ်ဆောင်းကာ သေနတ်ကိုင်ထားသော ထိုလူမှာ မြန်မာလူမျိုး မဟုတ်ပေ၊ တော်လှန်ရေး ဇာတ်ကားထဲမှ ထွက်လာသလို ထင်ရသော ထိုလူကို သူကြောင်ကြည့်နေစဉ်မှာပင် -



"လာ - လာ ကျွန်မနောက်လိုက်ခဲ့"

မိန်းကလေးက ခပ်တိုးတိုးပြောရင်း သူ့လက်မောင်းကိုဆွဲကာ ခေါ်သွားပြန်လေသည်၊ အိမ်၏အနောက်ဘက်နံရံသို့ရောက်သောအခါ ခပ်ကျဉ်းကျဉ်း တံခါးပေါက်တစ်ခုကိုတွေ့ရသည်၊ သူမက တံခါးကို ဖွင့်ကာဝင်သွားပြီး သူ့ကို ပါ လိုက်ဝင်ရန် ပြောသည်၊

သူက ဘာမှ မစဉ်းစားတော့ပဲ သူမခိုင်းသည့်အတိုင်း အိမ်ထဲဝင်လိုက်သည်၊ အထဲတွင် မှောင်မည်းနေ၍ ဘာမှ မမြင်ရပေ၊ မိန်းကလေးက ကြမ်းပြင်ပေါ်မှ တစ်စုံတစ်ရာကို ကောက်ယူလိုက်သည်၊ ထို့နောက် သစ်သား မီးခြစ်ခြစ်သံလိုလို ကြားလိုက်ရပြီး မီးရောင်မှိန်မှိန်လေး လင်းလာသည်၊ ထိုအခါမှ သူမလက်ထဲတွင် ကိုင်ထားသည်မှာ ယခုခေတ်တွင် ရှားပါးနေပြီ ဖြစ်သော ဟာရီကိန်း ရေနံဆီမီးအိမ်လေးမှန်း သိလိုက်ရသည်၊

သူမက မီးအိမ်ကို မြှောက်ကိုင်ကာ ရှေ့မှသွားရင်း -

"ဒီတံခါးက အိမ်ကအဲစေခံတွေ ဝင်ကြထွက်ကြတဲ့တံခါးလေ၊ ကျွန်မတို့ အတွက်ကတော့ သီးသန့်တံခါးအဖြစ် သုံးဖြစ်နေတာပေါ့" သူမစကားကြောင့် ညီညီပြောခဲ့တာတွေကို အမှတ်ရသွားမိသည်၊ ညီညီကလည်း အိမ်၏ အနောက်ဘက် နံရံတွင် ထိုသို့ တံခါးပေါက်လေး ရှိသည်ဟု ပြောခဲ့သည် မဟုတ်လား၊ သူ အိမ်မမှားတာတော့ သေချာမှုသည်၊

သူမက ရှေ့မှလျှောက်နေရင်းမှ အခန်းတစ်ခန်းရှေ့အရောက်တွင် ရပ်လိုက်ပြီး အခန်းတံခါးကို ဖွင့်လိုက်သည်၊

"ဒါ - ကျွန်မရဲ့အခန်းပဲ၊ ဧည့်သည်တွေမပြန်သေးသရွေ့တော့ရှင်ဒီအခန်းထဲမှာ ခဏ ပုန်းနေရလိမ့်မယ်"

"ပုန်းနေရမယ် ... ဟုတ်လား"

သူက အံ့ဩစွာ ပြန်မေးလိုက်သည်ကို သူမက ဘာမှ မထူးခြားသလို တန်ဖြင့် -

"ဒီလိုပဲ လုပ်ရလိမ့်မယ်ရှင့် - သူတို့ရှင့်ကိုတွေ့သွားရင် မလွယ်ဘူး၊ သူတို့ပြန်သွားတဲ့အခါ ရှင် လွတ်လွတ်လပ်လပ်နေလို့ ရမှာပါ၊ လောလော



www.burmeseclassic.com

www.burmeseclassic.com

ဆယ်တော့ ဒီအခန်းထဲမှာပဲ စကားနေလိုက်ပါဦး၊ ကျွန်မ ဧည့်ခန်းထဲကို ပြန်သွားရဦးမယ်" သူမက အခန်းထဲမှ ထွက်မည်ပြုပြီးမှ ပြန်လှည့်ကြည့်ပြီး -

"ရှင်...ဒီအခန်းထဲကနေ ဘယ်မှမသွားပါနဲ့နော်၊ အသံလည်းကျယ်ကျယ် မထွက်ပါစေနဲ့၊ ဒီအိမ်ထဲက ဘယ်သူမှ ရှင့်ကို တွေ့လို့မဖြစ်ဘူး၊ နားလည်ပါရဲ့နော်" သူမက ပြောပြီးသည်နှင့် အခန်းထဲမှ ထွက်သွားသည်၊ သူသာ ဘာမှ နားမလည်ပဲ အူကြောင်ကြောင်နှင့် ကျန်ခဲ့လေသည်၊

ဘာတွေ ဖြစ်နေမှန်းကို မသိတော့ပါ၊ ဒီလူတွေက ဘယ်သူတွေလဲ၊ ဒီ အိမ်ထဲမှာ ဘယ်လိုလုပ် ရောက်နေကြတာလဲ၊ မိန်းကလေးပြောတဲ့စကား တွေက ဘာအဓိပ္ပာယ်တွေလဲ၊ ထိုမိန်းကလေးကတော့ သူ့ကို အခန်းထဲက မထွက်နဲ့ဟု ပြောခဲ့သည်၊ လောလောဆယ်တော့ သူမစကားကို နားထောင် ပြီး နေရမလိုပင်၊

သူက တစ်ကိုယ်လုံး ပင်ပန်းညောင်းညာနေသဖြင့် ခုတင်ပေါ် ထိုင်ချ လိုက်မိသည်၊ ခုတင်က တစ်ယောက်အိပ်ခုတင်လေး ဖြစ်ပြီး မိန်းကလေး တစ်ယောက်၏ အခန်းပီပီ တစ်ခန်းလုံး ပန်းနုရောင်များ လွှမ်းခြုံနေသည်၊ လိုက်ကာများကလည်း ပန်းနုရောင်အပွင့်အခက်များပါသော ဒီဇိုင်းများဖြစ်ပြီး ရှေးခေတ်အင်္ဂလိပ်အမျိုးသမီးများ ဆောင်းလေ့ရှိသော ဦးထုပ်ကြီးများကို နံရံတွင် ချိတ်ထားသည်၊

ခုတင်ဘေးမှ စားပွဲပေါ်တွင် မှန်ဘောင်သွင်းထားသော ဓာတ်ပုံလေး တစ်ပုံကိုတွေ့ရသဖြင့် သူယူကြည့်မိသည်၊ စောစောက မိန်းကလေး၏ဓာတ်ပုံ ဖြစ်ပြီး အဖြူအမည်း ဖြစ်နေသည်၊ ဆံပင်များကို အပြောင်သိမ်းထား၍ ရှင်းလင်း ဝင်းပနေသော မျက်နှာလေးတွင် မျက်ခုံးထူထူ၊ မျက်လုံးနက်နက် ဝိုင်းဝိုင်းနှင့် နှုတ်ခမ်းထူထူလေးတို့က လှပစွာ တည်ရှိနေကြသည်၊ မိန်းကလေး၏ ဓာတ်ပုံကိုကြည့်ရင်း သူ့စိတ်ထဲမှာ တစ်ယောက်ယောက်နှင့် တူသလို ခံစားရသည်၊ သို့သော် ဘယ်သူနှင့်တူမှန်းတော့ စဉ်းစားမရပါ၊

ဆေးရောင်စုံဆိုလျှင် ပိုလှပမည် ဖြစ်သော်လည်း ဘာကြောင့် အဖြူ အမည်း ဖြစ်နေမှန်း မသိပါ၊ အခုခေတ်မှာ အဖြူအမည်းဓာတ်ပုံဆိုတာ မရှိ တော့ဘူးမဟုတ်လား၊ သူက ငြိမ်ငြိမ်လေးထိုင်မနေနိုင်သဖြင့် ထိုင်ရာမှထကာ



အခန်းထဲလျှောက်ကြည့်မိသည်၊ သူမအခန်းထဲတွင် ဘာမှထူးထူးဆန်းဆန်း ကြည့်စရာ မရှိပါ၊ ကွန်ပျူတာ၊ လက်တော့၊ ဟန်းဖုန်းစသည့် ယခုခေတ်အသုံး အဆောင်ပစ္စည်းများကိုလည်း မတွေ့ရ၊ အခန်းထဲမှ အရာရာတိုင်းက ရှေးစင်း ကာ ဖျင်းရိပြီးငွေ့စရာ ကောင်းလှသည်၊

သူက အခန်းတံခါးရှေ့တွင်ရပ်ရင်း အပြင်ကိုထွက်ရင် ကောင်းမလားဟု တွေးမိသည်၊ မိန်းကလေးကတော့ သူ့အတွက် အန္တရာယ်ရှိ၍ အခန်းထဲက မထွက်ရန် မှာခဲ့သည်၊ သို့သော် ဒီအိမ်ကြီးမှာ ဘာဖြစ်နေမှန်း မသိပဲ သူ ဒီအတိုင်းတော့ထိုင်မနေနိုင်ပါ၊ ဘာပဲဖြစ်ဖြစ်အကြောင်းရင်းမှန်ကိုသိအောင် တော့ သူ ကြိုးစားချင်သည်၊

သူက အခန်းတံခါးကိုအသာလေးတွန်းဖွင့်ပြီး အပြင်သို့ခေါင်းထွက်ကာ ချောင်းကြည့်လိုက်သည်၊ အပြင်ဘက်စင်္ကြံလမ်းတွင် လူရိပ်လူယောင် မမြင် ရမှ အခန်းထဲမှ ထွက်လာခဲ့သည်၊ ထို့နောက် ထိုစင်္ကြံလမ်းလေးအတိုင်း အတွင်းသို့ ခြေဖွနင်းကာ လျှောက်လာခဲ့သည်၊ ညီညီ ပြောခဲ့သလို အခန်း တွေကတော့ အများကြီးဖြစ်သည်၊ သို့တိုင်အောင် ဟို -မိန်းကလေး၏ အခန်းကတော့တခြားအခန်းများနှင့်နီးနီးကပ်ကပ်မဟုတ်ပဲသီးသန့်ဆန်ဆန် လေး ရှိနေသည်၊

သူက နံရံဘေးမှ ကျောက်သားတိုင်လေးများပေါ်တွင် တင်ထားသော ရေနံဆီမီးအိမ်လေးများ၏ အလင်းရောင်ဖျော့ဖျော့ဖြင့် ဆက်လျှောက်လာ ခဲ့သည်၊ မီးအိမ်တင်ထားသော ကျောက်သားတိုင်လေးများက တစ်ခုနှင့် တစ်ခု မလှမ်းမကမ်း ရှိနေကြသဖြင့် လမ်းတစ်လျှောက်တွင် အလင်းရောင် ပြတ်မသွားပေ၊ သူက လျှောက်လာရင်းမှ တံခါးချပ်မရှိဘဲ ခန်းဆီးများဖြင့် ကာထားသောအခန်းကျယ်ကြီးတစ်ခန်းကိုတွေ့လိုက်ရသည်၊ အထဲမှစကား ပြောသံ၊ ပန်းကန်ခွက်ယောက်သံများလည်း ကြားရသဖြင့် သူအနားသို့ ကပ်လာကာ ခန်းဆီးပေါက်မှ ချောင်းကြည့်မိသည်၊

ထမင်းစားခန်းဖြစ်သည်၊ အခန်းအလယ်တွင် ကျွန်းသားစားပွဲရှည်ကြီး နှင့် ပန်းကနုတ်ဖော်ကျွန်းကုလားထိုင် မြင့်မြင့်ကြီးများ အစီအရီ ချထား သည်၊ စားပွဲပေါ်မှာတော့ စားစရာမျိုးစုံကို သေသပ်စွာ ခင်းကျင်းထားသည်၊



www.burmeseclassic.com

www.burmeseclassic.com

အသက်ကြီးကြီး မိန်းမကြီးတစ်ယောက်နှင့် ခပ်ငယ်ငယ်မိန်းကလေး နှစ်ယောက်က အစားအသောက်များကို ပြင်ဆင် လုပ်ကိုင်နေကြလေသည်။

သူက ထမင်းစားခန်းနားမှခွာကာ ဆက်လျှောက်လာတော့ ဧည့်ခန်း အနီးသို့ရောက်လာသည်။ ဧည့်ခန်းထဲမှ လင်းဖြာနေသော မီးရောင်နှင့်အတူ စကားပြောသံများ ကြားရသဖြင့် သူ့ခြေလှမ်းများကို ရပ်တန့်လိုက်ရသည်။ ထို့နောက် ဧည့်ခန်းထောင့်မှ ဗီရိုကြီးတစ်လုံးနောက်တွင်ကွယ်ကာ ဧည့်ခန်း ထဲသို့ ချောင်းကြည့်မိသည်။

ဧည့်ခန်းထဲမှာခင်းထားသောကျွန်းကုလားထိုင်ကြီးများပေါ်တွင်လူငါးဝေ ဝိုင်းဖွဲ့ထိုင်နေကြသည်။ သို့သော် ထိုလူငါးယောက်၏ပုံသဏ္ဌာန်က သာမန် ထက် ပို၍ထူးခြားနေသဖြင့် သူ အတော်အံ့ဩသွားမိသည်။ ငါးယောက်တွင် နှစ်ယောက်က လူမျိုးခြားများဖြစ်ပြီး ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်စစ် ဝတ်စုံများ ဝတ်ဆင်ထားကြသည်။ ထိုသို့ အင်္ဂလိပ်စစ်ဝတ်စုံ ဝတ်ထားသော နောက်တစ်ယောက်မှာမူ မြန်မာလူမျိုး ဖြစ်ပုံရသည်။

ကျန်နှစ်ယောက်မှာ စောစောက မိန်းကလေးနှင့် အသက် (၅၀)ခန့် မြန်မာလူကြီးတစ်ယောက် ဖြစ်သည်။ ထိုလူကြီးဝတ်ပုံစားပုံမှာလည်း ထူးခြား သည်။ ယခုခေတ် မင်္ဂလာပွဲတွေမှာ သတို့သားဝတ်သလို တိုက်ပုံနှင့် ပုဆိုးကို ဝတ်ထားပြီး ခေါင်းပေါင်းပေါင်းထားသည်။ နက်မှောင်သော နှုတ်ခမ်းမွေး ထူထူနှင့် ဆေးတံကြီးကို လက်တစ်ဖက်တွင် ကိုင်ထားသော ထိုလူကြီး၏ ပုံစံမှာ ရှေးမြန်မာလူမျိုးတစ်ယောက်လိုပင်။

မြင်နေရသောမြင်ကွင်းကိုကြည့်ရင်း သူ့စိတ်ထဲ တဖြည်းဖြည်း ထူးဆန်း လာသည်။ သူတို့က ဘယ်သူတွေလဲ။ ဒီအိမ်မှာ ဘာတွေဖြစ်နေတာလဲ။ သူတို့ ပုံစံတွေက ယနေ့ခေတ် အခြေအနေနှင့် ကင်းကွာကာ ရှေးဆန်နေတာ ဘာ ကြောင့်လဲ။ သူသည် ရှေးဟောင်းအဖြူအမည်း ရုပ်ရှင်ကားထဲ ရောက်သွား သလို ခံစားနေရလေသည်။

သူက ထိုနေရာတွင်ပုန်းကွယ်ကာ ရပ်ကြည့်နေစဉ်မှာပင် သူတို့အားလုံး ထိုင်ရာမှ ထကာ သူရှိရာဘက်သို့ လျှောက်လာကြသည်။



"ဘုရား ... ရေ"

သူ တုန်လှုပ်ကာ မည်သို့ လုပ်ရမှန်းမသိ ဖြစ်သွားသည်။ သူတို့ ဒီနား ရောက်လာလျှင် သူ့ကို သေချာပေါက် တွေ့သွားတော့မည်။ မိန်းကလေးက ဒီအိမ်ထဲက ဘယ်သူနဲ့မှ သူ့ကို မတွေ့စေချင်ဟု ပြောထားသည် မဟုတ် လား။

သူက ဗီရိုနားမှ လှစ်ခနဲခွာကာ သူနှင့်နီးသော အခန်းတစ်ခန်း၏ တံခါး ကို ဆွဲဖွင့်ပြီးဝင်လာခဲ့သည်။ တကယ်ကို သီသီလေးပင်။ သူအခန်းထဲဝင်ကာ တံခါးပြန်ပိတ်ပြီးချိန်မှာပင် သူတို့က အခန်းရှေ့မှ ဖြတ်သွားကြလေသည်။ သူ့အထင်တော့ ထမင်းစားခန်းထဲ သွားကြပုံရသည်။ သူက ဟင်းခနဲ သက်ပြင်း ချလိုက်ရင်း ဘာမှန်းညာမှန်း မသိရပဲ သည်းထိတ်ရင်ဖို စွန့်စားနေရသော သူ့အဖြစ်ကို တွေးကာ ရယ်ချင်နေမိလေသည်။

ခြေသံများ တိတ်သွားတော့မှ သူ့စိတ်အေးသွားကာ သူဝင်လာခဲ့သော အခန်းထဲကို သေချာကြည့်မိသည်။ စာကြည့်ခန်းဖြစ်နေပုံရသည်။ လူတစ်ရပ် ကျော်ခန့်ရှိသော မှန်ဗီရိုကြီးများထဲတွင် စာအုပ်များ အပြည့်ရှိနေကြသည်။ အားလုံးက သားရေဖုံးနှင့် စာအုပ်အထူကြီးများဖြစ်ပြီး အနောင့်တွင် အင်္ဂလိပ် စာများ ရေးထားသဖြင့် အင်္ဂလိပ်ဘာသာစာအုပ်များ ဖြစ်ပုံရသည်။ မြန်မာ စာအုပ်အချို့ကိုလည်း တွေ့ရသည်။

အခန်းထဲကွင် စားပွဲရှည်ကြီးတစ်လုံးနှင့် ကုလားထိုင်များလည်း တွေ့ ရသောကြောင့် စာကြည့်ခန်း သက်သက်မဟုတ်ပဲ အစည်းအဝေးတို့ ဘာတို့ ပြုလုပ်ရာ နေရာလည်း ဖြစ်ပုံရသည်။ ပြတင်းပေါက်အနီး အလင်းရောင်ရ သော နေရာမှာတော့ စားပွဲလေးတစ်လုံးနှင့် စာဖတ်ရန် ကုလားထိုင်နှစ်လုံး ရှိသည်။ စားပွဲလေးပေါ်တွင် ဓာတ်ပုံတစ်ပုံတွေ့၍ သူ ယူကြည့်မိသည်။

စောစောက ဧည့်ခန်းတွင် တွေ့ရသော နှုတ်ခမ်းမွေးနှင့်မြန်မာအဘိုးကြီး ၏ ဓာတ်ပုံဖြစ်သည်။ အတော်အတန် ရာထူးကြီးပုံရသော အင်္ဂလိပ်အရာရှိ ဟု ထင်ရသော လူတစ်ယောက်နှင့်တွဲရိုက်ထားခြင်းဖြစ်ပြီး အဖြူအမည်းပင်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်၊ ထိုမြန်မာလူကြီးမှာ ဟိုမိန်းကလေးနှင့် ရုပ်ရှင်းအနည်းငယ်ဆင်သဖြင့် မိန်းကလေးပြောသော သူမ အဖေဆိုတာ ဖြစ်ပုံရသည်၊

သူက အခန်းထဲ ဟိုဟိုဒီဒီ လျှောက်ကြည့်နေစဉ်မှာပင် အခန်းတံခါးက ရုတ်ခနဲ ပွင့်လာသဖြင့် သူ လန့်သွားကာ လှည့်ကြည့်လိုက်မိသည်၊

ဟိုမိန်းကလေးကို မြင်လိုက်ရမှ သူ စိတ်အေးသွားသည်၊ မိန်းကလေးကလည်း သူ့ကို တွေ့လိုက်ရမှ စိတ်အေးသွားသော အမူအရာဖြင့် -

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ" ဟုပြောသည်၊

သူမပုံစံက အနည်းငယ် စိတ်အနှောင့်အယှက် ဖြစ်နေပုံရသည်၊

"ရှင့်ကို ကျွန်မ သေချာမှာထားရက်နဲ့ ဘာဖြစ်လို့အခန်းထဲက ထွက်လာတာလဲ၊ သူတို့တွေ့သွားရင် ပြဿနာအကြီးအကျယ် တက်သွားနိုင်တယ် ရှင့်"

"ဆောရီး ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော်လည်း အခန်းထဲမှာ ငြိမ်ငြိမ်လေး ထိုင်မနေချင်လို့ ထွက်လာမိတာပါ"

"အခုအချိန်မှာတော့ ငြိမ်ငြိမ်လေးပဲနေရမယ်ရှင့်၊ ပြဿနာတွေဖြစ်လာရင် ရှင်တစ်ယောက်တည်း ဒုက္ခရောက်မှာမဟုတ်ဘူး၊ ကျွန်မတို့သားအဖပါ ဒုက္ခရောက်သွားနိုင်တယ်၊ အဲဒီအချိန်ကျရင် ဘယ်သူက ဘယ်သူ့ကိုမှ ကယ်နိုင်တော့မှာမဟုတ်ဘူး"

အနည်းငယ်တင်းမာနေသော သူမမျက်နှာလေးကြောင့် သူမ စိတ်ဆိုးသွားမှန်း သိရသဖြင့် သူ စိတ်မကောင်းဖြစ်သွားရသည်၊ သူမက ဆက်ပြီး

"ရှင် ... အခန်းထဲကိုပဲ ပြန်သွားပါတော့" ဟု ပြောသည်၊

ထို့နောက် အခန်းတံခါးကိုဖွင့်ကာ အပြင်သို့ကဲကြည့်လိုက်ပြီး ဘယ်သူမှ မရှိတာ သေချာတော့မှ အခန်းထဲမှ ထွက်သွားသည်၊ သူလည်း သူမနောက်မှ လိုက်လာခဲ့သည်၊ ထမင်းစားခန်းရှေ့ရောက်တော့ ခြေကို အသာဖွနင်းကာ ဖြတ်သွားရလေသည်၊

အခန်းထဲပြန်ရောက်တော့ စားပွဲလေးပေါ်တွင် ကော်ဖီတစ်ခွက်နှင့် ပေါင်မုန့်ပန်းကန်တစ်ချပ်ကို တွေ့ရသည်၊ သူမက -



"ရှင် ... ညစာ မစားရသေးဘူးထင်လို့ ယူလာခဲ့တာ ထမင်းကတော့ စည့်သည်တွေရှိလို့ ယူလို့မရဘူး၊ ရှင်ဆာရင် စားလိုက်ပါဦး"

သူမက ပြောပြီး ထွက်သွားမည်ပြုစဉ် သူက တားဆီးသည့်သဘောဖြင့် သူမလက်ကို ဖျတ်ခနဲ လှမ်းဆွဲလိုက်မိသည်၊ အမှတ်တမဲ့ လှမ်းဆွဲလိုက်ပြီးမှ သူမကို အားနာသွားကာ ပြန်လွှတ်ပေးလိုက်ပြီး ...

"ကျွန်တော်တကယ် စိတ်မကောင်းပါဘူး၊ ကျွန်တော့်အတွက် ခင်ဗျား စိတ်ပူသွားရတယ် ကျွန်တော် တောင်းပန်ပါတယ်"

သူမက လက်ကို အဆွဲခံလိုက်ရသဖြင့် အနည်းငယ်ရှက်သွားဟန်ဖြင့် မျက်လွှာချပြီး -

"ရပါတယ် ... ကျွန်မကလည်း အစိုးရိမ်လွန်သွားလို့ပါရှင် ဒုက္ခရောက်မှာ ကြောက်လို့ပါ ကျွန်မတို့မှာ ရှင့်ကိုကာကွယ်ပေးရမယ့် ဝတ္တရားရှိတယ်လေ"

"ကဲပါ ... စားလိုက်ပါဦး ဧည့်သည်တွေ ပြန်သွားတဲ့အခါ ကျွန်မ ရှင့်ကို လာပြောပါ့မယ်၊ လောလောဆယ်တော့ ဒီအခန်းက ရှင့်အတွက် အလုံခြုံဆုံးပဲ ကျွန်မ သွားလိုက်ပါဦးမယ်၊ ဖေဖေက ကျွန်မကို ဧည့်သည်တွေအနားမှာ ရှိစေချင်တယ်လေ" သူမအခန်းထဲက ထွက်သွားတော့မှ သူ သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင်ကြီး ချလိုက်မိလေသည်၊

သူဒီအိမ်ကို ရောက်လာပြီးကတည်းက ဘာမှန်းမသိသော စိတ်ရှုပ်စရာ ပြဿနာများကိုရင်ဆိုင်ရသည့်အပြင် ရင်ဖမောစရာတစ်ခုကိုပါ ထပ်မံတွေ့နေရပြန်သည်၊ မိန်းကလေးက တော်တော်လှပါသည်၊ ယနေ့ညမှ စတွေ့ရသော်လည်း သူမကို နှစ်ပေါင်းများစွာ သိကျွမ်းလာသလို သူ့စိတ်ထဲမှာ ရင်းနှီးခင်တွယ်နေမိသည်၊ အချိန်ခဏတာလေးအတွင်းမှာပင် သူမ၏ အလှကို နှစ်သက်နှိုးသွားမိသည်က သူ့ရဲ့အပြစ်ပဲလား၊

သူ့ဘဝတွင် မိန်းကလေးများစွာနှင့် တွေ့ခဲ့ဖူးပါသည်၊ အချစ်ဆိုတာကို ခေါင်းစဉ်တပ်ပြီး မိန်းကလေးတချို့နှင့်လည်း တွဲခဲ့ဖူးသည်၊ သူငယ်ချင်းများက မြှောစွံသည်ဟုပြောခဲ့ကြသော သူ့အတွက် မိန်းကလေး၏အလှ ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

ဘာမှ မထူးဆန်းပါ၊ သို့တိုင်အောင် ယခုမှစတွေ့သော သူမ၏အလှကို ရင်ခုန်နေမိတာ ဘာကြောင့်လဲ၊ အမှောင်ည၏သွေးဆောင်ဖြားယောင်းမှုအောက်မှ သူမ၏အလှအပကို အနီးကပ်မြင်တွေ့ရတိုင်း သူ့ရင်တွေ မောဟိုက်နေရလေသည်၊

သူက ကော်ဖီနှင့်မုန့်ကိုကြည့်ပြီး ဗိုက်ဆာလာသလို ခံစားရသဖြင့် ယူစားလိုက်သည်၊ နာရီကို ကြည့်လိုက်တော့ ည (၇း၃၀)၊ သူ့ရဲ့ပုံမှန် ညစာစားချိန်ကိုပင် ကျော်လွန်နေခဲ့ပြီ၊ ထို့ကြောင့် သူ ဗိုက်ဆာနေခြင်းဖြစ်သည်၊

စားသောက်ပြီးသွားတော့ ခံတွင်းချဉ်သလို ဖြစ်လာသဖြင့် အိတ်ထဲမှ စီးကရက်ဘူးကိုထုတ်ကာ သောက်မိသည်၊ ကျောပိုးအိတ်ထဲတွင် စီးကရက်ဘူးရှာမိမှ သူ့အဝတ်အစားအိတ်ကြီး ပါမလာတာ သတိထားမိသည်၊

အိမ်ပြင်တွင် ကျန်နေခဲ့ခြင်း ဖြစ်မည်၊ စောစောက အိမ်ပြင်တွင် သူ ရပ်နေစဉ် မိန်းကလေးက လက်ကိုဆွဲကာ ခေါ်လာတော့ အိတ်ကို မေ့ကာ ထားရစ်ခဲ့မိသည်၊ ယခုမှတော့ ပြန်ယူလို့လည်း မဖြစ်နိုင်၊ မိန်းကလေးက သူ့ကို အခန်းထဲမှ မထွက်တော့ဖို့ သေချာမှာထားခဲ့သည် မဟုတ်လား၊ နောက်တစ်ခါ သူမစိတ်ဆိုးအောင် မလုပ်ချင်တော့ပါ၊ ဟို - ထူးထူးခြားခြားငြိမ်သည် တွေ ပြန်သွားမှပဲ အိတ်ကို ပြန်ယူရမည်၊

သူက စီးကရက်သောက်ရင်း လက်ထဲမှ မီးခြစ်လေးကို ကြည့်ကာပြုံးမိသည်၊ သူ့ချစ်သူဖြစ်ခဲ့ဖူးသော မိန်းကလေးတစ်ယောက်ကဤမီးခြစ်ကလေးကို လက်ဆောင်ပေးခဲ့ခြင်း ဖြစ်သည်၊ မီးခြစ်၏ အဖုံးက ရွှေအစစ်ဖြစ်ပြီး သူ့နာမည်အတိုကောက် ( P.S.T ) ဟုရေးထွင်းထားသည်၊ သူက သူမကိုအလေးအနက်ထားလွန်း၍ ယခုထိ သိမ်းထည်းထားတာမျိုးတော့ မဟုတ်ပါ၊ မီးခြစ်ကလေးကို သဘောကျ၍ ဘာရယ် မဟုတ်ဘဲ သုံးစွဲနေခြင်းသာ ဖြစ်သည်၊

သူက ခုတင်ခေါင်းရင်းကို မှီထိုင်ကာ စီးကရက်သောက်နေရင်းမှ ယခုလက်ရှိ အခြေအနေကို ပြန်လည်တွေးမိပြန်သည်၊

ဒီအိမ်ကြီးမှာ ဘာတွေ ဖြစ်နေတာလဲ၊ အခု သူတွေ့ဆုံနေရတဲ့သူတွေက ဘယ်သူတွေလဲ၊ ညီညီတို့လင်မယားက ဒီအိမ်မှာ ဘယ်သူမှ မရှိကြောင်း ပြောခဲ့သည် မဟုတ်လား၊ သူတို့လက်ထပ်ပြီးကတည်းက ဒီအိမ်ကြီးမှာ နှစ်ယောက်တည်းသာ နေကြသည်တဲ့၊ ညီညီ၏ဇနီးမဝေတွင် မိဘများမရှိကြတော့ပါ၊ မဝေ၏ညီမရယ်ရီဆွေက တခြားမြို့တစ်မြို့တွင် အလုပ်တာဝန်ဖြင့် သွားရောက်နေထိုင်သည်၊ မြို့ထဲတွင်နေသောသူမ၏အမျိုးများ ဒီအိမ်ကို လာလိမ့်မည်ဟုလည်း မဝေက မပြောခဲ့ပါ၊

ထိုသို့ဖြစ်ခဲ့သည့်တိုင်အောင်လည်း ယခု သူတွေ့ကြုံနေရသည့်အဖြစ်တွေက ထူးဆန်းလွန်းလှသည်၊ သူ့ကိုယ်သူ လွန်ခဲ့သော နှစ်ပေါင်းများစွာမှ ဝစ်အတွင်းခေတ်ထဲ ပြန်ရောက်နေသလို ခံစားရသည်၊ ဘာတွေဖြစ်နေမှန်း နားမလည်နိုင်တော့၊ သူပဲ ရူးနေပြီလား၊ ဒီအိမ်ကြီးကပဲ တစ်ခုခု မှားနေတာလား၊ ဒါမှမဟုတ် သူ တစ္ဆေခြောက်ခံနေရတာများလား၊

ထိုသို့တွေးမိတော့ သူ့ရယ်ချင်သွားသည်၊ တစ္ဆေက ထိုပုံစံမျိုး ခြောက်သည်ဟု သူတစ်ခါမှ မကြားဘူးပါ၊ ပြီးတော့ တခြားလူတွေတော့ မသိ၊ မိန်းကလေးကတော့ တစ္ဆေမဟုတ်တာ သေချာသည်၊ သူမ၏အငွေ့အသက်ကို သူခံစားမိသလို သူမ၏အသားကိုလည်း ထိကိုင်လို့ရနေသည် မဟုတ်လား၊ သူက တွေးရင်းစိတ်ရှုပ်လာသည်၊ ညီညီတို့လင်မယားသာ သူ့အဖြစ်ကိုသိရင် ဘယ်လိုနေမှာပါလိမ့်၊

တွေးရင်းမှ သူတစ်စုံတစ်ရာကို သတိရကာ ခုတင်ပေါ်မှ ဖုန်းခနဲ ထလိုက်မိသည်၊ ဟန်းဖုန်း သူ့မှာ ဟန်းဖုန်းပါတာပဲ၊ ညီညီဆီကို ဖုန်းဆက်ပြီး အကျိုးအကြောင်းမေးလျှင် ရနိုင်သည်၊ သူက ကျောပိုးအိတ်ကိုဖွင့်ကာ ဟန်းဖုန်းကို ရှာလိုက်သည်၊

သို့သော် ဖုန်းကိုဖွင့်ကြည့်ပြီးနောက်မှာတော့ သူ့အတော် စိတ်ပျက်သွားရလေသည်၊ ထူးဆန်းစွာပင် ဖုန်းက ဘာလိုင်းမှ မဝင်ပါ၊ ဆင်းကတ်ထည့်မထားသော ဟန်းဒ်ဆက်အခွံကြီးလိုပင်၊ တခြားဟာတွေ အားလုံး သုံးလို့ရသော်လည်း ဖုန်းဆက်လို့ မရပါ၊ မက်ဆေ့ပို့လို့လည်း မရပါ၊ သူ ဘယ်လိုပဲ ကြိုးစားကြိုးစား လုံးဝမရပါ၊





www.burmeseclassic.com

www.burmeseclassic.com

သူ့စိတ်ပျက်ကာ အံ့ဩမှုလည်းဖြစ်သွားမိသည်။ ဒီကိုလာသောလမ်းမှာ ကားပေါ်မှာတုန်းကတောင် ဖုန်းပြောလို့ရခဲ့ပြီး ယခုမှ ဘာကြောင့် ဖုန်းဆက်လို့မရတော့တာလဲ။ ယခုတော့လည်း သူ့အတွက် မရှိမဖြစ် ဟန်းဖုန်းက ဘာမှ အသုံးမဝင်တော့သလိုပင်။

သူက ထပ်မကြိုးစားတော့ပဲ ဖုန်းကို အိတ်ထဲပြန်ထည့်ကာ စိတ်ပျက်အားလျော့စွာဖြင့် ခုတင်ပေါ်တွင် လဲလျောင်းနေမိသည်။ မိန်းကလေး ဘယ်ရောက်နေပြီလဲ။ စောစောက ပြောတာတော့ သူမ၏အဖေက သူမကို ဧည့်သည်တွေ့နားမှာ ရှိစေချင်သည်တဲ့။ သူမ ဧည့်သည်တွေနဲ့အတူ ညစာ စားနေတာများလား။

သူက ခုတင်ပေါ်မှလှဲရင်း မျက်တောင်များ မှေးစင်းလာသည်။ တစ်နေ့ကုန် ကားစီးလာရ၍ ပင်ပန်းညောင်းညာနေသော ခန္ဓာကိုယ်က နူးညံ့သော အိပ်ရာပေါ်မှာ အနားယူချင်လာသည်။ သို့သော် သူ့စိတ်ကိုတင်းကာ အိပ်မပျော်မသွားအောင်ကြိုးစားနေရသည်။ လက်ရှိအခြေအနေက ဘာတွေဖြစ်နေမှန်း သူ မသိရသေး။ ယခုလို ထူးထူးဆန်းဆန်း အခြေအနေမျိုးထဲမှာ သူ့စိတ်ချလက်ချ မအိပ်နိုင်သေးပါ။

— ❦ —

မှေးခနဲ အိပ်ပျော်သွားလိုက်၊ ပြန်နိုးလာလိုက်နှင့် အချိန်တွေ မည်မျှကြာသွားသည်မသိ၊ အခန်းတံခါးကို ဖွင့်သံကြားရမှ အလန့်တကြားဖြင့် ဖျတ်ခနဲ ထထိုင်မိသည်၊ အခန်းထဲဝင်လာသူက သူမ၊

"ရှင် ... အိပ်ချင်နေပြီ ထင်တယ်"

သူမက သူ့ကို ပြုံးစစလေးကြည့်ရင်း ပြောသည်၊ သူမကို တွေ့လိုက်ရသဖြင့် အိပ်ချင်စိတ်များကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ပြီး ရင်ထဲတွင် နွေးထွေးသွားရသည်။

"ဒီနေ့ညတော့ – ရှင် – အခန်းထဲက ထွက်လို့ရမှာ မဟုတ်တော့ဘူး"

သူမစကားကြောင့် သူ "ဗျာ" ခနဲ ဖြစ်သွားရသည်၊ သူမက ဆက်ပြီး –

"ဧည့်သည်တွေက ဒီနေ့ညမှာပဲ အိပ်ကြမယ်တဲ့ အစကတော့ သူတို့ပြန်သွားရင် ရှင့်ကို ဖေဖေနဲ့ပေးတွေ့ပြီး အိပ်ခန်း စီစဉ်ပေးမလို့ပဲ၊ အခုတော့ ရှင့်အနေနဲ့ ဒီအခန်းထဲက ထွက်လို့ရမှာ မဟုတ်တော့ဘူး"

"ဒါဆို ... ကျွန်တော်က ဒီည ဒီအခန်းထဲမှာပဲ အိပ်ရမှာပေါ့ ခင်ဗျား ကရော" သူကမေးတော့ သူမက –

"ကျွန်မက ဒီပြင်အခန်းတစ်ခန်းမှာ သွားအိပ်မှာပါ၊ ရှင့်ကို ဒီအခန်းမှာပဲ နေနိုင်ရတဲ့အကြောင်းရင်းက ဒီအခန်းက လုံခြုံတယ်ရှင့် – တခြားအခန်းတွေက ဧည့်သည်တွေရဲ့အခန်းနဲ့ ကပ်လျက်ဆိုတော့ ရှင့်ကိုတွေ့သွားမှာ စိုးရိမ်ရတယ်၊ ကျွန်မရဲ့အခန်းကိုတော့ ဘယ်သူမှ သံသယဝင်မှာ မဟုတ်ဘူးလေ"



မေ့မေ့အတွက်
ဒီအလုပ်က
အန္တရာယ်သိပ်များတယ်ထင်လို့
ကျွန်မကဝင်ကူညီပေးနေရတာပါ။
မီးစတစ်ပက် ရေမှုတ်တစ်ပက်ဆိုသလိုပဲ
ပေပေက သူတို့နဲ့လည်း
မလွဲမရှောင်သာ ပတ်သက်ဆက်ဆံနေရတယ်
မဟုတ်လား။





www.burmeseclassic.com

www.burmeseclassic.com

သူမစကားတွေကို နားထောင်ရင်း သူက နားမလည်နိုင်တော့စွာဖြင့်-

"ဒါနဲ့ - အဲဒီ ဧည့်သည်တွေဆိုတာ ဘယ်သူတွေလဲဟင်" ဟု မေးလိုက်မိသည်၊ သူ့မေးခွန်းကြောင့် သူမက အံ့သြသလိုဟန်ဖြင့် -

"သူတို့ကို ရှင် - မသိဘူးလား အဲဒါ - ရှင်တို့ရဲ့ရန်သူတော်ကြီးလေ "ဖွ ပတ်စ်ကာ" ဆိုတာ မြန်မာမျိုးချစ်လူငယ်တွေကို ရက်ရက်စက်စက် နှိမ်နင်းတဲ့နေရာမှာ နာမည်ကြီးပေါ့၊ ဒီမြို့မှာ မျိုးချစ်လူငယ်တွေ စုစည်းပြီး အင်္ဂလိ အစိုးရကို တော်လှန်ပုန်ကန် လိမ့်မယ်လို့ သတင်းတွေ ကြားနေလို့ လာ တာတဲ့ ရှင် - ဒါတွေ မသိဘူးလား"

"ကျွန်တော် - ဘာမှ မသိပါဘူးဗျာ - ဘာတွေဖြစ်နေတယ်ဆိုတာလည် နားမလည်ဘူး။ ကျွန်တော်သိတာက ဒီအိမ်ကို ကျွန်တော့်သူငယ်ချင်း လွှတ်လိုက်တယ်၊ သူက ကျွန်တော့်ကို ဒီအိမ်မှာ အေးအေးဆေး အနားယူစေချင်တယ်၊ အဲဒါကြောင့်ကျွန်တော်လာခဲ့တာပါ၊ သူ့စကားကြောင် သူမက သဘောကျသလို ပြုံးရင်း -

"ရှင့်ကြည့်ရတာ သံသယ သိပ်ကြီးတတ်ပုံပဲ ကောင်းပါတယ်လေ၊ ရှ အလုပ်က အဲဒီလို သံသယများတတ်လေ ကောင်းလေပဲ၊ ဒါပေမဲ့ ကျွန် ကိုတော့ ယုံကြည်နိုင်ပါတယ်၊ တကယ်တော့ ဒီလျှို့ဝှက်အလုပ်ကို ဖေဖေ လုပ်တယ် ဆိုပေမယ့် လက်တွေ့မှာတော့ ကျွန်မက စီစဉ်ပေးရတာ များ တယ်၊ ကျွန်မလို မိန်းမသားတစ်ယောက်ကို ဘယ်သူကမှ ဒီကိစ္စနဲ့ ပတ်သ ပြီး သံသယ မဝင်ကြဘူးလေ"

သူမ စကားတွေကို သူ လုံးဝ နားမလည်ပါ၊ သူမ ပြောနေသော စကာ တွေက ယခုခေတ်အခြေအနေနှင့် ဘယ်လိုမှ မသက်ဆိုင်သလိုဖြစ်နေသည် မဟုတ်လား၊

"ဖေဖေ့အတွက် ဒီအလုပ်က အန္တရာယ်သိပ်များတယ်ထင်လို့ ကျွန်မ ဝင်ကူညီပေးနေရတာပါ၊ မီးစတစ်ဖက် ရေမှုတ်တစ်ဖက်ဆိုသလိုပဲ ဖေဖေ သူတို့နဲ့လည်း မလွှဲမရှောင်သာ ပတ်သက်ဆက်ဆံနေရတယ် မဟုတ်လား သူတို့သာ ဒီအကြောင်းတွေ သိသွားရင် မတွေးရဲစရာပဲရှင့်"



သူမက ပြောရင်းမှ သက်ပြင်းတစ်ချက်ချလိုက်ရင်း -

"ကဲပါလေ - ဒီအကြောင်းတွေနောက်မှပြောတာပေါ့လောလောဆယ် တော့ ရှင်အနားယူလိုက်ပါဦး မနက်ဖြန်ကျမှ အေးအေးဆေးဆေး စကား ပြောကြတာပေါ့" သူမက ပြောပြီး အိပ်ရာခင်းကို ဆွဲဆန့်တာ၊ ခေါင်းဖြန့်ပေး တာ စသည်ဖြင့် သူ့အိပ်ရန် ပြင်ဆင်ပေးနေသည်၊ အလွန်နီးကပ်စွာ လှုပ်ရှား နေသော သူမထံမှ ကိုယ်သင်းနံ့လေးက သူ့စိတ်အာရုံကို နှိုးဆွလာသည့် အခါ သူ့ရင်တွေ တဒိန်းဒိန်း ခုန်လာမိသည်၊ လည်ချောင်းထဲမှာ ခြောက်သွေ့ လာသဖြင့် တံတွေးမျိုချလိုက်မိသည်၊ အတန်တန် ထိန်းချုပ်ထားသည့် ကြားမှ စိတ်ရိုင်းများပင် ဝင်လာချင်သလို၊

"တံခါးလက်ကဒီအခန်းရဲ့ညာဖက်မှာရှိတယ်၊ရှင်သွားချင်ရင်သတိထား ဦး သွားပေါ့၊ တခြားလိုအပ်တာရှိရင်လည်း ကျွန်မကို ပြောလေ၊

သူမစကားကြောင့်သူလိုအပ်တာကိုတွေးမိသွားကာသူ့ကိုယ်သူပြန်ဆဲ လိုက်မိသည်၊ သူတော့ သူမကို မနောက်ဖြင့် ပစ်မှားမိနေပြီ၊

"မိုးမလင်းခင် ကျွန်မ ရှင့်ဆီလာခဲ့ပါမယ်၊ ရှင် သတိတော့ ထားပြီး အိပ် နော်၊ နောက်တစ်ခါတော့ သူတို့အခန်းရှိတဲ့ဘက်ကို ထပ်မသွားပါစေနဲ့နော်" ခပ်ပြုံးပြုံးဖြင့် ပြောသော သူမစကားကို သူနာခံစွာ ခေါင်းညိတ်လိုက်မိ သည်၊

ထိုစဉ်မှာပင် -

အခန်းအပြင်မှ ခြေသံများကို သူတို့နှစ်ယောက်လုံးကြားလိုက်ရသည်၊ ခြေသံများက သူမ၏ အခန်းဆီသို့ ဦးတည်လာနေကြခြင်းဖြစ်သည်၊

"ဒုက္ခပဲ ... ကျွန်မဆီလာတာထင်တယ်"

သူမက ထိတ်လန့်စွာ ရေရွတ်လိုက်သည်၊ ရုတ်တရက်မို့ သူလည်း ဘာလုပ်ရမှန်းမသိဖြစ်ကာ သူမကိုသာ ငေးကြောင်ကြည့်နေမိသည်၊

နောက်မှ သူမက သတိရသွားဟန်ဖြင့် စားပွဲပေါ်မှ မီးအိမ်ကို ယူကာ မီးသတ်လိုက်သည်၊ အခန်းထဲတွင် ရုတ်ခြည်းပိန်းပိတ်အောင် မှောင်သွား သည်၊ သူမက အမှောင်ထုထဲတွင် စမ်းတဝါးဝါးဖြင့် ခုတင်ဆီ လျှောက်လာ သည် -



www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက်ကြမ်းပြင်ပေါ်ဆန့်တန်းထားသောသူ့ခြေထောက်ကိုလည်း တိုက်မိကာ ခုတင်ပေါ်တွင် ထိုင်နေသော သူ့ကိုယ်ပေါ်သို့ တစ်ကိုယ်လုံး လဲပြိုကျလာသည်၊ သူမ၏ခန္ဓာကိုယ်အလေးချိန်အား ထိန်းမထားနိုင်ပဲ သူပါ လုံးထွေးကာ ခုတင်ပေါ်လဲကျသွားတော့သည်၊ မရည်ရွယ်ပါပဲ၊ သူ့ခန္ဓာကိုယ်က သူမ၏ကိုယ်ပေါ်ဖိမိလျက်သား ဖြစ်နေလေသည်၊

"………"

သူမက ပါးစပ်မှ မသဲမကွဲညည်းညူရင်း သူ့ကိုယ်အောက်မှ ရုန်းထွက်ဖို့ ပြင်သည်၊ သို့သော် အခန်းတံခါးရှေ့တွင်ရပ်တန့်သွားသော ခြေသံများကြောင့် သူမ အသံမထွက်ရဲပဲ ငြိမ်သက်သွားသည်၊ သူလည်း မလှုပ်ရှားရဲသေး၍ ထို ပုံစံအတိုင်း ငြိမ်ငြိမ်လေးနေနေရသည်၊ သူ့ရင်ထဲမှာတော့ သူမ၏ အငွေ့ အသက်၊ အထိအတွေ့ကြောင့် ခြောင်းဆန်အောင် တုန်ယင် လှုပ်ရှားနေရ လေသည်၊

"ခေါက် … ခေါက် … ခေါက်"

တံခါးခေါက်သံကြောင့် သူမ ကိုယ်လေးက ဆတ်ခနဲ တုန်သွားသည်၊ သူကတော့ တဒိန်းဒိန်း ခုန်နေသော သူ့ရင်ခုန်သံမှလွဲ၍ ဘာကိုမှ သတိမထား မိတော့ပါ၊

"သမီးရေ - ယဉ်ယဉ် အိပ်ပြီလားကွဲ့"

အခန်းအပြင်မှ သူမ အဖေဖြစ်ဟန်တူသော လူကြီးက တံခါးခေါက်ရင်း ပြောသည်၊

"ဒီမှာ … မစ္စတာကပ်စ်ကာတို့က သမီးရဲ့ပီယာနိုလက်သံကို နားထောင် ချင်လို့တဲ့ကွဲ့၊ သမီး မအိပ်သေးရင် အခန်းထဲက ထွက်ခဲ့ပါဦး"

သူမ - မအိပ်သေးရင် အခန်းထဲက ထွက်ခဲ့ပါဦး"

သူမ နည်းနည်းလေးမှ မလှုပ်ပါ၊ စိတ်လှုပ်ရှားနေဟန်ဖြင့် တံတွေး မျိုချ သံကြားရသည်၊ သူလည်း ရင်တွေခုန်ကာ အာခေါင်တွေ ခြောက်လာသဖြင့် တံတွေး မျိုချလိုက်မိသည်၊

"သူမ … အိပ်ပျော်သွားပြီထင်တယ်"

သူမ အဖေ၏ အင်္ဂလိပ်လိုပြောသံကို ကြားရသည်၊



"စိတ်မကောင်းပါ မစ္စတာကပ်စ်ကာ - သူမ ပင်ပန်းနေတယ် ထင်တယ်"

သူမအဖေ၏ အင်္ဂလိပ်လိုပြန်ပြောသံကြားလိုက်ရသည်၊ ရယ်သံသဲ့သဲ့ နှင့် ဖိနပ်စွာသံတခေါက်ခေါက်တို့က တဖြည်းဖြည်း ဝေးကွာသွားတော့ သည်၊

ခြေသံများ၊ စကားသံများ လုံးဝ တိတ်ဆိတ်သွားမှ သူမက စိတ်အေး သွားဟန်ဖြင့် သက်ပြင်းတစ်ချက် ချလိုက်သည်၊ သူ့မျက်နှာကို လာရောက် ရိုက်ခတ်သော ထွက်သက်လေနွေးနွေးကြောင့် သူ့အသက်ရှူပင် မှားသွားမိ သည်၊

သူမက သူ့ခန္ဓာကိုယ်အောက်တွင် ပိနေရာမှ ရုန်းထွက်ဖို့ ပြင်သည်၊ သို့သော် သူ သူမကို ရုန်းထွက်ခွင့် မပေးချင်တော့ပါ၊ သူမ၏ခန္ဓာကိုယ်အား တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်မိသည်၊

"အို … ဘာလုပ်တာလဲ လွှတ်ပါ"

သူမက အထိတ်တလန့် ရေရွတ်ရင်း ရုန်းသည်၊ သို့သော် အချစ်၏ သွေးဆောင်ဖြားယောင်းမှုကို သူတို့ မငြင်းဆန်နိုင်တော့ပါ၊ သူမ၏ အခန်း လေးထဲတွင် သီးသန့်ကမ္ဘာလေးတစ်ခုဖြစ်တည်သွားသည်၊

ခပ်ဖျော့ဖျော့လေး သာနေသောလသည် တိမ်မည်းတွေ၏ နောက်သို့ ရှက်ရွံ့စွာ ဝင်ရောက်ပုန်းကွယ်သွားလေသည်၊

—●—

နောက်နေ့မနက်မှာတော့ သူ လန်းဆန်းစွာ နိုးထလာသည်၊

ပထမတော့ သူအိပ်နေတာ ရန်ကုန်က သူ့တိုက်ခန်းထဲမှာဟု ထင်နေမိ သေးသည်၊ နောက်မှ အဖြစ်အပျက်ကို ပြန်သတိရပြီး အိပ်ရာထဲမှ ဝုန်းခနဲ ထထိုင်လိုက်မိသည်၊

ဟို - မိန်းကလေး ယဉ်ယဉ်ဆိုသော မိန်းကလေး၊ သူမနှင့်သူ ညက ဖြစ်ပျက်ခဲ့သည်များကို တွေးမိပြီး သူ့ရင်ထဲ နွေးခနဲဖြစ်သွားသည်၊ သူမ သူ့ကို စိတ်ဆိုးသွားပြီလား၊



www.burmeseclassic.com

www.burmeseclassic.com

ညကတော့ သူမ သူ့ကို ဘာမှ မပြောပါ။ စိတ်ဆိုးမာန်ဆိုးဖြင့် သူ့ကို ပါးရိုက်တာမျိုးမလုပ်ခဲ့သလိုတခြားမိန်းကလေးတွေလိုငိုကြွေးတာမျိုးလည်း မလုပ်ခဲ့ပါ။ တိတ်ဆိတ် အေးစက်စွာဖြင့် သူ့ကို တွန်းဖယ်ကာ အခန်းအပြင် ထွက်သွားခဲ့သည်။ အိပ်ထဲမှ အခြေအနေအရ သူမ နောက်မှ သူ လိုက်မသွား ဖြစ်ခဲ့ပါ။ သူမ ပြန်လာနိုးဖြင့် အခန်းထဲမှပဲ စောင့်နေမိသည်။ အတော်ကြာ သည်အထိ သူမ ပေါ်မလာမှ သူအိပ်ပျော်သွားခဲ့လေသည်။

မိုးလင်းခါနီးလျှင် သူမ လာခဲ့မည်ပြောခဲ့သော်လည်း ယခု မိုးပင်စင်စင် လင်းနေခဲ့ပြီ၊ သူမ သူ့ကို စိတ်ဆိုးသွား၍ မလာတာများလား၊ ဒါမှမဟုတ် ဖည့်သည်တွေနဲ့ အတူတူရှိနေတာကြောင့်လား၊ သူက တောင်တောင်အီအီ စဉ်းစားရင်း ခုတင်ပေါ်မှထကာ အညောင်းဆန့်လိုက်မိသည်၊ ထိုအချိန်မှာပင် တစ်ခုခု မှားယွင်းနေမှန်း သူ သိလိုက်ရခြင်း ဖြစ်သည်။

ယခု သူရှိနေသော အခန်းသည် မနေ့က သူ အိပ်ပျော်သွားခဲ့သော အခန်းမဟုတ်တော့ပါ။ အခန်းအနေအထားက အရမ်းကြီး ကွာခြားမသွား သော်လည်း အခန်းအပြင်အဆင်က မနေ့ညက တွေ့ရသလို မဟုတ်တော့ ပါ၊ သူအိပ်ခဲ့သော ခုတင်ကလည်း တစ်ယောက်အိပ်ခုတင်လေး မဟုတ်တော့ ဘဲ ကြီးမားသော နှစ်ယောက်အိပ်ခုတင်ကြီး ဖြစ်နေသည်၊ အိပ်ရာခင်း၊ ခြင် ထောင်စသည်တို့ကလည်း မနေ့ကလို ပန်းနုရောင် မဟုတ်တော့ပါ။

လိုက်ကာကလည်း ပန်းနုရောင်အပွင့်အခက်များမဟုတ်၊ အိပ်ရာ အပြင်အဆင်က မိုးပြာရောင်ဖြစ်ပြီး လိုက်ကာမှာလည်း မိုးပြာရောင်အပွင့် နုပ်နုပ်လေး ဖြစ်သည်၊ ညတုန်းက နံရံတွင် ချိတ်ထားသော ဦးထုပ်ဝိုင်းကြီး များလည်း မရှိတော့၊ အခန်း၏ ပုံသဏ္ဌာန်က ခေတ်မီသပ်ရပ်စွာ ရှင်းလင်း နေသည်။

ခုတင်ခြေရင်းမှ နံရံတွင် ကြီးမားသော အဝတ်ဗီဒိုကြီးနှစ်လုံးရှိနေသည် ကို တွေ့ရသည်၊ ညတုန်းက ထိုနေရာတွင် ဗီရိုသေးသေးတစ်လုံးသာ ရှိသည် ကို သူ အမှတ်ရမိသည်၊ ခုတင်ဘေးစားပွဲပေါ်တွင် ဟိုမိန်းကလေး၏ ဓာတ်ပုံ ရှိသည်ကို သတိရပြီး သူ ရှာကြည့်တော့ ထိုဓာတ်ပုံ မရှိတော့ပါ၊ စားပွဲလေး ပေါ်တွင် ရေသန့်ဘူးတစ်ဘူး၊ ဖန်ခွက်တစ်ခွက်နှင့်မဂ္ဂဇင်းတစ်အုပ်၊ နှင်းဆီ ပန်း ထိုးထားသော ဖန်ပန်းအိုးလေးတစ်လုံးသာ ရှိနေသည်၊ ခေါင်းရင်း



ပြတင်းပေါက်အနီးမှာတော့ ကြီးမားသော မှန်တင်ခုံနှင့် မိတ်ကပ်စင်ကို တွေ့ ရသည်၊ မိတ်ကပ်စင်ပေါ်တွင်တော့ ခေတ်ပေါ်အလှကုန်ပစ္စည်းများ အစီအရီ ရှိနေကြသည်၊ ညတုန်းက ထိုမှန်တင်ခုံကို သူ မမြင်မိပါ၊ မရှိခဲ့တာလား သူပဲ မမြင်မိတာလား။

သူက တွေးရင်း အခန်းထဲ လှည့်ပတ်ကြည့်နေမိစဉ် ခုတင်ဘေးနံရံမှ ကြီးမားသော ဓာတ်ပုံကြီးကို ပြုံးတုံ့ပြတဲ တွေ့လိုက်ရသဖြင့် ရုတ်တရက် လန့်သွားမိသည်။

ညီညီတို့လင်မယား၏ မင်္ဂလာဆောင် ဓာတ်ပုံကြီး ဖြစ်သည်၊ ဒီဓာတ်ပုံ ကြီးက ဒီအခန်းထဲ ဘယ်လိုရောက်နေပါလိမ့်၊ မဟုတ်မှလွဲရော ... သူရောက် နေတာ ညီညီတို့လင်မယားရဲ့အိပ်ခန်းလား။

ထိုသို့တွေးမိတော့ သူ အူကြောင်ကြောင် ဖြစ်သွားရသည်၊ ညက သူ အိပ်ပျော်သွားခဲ့တာ ယဉ်ယဉ်ဆိုသော မိန်းကလေး၏ အခန်းထဲမှာ ဖြစ် သည်၊ မိုးလင်းတော့ ဒီအခန်းထဲ ဘယ်လိုရောက်လာပါလိမ့်၊ တစ်ယောက် ယောက်က သူ့ကို မရွှေ့သည်ဆိုရအောင်လည်း သူက အဲဒီလောက် အအိပ် ကြီးသူ မဟုတ်ပါ၊ သူ့အသားကို ထိလိုက်ရုံနှင့် နိုးတတ်သူဖြစ်သည်၊ ဒါဆို သူ ဒီအခန်းထဲ ဘယ်လိုရောက်လာတာလဲ။

သူက တွေးရင်း ခေါင်းရှုပ်လာသဖြင့် အခန်းထဲမှ ထွက်လာခဲ့သည်၊ သို့ တိုင်အောင် ဟိုဧည့်သည်ဆိုသူတွေကိုလည်း ကြောက်ရသေးသဖြင့် ဟိုဟို ဒီဒီကြည့်ရသေးသည်၊ သူအခန်းထဲမှထွက်လာတော့ပို၍အံ့ဩသွားရသည်၊ သူထွက်လာသောအခန်းက တခြားတစ်ခန်း မဟုတ်ပါ၊ ညက သူရှိခဲ့သော အခန်းဆိုတာ အပြင်ထွက်လိုက်မှ သေချာသိရသည်၊ ဒီအခန်းက တခြား အခန်းများနှင့် သီးခြားဖြစ်နေသည် မဟုတ်လား။

ဒါဆို ... အခန်းထဲက ပစ္စည်းတွေ၊ အခန်းအပြင်အဆင်တွေက ဘာ ကြောင့် ပြောင်းလဲသွားရတာလဲ၊ ယဉ်ယဉ်ဆိုသော မိန်းကလေး၏အခန်းမှ ဘယ်လိုကြောင့်ညီညီတို့လင်မယား၏အိပ်ခန်းဖြစ်သွားရတာလဲ၊ သူနားကို မလည်နိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

အခန်းအပြင်မှ စင်္ကြံလမ်းမှာတော့ ညက တွေ့ရသော မီးအိမ်တင်သည့် ကျောက်သားတိုင်လေးများကို တွေ့ရသည်၊ သို့သော် ဘာ မီးအိမ်မှ တင်မထားပါ၊ သူက အံ့တွေးရစက်စွာဖြင့် ဆက်လျှောက်လာခဲ့စဉ် ညက တွေ့ခဲ့ရသော ထမင်းစားခန်းအနီးသို့ ရောက်လာသည်၊ ထမင်းစားခန်းထဲမှ လူသံသူသံ ဘာမှမကြားရသဖြင့် သူက ခန်းဆီးကို အသာဖယ်ကာ အထဲသို့ လှမ်းကြည့်လိုက်သည်၊

ထမင်းစားခန်းထဲမှ အပြင်အဆင်ကို မြင်လိုက်ရသောအခါ သူ ထပ်မံ အံ့သြသွားမိပြန်သည်၊ အခန်းထဲတွင် ညတုန်းကလို စားပွဲရှည်ကြီးနှင့် ကျွန်းသားကုလားထိုင်ကြီးများမရှိတော့ပဲ စားပွဲဝိုင်းတစ်လုံးနှင့် ရိုးရိုးသစ်သားထိုင်ခုံသုံးလေးလုံးသာ ရှိတော့သည်၊ ထမင်းပွဲတို့ဘာတို့ပြင်ဆင်ထားသည့် အရိပ်အယောင်လည်း မတွေ့ရပဲ အခန်းထဲတွင် လူမရှိသလို တိတ်ဆိတ်နေသည်၊

သူက ပနံးတစ်ချက်တွန့်လိုက်ရင်း အခမ်းနားမှစွာကာ ဆက်လျှောက်လာခဲ့သည်၊ ဧည့်ခန်းထဲသို့ဝင်မည်ပြုပြီးမှ ဟိုဧည့်သည်တွေရှိမရှိအကွယ်မှ ချောင်းကြည့်ရသေးသည်၊ ဘယ်သူမှ မရှိတာ သေချာတော့မှ ဧည့်ခန်းထဲ ဝင်လာခဲ့သည်၊ ထပ်ပြီး အံ့သြစရာကောင်းတာက ဧည့်ခန်းအပြင်အဆင်ကလည်း မနေ့ညကနှင့် မတူတော့ပေ၊

ပန်းကနုတ်ဖော်ကျွန်းသားစားပွဲနှင့်ကုလားထိုင်များ မရှိတော့ပဲ ယခုခေတ်ဧည့်ခန်းများ၏ထုံးစံအတိုင်း မှန်စားပွဲပုလေးတစ်လုံးနှင့် ဆက်တီခုံများလည်းရှိပြီး ဧည့်ခန်းထောင့်မှ စင်လေးပေါ်တွင် တယ်လီဖုန်းတစ်လုံးကို တွေ့ရသည်၊ ဧည့်ခန်းနံရံမှာတော့ ညီညီတို့လင်မယား၏ ဓာတ်ပုံများနှင့် တခြားဓာတ်ပုံများကို ချိတ်ဆွဲထားလေသည်၊

တခြားဓာတ်ပုံများမှာ မဝေတို့မိဘများ၊ အဘိုးအဘွားဖြစ်ဟန်တူပြီး အဖြူအမည်းဓာတ်ပုံများကိုလည်းတွေ့ရသည်၊ သူက ဓာတ်ပုံများကိုလျှောက်ကြည့်ရင်း ပုံကြီးချဲ့ထားသော အဖြူအမည်းဓာတ်ပုံတစ်ပုံကို မြင်လိုက်ရသောအခါ ရင်ထဲမှာ ဒိတ်ခနဲ ခုန်သွားမိသည်၊ ဟိုမိန်းကလေး၏ ဓာတ်ပုံဖြစ်သည်၊ မနေ့ညက အခန်းထဲမှ စားပွဲပေါ်တွင် သူတွေ့ခဲ့ရသော ဓာတ်ပုံ



ဖြစ်ပြီး ယခုပုံမှာ ပုံကြီးချဲ့ထားသော်လည်း အတော်လေး ဟောင်းနွမ်းမှုန်ဝါးနေရင်း သိသာနေသည်၊ ဓာတ်ပုံရိုက်ထားခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာခဲ့သည့်ပုံစံမျိုး၊

သူက ထိုဓာတ်ပုံကို ငေးကြည့်ရင်း တစ်စုံတစ်ယောက်၏ မျက်နှာက အာရုံထဲမှာ ပေါ်လာသည်၊ ဟုတ်သားပဲ၊ ညတုန်းက ထိုဓာတ်ပုံကိုကြည့်ရင်း ဘယ်သူနဲ့ တူပါလိမ့်ဟု စဉ်းစားနေခဲ့မိသည်မှာ ယခုမှ အဖြေပေါ်လာသည်၊ သူမက မဝေနှင့်တူခြင်း ဖြစ်သည်၊ မျက်ခုံးထူထူ၊ မျက်လုံးဝိုင်းဝိုင်း၊ နှုတ်ခမ်းခပ်ထူထူစသည်တို့က မဝေနှင့်အနည်းငယ် ဆင်နေခြင်း ဖြစ်လေသည်၊ သူမက မဝေ၏ ဆွေမျိုးတော်စပ်သူတစ်ယောက်များလား၊

သူတွေးရင်း တွေးရင်း ဦးနှောက်တွေ ခြောက်လာသည်၊ ဘာတွေလဲ၊ ဘာတွေ ဖြစ်ကုန်တာလဲ၊ ညက သူတွေ့ခဲ့ရတဲ့လူတွေက ဘယ်သူတွေလဲ၊ အိမ်ထဲကအနေအထား၊အပြင်အဆင်တွေကတစ်ညတာအချိန်လေးအတွင်းမှာ ဘာကြောင့်ပြောင်းလဲသွားတာလဲ၊ ဒီအိမ်ကြီးမှာ ဘာတွေဖြစ်နေတာလဲ၊ သူပဲ ရူးသွားပြီလား၊

သူက တွေးရင်းမှ ညက သူ ရောက်ခဲ့သော အခန်းတစ်ခန်းကို သတိရသွားသည်၊ စာကြည့်ခန်း၊ စာကြည့်ခန်းထဲကို သူ ရောက်ခဲ့တာပဲ၊ ထိုအခန်းထဲမှာရော ဘာတွေပြောင်းလဲသွားသလဲဆိုတာ သူသွားကြည့်ရမည်၊ သူက ဧည့်ခန်းထဲမှာရော ဘာတွေ ပြောင်းလဲသွားသလဲဆိုတာ သူသွားကြည့်ရမည်၊ သူက ဧည့်ခန်းအနီးမှ စာကြည့်ခန်းဆီသို့ လျှောက်လာကာ အခန်းထဲ ဝင်လာခဲ့သည်၊

သူ စန့်မှန်းလာသလိုပင် စာကြည့်ခန်းကလည်း ညကနှင့်မတူပဲ ပြောင်းလဲနေသည်၊ နံရံတွင် ညကလို စာအုပ်ဗီရိုအမြင့်ကြီးများ မရှိတော့ပဲ ခပ်နိမ့်နိမ့် စာအုပ်စင်လေးများသာ တွေ့ရသည်၊ စာအုပ်များကလည်း ယခုခေတ်ထုတ် ကာ့လတီမဂ္ဂဇင်းများ၊ တက်ကျမ်းစာအုပ်များ၊ ပညာရပ်ဆိုင်ရာ မြန်မာဘာသာစာအုပ်များသာဖြစ်သည်၊ ညတုန်းက တွေ့ခဲ့သလို စားပွဲရှည်ကြီးနှင့် ကုလားထိုင်များ မရှိတော့ပဲ စားပွဲလေးတစ်လုံးနှင့် ကုလားထိုင်တစ်လုံး၊ ပြီးတော့ ဆိုဖာရှည်တစ်လုံးကို တွေ့ရသည်၊



www.burmeseclassic.com

www.burmeseclassic.com

စားပွဲပေါ်မှာတော့ လက်ပ်တော့တစ်လုံး၊ ကွန်ပျူတာစာအုပ်တစ်အုပ်နှင့် စာရွက်စာတမ်းများ၊ ဘောပင်များ၊ စာရွက်ညှပ်ကလစ်များကို တွေ့ရသည်။ ကြည့်ရတာ ညီညီ၏ အလုပ်ခန်း ဖြစ်ပုံရသည်။ စားပွဲပေါ်တွင် သူတို့ဖွန်းမောင်နှံ၏ ဓာတ်ပုံလေးကိုလည်း တွေ့ရသည်။ ညတုန်းက စာကြည့်ခန်းထဲတွင် သူတွေ့ခဲ့ရသော ဓာတ်ပုံက ဟိုလူကြီး၏ အဖြူအမည်းဓာတ်ပုံ ဖြစ်သည် မဟုတ်လား။

အရာရာသည် ပုံမှန်မဟုတ်တော့တာတော့ သေချာနေသည်။ ညက သူကြုံခဲ့ရသော အဖြစ်အပျက်က အိမ်မက်တစ်ခုလို၊ အိပ်ရာကနိုးလာတော့ အားလုံး ပျောက်ကွယ်သွားခဲ့သည် မဟုတ်လား။

သူက တွေးရင်းမှ အိမ်ထဲတွင် လူတစ်ယောက်မှ မတွေ့ရသည်ကို သတိထားမိသွားသည်။ သူ စာကြည့်ခန်းထဲမှ ထွက်လာပြီး ဧည့်သည်များရှိသည်ဟု ပြောခဲ့သော တခြားအခန်းများကို လျှောက်ကြည့်မိသည်။ အခန်းများအားလုံးအပြင်မှ လော့စ်ချထားတာ တွေ့ရသည်။ တစ်အိမ်လုံးလျှောက်ကြည့်မိသော်လည်း သက်ရှိဟူ၍ ခွေးတစ်ကောင်ကြောင်တစ်မြီးမှ မတွေ့ရပါ။ အိမ်ကြီးတစ်အိမ်လုံးတွင် သူတစ်ယောက်တည်းသာ ရှိနေသည်။

သူက အိမ်ပြင်ထွက်ကြည့်ရန် အိမ်ရှေ့တံခါးမကြီးကို သွားတော့ သော့ခတ်ထားတာတွေ့ရသည်။ သော့ခလောက်ကြီးဖြင့် အပြင်မှ ခတ်ထားခြင်းဖြစ်သည်။ သူက ညက သူဝင်ခဲ့သောအိမ်၏နောက်ဘက်တံခါးလေးဆီသို့ လျှောက်လာခဲ့သောအခါ တံခါးကစေ့ရုံသာစေ့ထားသည်ကို တွေ့ရသည်။ သူက ထိုတံခါးပေါက်မှ ခြံထဲသို့ ထွက်လာတော့ နံရံဘေးတွင် သူ့ရဲ့ စစီးဆောင်အိတ်ကို တွေ့လိုက်ရသည်။ ညက မိန်းကလေး ဆွဲခေါ်သွားတော့ ဤနေရာတွင်ကျန်နေခဲ့ခြင်းဖြစ်သည်။ သို့ဆိုလျှင်တော့ ညကအဖြစ်အပျက်က အိပ်မက်မဟုတ်တာ သေချာနေပြီ။

အိမ်ရှေ့ဆင်ဝင်အောက်က တောက်စ်ဝက်ဂွန်းကားလေးကိုတော့ မတွေ့ရတော့။ သူက စရီးဆောင်အိတ်ကိုယူကာ အိမ်ထဲပြန်ဝင်လာခဲ့သည်။ အိမ်ရှေ့တံခါးမကြီးကို ညီညီပေးလိုက်သော သော့ဖြင့် ဖွင့်ထားလိုက်သည်။ ထို့နောက် အခန်းထဲ ပြန်ဝင်လာခဲ့ပြီး သူ့အိတ်ကို စစ်ကြည့်လိုက်သည်။



အိတ်ကတော့ ညက အတိုင်းပင်။ စီးကရက်ဘူးကို စစ်ကြည့်တော့ တစ်လိပ်လျော့နေသဖြင့် ညက သောက်ခဲ့မိတာ သေချာပါသည်။

သူက ကျောပိုးအိတ်ထဲမှ ဟန်းဖုန်းကို ထုတ်ကာ ကြည့်မိတော့ ဖုန်းခေါ်လို့ရသည်ကို တွေ့ရသည်။ ညတုန်းကတော့ ဘာကြောင့် ကွန်ထည့်မထားသော ဟန်းဒ်ဆက်အခွံကြီးလို ဖြစ်နေမှန်း သူ နားမလည်ပါ။ ယနေ့တော့ သူနားမလည်တာတွေ အတော်များနေပြီ။

သူက ညီညီထံ ဖုန်းခေါ်လိုက်တော့ တန်းဝင်သွားသည်။

"အေး ... ပြောပြည့်စုံ"

"ဟော့ကောင် ... ညီညီမင်းက မင်း - အိမ်မှာ လူတစ်ယောက်မှ မရှိဘူးလို့ ငါ့ကို ပြောခဲ့တာနော်"

သူက သေချာအောင် ပြန်မေးမိတော့ ညီညီက -

"ဖေအး ... ဟုတ်တယ်လေကွာ ဘာဖြစ်လို့လဲ" ဟုပြန်မေးသည်။

"မင်းအိမ်မှာ လူတစ်ယောက်မှ မရှိတာ သေချာရဲ့လား"

"ဖြော် ... မရှိပါဘူးဆို အိမ်မှာငါတို့လင်မယားနှစ်ယောက်တည်းနေတာတောက ခြံစောင့်အဖြစ် ခေါ်ထားတဲ့ ဦးကြီးကလည်း ငါတို့ရန်ကုန်လာမယ့်နေ့မှာပဲ ပြန်သွားတယ်လေ၊ အိမ်ကို သော့ခတ်ထားခဲ့တာမို့ မင်းကိုတောင် သော့တွေပေးလိုက်သားပဲ"

ညီညီစကားက မှန်နေသဖြင့် သူ ဘာဆက်ပြောရမှန်း မသိဖြစ်နေသည်။ သူ့ရဲ့ အိမ်မက်လိုလို တကယ်လိုလို အကြောင်းကြောင်းအဖြစ်ကို သူ ဘယ်လို ရှင်းပြရမလဲ။

"ဘာဖြစ်လို့လဲ .... ပြည့်စုံ အိမ်မှာ ဘာပြဿနာရှိလို့လဲ"

"ဘာမှမရှိပါဘူးကွာ ... မေးကြည့်တာပါ၊ ဒါနဲ့ မဝေတို့အမျိုးတွေ ဆိုတာကရော မြို့ထဲမှာပဲ နေတတ်ကြတာလား၊ ဒီအိမ်ကို လာတတ်သလား"

"မလာပါဘူးကွာ ... သူတို့နဲ့တို့က သိပ်အစေးမကပ်ပါဘူး၊ မဝေရဲ့ညီမ ရယ်ရီဆွေကလည်း တခြားမြို့မှာ အလုပ်တာဝန်ကျလို့ သွားနေရတယ်ကွ၊ အိမ်မှာက တို့လင်မယားနှစ်ယောက်တည်းရှိတာ၊ ဒါနဲ့ မနေ့ညနေကပင်၊



www.burmeseclassic.com

www.burmeseclassic.com

ရောက်မယ့် အချိန်ကိုမှန်းပြီး ငါဖုန်းဆက်သေးတယ်၊ မင်းအဆင်ပြေရဲ့လား သိချင်လို့လေ၊ ဒါပေမဲ့ မင်းဖုန်းက ဇရိယာပြင်ပပဲ ဖြစ်နေတယ် နောက်ထပ်ခေါ်တော့လည်း တစ်ညလုံး ခေါ်မရဘူး၊ မင်းဖုန်းက ဘယ်ရောက်နေတာလဲ"

ညီညီမေးခွန်းကို သူ ဘယ်လို ဖြေရမှန်း မသိ၊ တစ်ညလုံး သူ့ဖုန်းက ဖုန်းလိုင်းတွေ ပျောက်နေတာ သူကိုယ်တိုင်တောင် နားမလည်ပါ၊

"အေး ... ငါ အဆင်ပြေပါတယ်ကွာ၊ ဒါနဲ့ မင်းတို့ ဘယ်တော့ ပြန်လာမှာလဲ"

"ငါတို့လား ... အစက လေးငါးရက်နေဦးမလို့ပဲ၊ ဒါပေမဲ့ အဖေ့ကျန်းမာရေးက တော်တော်လေးကောင်းနေတော့ အဲဒီလောက်နေစရာ မလိုတော့ပါဘူးကွာ၊ အဲဒီမှာအလုပ်တွေကလည်း ဒီအတိုင်းထားခဲ့ရတာလေ မနက်ဖြန်လောက် ပြန်လာဖြစ်မယ်"

သူက သူ့အဖြစ်ကို ပြောပြရင် ကောင်းမလားဟု စဉ်းစားလိုက်ပြီးမှ ပြန်လည် ရုတ်သိမ်းလိုက်ကာ မပြောဖြစ်တော့၊ သူ့အဖြစ်က ကြုံခဲ့ရသော လူတစ်ယောက်မှလွဲ၍ တခြားသူကြားလျှင် ရယ်စရာကြီး ဖြစ်နေသည် မဟုတ်လား၊

သူက ညီညီနှင့်တခြားအကြောင်း အနည်းငယ် ပြောပြီးသည်နှင့် ဖုန်းချလိုက်သည်၊ ထို့နောက်မှာတော့ သူ့စိတ်ကို လျှော့ချလိုက်ကာ ညီညီတို့လင်မယား၏နှစ်ယောက်အိပ် ခုတင်ကြီးပေါ် လှဲချလိုက်မိတော့သည်၊

သူ ဘာတွေကိုကြုံတွေ့နေရမှန်းမသိတော့ပါ၊ အိပ်မက်ဟုပြောရအောင်လည်း ရင်ခုန်ယစ်မူးဖွယ်ရာ အထိအတွေ့တို့က လက်တွေ့ဆန်လွန်းလှသည်၊ သူမ၏ ကိုယ်သင်းရနံ့လေးနှင့် ကိုယ်ငွေ့နွေးနွေးတို့ကို သူအခုထိ သတိရနေသေးသည်၊ ပြီးတော့ အိမ်ပြင်မှာကျန်ခဲ့သော သူ့ခရီးဆောင်အိတ်က သူမနှင့် သူတွေ့ဆုံခဲ့တာကို သက်သေခံနေသည်၊ ပြီးတော့ သူမ ကျွေးမွေးခဲ့သော ကော်ဖီတစ်ခွက်နှင့် ပေါင်မုန့်နှစ်ချပ်၊

တကယ်လို့ အိပ်မက်မက်ခဲ့သည်ပဲ ထားပါဦး၊ မနေ့က သူ ဘယ်အချိန် အိပ်ပျော်ခဲ့လို့ ဒီအိပ်မက်ကို မက်ရတာလဲ၊ ကားပေါ်မှာ အိပ်ပျော်ခဲ့ရင်လည်း



ယနေ့မနက် သူဒီအိမ်ထဲကိုရောက်နေစရာအကြောင်းမရှိ၊ အိမ်ထဲကိုရောက်မှ အိပ်ပျော်ပြီး အိပ်မက်မက်ခဲ့ရင်လည်း ခရီးဆောင်အိတ်က အိမ်ပြင်ရောက်စရာ အကြောင်းမရှိ၊ အိမ်ရှေ့တံခါးကိုလည်း သော့ခတ်လျက်သား ဖြစ်နေသေးစရာ အကြောင်းမရှိပါ၊

အိပ်မက်မက်တာမဟုတ်လျှင် သူဘာဖြစ်ခဲ့တာလဲ၊ သူ တစ္ဆေခြောက်ခံရတာလား၊ ဒါလည်းမဖြစ်နိုင်ပါ၊ တစ္ဆေဆိုတာ အရိပ်အငွေ့ပဲမို့ ထိတွေ့ကိုင်တွယ်လို့မရနိုင်ဟု သူကြားဖူးပါသည်၊ သူနှင့်အတူရှိခဲ့သော သူမက ဘယ်လိုမှ တစ္ဆေသရဲမဖြစ်နိုင်ပါ၊ ဒါဆို မနက်မိုးလင်းတော့ သူတို့အားလုံး ဘာကြောင့် ပျောက်ကွယ်သွားကြတာလဲ၊

"အား"

သူက ခေါင်းကိုလက်နှစ်ဖက်ဖြင့်အုပ်ကိုင်ကာစိတ်ထဲမှအော်ဟစ်လိုက်မိသည်၊ အဖြစ်အပျက်ကို ဘယ်လိုမှ နားမလည်နိုင်ပဲ တွေးရင်း တွေးရင်းသူသာ ရူးချင်လာလေသည်၊

မင်း - ဘယ်ရောက်သွားလဲ မိန်းကလေးရယ်"

—●—

အဲဒီနောက်ပိုင်းမှာတော့ သူတစ်ယောက်တည်းရှိနေသော ထိုအိမ်ကြီးမှာ ဘာမှ ထူးဆန်းတာ မကြုံရတော့ပါ၊ ထိုနေ့တစ်နေ့လုံး ပုံမှန်ပဲ ရှိနေသည်၊

သူကိုယ်လက် သန့်စင်သည်၊ ပြီးတော့ ထမင်းစားခန်းထဲဝင်ကာ မနက်စာ စားသည်၊ မနက်စာဟု ဆိုရသော်လည်း ဗီရိုထဲ အဆင်သင့်ရှိနေသော ပေါင်မုန့်နှင့်ကော်ဖီဖျော်သောက်ရခြင်းသာ ဖြစ်သည်၊ မနက်စာ စားပြီးသည်နှင့်မြို့ထဲသို့ထွက်လာခဲ့ပြီး နည်းနည်းပါးပါး လျှောက်ကြည့်လေ့လာသည်၊ တစ်ခါတည်းပင် နေ့လယ်စာကို ဆိုင်မှ စားလိုက်သည်၊ ထို့နောက်မှ အချိုရည်ဗူးနှင့်ဘီယာဘူး နည်းနည်းဝယ်ပြီး ပြန်လာခဲ့သည်၊ ရှင်းလင်းတိတ်ဆိတ်သော မြို့လေးက ညီညီ ပြောခဲ့သလို သူ့အတွက် စာရေးရန် စိတ်ကြိုက်ဖြစ်နေလေသည်၊



www.burmeseclassic.com

www.burmeseclassic.com

သို့သော် ယနေ့အဖို့တော့ သူ စားရေးလို့ မရနိုင်သေးပါ။ ညတုန်းက ကြုံတွေ့ခဲ့ရသော အဖြစ်တွေက သူ့ခေါင်းထဲမှာ ရှုပ်ထွေးကျပ်ခဲလျက်ပင် ရှိနေသေးသည်။ ထိုနေ့ တစ်ညနေလုံး သူသည် ဧည့်ခန်းတွင်ထိုင်ကာ ယဉ်ယဉ်ဆိုသော မိန်းကလေး၏ ဓာတ်ပုံကို ငေးကြည့်ရင်း ထိုအဖြစ်ကို အဖြေရှာနေမိလေသည်။ သို့သော် ထိုအဖြစ်သည် အိပ်မက်မဟုတ်ဆိုတာ ကလွဲ၍ ဘာအဖြေမှ ထွက်ပေါ်မလာခဲ့ပါ။

ထိုညကို သူ ရင်ခုန်စိတ်လှုပ်ရှားစွာဖြင့် စောင့်ကြည့်နေခဲ့သော်လည်း လာမှ ထူးထူးခြားခြား ထပ်ဖြစ်မလာခဲ့ပါ။ သူသည ညတစ်အိမ်လုံးကို လျှောက်သွားကာ ထူးခြားမှု တစ်စုံတစ်ရာ ရှိလေမလားဟု မျှော်လင့်မိသော်လည်း အိမ်ကြီးသည် သာမန်အတိုင်း တိတ်ဆိတ် ငြိမ်သက်နေမြဲ။ ထိုတစ်ညကို သာမန်ညတစ်ညလိုပဲ သူဖြတ်သန်းခဲ့ရသည်။

ထူးခြားသည်ဟု ပြောလို့ရတာ တစ်ခုကတော့ သူ့ရဲ့ချစ်သူဟောင်းက လက်ဆောင်ပေးထားသော မီးခြစ်လေး ပျောက်နေခြင်းဖြစ်သည်။ ဟိုညက စီးကရက် သောက်ခဲ့ပြီးနောက် မီးခြစ်ကို အခန်းထဲက တစ်နေရာမှာ ထားခဲ့မိသည်။ ယခုပြန်ရှာသောအခါလုံးဝမတွေ့ရတော့။ အဲဒီညကမိန်းကလေးက သူ့ရင်ခွင်ထဲမှ ရုန်းထွက်ကာ ထသွားတော့ ငြိမ်းနေသော မီးအိမ်လေးကို မီးထွန်းကာ ယူသွားသည်ကို သူ သတိရမိသည်။ မီးခြစ်ကလေးက ထိုမိန်းကလေးထံပါသွားတာဖြစ်နိုင်သည်။ အခန်းထဲမှာတော့လုံးဝရှာမတွေ့တော့။

သူ ထိုအိမ်တွင် တစ်ညအိပ်ပြီး နောက်တစ်နေ့ညနေမှာတော့ ညီညီတို့ လင်မယား ပြန်လာသည်။ မဝေကိုမြင်တော့ တစ်ညတာ ချစ်ခွင့်ရခဲ့သော ဟိုမိန်းကလေးကို သူ သတိရသွားမိပါသည်။

"ဘယ်လိုလဲ ... နေရထိုင်ရတာ အဆင်ပြေရဲ့လား သူငယ်ချင်း"

ညီညီရဲ့မေးခွန်းကို သူက မရှိသွားဖြဖြင့် -

"အေး ... အဆင်ပြေပါတယ် အိပ်ရတာလည်း အဆင်ပြေလို့ အိပ်မက် လှလှလေးတောင် မက်လိုက်သေးတယ်ကွ"



သူ့အဖြစ်ကို ဘာမှ မသိသော ညီညီက သူ့စကားကို သဘောကျစွာ ရယ်မောနေလေသည်။ သူသည်မဝေကိုဓာတ်ပုံထဲမှမိန်းကလေးအကြောင်း မေးချင်လွန်းလှသော်လည်း ရောက်ရောက်ချင်း ထိုကိစ္စကို မမေးသင့်တာမို့ ကြိတ်မှိတ် မျိုသိပ်ထားရလေသည်။

ထိုနေ့ညနေမှာ မတွေ့တာကြာသော သူတို့သူငယ်ချင်းနှစ်ယောက် နည်းနည်းပါးပါး သောက်ရင်းစားရင်း စကားပြောဖြစ်ကြသည်။ သူက မသိသောဖြင့် ဓာတ်ပုံထဲမှ မိန်းကလေးက ဘယ်သူလဲဟု ညီညီကို မေးကြည့်မိသည်။

"အဲဒါ ... မဝေအမေရဲ့အဖွားကွ ဒေါ်ယဉ်မေတဲ့"

ညီညီ့စကားကြောင့် သူ အံ့ဩသွားမိသည်။ မဝေအမေရဲ့အဖွားတဲ့၊ ဒါကြောင့် မဝေနဲ့ရုပ်ချင်းဆင်နေတာကိုး။

"မဝေရဲ့ ဂရန်မားသားပေါ့ကွာ၊ မဝေတို့မျိုးရိုးက ခေတော့ မခေဘူးကွ အင်္ဂလိပ်တွေ အုပ်ချုပ်ခံနေရတဲ့ခေတ်က မျိုးချစ်တော်လှန်ရေးသမားတွေကို ကူညီထောက်ပံ့ပေးခဲ့တာတဲ့ ဒေါ်ယဉ်မေရဲ့အဖေ ဦးမြတ်ထင်ဆိုရင် အဲဒီခေတ်တုန်းက လူကုံထံ သူဌေးတစ်ယောက်ဖြစ်ပြီး အင်္ဂလိပ်အထက်ပိုင်း အရာရှိတွေနဲ့ ဝင်ဆံ့ ခဲ့တဲ့ လူတစ်ယောက် ဆိုပဲ၊ ဒါပေမဲ့ သူက အဲဒီလို အင်္ဂလိပ်တွေနဲ့ပေါင်းပြီးတစ်ဖက်ကမြန်မာတော်လှန်ရေးသမားတွေကိုအကူအညီ ပေးခဲ့တာတဲ့ကွ"

ညီညီစကားများက သူ ကြုံတွေ့ခဲ့ရသည်နှင့် အံ့ခြေအနေတူညီနေသဖြင့် သူ ရင်နည်းနည်း စုန်သွားမိသည်။

"ဒေါ်ယဉ်မေကလည်း သူ့အဖေလို လုပ်ခဲ့တာပဲလား"

"အေး ... သူကလည်း သူ့အဖေရဲ့ အလုပ်တွေကို ကူညီပေးခဲ့တယ်လို့ တော့ မဝေက ပြောဖူးတယ်ကွ သေချာတော့ မသိဘူးကွာ၊ ငါက ပြီးပြီးသား ကိစ္စတွေကို စိတ်မဝင်စားတဲ့ကောင်ဆိုတော့ သေချာမမေးမိပါဘူး"

ယဉ်ယဉ်ဆိုတဲ့ မိန်းကလေးက မဝေရဲ့အဖွားရဲ့အမေတဲ့၊ ခုချိန်ထိ အသက်ရှင်မည်ဆိုလျှင်တောင်အသက်(၁၀၀)ကျော်ရှိနေပြီ။ ဟိုနေ့ညက



www.burmeseclassic.com

www.burmeseclassic.com

သူတွေ့ခဲ့ရတဲ့အသက်(၂၀)ကျော်မိန်းကလေးဟာအသက်(၁၀၀)လောက် ရှိပြီတဲ့လား၊ သေဆုံးသွားခဲ့ပြီဖြစ်တဲ့ သူတို့တွေကို သူ ဘာကြောင့်ပြန်လည် တွေ့ဆုံခဲ့ရတာလဲ၊ ဘာကြောင့် အဲဒီခေတ်က အခြေအနေတွေကိုပြန်လည် ကြုံတွေ့ခဲ့ရတာလဲ၊ သူတကယ်ပဲ တစ္ဆေခြောက်ခံခဲ့ရတာလား၊

ညီညီတို့လင်မယားနှင့် သူ ညစာစားပြီး၍ ဧည့်ခန်းမှာ စကားထိုင် ပြော ဖြစ်ကြတော့ သူမဝေကို မေးကြည့်ဖို့ ဆုံးဖြတ်လိုက်သည်၊ သူ့ရဲ့အတွေ့အကြုံ ကြောင်း အဖြစ်အပျက်ကိုတော့ ပြောပြဖို့ ယောင်လို့တောင် စိတ်မကူးမိ မသိမသာ လှည့်ပတ် မေးကြည့်ရမည်ဖြစ်သည်၊ ဒါတောင် ဘယ်က ဘယ်လို စပြောရမှန်းမသိပေ၊

သို့နှင့် သူက ဦးမြတ်ထင်ဆိုသူ၏ တော်လှန်ရေး လှုပ်ရှားမှုများကို စိတ် ဝင်စားဟန်ဖြင့် အရင်မေးသည်၊ မဝေကတော့ သူ တကယ်စိတ်ဝင်စားသည် ထင်၍ စိတ်ရှည်လက်ရှည် ရှင်းပြပါသည်၊ အဘွား၏အဘိုးတော်စပ်သူ ဦးမြတ်ထင်သည် မျိုးချစ်စိတ် အလွန်ပြင်းထန်သူ ဖြစ်ကြောင်း မလွဲမရှောင် သာ အင်္ဂလိပ်အစိုးရကို ဆက်ဆံပေါင်းသင်းနေရသော်လည်း မြန်မာ တော်လှန်ရေးသမားများကို တတ်နိုင်သမျှ အကူအညီပေးခဲ့ကြောင်း ထိုသို့ ကူညီခဲ့သော လုပ်ရပ်များကြောင့် ဒုက္ခအန္တရာယ်များ မကြာခဏ တွေ့ခဲ့ ကြောင်း ပြောပြသည်၊ ထိုသို့ ပြောရင်းမှ တဖြည်းဖြည်းနှင့် သူသိချင်သော ဒေါ်ယဉ်မေ၏ အကြောင်းကို ရောက်လာသည်၊

"အဖွားဒေါ်ယဉ်မေကလည်း သူ့အဖေလိုပဲလေ မိန်းမသားဆိုပေမယ့် မျိုးချစ်စိတ်ရှိပြီး အလွန်သတ္တိကောင်းတာတဲ့ ဦးမြတ်ထင်က သားတစ် ယောက်လိုပဲ အားကိုးခဲ့ရတယ်လို့ ပြောတယ်၊ ကျွန်မတို့ကတော့ ဘယ်သိ ပါ့မလဲ အဖွားက ပြောပြခဲ့တာ"

"ဒါဆို -မဝေရဲ့အဖွားက ဒေါ်ယဉ်မေရဲ့သမီးပေါ့နော် ၊ အဖွား ခုထိရှိသေးလားဟင်"

"အဘွားကတော့ မရှိတော့ပါဘူး ဆုံးသွားတာ ငါးနှစ်လောက်ရှိပြီ ဒါပေမယ့် အဘွားရဲ့အစ်ကိုအဖိုးဦးသာမြတ်ကတော့ရှိတယ် အသက်(၈၀) လောက်ရှိပြီ၊ မြို့ထဲမှာ နေတယ်လေ"



"ဪ် -မြို့ထဲမှာနေတဲ့ မဝေရဲ့အမျိုးတွေဆိုတာ ဦးသာမြတ်တို့ကို ပြောတာလား" သူ့စကားကို မဝေက ပြုံးတုံ့တုံ့ အမူအရာဖြင့် -

"ဟုတ်တယ် -ဒါပေမဲ့ သူတို့နဲ့ ကျွန်မတို့က သိပ်ပြီး မပတ်သက်ကြ ပါဘူး၊ ကျွန်မတို့က အမျိုးဆိုပြီး ခင်တွယ်ချင်ပေမယ့် သူတို့က သွေးကွဲနေ ကြတယ်လေ" မဝေစကားကို ညီညီကဝင်၍ -

"အဲဒီလို ... သွေးကွဲနေတာကလည်း ရာဇဝင် ရှိတယ်ကွ၊ ဝေ ပြောပြ လိုက်လေ -ဝေတို့ အဘွားဘယ်လောက်စွံခဲ့လဲဆိုတာ"

ညီညီကရယ်ကျဲကျဲနှင့်ပြောတော့မဝေကညီညီကိုမျက်စောင်းတစ်ချက် ထိုးရင်း -

"ကိုနော် ... ပေါက်ကရတွေ လျှောက်ပြောမနေနဲ့ အဘွားကို မလေး စား"

မဝေစကားကြောင့် ညီညီက တဟဲဟဲရယ်ရင်း -

"မလေးစားတာ -မဟုတ်ပါဘူး ဝေရဲ့၊ ကိုယ်က အဖွားဒေါ်ယဉ်မေကို လေးစားပါတယ်၊ အဖွားက ထက်လည်းထက်၊ တော်လည်းတော်၊ စန်း ဘလည်းပွင့်တယ် မဟုတ်လား"

ညီညီစကားကြောင့် မဝေက ညီညီကို မျက်စောင်းထပ်ထိုးရင်း သူ့မပါ လိုက်ရယ်နေသည်၊ ညီညီက ပြုံးဖြဲဖြဲ အမူအရာဖြင့် သူ့ကို လှည့်ကြည့်ပြီး -

"တကယ်တော့ မဝေတို့အဖွားဒေါ်မြသီနဲ့ ဦးသာမြတ်က ဒေါ်ယဉ်မေရဲ့ သားသမီးတွေဆိုပေမယ့် အရင်းမဟုတ်ဘူးကွ၊ အမေတူ အဖေကွဲတွေ ဦးသာမြတ်က အကြီးပေါ့ ဦးသာမြတ်ကို ကိုယ်ဝန်လွယ်ထားရတဲ့အချိန်မှာ ဒေါ်ယဉ်မေက လက်မထပ်ရသေးဘူး"

ညီညီစကားကြောင့် သူနားရှုပ်သွားရသည်၊ လက်မထပ်ရသေးပဲ ဘယ်လို ကိုယ်ဝန်ဆောင်တာလဲ၊ အနောက်နိုင်ငံတွေလို လက်မထပ်ပဲ သားသမီး ယူတာလား၊ ထိုခေတ်ထိုအခါက ထိုလေ့စရိုက်မျိုး မထွန်းကား နိုင်သေးဟု သူ ထင်ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com

သူ - အူလည်လည် ဖြစ်နေပုံကိုကြည့်၍ မဝေက ရယ်ရင်း -

"ဒီလို ကိုပြည့်ဖုံရေ - အဘိုးနဲ့ အဘွား ဒေါ်ယဉ်မေတို့ လက်ထပ်တော့ အဘွားမှာ သူချစ်သူနဲ့ ရတဲ့ ကိုယ်ဝန်ပါလာတယ်၊ အဘိုးကလည်း သိပါတယ် အဘွားရဲ့ချစ်သူက အဘွားကို တာဝန်မယူဘဲ ထွက်သွားတော့ အဘိုးက သနားပြီး လက်ထပ်ယူလိုက်တာ အဲဒီကလေးက ဦးသာမြတ်လေ ဦးသာမြတ်မွေးပြီး နှစ်နှစ်လောက်ကြာမှ ဝေတို့အဘွားဒေါ်မြသီကို မွေးခဲ့တာ အမေတူ အဖေကွဲပေါ့ အဘွားတို့က အကုန်လုံးမောင်နှမ ငါးယောက်ရှိကြတယ်"

"ပြောရရင် အဘိုးဘက်က အမျိုးတွေက ဦးသာမြတ်ကို အဖေမပေါ်တဲ့သားဆိုပြီး နှိမ်ချ ဆက်ဆံခဲ့ကြတယ် ခွဲခြားခွဲခြား လုပ်ခဲ့ကြတယ်တဲ့၊ အဲဒါကြောင့် ဦးသာမြတ်က အားလုံးကို စိတ်နာပြီး ခပ်ကင်းကင်း နေခဲ့တာ အခုရှိန်ထိပဲ ဆိုပါတော့ ကျွန်မတို့လို ဆွေမျိုးသားရင်းတွေကိုတောင် အခုထိ သိပ် ပတ်ပတ်သက်သက် မလုပ်ကြဘူးလေ"

"ဦးသာမြတ်ရဲ့ ... အဖေရင်းက လုံးဝပေါ်မလာဘူးလား"

သူ့မေးခွန်းကို မဝေက မဖြေမီ ညီညီက ဝင်၍ ပြုံးစိစိဖြင့် -

"ဘယ်ပေါ်လာတော့မလဲကွ အစကတည်းက ဘယ်ကလူမှန်းမသိ ဘယ်သူမှန်းမသိ အခြေအမြစ်မရှိတဲ့လူလေ၊ ပြောရရင် ဒေါ်ယဉ်မေက အဲဒီလူရဲ့နာမည်ကိုတောင် မသိဘူးတဲ့ကွ"

"ဘယ် ... လို"

ညီညီစကားကြောင့် သူအတော်လေး အံ့ဩသွားမိသည်၊ မဝေက -

"ကိုကလည်းလေ ပြောလိုက်ရင် ပစ်စလက်ခတ်ပဲ မသိရင် ဝေတို့ အဘွားကို တစ်မျိုးထင်နေပါဦးမယ် အကြောင်းရင်းကို သေချာပြောဖြူမှပေါ့"

မဝေစကားကြောင့် ညီညီဇက်ကလေးပုကာ ငြိမ်သွားသည်၊ မဝေက ဆက်ပြီး -



"ဒီလို ကိုပြည့်ဖုံရဲ့ - တကယ်တော့ ဒေါ်ယဉ်မေရဲ့ကိုယ်ဝန်က သူချစ်သူနဲ့ ရခဲ့တာမဟုတ်ဘူး သူမှာ ချစ်သူမရှိဘူး၊ သူ့ဂုဏ်သိက္ခာအတွက် ဒီလိုပြောထားခဲ့ရတာ၊ တကယ့်အဖြစ်မှန်ကို ဒေါ်ယဉ်မေ ဆုံးသွားမှပဲ သိခဲ့ရတာ ဒေါ်ယဉ်မေ ဆုံးသွားလို့ သူ့ရဲ့ပစ္စည်းတွေကို ရှာဖွေကြည့်ကြတော့ အတော်လျှို့ဝှက်ပြီး သိမ်းဆည်းထားတဲ့ ဒိုင်ယာရီစာအုပ်တစ်အုပ် တွေ့တယ်၊ ပြီးတော့ အဲဒီစာအုပ်နဲ့အတူ သေသေချာချာ သိမ်းထားတဲ့ မီးခြစ်ကလေးတစ်လုံးကိုလည်း တွေ့ရတယ်တဲ့"

မဝေစကားကြောင့် သူ့ရင်ထဲ ဒိန်းခနဲ ခုန်သွားသည်၊ မီးခြစ်ကလေးတဲ့ ဒါဟာ တိုက်ဆိုင်မှုသက်သက်တော့ မဖြစ်နိုင်တော့ပါဘူး၊

- - - - - - - - - - - - - - - - - - - - - - - - - -



မဝေ လှမ်းပေးသော
မီးခြစ်ကလေးကို
မြင်လိုက်ရသောအခါ
သူ တစ်ကိုယ်လုံးသည်
လေဟာနယ်ထဲ
လွင့်မြောက်သွားသလို
ခံစားလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီ ဒိုင်ယာရီကို ဖတ်ကြည့်တော့မှ အကြောင်းစုံကို သိလိုက်ရတာ တကယ်တော့ အဖွားဒေါ်ယဉ်မေက သနားဖို့ကောင်းပါတယ်၊ အဲဒီကိုယ်ဝန်ကို ရခဲ့တာ သူလျှပ်ပေါ်လော်လီလို့ စိတ်အလိုလိုက်လို့ ရခဲ့တာမှ မဟုတ်တာ -

"အဲဒီအချိန်တုန်းက ဒေါ်ယဉ်မေက အသက် (၂၀)ကျော်အရွယ်လေ (၁၉၃၀)ကျော် ဝန်းကျင်လောက်ပေါ့၊ ဒေါ်ယဉ်မေရဲ့အဖေဦးမြတ်ထင်က ကျွန်မပြောခဲ့ သလိုပဲ မျိုးချစ်ပုဂ္ဂိုလ်ကြီးလေ တစ်ဖက်က အင်္ဂလိပ် အထက်တန်းလွှာတွေနဲ့ အဆက်အဆံရှိပေမယ့် မြန်မာတော်လှန်ရေးသမား တွေကို အကူအညီအထောက်အပံ့ပေးနေတဲ့ ဘုံပေါ့၊ ဒေါ်ယဉ်မေကလည်း သူ့အဖေရဲ့အလုပ်တွေကို စိတ်ဝင်တစားနဲ့ ကူညီပေးခဲ့တယ်တဲ့ တချို့ကိစ္စ တွေဆိုရင် ဒေါ်ယဉ်မေကို လုံးဝလွှဲအပ်ထားတယ်ဆိုပဲ"

တစ်ခါတလေ တော်လှန်ရေးအဖွဲ့ဝင်တွေဟာ ဒီအိမ်ကြီးလာပြီး အစည်း အဝေးတို့ တွေ့ဆုံပွဲတို့ လုပ်လေ့ရှိကြတယ်တဲ့ နယ်ဝေးကလာတဲ့ အဖွဲ့ဝင် တွေလည်း ဒီအိမ်ကြီးမှာပဲ တည်းခိုတာ ပုန်းရှောင်တာ လုပ်တတ်ကြတယ်၊ ဦးမြတ်ထင်တို့ကလည်း ကူညီ ဝှက်ထားပေးကြတယ်၊ အင်္ဂလိပ်အရာရှိ တွေက သူတို့နဲ့ပန်းသင့်တဲ့ ဦးမြတ်ထင်တို့မိသားစုကို သံသယမဝင်ခဲ့ကြ ဘူးလေ"

မဝေစကားကို သူ အသက်ရှူရန်ပင် မေ့ရှာ နားထောင်နေမိသည်၊ သူ့ အတွေးထဲမှာတော့ ဟိုညကမြင်ကွင်းများ၊ ရှေးခေတ်စစ်ဝတ်စုံနှင့် အင်္ဂလိပ် လူမျိုးများ၊ မိန်းကလေး၏ ထူးခြားသော စကားများကို ပြန်လည် သတိရနေ မိလေသည်၊

"တစ်ညတော့ ဒီခြံကြီးထဲကို ထူးဆန်းတဲ့လူတစ်ယောက် ရောက်လာ တယ်တဲ့၊ အသက်အစိတ်လောက်ရှိပြီး ပုံစံကလည်း အဲဒီခေတ်ကဝတ်စုံ စားပုံနဲ့မတူပဲ ထူးခြားနေတယ်တဲ့ အဖွားဒေါ်ယဉ်မေကတော့ အဲဒီလူဟာ ခါတိုင်းလာနေကျလူတွေလိုပဲ တော်လှန်ရေးအဖွဲ့ထဲကလို့ ထင်ထား... အဲဒီညကျရင် ညှိသည်တစ်ယောက်လာလိမ့်မယ်လို့ သူ့အဖေ...



မှာထားခဲ့တာလေ၊ ဒါပေမဲ့ အဲဒီညက တိုက်တိုက်ဆိုင်ဆိုင် အထက်က အင်္ဂလိပ်အရာရှိတွေလည်း အိမ်မှာ ရောက်နေကြတယ်တဲ့"

"အဲဒါနဲ့ ဒေါ်ယဉ်မေက အရာရှိတွေမတွေ့အောင် အဲဒီလူကို သူ့အခန်း ထဲမှာပုန်းခိုင်းထားရတယ်တဲ့ဒိုင်ယာရီထဲမှာရေးထားတာကတော့အဲဒီလူက ရုပ်အတော်ဖြောင့်ဆိုပဲ အပဟင်း – အဘွားက အဲဒါတော့ ဝန်ခံထားတယ်"

မဝေက စပ်ရှက်ရှက်အမူအရာဖြင့် ရယ်ရင်း ဆက်ပြောသည်၊

"အဲဒီလို ပုန်းခိုင်းထားရင်းနဲ့ အဲဒီညမှာပဲ အဖွားနဲ့အဲဒီလူဟာ ငြိစွန်းသွား ကြတယ်တဲ့၊ ဒါပေမဲ့အဘွားရဲ့ဆန္ဒမပါဘဲအနိုင်ကျင့်ခံလိုက်ရတာပါပဲ၊ အဘွား ကတော့ အဲဒီလူကို စိတ်ထဲက ကြိတ်ပြီး သဘောကျနေပုံရတယ်၊ ဒိုင်ယာရီ ထဲမှာ ရေးတာတောင် အဲဒီသဘောမျိုး မသက်ရောက်စေပဲ အခြေအနေနဲ့ အချိန်အခါကြောင့်သာ မှားယွင်းခဲ့တာပါလို့ အဲဒီလူ့ဘက်က သက်သက် ညှာညှာ ရေးထားတယ်တဲ့၊ ဒါပေမဲ့ အဲဒီနောက်ပိုင်းတော့ သူ့တော်တော် အရှက်ရပြီး အဲဒီလူကို နာကြည်းခဲ့ပုံရတယ်"

"ဘာဖြစ်လို့လဲဆိုတော့ အဲဒီလူက မနက်မိုးလင်းတာနဲ့ ပျောက်ဆုံး သွားခဲ့လို့ပဲ အဘွားဆီကို လုံးဝ ပြန်မလာတော့ဘူး၊ ဘယ်ကမှန်းမသိ၊ ဘယ်သူမှန်းမသိ နာမည်တောင် မသိရတဲ့ လူတစ်ယောက်က အဲဒီလို စော်ကားတာကို ခံလိုက်ရတဲ့အတွက် သူ့တော်တော် အရှက်ရသွားခဲ့တယ် လေ၊ ဒါပေမဲ့ အဲဒီကိစ္စက အဲဒီမှာတင် ပြီးမသွားပဲ အဘွားမှာ အဲဒီလူနဲ့ရတဲ့ ကိုယ်ဝန်ကျန်နေခဲ့တယ်၊ အဲဒီကိုယ်ဝန်ကြောင့် အဘွားအရှက်ကွဲမလို ဖြစ် နေချိန်မှာ အဖိုးက သနားပြီး ကယ်တင်တဲ့သဘောနဲ့ အဘွားကို လက်ထပ် လိုက်တယ်၊ အဲဒီအမည်မသိ လူနဲ့ရတဲ့ ကလေးက အဘိုးဦးသာမြတ် ပဲလေ"

မဝေ၏စကားများကို နားထောင်ရင်း သူ့ခေါင်းတွေ ရှာရှာလည်လာမိ သည်၊ ဒါ တကယ်လား၊ တကယ်ပဲလား၊ ဒီအဖြစ်တွေဟာ တစ္ဆေအခြောက် ...တော မဟုတ်ပဲ သူတကယ်ကြုံတွေ့ခဲ့တာလား၊ ဒါတွေဟာ တကယ်ဖြစ်ခဲ့ ...ဆိုင် လွန်ခဲ့သော နှစ်ပေါင်း (၈၀)ခန့်က အဖြစ်အပျက်ထဲမှာ သူက...



www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့်ပါဝင်ပတ်သက်နေခဲ့တာလဲ၊ ယခုလက်ရှိဘဝကနေဟိုးအတိတ်ကို ဘယ်လိုပြန်ရောက်သွားတာလဲ၊ သူတွေးရင်း ရှုးချင်လာမိပါသည်၊

မဝေကဆက်ပြီး -

"အဘွားအမြတ်တနိုးသိမ်းထားတဲ့မီးခြစ်လေးဟာအဲဒီလူကျန်ရစ်ခဲ့တာတဲ့၊ အဲဒီလူနဲ့ပတ်သက်တာဆိုလို့အဲဒီတစ်ခုပဲ အဘွားမှာကျန်ခဲ့တယ်လေ"

"ဒါဆို - အဲဒီ မီးခြစ်လေးရောမဝေ - ကျွန်တော်ကြည့်လို့ရမလား"

သူ့ရဲ့အလောတကြီးစကားကို မဝေက သတိပြုမိဟန်မတူပဲ -

"အဲဒီမီးခြစ်ကလေးက ကျွန်မဆီမှာ မရှိတော့ဘူး၊ ကိုပြည့်စုံရဲ့အဘိုး ဦးသာမြတ်က သူ့အဖေရဲ့ပစ္စည်းဆိုပြီး အမှတ်တရ ယူသိမ်းထားတယ်"

မဝေစကားကြောင့် သူ့စိတ်ဓာတ်များ ကျဆင်းသွားရသည်၊ သူ့စိတ်ထဲ ရှုပ်ထွေးကာ အဖြေရှာမရ ဖြစ်နေသည်များက ဒီမီးခြစ်ကလေးကို မြင်ရမှ ဖြေရှင်းနိုင်မည် မဟုတ်လား၊

သူသည် သူကြုံတွေ့ခဲ့ရသည်များကို ညီညီတို့ လင်မယားအားလည်း မပြောရဲ၊ ထိုမီးခြစ်ကိုလည်း ကြည့်ချင်နှင့် အကျပ်အတည်း ဆိုက်နေရပြီး နောက်ဆုံးမှာတော့ မဝေကိုပဲ အကူအညီတောင်းရသည်၊ စာရေးဆရာဖြစ်သော သူက ထိုအဖြစ်အပျက်ကို စာရေးရန် စိတ်ဝင်စား၍ဟုဆိုကာ ထိုမီးခြစ်ကို ကြည့်ခွင့်ရဖို့ တောင်းဆိုရသည်၊

မဝေကလည်း သဘောကောင်းစွာ ကူညီရှာပါသည်၊ ဝတ္ထုရေးလျှင် အမည်နာမနှင့်နေရပ်လိပ်စာများလွှဲပြောင်းရေးဖို့သာ တောင်းဆိုပြီး အားလုံး မချွင်းမချန် ပြောပြပေးသည်၊ ဦးသာမြတ်၏အိမ်ကိုလည်း သူမကိုယ်တိုင် လိုက်ပို့ပြီး မီးခြစ်ကလေးကို ကြည့်ခွင့်ရဖို့ ကူညီပေးလေသည်၊

ထိုနေ့က ဦးသာမြတ်၏အိမ်သို့ သူတို့ရောက်သွားတော့ ဦးသာမြတ်၏ သမီးဖြစ်သူမဝေတို့အဒေါ်တော်စပ်သူနှင့်တွေ့ဆုံရသည်၊ မဝေနှင့်သူမစကား အနည်းငယ်ပြောပြီး နောက်မှာတော့ ထိုအမျိုးသမီးကြီးက ထိုမီးခြစ်ကလေးကို ထုတ်ယူလာပြပါသည်၊ ဦးသာမြတ်ကတော့ ကျန်းမာရေး သိပ်မကောင်း၍ သူ့အခန်းထဲမှာ အနားယူနေသည်တဲ့၊



"ဒီ - မီးခြစ်ကလေးပဲ ကိုပြည့်စုံ"

မဝေ လှမ်းပေးသော မီးခြစ်ကလေးကို မြင်လိုက်ရသောအခါ သူ တစ်ကိုယ်လုံးသည် လေဟာနယ်ထဲ လွင့်မြောက်သွားသလို ခံစားလိုက်ရလေသည်၊

ဟုတ်တယ် ... ဒါ သူ့ရဲ့မီးခြစ်ပဲ၊ ဟို - ညက သူ ပျောက်ဆုံးသွားခဲ့တဲ့ မီးခြစ်ပဲ၊ ရွှေသားအဖုံးလေးမှာ သူ့နာမည်အတိုကောက် (P.S.T) ဟုရေးထွင်းထားခဲ့သည်ပဲ၊ ခြားနားတာတစ်ခုကတော့ ယခုတွေ့ရသောမီးခြစ်လေးက ဟိုညမတိုင်မီကလို မဟုတ်တော့ဘဲ မှိုင်းမှုန်ဟောင်းနွမ်းနေသည်၊ လွန်ခဲ့သော နှစ်ပေါင်းများစွာက ရှေးဟောင်းပစ္စည်းတစ်ခုလို၊ သို့သော် သူ့ရဲ့မီးခြစ်လေးဆိုတာတော့ သေချာပါသည်၊

မီးခြစ်ကလေးကို မြင်တွေ့လိုက်ရပြီးနောက်မှာတော့ သူ့တစ်စုံတစ်ရာကို နားလည် သဘောပေါက်လာသလိုပင်၊ ထို့အတူ ပြင်မရသော အမှားတစ်ခုကို ကျူးလွန်ခဲ့မိသူ တစ်ယောက်လို သူ ခံစားနေရသည်၊ သူ ပြုလုပ်ခဲ့မိတဲ့အမှားတစ်ခုကြောင့်ဖြစ်လာသည့်အကျိုးဆက်တွေက ဤမျှ ရှုပ်ထွေးကျယ်ပြန့်သွားခဲ့သည်လား၊ သူကြုံတွေ့နေရသော အဖြစ်တွေက မယုံနိုင်လောက်အောင် ထူးဆန်းလွန်းလှသည်၊

ဒီအတိုင်းဆိုလျှင် သူသည် ဟိုနေ့ညက ယနေ့ခေတ်အချိန်ကာလတွင် ရှိပဲ လွန်ခဲ့သောနှစ်ပေါင်း (၈၀) ကျော်ကာလဆီသို့ရောက်ရှိနေခဲ့သည်ပေါ့၊ သူကြုံတွေ့ခဲ့ရတဲ့ အဖြစ် အပျက်တွေ၊ သူတွေ့မြင်ခဲ့ရတဲ့လူတွေဟာ လွန်ခဲ့သောနှစ်ပေါင်း (၈၀) အချိန်မှာ တကယ်ရှိနေခဲ့သည်ပေါ့၊ ဒါဟာ ဖြစ်နိုင်ပါရဲ့လား၊ ယခုအချိန်တွင် သေဆုံး၍ အရိုးဆွေးနေပြီဖြစ်သော သူ့အဖွားအရွယ် ဒေါ်ယဉ်မေဟာ သူတစ်ညတာချစ်ကျွမ်းဝင်ခဲ့ရတဲ့ယဉ်ယဉ်ဆိုတဲ့မိန်းကလေးတဲ့လား၊

သူတွေးရင်း ရှုးချင်လာသည်၊ ဘာတွေ ဖြစ်ကုန်တာလဲ၊ အချိန်ကာလဆိုသောအရာက ဤသို့ ကိုးရိုးကားရား အဖြစ်တွေကိုလည်း ဖန်ဆင်းပေးတတ်သလား၊ ယခုအချိန် အသက် (၈၀) ကျော်အရွယ်ရှိသော သူ့အဖိုးအရွယ်



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်က အသက် (၂၅) နှစ်အရွယ် သူ့ရဲ့သားတဲ့လား။ သူ့မိဘများ အရွယ်ရှိသော လူကြီးများက သူ့ရဲ့မြေးတော်စပ်သူတွေတဲ့လား။ ဤသို့ဆို လျှင် သူမှာ သူ့ရဲ့သွေးသားရင်းဖြစ်သော မိသားစုကြီးတစ်စု ရှိနေခဲ့သည်ဖြေ။ ဒါဟာ ဖြစ်နိုင်ပါရဲ့လား။ လောကကြီးမှာ ဒီလို မယုံနိုင်စရာကောင်းတဲ့အဖြစ် မျိုးတွေ တကယ်ရှိသတဲ့လား။

သူသည် အတွေးထဲနစ်မျောနေရာမှ သတိဝင်လာချိန်မှာတော့ သူ ပြန်သင့်သည့်အချိန် ရောက်နေမှန်းသိလိုက်ရသည်။ သူ ဒီအိမ်ကိုရောက် နေသည်မှာ အတော်ကြာခဲ့ပြီ။ ကြာမြင့်စွာ ငေးငိုင် တိတ်ဆိတ်နေခဲ့မိသော သူ့ပုံစံကို မဝေက စိတ်ရှည်စွာ စောင့်ကြည့်နေခဲ့သည်လေ။

"ကျွန်တော် ... ဦးသာမြတ်နဲ့ တွေ့ခွင့်ရနိုင်မလား"

သူ့ရင်ထဲမှ ဆန္ဒက အပြင်သို့ လွှတ်ခနဲ ထွက်သွားသည်။ ဘာပဲဖြစ်ဖြစ် ဒေါ်ယဉ်မေ၏ သားဖြစ်သော ဦးသာမြတ်ကိုတော့ သူတွေ့သွားချင်ပါသည်။ ဦးသာမြတ်၏ သမီးဖြစ်သော အမျိုးသမီးကြီးက ဦးသာမြတ်၏ အခန်းထဲသို့ ဝင်တွေ့ခွင့်ပြုသည်။

ယခုအခါ အသက် (၈၀) ကျော်နေပြီဖြစ်သော ဦးသာမြတ်သည် ရုပ်ရည် အိုမင်းရင့်ရော်နေသည့်တိုင် သူနှင့်ရုပ်ချင်း အနည်းငယ်ဆင်နေသည့်အဖြစ် ကို တွေ့ရသောအခါမှာတော့ သူမအံ့ဩမိတော့ပါ။ အလွန်သမားရိုးကျ ဆန်သည်ဟု ထင်ရသော သဘာဝတရားကြီးသည် အလွန်ထူးဆန်းတဲ့ အံ့ဩဖွယ်ရာများကို တစ်ခါတစ်ရံ၌ ဖန်ဆင်းပေးတတ်ကြောင်း သူနားလည် လက်ခံခဲ့မိပြီ။

ယခုအချိန်မှတော့ သူလည်း ဘာမှမတတ်နိုင်တော့ပါ။ အတိတ်ဆိုတာ ပြန်ပြင်လို့ မရနိုင်သော အရာပဲ မဟုတ်လား။ အတိတ်မှာ ဘာတွေပဲဖြစ်ခဲ့ ဖြစ်ခဲ့ ယခုအချိန်မှာတော့ သူသည် အသက် (၂၅) နှစ်အရွယ် လူရွယ်လူလွတ် တစ်ယောက်ပဲ ဖြစ်သည်။ သူမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မှ မသိကြ သော အတိတ်ဖြစ်ရပ်တစ်ခုအတွက် တာဝန်ယူဖို့မလိုဟု သူထင်ပါသည်။



အကယ်၍ သူက တာဝန်ယူချင်သည်ဆိုလျှင်တောင် ကြားရသည့်သူများ အတွက် ရယ်စရာကောင်းနေပါလိမ့်မည်။

သူသည် နောင်တဆိုသည်ကို အရိပ်အငွေ့ခံစားမိနေသော သူ့စိတ်သို့ ပြန် နှစ်သိမ့်ရင်း ထိုအိမ်မှ ပြန်လာခဲ့သည်။ သို့တိုင်အောင် သူ့ရင်ထဲတွင် တစ်စုံတစ်ရာ ကပ်ငြိ ပါလာသလို လေးလံ ဖိစီးနေမိသည်။

ထိုတစ်စုံတစ်ရာသည် သူတို့ဟာ သူ့ရဲ့သွေးသားရင်းမိသားစု ဆိုသည့် အသိလား။ သို့မဟုတ် တစ်စုံတစ်ယောက်အပေါ် အမှားတစ်ခု ကျူးလွန်ခဲ့မိ သော ခံစားမှုလား။ သူကိုယ်တိုင်လည်း နားမလည်နိုင်တော့ပါ။

သို့တိုင်အောင် အတိတ်ဆိုတာကို ပြန်လည် ပြင်ဆင်ခွင့်ရခဲ့မည် ဆို လျှင်တော့ ထိုတစ်စုံတစ်ယောက်၏ဘဝကို ပြန်လည် ကယ်တင်ပေးလိုက် ချင်ပါသည်။

အကယ်၍ -

ထိုအတိတ်ကာလဆီသို့ နောက်တစ်ဖန် ပြန်လည် ရောက်ရှိနိုင်ခဲ့မည် ဆိုလျှင်ပေါ့။

⊃ နတ်မိယယ်

www.burmeseclassic.com

www.burmeseclassic.com



# မျှော်လင့်ခြင်းဖြင့် ရှင်သန်သူ

စိမ်းရည်မြသွေး



## မျှော်လင့်ခြင်းဖြင့် ရှင်သန်သူ

**စိမ်းရည်မြသွေး**

"ဟင့်အင်း – ဟင့်အင်း – ဒါတော့ သမီး မလုပ်ပါရစေနဲ့၊ သမီး – တောင်းပန်ပါတယ်၊ တခြားဟာ ဘာပဲ အမေခိုင်းခိုင်း သမီးလုပ်ပါ့မယ်၊ ဒီကိစ္စကိုတော့ သမီးမလုပ်ပါရစေနဲ့ အမေ – နော် – နော်"

လို့ ပြောရင်း မျက်ရည်မျက်မိုးများဖြင့် ကျနေသောသမီး "စင်သွယ်" အားကြည့်ရင်း ဒေါ်စေလေးမတစ်ယောက် ထင်တိုင်း မပေါက်သည့်အရေးအတွက် ရင်လေးလျက် ရှိနေ၏၊ နားကောက်၊ နားဝေးလှသော သမီးကဘယ်လိုပင်အခါခါရှင်းပြနားချသော်လည်း "ဟင့်အင်း" ဆိုသည့်အဖြေမှလွဲ၍ အခြားမရှိချေ၊

"ကြည့်စမ်းပါဦးတော်၊ သူတက်ချင်တဲ့ကျောင်းလည်း တက်ရမယ်၊ နားကပ်၊ လက်စွပ်၊ လက်ကောက်နစ်ရံဆွဲကြိုးတစ်ကိုယ်စာရွှေငါးကျပ်သားနဲ့ ငွေသားဆယ်သိန်းလည်း တင်တောင်းမဲ့ကိစ္စလေ၊ ဒီ့ထက်ကောင်းတဲ့အခွင့်အရေး နောက်တစ်ခါ လာမယ်များ ထင်နေသလား မသိ၊ တကယ်ဆိုငြေးစားကြည့်ပါလား၊ ကိုယ်လည်း ပြည့်ပြည့်စုံစုံ မပူမပင်ရ နေရဦးမယ်၊ နို့အပြင် ဒါ့အပြင် ကျောင်းလည်းတစ်ဖက်က ဆက်ထားပေးဦးမယ်တဲ့ဟလေ၊



www.burmeseclassic.com

ကိုဝင့်မိသေတွေ့အတွက်လည်း လယ်ကြိမ်နှင့်ချက်ချိန်းထားတဲ့ လယ်ကိုသိန်း
သိန်းနဲ့ ရွှေဘာလိပ်ပဲ ထားပြီး ကျန်တဲ့ ငါးသိန်းနဲ့ ထပ်ပေး လွှဲမှန်ထည်ရှာ
ကိုဝင်းနိုင့် ပိုင်စံရိုက် မရှေ့တော့ဘူးလား။ ကိုဝင်းပါက ကိုဝင့်မိသေစုရွေ့ပါ
တောင်းထားဆဲဖို့ အရေးဒီကောင်မလေး မတွေ့နိုင်ဘူးတော့ ကာလိန်ရှိရင်ထား
ရွှေနိုးထမ်းလာတဲ့ ဝိနိုးယိုမျိုးပေါ် ဒီဝိနိုးမျိုးကို ခေါင်းခါနေတဲ့ သမီးအတွက်
ဒီဝင်ထဲမှာ ရွှေင့်ဖိုက်မြို့မီပါရဲ့ လှူနေရမှာ အတောင်လို့ ရရင်ပါမှ မှားနိုင်
ဒီလောက်တောင် လေတုန်စံနေရ အကြောင်းမရှိပါဘူး။ ကျွန်ုပ်ကိုဝင်းနိုင်
အဘေးဝင်ခံလိုက်ချင်ရဲ့ လို့ တွေးနိုင်ပေမယ့် မောင်ပင်လောက် ကြိုးရှာ
ဖြစ်နေလေရဲ့။

မြေကြရမယ်ဆိုရင် လင်ရတယ်ဆိုတဲ့ နာမည်ခံထားတာထက် တစ်ခုလောက်ကို
လိုနိုးအလုံးလည်း မတွေ့ဘူး။ အရုပ်လည်း မတွေ့ဘူး။ အမျိုးဝင်တာနဲ့ ထပ်ရှိမှာ
ထပ်တော့မျှင်ရာတာ နေရတဲ့ သတိမှ အသားတိုင်းညိုတာ ထပ်တော အဖြင့်ဖြိ
ငြင်းပြီး မျက်ရည်နဲ့ မျက်ခွက်ဖြစ်နေရော။

"ဖေအေလုပ်တဲ့ ကိုရွှေအေးတာလည်း နာမည်နဲ့ ငိုဝိုင်းတောင်းဆေးလေး
လွှမ်းလို့ လူတိုင်းလည်း ကျွန်မဝင်ကိုင်တော့ပါဘူး။ အနေလည်းဆေး အရွ
အရွေ့လည်း အေးသိုမ်းနေရတာ တော့ အေးဒီလေးတာ ရဲ့ ရှင်နေ
တော့။ ကျွန်မဘဝတော့ လူလည်း အဖေတော်လောက် အနေနဲ့ သမီးလေး
ညှိဝိုင်လာအောင် ကုန်ပြီးနေရာပြင်ပါ အဖေဝါတော့ ကုန်ပြီးနေရာမှာ
အခြမ်းကျွန်မကိုတော့ သမီးဖိုဝင်ဖြစ်ကိုင် မလုပ်ပါနဲ့ ဆိုတဲ့ တာနဲ့ ဝီးမောင်
စလေမိုင်လုပ်ရနေသေးတယ်။ လောလောဆယ်မှာတော့ ကျွန်မတော့ ဒီသား
အတွက်ရတော့ရဲ့ ဝတ်ပြီး ပွဲမှာပဲ အဖြင့် ကျွန်မကို ငွေရေးကြောရ
အဖြတ်ညီနေကျ လှပဲရှိမင်းလုပ်နေရွှေကို မြန်မာလည်း ပေးနိုင်လို့ မျှ
နာရှုရတာလည်း အကြောင်းတစ်ခုပေါ့။ ကျွန်မနဲ့ မိန်းမလုပ် တစ်ခုရှာတည်း
တစ်ရေးထဲ ဖောက် သယ်ဘူတော်ရှိုးတွေမှာ ဒီဝိန်တောင်ကျတော့လည်း
မဝိုင်းမဟိမ်းလေး တစ်ခုတော့ရှိတယ်။ အရင်ထဲကို မိန်းလှဲနဲ့ ကျွန်မကိုတွေ့
လက်လုပ်လက်စားချင်း၊ အလုပ်ရှုပါ၊ ဒုတော့ဖြင့် အမြဲအနေရှိုင်း



အဖေမလေနဲ့ ကွာကြီးတွေ့နိုင်ပြီး ဘူတိုင်ကိုတာ ဝီးရွှေအောင်ဝင်တော်ခွဲသွားကိုနိုင်ဘော
လိုနိုင်အိန်နိန်းအကြံပေါ်ဝင်မိနိုင်ယုတ်ပြင်ဝေတော့ ဖေဝင်ထဲဝင်လို့ ကာခွေးစေမြို့
ထဲတွေ့ညှိုးသော နေ့ရှုန်းညာချင်း ထယ်ကိုလိုက်တဲ့ ဝီးတွေ့။ ခေါ်အောင်ဘူရှာ
အလုပ်ဖြစ်သလို လုပ်သွေး ကိုင်သွေး အောင်မြင်ပြီး အခုံးအရုံးမရှိတော့
ကိုပြီးနှင့်၊ ထိုးတော့တာပေါ့။ ဒီဇာတ်ဝတ်လှစေးကလည်း အိမ်ထော
သမီး မိခင်သွယ်နဲ့ မီးဝင်မီးတွေ့ကဖော၊ ဘူတိုင်ချင်းတော့ ဒီဇနေ့အောင်
ထပ်ခါ မြင်ဖူးတွေ့ဖူး မရှိကြပါဘူး၊ ဘူတိုင်ချင်း မတွေ့ဘူးသလို ရှုထဲဘော
အကြား ဘယ်သူမှလည်း ဖောင်ဝတ်လုတ်ကို မြင်ဖူးတွေ့ဖူး မရှိကြပါဘူး၊
နေ့ဦးရှင် ထပ်ခံလယ်ရှုဝ်နှစ်ကျော်လောခဲ့ပြီးတဲ့ပါ၊ ကျောင်းထားနေတတ်ချွဲခဲ့တဲ့
ခင်သွယ်ခေါင်း ဘယ်ဝတ်နိအောင်ခဲ့ပြီးဝေး၊ အောင်မယ်သော အောင်လော
ခဲ့တဲ့ မိခင်ဖြစ်သူတွေ့တဲ့ ဝီးတွေ့ရေး၊ နာဝင်ခံလူတော့ ဟုတ်တိဝေစ်ဝိ
ခုံးနိုင်ပါဘူး၊ အမျှားရဲ့ ပုံနိုးမှုတာ များလှတယ်၊ အတူသွားမြင့် ကျွန်
ဘူတယ်ချင်း၊ မိန်းလူတာ ခင်သွယ်ကို ဘူသားနဲ့ တွေ့သလိုဆိုပြီး ချစ်ရှာလို့
အမျှားစုံး၊ တောင်ပုံခဲ့သူပေါ့၊ ခင်သွယ်တလည်း တစ်နှစ်တစ်ခါနီး
လျောသင်းကြိုးတော့ခဲ့ပါတယ်။

သည်မိန်းမလေးကလည်း ကိုဝင့်မိသေတွေ့အခြေအနေကို သိပါလျှက်
ဘယ်နဲ့ ပညာလေးသာ ကြီးလွန်းလှတယ်၊ ကျွန်ုပ်တို့ထုန်ထော ဝေးထန်း
တောင်မြို့ဆုံးအောင် ဘတ်ခဲ့ရတာ မဟုတ်ဘူး၊ လူထုမှ ဆယ်တန်းအောင်
ထိနေရတာ အားမရသေးဘဲ ကျောင်းဆက်တက်ပြီး တက်ချင်သေးတယ်တဲ့လေ၊
ပြီးတော့ အလုပ်လုပ်ရင်း ကျောင်းဆက်တက်ပြီး အဝေးသင်ဘွဲ့ရဆိုလား၊ ယူ
မယ်ဆိုပဲ၊ ဘယ်ဖြစ်မှာတုံး၊ မြို့မှာ ငွေမျိုးရှင်းချ အဝေတော်အစ်ကလည်း
ဆို လှုလိမ်၊ လှညာ၊ လှစွ၊ လှရှက်တွေကလည်း ပေါပါတဲ့နဲ့ နံနံအေ ကျွန်ုပ်
သမီး တော်သူအတွက် ကျွန်ုပ် လုံးဝစိတ်မချနိုင်ပါဘူး၊ ဒါကြောင့် ဒီတိစ္စကို
အထားလိုက်ဖို့ ရေပိုင်စကားပြောပြထားလိုက်တယ်။ ဒီတော့ မိခင်သွယ်
ဘဝမောင်တ် တဝိုင်ထိ တရိုရှိနဲ့ ပေါ့ပါလေ။

—၁—

www.burmeseclassic.com

ဒီသတင်းလည်း စိန်လှရရော ကျုပ်ဆီ အရောက်ပေါက်ချလာခဲ့ပြီး ခင်သွယ်နဲ့ သူ့သား ပေးစားမယ့် စီမံကိန်း ချတော့တာပေါ့။ ကျုပ်ကတော့ သူ့တို့ဘက်က ကမ်းလှမ်းမှုနဲ့ ကျုပ်တို့ဘက်က လိုက်လျောရမည့်အရေး နှိုင်းယှဉ်တွေးပြီး လုပ်လိုက်လေ ကြာသလားပေါ့လေ၊ ကျုပ်သမီး ခင်သွယ်ကတော့ ဒီအရေးကို အပြတ်အသတ် ငြင်းဆန်နေလေရဲ့၊ ကျုပ်တို့ဘက်က မီးစိမ်းပြလိုက်တာနဲ့ စိန်လှတို့ဘက်က ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား မင်္ဂလာဆောင်ချင်သလား။ ဒါမှမဟုတ် လူကြီးစုံရာ ဖိတ်ပြီး မင်္ဂလာဦးဆွမ်းကျွေးကို အကျဉ်းချုံးချင်သလား၊ ကြိုက်တာပြောပါတဲ့၊ ကိစ္စပြီးလို့ ကျောင်းဖွင့်ရင် မြို့က စိန်လှညီမအိမ်မှာတည်းပြီး ကောလိပ်ကျောင်း ဆက်တက်နိုင်မယ်၊ သောကြာနေ့ညနေကျောင်းဆင်းပြန်လာ၊ တနင်္လာနေ့မနက်ကျောင်းတက်အမီ ဆိုင်ကယ်နဲ့ မြို့ကို အပို့အကြို လုပ်ပေးဦးမယ်ဆိုပဲ၊

ကျုပ်သူငယ်ချင်းစိန်လှကတော့ သူ့သားအတွက်ဆိုရင် ဘာလုပ်ပေးရ ပေးရ ကျေနပ်နေတဲ့ သူလေ၊ သူ့သားက ဒါဆိုဒါ၊ ဟိုဟာဆို ဟိုဟာပဲ၊ သူ့သားဖြစ်စေချင်တာမှန်သမျှ သူက ဖြည့်ဆည်းပေးနေကျကိုး၊ သူ့သားကလည်း မိဘတွေအပေါ် အကျိုးပေးသလား မမေးနဲ့၊ လက်ဖျားခါလောက်တယ်၊ ဒီကလေးကိုမမွေးခင် ကိုယ်ဝန်ရှိကတည်းက "အဖေနဲ့အမေ ပင်ပန်းဆင်းရဲလှတယ်၊ ကျွန်တော်လာနေမယ်၊ ကျွန်တော့်အတွက် ရည်ရွယ်ပြီး ထီထိုးပါ" လို့ အိပ်မက်ပေးသတဲ့၊

စိန်လှတို့ လင်မယားလည်း ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိဆိုပြီး ထီထိုးလိုက်တာ ဆုကြီး တန်းပေါက်ပါလေရောလား၊ ကလေး တစ်လပြည့်ကင်ပွန်းတပ်မင်္ဂလာပွဲကို ရွာလုံးကျွတ်ဖိတ်ပြီး ပေါင်မုန့်အုန်းနို့ဆမ်း ကျွေးလိုက်တာ ဝက်ဝက်ကွဲ စည်ပုံတော်၊ အလှူ့ပယ်ကျွေး၊ လက်ဆောင်ပြန်ကမ်းနဲ့ပေါ့၊ ဒါတင်မကပါဘူးလေ၊ ကိုးနှစ်၊ ဆယ့်နှစ်သား၊ ရှင်ပြုရှိန်ကျတော့လည်း သူ့သားရဲ့ ပုဆောရှက်အရ ဆိုင်းနဲ့ ဝိုင်းနဲ့ နီးစပ်ရာရွာတွေကို ဖျိုဟာစ်ပြီး ဝက်သားပြောင် ဘီးဆံပတ်တုံး၊ ငါးခြောက်နပ်၊ ငါးပိရည်ကျော်၊ ပဲရှဉ့်သုပ်နဲ့ ဆယ့်နှစ်မျိုးဟင်းချို့ ကျွေးပြီး ထမင်းရည် ချောင်းအောင် လှူခဲ့သေးတာ၊





စိန်လှရယ်-
သူများတစ်ပက်သားကို
အပြစ်မပို့ပါနဲ့ကွာ။
တို့ကလေးက
မွေးလာကတည်းက
သူများလို ပုံမှန်မဟုတ်ဘဲ။
လူခြောက်ကလေး
ဖြစ်နေတာလေ။
သူသူကိုယ်ကိုယ်
ဒီလိုဆန်းဆန်းပြားပြား
လက်ထပ်ရမယ့်ကိစ္စကို ဘယ်ရဲပါ့မလဲ။

စိန်လှတို့လင်မယားက ရှင်ပြုတဲ့အခါ ကိုတ္တိမသားခြောက်ယောက်နဲ့ အတူ သူ့သားအပါရှင်စုနစ်ပါးပြုတာလေ၊ ရှင်လောင်းလှည့်တဲ့အခါသူ့သား မောင်တင်လှအတွက် လှမေ့၊ ချောမေ့ဆိုတဲ့ မြင်းဖြူကြီးကို ရွေးချယ်ပြီး လှည့်နိုင်းတာ၊ သူတို့လင်မယားနှစ်ယောက်လုံး သပိတ်ပိုက်၊ သင်္ကန်းပိုက်ပြီး ပျော်နေလိုက်ကြတာ၊ ရှင်လောင်း မောင်တင်လှကတော့ မြင်းဖြူကြီးပေါ်မှာထိုင်လိုက်မလာနိုင်ရှာပါဘူး၊ အလှူစည်ချက်ကတော့တော်နှစ်ဆိုင်းပြိုင်အပြင်ဆိုင်းအဆိုတော်တွေကလည်းကောင်းမှကောင်းနဲ့ရွာဦးကျောင်းဆရာတော် ဦးသာသနနဲ့ ဘုန်းကြီးပျံပွဲတုန်းက စည်ချက်က သူတင် ကိုယ်တင်ဆိုပါတော့လေ၊ ကျုပ်တို့ရဲ့နယ်တစ်ကြောမှာ စိန်လှတို့ အလှူကတော့ ပြောစမှတ်တွေ ကျန်ခဲ့လေရဲ့၊



www.burmeseclassic.com

www.burmeseclassic.com

[illegible]

[illegible]



[illegible]

[illegible]

[illegible]



www.burmeseclassic.com

www.burmeseclassic.com

အား လိုက်လျှောကာ စိတ်ဆင်းရဲသွားမည်ကိုလည်း မလိုလားချေ၊ ဆင်းရဲခြင်း၊ ချမ်းသာခြင်းအကြောင်းတို့အား ဂရုမထားဘဲ နမဖြစ်သူ ချစ်သူခင်သွယ်နှင့် ပျော်ပျော်ရွှင်ရွှင်ဘဝအား ရင်ဆိုင်သွားသည်ကို မြင်ချင်မိလေ၏၊ ထို့အပြင် လူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် မိမိ၏အဆွေအမျိုးတို့အား ပိုက်ဆံနှင့် ပစ္စည်းဥစ္စာမက်သူများအဖြစ် ကဲ့ရဲ့စကားဆိုကြမည်ကိုလည်း မလိုလားပေ၊ ထို့ကြောင့် အမျိုးမျိုး တွေးဆကြံစည်၍ ကိုသံချောင်းတစ်ယောက် အစီအစဉ်တစ်ခုရေးဆွဲခဲ့ပါသည်၊ ဘုရားပွဲတွင်ဒေသအသီးသီးမှထွက်ကုန်များလည်း ရောင်းချဖလှယ်၍ ဈေးသည်၊ ဈေးဝယ်များ၊ ပွဲကြည့်ပရိသတ်များနှင့် စည်စည်ကားကား အုတ်အုတ်ကျက်ကျက် ရှိလှ၏၊ ဆိုင်းတော်မင်္ဂလာမှ ပတ်မကြီးတထိထိတီးကာ ပရိတ်သတ်တို့ ပွဲခင်းထဲရောက်ကာ၊ အဆွဲဆောင်ကြီး ဆွဲဆောင်လျက် ရှိသည်၊

ပွဲကြည့်လာသော ခင်သွယ်တို့တစ်သိုက်ပွဲခင်းတွင်နေရာအခြေတကျထိုင်ပြီးမကြာမီပင် နံ့ဘေးဖျာမှတစ်စုံတစ်ယောက်က ခင်သွယ်အား တီးတိုးစကား ဆိုလာခဲ့လေ၏၊ ထိုသူကား အခြားမဟုတ် ခင်သွယ်အား ချစ်ခွင့်ပန်ဖူးသူ ဖိုးအောင်ပင် ဖြစ်သည်၊ အများသူငါတို့ ဇာတ်စင်ပေါ်ရှိ ကပြဖျော်ဖြေမှုတွင် ကြည့်ရှုစိတ်ဝင်စားနေခိုက် ဖိုးအောင်မှ ခင်သွယ့်အား ချစ်စကားဆိုလိုက်ရာသက်ပန်ရိုးမြေကျပေါင်းသင်းပါမည့်အရေးတိုးတိုးလေး ကပ်ပြောနေလေရဲ၊ "ကိုယ်နဲ့ တစ်ခါတည်း လိုက်ခဲ့ပါ၊ ဒီတစ်ခါလွဲရင် တစ်သက်နီးဖို့ မလွယ်ဘူး၊ ကိုယ်စောင့်နေမယ်နော်" ဆိုသောစကားက ခင်သွယ်၏ရင်ခုန်သံများအားဆိုင်းချက်ထက်ပင်ပိုမြန်နေစေ၏၊ ယင်းနောက်ဖိုးအောင်ပွဲခင်းပြင်ပသို့ ထွက်သွားလေသည်၊ တစ်ခဏကြာသောအခါ အစ်ကိုလေးသံချောင်းမှ -

"ဗိုက်ဆာတယ်ဟေ့၊ နစ်ပါးသွား မထွက်ခင် အကြော်နဲ့ ကောက်ညှင်းကျည်တောက် သွားဝယ်မယ်၊ ကောင်းတာ ငါမရွေးတတ်ဘူး ခင်သွယ်၊ ထ - နင်လိုက်ရွေးစမ်း" ဟု ခေါ်လေ၏၊ မောင်နှမနှစ်ယောက် ပွဲခင်းနှင့်ခလှမ်းမကမ်း ကုက္ကိုပင်ကြီးအောက်အရောက်ဝယ် အဆင်သင့်စောင့်နေ - သော ဖိုးအောင်ကို တွေ့သည်နှင့် -

"ငါ့ညီမကို သားမှတ်မှတ်၊ မယားမှတ်မှတ်ပေါင်းပေရော့"

ဟု ဆိုကာ ကိုသံချောင်းတစ်ယောက် ထွက်ခွာသွားတော့သည်၊

ဤသို့ဖြင့် ရွာမှ မိဘများထံ ခင်သွယ်တစ်ယောက် ပွဲကြည့်သွားစိုက်ခွဲခင်းထဲမှအထွက် လူချင်းကွဲကာ လင်နောက်လိုက်သွားသည်ဟူသော သတင်းရောက်ရှိလာတော့သည်၊ မိခင်ဖြစ်သူကား ဆွေ့ဆွေ့ခုန်ကာ ဒေါသကြီးရှိသာ ရှိတော့၏၊ ဒေါ်စိန်လှတစ်ယောက်မှာလည်း သား၏လိုအပ်ဆန္ဒအား မဖြည့်ဆည်းနိုင်သည့်အတွက်မိမိကိုယ် မိမိ မချင့်မရဲဖြစ်နေမိတော့ပြီ၊ ထိုအကြောင်းခြင်းရာအတွက် သားတွင် သက်ရောက်မှု မည်ကဲ့သို့ ရှိမည်ကိုလည်း မှန်းဆတွေးတောကြည့်ရန်လည်း မလွယ်လှပေ၊ ယခင့် ယခင်ကာလများတွင် သားနှင့် အိပ်မက်တွင်းမှာ မကြာခဏတွေ့ဆုံ၍ သား၏ဆန္ဒတို့ကို ထုတ်ဖော်ပြောကြားတတ်၏၊ ယခုနောက်ပိုင်းတွင်မူ အိပ်မက်ကို အကူးအဆက် ကျဲပါးလျက်ရှိပြီး အိပ်မက် မက်ပြန်သော်လည်း သားကို မြင်မက်ရာတွင် ကြည်လင်လန်းဆန်းမှုမရှိကြောင်း တွေ့ရသည်၊ သို့ပါ၍ သားအပေါ်တွင် ခါတိုင်းထက် ပိုမိုဂရုစိုက်ကာ သားနေသည့်အခန်းအား ပိုမိုသပ်ရပ်သန့်ရှင်းစေရန်နှင့် သုံ့ကလေး နစ်သက်မည့် အရာအားလုံးတို့အား ဂရုစိုက် ပံ့ပိုးပေးနေမိ၏၊

- ◇ -

အချိန်တို့ကား မရပ်မနားပြောင်းလဲသွားကြကုန်၏၊ သတ်မှတ်ချက်အရ တစ်လဟူသောအချိန်သို့ရောက်သောတစ်ညဝယ် သားနှင့် ဒေါ်စိန်လှတို့ အိပ်မက်ထဲမှာ တွေ့ကြပြန်၏၊ သား၏ မျက်နှာမှာ ညှိုးငယ်စွာနှင့် -

"မေမေသားကို ခွင့်လွှတ်ပါ၊ သား - ဒီမှာနေရတာ မပျော်တော့ဘူး"

ဆိုလေသည်၊ ဒေါ်စိန်လှလည်း ပျာပျာသလဲနှင့် -

"သားရယ် ဘယ်လိုစကားတွေ ပြောတာလဲ၊ သားကို - အမေ - ဘယ်လောက်ချစ်တယ်ဆိုတာ သားသိပါလျက်နဲ့၊ မဖြစ်ဘူး၊ မဖြစ်ဘူး"





www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောကြားနေခိုက်မှာပင် ရုတ်တရက် လန့်နိုးလေ၏။ သူမ၏ခင်ပွန်းဖြစ်သူမှ -

"မိန်းမ - ဘာဖြစ်လို့လဲ၊ ပါးစပ်ကလည်း မဖြစ်ဘူး မဖြစ်ဘူးနဲ့၊ အိပ်မက်ဆိုးတွေများ မက်လို့လား"

အကြောက်ပြေအောင် ရေသောက်လိုက်ဆိုကာ ရေခပ်တိုက်လေရဲ့ ဒေါ်စိန်လှလည်း အကျိုးအကြောင်းကို ခင်ပွန်းဖြစ်သူအား ပြောပြရင်း ဝမ်းနည်းကာ ငိုကြွေးမိ၏။

ယင်းအိပ်မက်မက်ပြီးသည့်နောက်ပိုင်း ဒေါ်စိန်လှတစ်ယောက် စားချိန်၊ အိပ်ချိန်၊ ရေအိမ်တက်ချိန်မှတစ်ပါး သားအနားမှ တစ်ဖဝါးမှ မခွာတော့ချေ။ ရက်အနည်းငယ်အကြာမှာဖြင့် သားထံမှ ကိုယ်နံ့များ ဆိုးဝါးလာသည်ကို ခံစားမိ၏။ တဖြည်းဖြည်းနှင့် အနံ့အသက်တို့ ပိုမိုဆိုးဝါးလာသောအခါ ကျန်မိသားစုများမှ ဒေါ်စိန်လှအား ဝိုင်းဝန်းဖျောင်းဖျလျက် မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြတော့သည်။ ဒေါ်စိန်လှကား သူငယ်ချင်း၏သမီးဖြစ်သူ ခင်သွယ့်ကြောင့်သာ ဖြစ်ရသည်ဟု အပြစ်တင် ရန်တွေ့လေ၏။ သားဖေနှင့် ပြောသင့်၊ မပြောသင့် မမြင်ထင်တိုင်း စွတ်တင်လေတော့သည်။ သည်အခါတွင် တစ်ရွာတည်းသားချင်းများပို့ သူမ၏ခင်ပွန်းက အားတုံ့အားနာဖြစ်ရလေ၏။

ဖြေသိမ့်စကားအဖြစ် -

"စိန်လှရယ် - သူများတစ်ဖက်သားကို အပြစ်မဖို့ပါနဲ့ကွာ၊ တို့ကလေးက မွေးလာကတည်းက သူများလို ပုံမှန်မဟုတ်ဘဲ၊ လူခြောက်ကလေးဖြစ်နေတာလေ၊ သူ့သူ့ကိုယ်ကိုယ် ဒီလိုဆန်းဆန်းပြားပြား လက်ထပ်ရမယ့်ကိစ္စကို ဘယ်ရဲပါ့မလဲ၊ ငွေမက်လို့၊ ပစ္စည်းမက်လို့ ယူတယ်ဆိုတဲ့စကားကိုလည်း ပတ်ဝန်းကျင်က မပြောပဲ ရှိပါ့မလား၊ ဒါကြောင့် ခင်သွယ်သူနစ်သက်ရာ ဆုံးဖြတ်သွားတာ၊ ဒါ သူ့အခွင့်အရေးပါ၊ ကျေးရူးတရားဆိုတာကြီးနဲ့ ဖိနှိပ်ပြီး ကိုယ်ဖြစ်ချင်သလို ဖြစ်ရမယ်ဆိုတာမျိုး မထားပါနဲ့ကွာ၊ မင်းက သမီးတွေကြားထဲက တစ်ယောက်တည်းသော သားလေးအဖြစ်နဲ့ တုန်နေအောင် ချစ်လို့ ငါမတားသာပဲ၊ မင်းစိတ်ချမ်းသာဖို့ မင်းအလိုလိုက်ပြီး ထားခဲ့တာပါ၊ သဘာဝအတိုင်း ပုံမှန်မွေးဖွားလာတဲ့ သားသမီးတွေတောင် ကိုးဆယ့်ခြောက်ပါးကြောင့်ဖြစ်ဖြစ်၊ မတော်တဆပဲဖြစ်ဖြစ် ပျက်စီးဆုံးရှုံးတတ်ကြသေးတာ၊ အစကတည်းက ပုံမမှန်မွေးလာတဲ့ကလေးဆိုတော့ ဒီလောက်နေသွားတာတောင် ကျေးဇူးတင်ရသေးတယ်၊ တို့နဲ့ ရေစက်ရှိသလောက်ပေါ့ကွာ၊ သားလေးအတွက် ရည်မှန်းပြီး ကောင်းမှုကုသိုလ်တွေ ပြုကြမယ်၊ ဒါမှ တို့သားလေးက ပုံမှန်ဘဝနဲ့ ငါတို့ဆီကို တစ်နည်းနည်းနဲ့ တစ်ကျော့ပြန်လာမှာပေါ့"

ဟု ရှော့မော့ကာ နှစ်သိမ့်လိုက်လေသည်။

ဒေါ်စိန်လှတစ်ယောက်ကား တစ်နေ့နေ့ တစ်ချိန်ချိန် ဘယ်လိုသောပုံစံနှင့် သားပြန်လာမည့်အရေးကိုသာ တွေးရင်း မျှော်လင့်စောင့်စားနေထိုင်သွားခဲ့ပါတော့သည်။

၁ စိမ်းရည်မြသွေး



www.burmeseclassic.com

www.burmeseclassic.com

# သုသာန်ကအပြန် လေးဆယ့်ငါးရက်

မရည်မွန် (ကျုံပျော်)





## သုသာန်ကအပြန် လေးဆယ့်ငါးရက်

**မရည်မွန် (ကျုံပျော်)**

"ဘုတ် - ဘုတ် - ဘုတ် - ဘုတ်"

စက်လှေ ရုတ်မောင်းနေသည့် စက်သံမှ လွဲ၍ မည်သည့်အသံကိုမျှ မကြားရ၊ ညဉ့်က တိတ်ဆိတ်နေသည်၊ စက်လှေပေါ်၌ လူလေးဦးမျှသာ ရှိသည်၊ တစ်ဦးက စက်လှေကိုသတိနှင့် ထိန်းမောင်းနေသည်၊ တစ်ဦးက စက်လှေဦးပိုင်း၌ကွေးကွေးလေးအိပ်ပျော်နေသည်၊ တစ်ဦးကမလှုပ်မယှက် သတိမေ့မျောနေသည့် လူနာကို စောင့်ရင်း ငိုက်မြည်းနေသည်၊

"မမသန်း ... ကျွန်တော်တို့ ဒီတေတံတားကို ကျော်လို့ မရတော့ဘူး၊ တေတံတားကပိတ်ထားတယ်"

စက်လှေသမားလေးမှ လှမ်းပြောလိုက်သည့် စကားသံကြောင့် မသန်းစိန် ပတ်ဝန်းကျင်ကိုကြည့်လိုက်သည်၊ ဟုတ်ပါသည်၊ တေတံတားကို ပိတ်ထားသဖြင့် စက်လှေ ရှေ့ဆက်ရန် မလွယ်ကူတော့ နံနက် (၅) နာရီမှသာလျှင်မော်တော်များ၊ စက်လှေများ၊ သမ္ဗန်များသွားရန် တေတံတားဖွင့်မည်ဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com

"အေး...ဟုတ်ပါရဲ့ညဉ့်နက်သန်းခေါင်ဖြစ်နေပြီဆိုတော့တေတံတားက ပိတ်ထားပြီပေါ့၊ ဟဲ့...မောင်လေးခဏထဦး၊ စက်လှေဆက်သွားလို့မရတော့ဘူး၊ ဒီအနီးအနားက ကမ်းကိုကပ်ပြီး ခဏ နားကြရအောင်၊ စက်လှေမောင်းသမားလေးလည်း ခဏအိပ်လို့ရတာပေါ့၊ ကမ်းပေါ်တက်ပြီး စက်လှေကြိုးကို သင့်တော်ရာမှာ ချည်ထားလိုက်နော်"

မသန်းစိန်၏ ပြောစကားကြောင့် ကိုညိုမြင့် အိပ်ချင်မူးတူးဖြင့်ထ၍ စက်လှေကြိုးကိုဆွဲပြီး စက်လှေပေါ်မှ ကမ်းနဖူးသို့ခုန်တက်ကာ စက်လှေကြိုးကို ချည်လိုက်သည်၊ ထို့နောက် စက်လှေပေါ်သို့ပြန်တက်လာကာ မသန်းစိန်ကို ပြောလိုက်သည်၊

"မမခဏ ...အိပ်လိုက်နော်၊ ကျွန်တော် အမေ့ကို စောင့်နေပေးမယ်"

"မောင်လေးပဲ အိပ်ပါ၊ မောင်လေးက အရမ်းပင်ပန်းနေပြီ၊ မမပဲ ဆက်စောင့်နေမယ်"

မသန်းစိန်၏ပြောစကားကြောင့် ကိုညိုမြင့်သန်းဝေကာ လှေနာအနီးတွင် တစ်ရေးထပ်အိပ်လိုက်သည်၊ စက်လှေသမားလေးကလည်း ပဲ့ပိုင်းတွင် ချထားသည့် မီးမှန်အိမ် အလင်းရောင်ဖြင့် သတိလစ်နေသည့် မိခင်ဖြစ်သူ၏ မျက်နှာကို လှမ်းကြည့်လိုက်မိသည်၊ အမေ့မှာ တုတ်တုတ်မျှမလှုပ်၊ သတိလစ်နေဆဲပင်ရှိသည်၊ လှုကသာ မလှုပ်သည်၊ ဝတ်ထားသည့် ထမီအတွင်း၌ ဝမ်းများသွားထားသည်မှာ တစ်ထည်ပြီးတစ်ထည်လဲပေးနေရသည်၊ မသန်းစိန်သည် ဆီးဝမ်းများပေကျံနေသည့် ထမီများကို ချောင်းရေအတွင်း၌ ဖွပ်လျှော်လိုက်သည်၊

"အူ - အူး - အူး"

"ဂီ - ဂီ - ဂီး"

"ဖလပ် - ဖလပ် - ဖလပ်"

"ရှဲ - ရှဲ - ရှဲ - ရှဲ"

ခွေးအူသံ၊ ငှက်ဆိုးထိုးသံ ငှက်များလပျံသံကြောင့် မသန်းစိန်ကြက်သီးဖျန်းဖျန်း ထသွားသည်၊ လမိုက်ည၏ ညလယ်သန်းခေါင်မို့ ပတ်ဝန်းကျင်ကို



မသန်းစိန် ဘာမှ မမြင်ရ၊ အုပ်ဆိုင်းဆိုင်း သစ်ပင်ကြီးများ၏ ယိမ်းနွဲ့လှုပ်ရှားနေသည်ကို တရှဲရှဲ အသံကြားရရုံဖြင့် သိသာနိုင်သည်၊ ထိုစဉ် စက်လှေဦးမှ ငြိမ့်ခနဲဖြစ်ကာ လှုပ်ခါသွားသည်၊ မသန်းစိန် အသားများ တဆတ်ဆတ်တုန်အောင် ကြောက်လန့်သွားကာ စက်လှေဦးကို လှမ်းကြည့်လိုက်သည်၊ စက်လှေဦး၌ မည်သည့်အရာကိုမျှ မတွေ့၊

"အင်း - အင်း - ဟင်း - ဟင်း - ဟင်း"

"ဟော - အမေ့သတိရလာပြီနဲ့ တူတယ်"

မသန်းစိန် မိခင်ကြီးဆီမှ အသံကြားရသဖြင့် မိခင်ဖြစ်သူကိုကြည့်လိုက်ရာ မိခင်ဖြစ်သူမှာ တအင်းအင်း ညည်းတွားကာ ထိုင်မည့်ဟန်ဖြင့် လှုပ်ရှားလာသည်၊ မသန်းစိန် ကြောက်စိတ်များ ပြေပျောက်ကာ ဝမ်းသာအားရဖြစ်၍ -

"အမေ့ - အမေ့ - အမေ့"

မိခင်ဖြစ်သူကို ခေါ်လိုက်သည်၊ မိခင်မှာ ပြန်လည် ငြိမ်သွားပြန်သည်၊ မိခင်ဖြစ်သူအား မသန်းစိန်၏ခေါ်သံကြောင့် အနီးတွင် အိပ်ပျော်နေသည့် ကိုညိုမြင့်နိုးလာကာ -

"မမ ...အမေ့သတိရလာပြီလား"

"စောစောကတော့ သတိရလာသလိုပဲ အခုတော့ ပြန်ငြိမ်သွားပြန်ပြီ"

"မမအမေ့ကို ကြည့်ရတာ သတိလစ်နေတာနဲ့ မတူဘူး၊ အိပ်ပျော်နေသလိုပဲနော်"

"ဟုတ်တယ်မောင်လေး ...အိပ်ပျော်နေသလိုပဲ၊ လင်းရောင်ခြည်လည်း လာနေပြီ၊ မမတို့ ဒီနေရာကနေ ခွာကြရအောင်၊ စက်လှေသမားလေးကို နှိုးလိုက်တော့နော်"

မသန်းစိန်က ပတ်ဝန်းကျင်ကို ကြည့်ရင်းမှ မောင်ဖြစ်သူကို ပြောလိုက်သည်၊ လှေနှင့်မနီးမဝေးမှ အုတ်ဂူဖွေးဖွေးများနှင့် ကိုင်းညွတ်နေကြသည့် သစ်ပင်ရိပ်နွယ်ပိတ်ပေါင်းများကို လင်းရောင်ခြည်အောက်တွင် ဝိုးတဝါး မြင်တွေ့လိုက်ရသည်၊



www.burmeseclassic.com

www.burmeseclassic.com

မသန်းစိန်၏ ပြောစကားကြောင့် ကိုညိုမြင့်စက်လှေသမားကိုနှိုးကာ စက်လှေပေါ်မှဆင်း၍ရှည်ထားသည့်စက်လှေကြိုးကိုသွား၍ ဖြေလိုက်သည်၊ ထိုသောအခါမှ စက်လှေကြိုးချည်ထားသည့် ငုတ်တိုင်မှာ လူသေအလောင်း မြှုပ်ထားသည့် မြေပုံမှ နာမည်ရေးထိုးထားသော ငုတ်တိုင်ဖြစ်နေကြောင်းကို မြင်တွေ့ရသည်၊ ကိုညိုမြင့်က အစ်မဖြစ်သူကို မသိမသာ လှမ်းကြည့်လိုက်သည်၊ မသန်းစိန်မှ မျက်စေ့မျက်မျက်နှာမျက်ဖြင့် သူ့ကိုကြည့်နေသည်၊ နံနက်ငါးနာရီထိုးနေပြီမို့ ဘောတံတားဖွင့်ပြီဖြစ်ရာမသန်းစိန်တို့စက်လှေကို မောင်းထွက်ရန် စက်လှေသမားလေးက စက်လှေကို နှိုးနေပြီဖြစ်သည်၊

"မမြန်မြန်လာပါအမေ... လေဖြတ်သွားတယ်"

မသန်းစိန် တစ်ကြောင်းတည်းသော တလေးကိုဖတ်၍ အံ့ဩသွားရသည်၊ တလာပို့သူအားကြည့်ကာ -

"ဘယ်လိုဖြစ်တာလည်းဟယ် - အမေပဲ မောင်လေးဆီသွားတာ အခုမှ ငါးရက်ပဲ ရှိသေးတယ်"

"ဆရာကိုညိုမြင့် ပြောပြသလောက် ကျွန်တော်သိရတာတော့ ဒေါ်လေး ဆရာကိုညိုမြင့်တို့ဆီ ရောက်တဲ့နေ့မှာ ခေါင်းလျှော်ရေချိုးရင်းနဲ့ မူးတယ် မူးတယ်ဆိုပြီး လဲမလို ဖြစ်သွားတယ်၊ ဆေးဆရာခေါ်ပြီး ဆေးကုလိုက်လို့ ပြန်ကောင်းသွားတယ်၊ နောက်တစ်နေ့ညမှာ ညာဘက်တစ်ခြမ်းကို လေဖြတ်သွားတယ်၊ ဘယ်ဘက်ကတော့ နည်းနည်းလှုပ်လို့ရသေးတယ်၊ သတိတော့ မရဘူး၊ အဲဒါကြောင့် ဆရာကိုညိုမြင့်က မမဆီကို အကြောင်းကြားခိုင်းလို့ ကျွန်တော် လာရတာပါ"

ရှည်လျားစွာအကြောင်းစုံပြောပြနေသူအား မသန်းစိန် မှင်တက်မိသလို ငေးကြောင် ကြည့်နေရင်းမှ သတိပြန်ဝင်လာကာ အဝတ်အစားများကို အိတ်ထဲထည့်၍ယူသင့်သည်များကိုယူကာ မိခင်နှင့်မောင်ရှိရာ အိမ်မဲမြို့နယ် ကန္နီလေးအိမ်တန်းရွာသို့ လာရောက် အကြောင်းကြားသူနှင့် လိုက်ပါသွားခဲ့သည်၊



မသန်းစိန်တွင် မွေးချင်းမောင်နှမသုံးယောက်ရှိသည်၊ အစ်ကိုဦးသာဒင် နှင့် မသန်းစိန်က မွေးရပ်ဇာတိဖြစ်သည့် ကျုံပျော်မြို့နယ်တွင် နေထိုင်ကြကာ မောင်အငယ်ဆုံး၊ ကျောင်းဆရာကိုညိုမြင့်မှာ ကန္နီလေးအိမ်တန်းရှိ ကျောင်း၌ တာဝန်ကျသည်၊ ထို့နောက် ကိုညိုမြင့်မှာ တစ်ကျောင်းတည်း လုပ်ဖော်ကိုင်ဖက် ကျောင်းဆရာမတစ်ဦးနှင့်အိမ်ထောင်ကျကာ ကန္နီလေး အိမ်တန်းတွင် အခြေချ နေထိုင်ကြသည်၊

ဖခင်ကြီးကွယ်လွန်ပြီးနောက်မသန်းစိန်မှာအိမ်ထောင်ကျကာမိခင်ကြီး ဒေါ်သိန်းတင်နှင့်ပင် မခွဲမခွာ နေထိုင်ခဲ့သည်၊ ယခုလည်း အငယ်ဆုံးသား ဖြစ်သူ မောင်ညိုမြင့်ကို အလွန်သတိရသည်ဆိုကာ မောင်ညိုမြင့်ရှိရာ ကန္နီလေးအိမ်စုရွာကို တစ်ယောက်တည်းသွားခြင်းဖြစ်သည်၊ ဒေါ်သိန်း တင်က အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်ဝန်းကျင် ရှိသော်လည်း ကျန်းမာသန်စွမ်းသည်၊ ထို့ကြောင့်မသန်းစိန်ကမိခင်ဖြစ်သူဒေါ်သိန်းတင်ကို စိတ်ချလက်ချ လွှတ်လိုက်ခြင်းဖြစ်သည်၊ ယခုတော့ မထင်မှတ်သည့် ကိစ္စရပ်များပေါ်ပေါက်ခဲ့သည်၊ မောင်ဖြစ်သူဆရာကိုညိုမြင့်တို့ဇနီးမောင်နှံမှာ ကျောင်းကတစ်ဖက်၊ မိခင်လူမမာက တစ်ဖက်ဖြင့် အစ်မဖြစ်သူမသန်းစိန် ကိုအကြောင်းကြားလိုက်ခြင်းဖြစ်သည်၊ ကိုညိုမြင့်ကလည်း စက်လှေငှား၍ လူမမာမိခင်အတွက် ခွင့်ဆယ်ရက်ယူကာ လိုက်ပါလာခဲ့သည်၊ ကန္နီလေး အိမ်စုရွာမှ နံနက်စောစော ထွက်ခွာခဲ့ကြရာ ကျုံပျော်မြို့နယ် စက်ကြီး၊ ကန်ကလေး၊ ဘောတံတားအရောက်၌ ထိုသို့ တွေ့ကြုံရခြင်း ဖြစ်သည်၊

"ဒုတ် - ဒုတ် - ဒုတ်"

ကြားလိုက်သည့်အသံကြောင့် မသန်းစိန် အတွေးစပြတ်တောက်သွားကာ ဘေးဘီကိုကြည့်လိုက်မိသည်၊ စက်လှေအထွက်စက်လှေမှာ ချုံနွယ်များ နှင့် တိုက်မိသောကြောင့်ဖြစ်သည်၊

— ❖ —



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ဖြင့် မသန်းစိန်တို့ မိမိနေထိုင်ရာရွာကို နံနက်(၈)နာရီခန့် ပြန်ရောက်ရှိသွားသည်၊ မိခင်ကြီးဒေါ်သိန်းတင်မှာ အသက်မှန်မှန်ရှုလျက် အိပ်မောကျသကဲ့သို့ သတိလစ်နေဆဲပင်၊ လူမမာဒေါ်သိန်းတင်အား ရွာသူရွာသားများ သတင်းမေး လာရောက်ကြည့်ရှုလျက်ရှိသည်၊ ညနေငါးနာရီခွဲ ဒေါ်သိန်းတင်မှာ လေမဖြတ်သည့် ဘယ်ဘက်တစ်ခြမ်း လှုပ်လှုပ်ရှားရှား ဖြစ်လာ၍ မျက်စေ့များ ပွင့်လာသည်၊ မျက်စေ့အပြူးသားဖြင့် ပတ်ဝန်းကျင်ကို လိုက်လံကြည့်ရှုနေသည်၊ လူကသာ ပက်လက်အနေအထားဖြစ်သည်၊ မျက်လုံးအကြည့်များက မာကြောနေသည်၊ မည်သည့်စကားကိုမျှ ပြောနိုင်ခြင်း မရှိပေ၊

"အမေ - အမေ - သတိရလာပြီ၊ ကျွန်တော်သာဒင်လေး မှတ်မိတယ် မို့လား"

သားကြီးဖြစ်သူ ကိုသာဒင်က မေးလိုက်ခြင်းဖြစ်သည်၊ ဒေါ်သိန်းတင်က ကိုသာဒင်ကို တစ်ခါမှ မတွေ့ဘူးသကဲ့သို့ စူးစူးရဲရဲ ပြန်ကြည့်နေသည်၊ မည်သူ့ကိုမှ မသိတော့ပေ၊ ဒေါ်သိန်းတင်မှာ တစ်ညလုံး မအိပ်၊ မသန်းစိန်တ လမ်းခရီးတစ်လျှောက်အိပ်ရေးပျက်သဖြင့် စောစီးစွာလူနာအနီး၌လဲလျောင်းရင်းမှ အိပ်ပျော်သွားသည်၊

"ဂျလစ် - ဂျလစ် - ဂျလစ်"

"ဟီး - ဟီး - ဟီး - ဟီး"

မသန်းစိန် မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ၊ ထိုအသံများကြားမှ အိပ်ပျော်နေရာမှ လန့်နိုးလာသည်၊ မသန်းစိန်အသံလာရာသို့ ကြည့်လိုက်မိသည်၊ လူနာဒေါ်သိန်းတင်၏ ခြေရင်းဘက် ပြတင်းပေါက်ဆီမှ ကိုယ်မပါခေါင်းသာလျှင်ရှိသော အမျိုးသမီးနှစ်ဦး၏မျက်နှာများကိုမြင်တွေ့ရသည်၊ ထိုမျက်နှာရှင်ခေါင်းနှစ်လုံးမှာ ပြတင်းပေါက်သံဆန်ခါများကို ကိုက်နေကြကာတဟီးဟီးဖြင့်ညည်းညူနေကြသည်၊ မသန်းစိန်ယောင်ယမ်း၍ အော်ဟစ်လိုက်သည်၊

"သူခိုး - သူခိုး - သူခိုး"



"ဟဲ့ ... ညီမလေး - ဘယ်မှာလည်း သူခိုး"

ကိုသာဒင် မိခင်ကြီးကို စောင့်နေရာမှ တစ်ချက် ငိုက်မြည်းသွားချိန် မသန်းစိန်၏ အော်သံကြောင့် လန့်နိုးကာ မေးလိုက်ခြင်းဖြစ်သည်၊

"ဟိုမှာလေ ... မိန်းမနှစ်ယောက် ပြတင်းပေါက်မှာ"

ကိုသာဒင်က ပြတင်းပေါက်ကို ကြည့်ကာ -

"ဘာမှ မရှိပါဘူး ... ညီမလေး အိပ်မက်မက်နေတာ ဖြစ်ပါလိမ့်မယ်"

အစ်ကိုဖြစ်သူကိုသာဒင်၏ပြောစကားကြောင့်မသန်းစိန် ယောင်ရာရာဖြစ်သွားသည်၊ မသန်းစိန်အိပ်မက်မဟုတ်သည်ကသေချာသည်၊ မိန်းမနှစ်ဦး၏ မျက်နှာများကို အမှန်တကယ် မြင်လိုက်ရသည်က အမှန်ပင်၊ မသန်းစိန် မိခင်ကြီးဒေါ်သိန်းတင်ကို သတိရစွာဖြင့် လှမ်းကြည့်မိသည်၊ မိခင်ကြီးက မျက်လုံးအစုံသားနှင့် ဟိုကြည့် - သည်ကြည့် ကြည့်နေသည်၊ အချိန်က ညဉ့် နှစ်နာရီထိုးပြီးဖြစ်သည်၊ ထိုစဉ် အိပ်ခန်းတွင်း၌ အိပ်ပျော်နေသည့် ကျောင်းဆရာညီမြင့် အိပ်ချင်မူးတူးနှင့်အခန်းပြင်ထွက်လာကာ -

"အစ်ကိုကြီးနဲ့ ... မမ ဘာဖြစ်လို့လဲ"

"ဘာမှ ... မဖြစ်ပါဘူး၊ မင်းမမ အိပ်ပျော်နေရာက အိပ်မက်မက်ပြီး ထအော်တာပါ"

အစ်ကိုကြီးကိုသာဒင်စကားကို မသန်းစိန် ဘာမှ ပြန်မရှင်းလိုတော့၊ ရှင်းနေလည်းပို၍ထူးလာမည်မဟုတ်သည်ကိုမသန်းစိန်သိသည်၊ ထို့ကြောင့် အစ်ကိုဖြစ်သူကို တစ်ရေး အိပ်ခိုင်းလိုက်သည်၊

"အစ်ကိုကြီး - တရေးတမော အိပ်လိုက်ဦးနော်၊ ညီမနဲ့မောင်လေးတို့ အမေ့ကို ဆက်စောင့်လိုက်မယ်"

မသန်းစိန်က ပြောပြောဆိုဆို မိခင်ကြီးအနီးသို့ တိုးသွားကာ ဆီများ ပေနေသည့်မိခင်ကြီး၏ထမီကိုလဲပေးလိုက်သည်၊ ကိုသာဒင်ကမသန်းစိန်ကို ခေါင်းညိတ်ပြကာ လူမမာမိခင်ကြီးဒေါ်သိန်းတင်အနီးတွင် လဲအိပ်လိုက်သည်၊ မသန်းစိန်နှင့်ကိုညီမြင့်က မိခင်ကြီးအနီးတွင် ထိုင်စောင့်နေကြသော် ဘိတ်ဆိတ်ငြိမ်သက်စွာ ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြသည်၊ လူနာ



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်သိန်းတင် လှုပ်ရှား၍ရသည့် ဘယ်ဘက်လက်ဖြင့် ခြုံပေးထားသည့် စောင်စကို ဆွဲလှန်လျက်ရှိသည်။ မျက်စိက ဟိုကြည့်သည်ကြည့်ကာ တအီးအီး ညည်းညူနေသည်။ မသန်းစိန်အတွေးစကိုဖြတ်၍ မိခင်ဖြစ်သူ အား စောင်ကို ပြန်ခြုံပေး၍ -

"အမေ - အမေ ဘာလုပ်ချင်လို့လည်းဟင်"

ဒေါ်သိန်းတင်က သမီးဖြစ်သူ၏ အမေးစကားကို ဘာမျှ မသိသကဲ့သို့ ရှိသည်။ ညဦးသည် လူနာ၏ တအီးအီးညည်းသံမှလွဲ၍ပြန်လည် တိတ်ဆိတ် ငြိမ်သက်သွားပြန်သည်။

"မမ ... အမေက အခုညတစ်ညလုံး တစ်ခါမှ မအိပ်သေးဘူးလား"

တိတ်ဆိတ်သောငြိမ်သက်မှုကို ဖြိုခွင်းကာ ကိုညိုမြင့်က မေးလိုက်ခြင်း ဖြစ်သည်။

"အဲဒါတော့... မမလည်း မသိဘူး၊ အစ်ကိုကြီးရှိတာနဲ့ အစောကြီး အိပ်ပျော်သွားတယ်၊ မောင်လေးရော ဘယ်အချိန်အိပ်လဲ"

"ကျွန်တော်လည်း အစ်ကိုကြီးနဲ့ စကားပြောနေတာနဲ့ ဆယ့်တစ်နာရီ လောက်မှ ဝင်အိပ်တာ၊ အမေ့က စကားသာ မပြောတာ ကြက်ပေါင်းရည်နဲ့ နွားနို့ကိုတိုက်တော့ အကုန်သောက်နိုင်တယ်"

"ဆေးဆရာကြီးက ပြောတယ်လေ၊ လျှာတစ်ခြမ်း လေဖြတ်သွားလို့ စကားမပြောနိုင်တော့သလို ထမင်းတွေ ဘာတွေလည်း စားနိုင်တော့မှာ မဟုတ်ဘူးတဲ့၊ အဲဒါကြောင့် အရည်ပဲ တိုက်ပါလို့ ပြောတယ် မဟုတ်လား"

"ဟုတ်တယ်လေ ... အမေ့ကြည့်ရတာ အသိဉာဏ်ပါ ပျောက်သွား သလိုပဲနော်မမ"

မသန်းစိန်တို့ မောင်နှမစကားပြောရင်း မိခင်ကြီးဒေါ်သိန်းတင်ကို စောင့်ကြည့်နေကြသည်။ နံနက်လေးနာရီကျော်၍ လင်းအရုဏ်လာသော အချိန်တွင် ဒေါ်သိန်းတင် တအီးအီး ညည်းညူနေရာမှ အိပ်ပျော်သွားပြီ ဖြစ်သည်။



ထို့နောက်တွင် လူနာဒေါ်သိန်းတင်မှာ တစ်နေကုန် အိပ်နေသဖြင့် သားသမီးများက လှုပ်နှိုးကြသော်လည်း တအီးအီး ညည်းညူကာ ပြန်လည်၍ အိပ်ပျော်သွားသည်။ ညနေ နေကျချိန် ငါးနာရီတွင် လူနာဒေါ်သိန်းတင် နိုးလာသည်။ ထိုအချိန်မှ လူနာကြည့်သားသမီးများက ကြက်ပြုတ်ရည်နှင့် နွားနို့ကို တိုက်ကြရသည်။ ထိုအခါမှ လူနာဒေါ်သိန်းတင်က ထိုအရည်များကို အငမ်းမရ သောက်သည်။ ညဘက်တွင် တစ်ညလုံး မအိပ်ဘဲ နံနက် ငါးနာရီ ထိုးမှသာလျှင် ပြန်လည်၍ အိပ်ပျော်သွားလေ့ရှိသည်။

လူနာဒေါ်သိန်းတင်၏သားငယ်ဖြစ်သူ ကျောင်းဆရာကိုညိုမြင့်မှာ ကျောင်းမှ ခွင့်ဆယ်ရက် ယူခဲ့သည်မှာ ခွင့်စေ့သဖြင့် ကန့်လေးအိမ်တန်းရွာ ကို ပြန်သွားပြီးဖြစ်သည်။ လူနာဒေါ်သိန်း၏ သားကြီးကိုသာဒင်နှင့် သမီး မသန်းစိန်မှာလည်း မိခင်ကြီးအား စောင့်ကြည့်နေရာမှအ အိပ်ရေးပျက်ဖန် များလာသဖြင့် ခြေကုန်လက်ပန်းကျလာပြီးဖြစ်သည်။ ထို့ကြောင့် မသန်းစိန် က ညီမဝမ်းကွဲဖြစ်သူ လူနာဒေါ်သိန်းတင်၏တူမရင်း မနင်းအေးကို ခေါ်ထား ရသည်။

မနင်းအေးက အစ်ကိုဝမ်းကွဲနှင့် အစ်မဝမ်းကွဲတို့ အနားရစေရန် အဒေါ် ဖြစ်သူ ဒေါ်သိန်းတင်ကို နေ့နေ့ညည စောင့်ပေးနေသည်။ လူနာဒေါ်သိန်းတင် မှာ ညနေဘက်အိပ်ရာမှ နိုးလာသောအခါ မနင်းအေးကို တွေ့သည်နှင့် လေမဖြတ်သည့် ဘယ်ဘက်လက်ဖြင့် ကိုင်ထားတတ်သည်။ ညဘက် မနင်း အေးအိပ်ချင်လျှင် ဒေါ်သိန်းတင်အနီး၌ ကပ်အိပ်ရသည်။ မနင်းအေးထိုသို့ ကပ်မအိပ်ပါက လူနာဒေါ်သိန်းတင်မှာ တအီးအီး ညည်းညူနေတတ်သည်။ ထိုသို့ဖြင့် မနင်းအေးလူမမာဒေါ်သိန်းတင်အား စောင့်ကြည့်ပေးနေသည်မှာ ခြောက်ရက်ရှိသွားပြီး ဖြစ်သည်။ လူနာဒေါ်သိန်းတင် နံနက်ငါးနာရီတွင် ပြန်အိပ်သွားသောအခါ မနင်းအေးအိမ်ကို ခေတ္တပြန်ရန် မသန်းစိန်ကို ပြော လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"မမသန်း … ကျွန်မ နေရတာ သိပ်မကောင်းဘူး၊ ရင်ထဲကလည်း တစ်မျိုးကြီးဖြစ်နေတယ်၊ အဲဒါကြောင့် ကျွန်မအိမ်ကိုပြန်ပြီးနားလိုက်ဦးမယ်နော်"

"အော် … အေး – အေး ဌါ့ညီမလည်း အဒေါ်ကို စောင့်ပေးနေရတာနဲ့ အတော်ပင်ပန်းနေပြီ၊ နားနားနေနေနဲ့ပြန်နေလိုက်ဦးနော်၊ ညကျတော့လာခဲ့ပေးဦး သိလား၊ ညီမ အဒေါ်က ညီမကိုမတွေ့ရင် တအီးအီးနဲ့ ညည်းညူနေဦးမှာ"

"ဟုတ်ကဲ့ပါ … မမ ညနေကျရင် ကျွန်မလာခဲ့ပါ့မယ်"

မနင်းအေး ပြောပြောဆိုဆို အိမ်ပေါ်မှ ဆင်းသွားသည်၊ မနင်းအေးမှာ ငယ်ငယ်ရွယ်ရွယ်နှင့်မုဆိုးမတစ်ဦး ဖြစ်သည်၊ လူနာဒေါ်သိန်းတင်၏ ညီမဖြစ်သူ မနင်းအေး၏အမေမှာ မုဆိုးမပင်ဖြစ်ရာ မုဆိုးမသားအမိနှစ်ဦးတည်းရှိသောအိမ်ထောင်စုကလေးအားမနင်းအေးကငှက်ပျောခြံကိုပြုစုပျိုးထောင်လုပ်ကိုင်ရာဖွေ၍သားအမိနှစ်ဦးဘဝကိုအေးချမ်းစွာရပ်တည်နေကြသူများဖြစ်သည်၊ မသန်းစိန်က ညီမဝမ်းကွဲဖြစ်သူ မနင်းအေး၏ ကျောပြင်ကို တွေဝေစွာ ငေးကြည့်နေရင်းမှ မထင်မှတ်ဘဲ မနင်းအေးအကြောင်း တွေးဖြစ်သွားသည်၊

— ❖ —

"မသန်းစိန် … မသန်းစိန် … တူမ"

မသန်းစိန် ခေါ်သံကြားသဖြင့် လှမ်းကြည့်လိုက်ရာ မနင်းအေး၏မိခင် ဒေါ်လေးအား တွေ့လိုက်ရသည်၊

"ဟင် … ဒေါ်လေး ဘာပြောမလို့လည်း ရေးကြီးသုတ်ပျာနဲ့"

"နင့် –ညီမနင်းအေး … အတော်ဖျားနေတယ်၊ နင်တို့ဆီကို ဆေးဆရာ ဒီနေ့လာမှာမို့လား၊ ဆေးဆရာလာရင် ဒေါ်လေးတို့ဆီကို ခေါ်လာခဲ့အုန်းနော်"



"ဒီနေ့တော့ – လာမှာမဟုတ်ဘူး၊ ဒေါ်လေး – သူက သုံးရက်တစ်ကြိမ်ကြွတာဆိုတော့ မနက်ဖြန်မှ လာလိမ့်မယ်၊ ဒါဆိုရင် နင်းအေးကို ဘာဆေးတိုက်ထားလည်းဟင်"

"ချွေးထွက်ပြီး အဖျားကျသွားအောင် ငန်းဆေးတော့ တိုက်ထားတာပဲ၊ အဲ့ဒါဆို ဒေါ်လေးပြန်ဦးမယ်၊ မမကို တက်မကြည့်တော့ဘူး၊ မမ သက်သာတယ် မဟုတ်လား"

"ဟုတ်ကဲ့ … ဒေါ်လေး အမေက ဒီအတိုင်းပါပဲ နေ့ဘက်ကျ တစ်နေကုန်အိပ်ညဘက်ကျတော့တစ်ညလုံးမအိပ်ဘူးလေ၊ မနက်ဖြန်ဆေးဆရာလာရင် ဒေါ်လေးတို့ဆီကို ကျွန်မ ခေါ်လာခဲ့မယ်နော်"

မသန်းစိန်မှာ ဒေါ်လေးဖြစ်သူ ပြန်သွားပြီးနောက် မိခင်ကြီး၏ ချေးဝတ်သေးဝတ်များ လျှော်ဖွပ်ပေးရန် အိမ်ပေါ်မှ ဆင်းလိုက်သည်၊ ဆေးဆရာက လူနာမိခင်ကြီး၌အနံ့အသက်များရှိလျှင် မကြိုက်ပေ၊ မိခင်ကြီးအား သုံးရက်တစ်ကြိမ်ရေဇတ်တိုက်ကာ သုတ်ပေးခြင်း၊ စောင်အိပ်ရာခင်းများကိုလျှော်ဖွပ်ပေးထားရသည်၊ မသန်းစိန်အဝတ်များလျှော်ဖွပ်နေရင်းမှ မနင်းအေးသည်နေ့လာနိုင်တော့မည် မဟုတ်မှန်း တွေးမိလိုက်သည်၊

မသန်းစိန်တွင် သားနှင့်သမီး(၂)နစ်ယောက်ရှိသည်၊ ခင်ပွန်းသည်မှာ ပြည်တွင်းသင်္ဘောသားဖြစ်သောကြောင့် တစ်လတစ်ခေါက်၊ နစ်လတစ်ခေါက်သာလျှင်ပြန်လာလေ့ရှိသည်၊ သားနှင့်သမီးမှာအသက်ရှစ်နှစ်ဆယ်နှစ်သာလျှင် ရှိကြသေးသဖြင့် အားကိုး၍ မရ လူမမာဘွားအေကြီးအနီးပင် မကပ်ကြပေ၊ ထို့နေ့ညအဖို့ မနင်းအေး မလာနိုင်တော့သဖြင့် အစ်ကိုကြီးကိုသာခင် လူနာစောင့်ပေးလေသည်၊

ဆေးဆရာလာမည့်နေ့ ဖြစ်သဖြင့် မသန်းစိန်မိခင် လူမမာကြီးကို ရေဇတ်ဝတ်များ တိုက်ပေးနေရင်းမှ ဆေးဆရာကြီးကို မျှော်နေမိသည်၊ ဆေးဆရာမှာ ညနေစောင့်သည့်အထိပေါ်မလာပေ၊ မနင်းအေးဖျားနေသည်ကို သွား၍ကြည့်ချင်သော်လည်း လူမမာမိခင်ကြီးကို စောင့်ကြည့်ပေးမည့်



www.burmeseclassic.com

www.burmeseclassic.com

သူကမရှိ ဖြစ်နေသည်။ မသန်းစိန်တို့ရွာမှာ ကျေးလက်တောရွာ ဖြစ်သဖြင့် ဆေးရုံဆေးခန်းမရှိ၊ တိုက်နယ်ဆေးရုံရှိသည့်မြို့နှင့်က ဆယ်မိုင်ကျော်မျှ ဝေးကွာလှပါသည်။ မိခင်ကြီးမှာ နာတာရှည်ရောဂါသည် ဖြစ်သဖြင့် အိမ်၌ပင် ဆေးဆရာပင့်၍ ကုသနေခြင်းဖြစ်သည်။

"ညီမလေး ... မသန်းစိန် ဘာတွေ စဉ်းစားနေလဲ ဒီနေ့ ဆေးဆရာကြီး မလာဘူးလား"

အစ်ကိုဖြစ်သူကိုသာဒင် ရောက်လာကာ မေးလိုက်သည့်စကားကြောင့် မသန်းစိန် စဉ်းစားနေရာမှ အစ်ကိုဖြစ်သူ၏ အမေးစကားကို ပြန်ဖြေလိုက်ရသည်။

"ဘာရယ်လို့မဟုတ်ပါဘူးအစ်ကို၊ အမေကအစုဆိုရင်ရွာကိုပြန်ရောက်တာ ရက်နှစ်ဆယ်ကျော်သွားပြီ၊ အမေ့ဝေဒနာက သိသိသာသာ သက်သာလာတာကို မတွေ့ရဘူး၊ တိုက်နယ်ဆေးရုံကိုတက်ကုဖို့ကလည်း အိမ်မှာက ကလေးတွေကြီးပဲ၊ အစ်ကိုကျတော့လည်း အဆင်ကမပြေလို့ မိသားစု သုံးယောက်စာတောင် မနည်းရှန်းကန်နေရတယ်"

"အော် – ညီမလေးရယ် အမေ့ကနာတာရှည်ဆိုတော့ ဒီလိုပဲ ကုရမှာပဲလေ၊ ဆေးဆရာကြီးကလည်း ပြောထားတယ်၊ အမေ့ကို အိမ်မှာထားပြီး ကုတာ ပိုကောင်းတယ်လို့ ဟုတ်တယ် – မဟုတ်လား၊ အခု မနှင်းအေးက ဖျားနေတော့မလာနိုင်ပြန်ဘူး၊ ညီမ ဘာမှအားမငယ်ပါနဲ့၊ အစ်ကိုကြီးညတိုင်း လာစောင့်အိပ်ပေးမယ်နော်"

"ဟုတ်တယ် ... အစ်ကို မနှင်းအေး ဖျားနေတာ တစ်ခေါက်မှ သွားမကြည့်ရသေးဘူး၊ ဆေးဆရာလာရင်မနှင်းအေးဆီပင့်သွားဖို့ဟာဆေးဆရာက မကြွတော့ နှင်းအေးကို ဒီအတိုင်းပဲ သွားကြည့်လိုက်ဦးမယ်အစ်ကို အမေ့ကို စောင့်ကြည့်နေပေးပါနော်၊ ဟိုကလေးနှစ်ယောက်လည်း ဘယ်ကို သွားဆော့နေကြတယ် မသိဘူး"

မသန်းစိန်က အစ်ကိုဖြစ်သူကို မှာကြားပြီး မနှင်းအေးတို့အိမ်ရှိရာ ထွက်သွားသည်။ မနှင်းအေးအိမ်အနီးရောက်သောအခါ မနှင်းအေးအိမ်သို့



ပတ်ဝန်းကျင်မှလူများရောက်ရှိနေကြသည်ကို တွေ့လိုက်ရသည်။ မသန်းစိန် ထိတ်လန့်စွာ မနှင်းအေးအနီး လျှင်မြန်စွာ သွားလိုက်သည်။ မနှင်းအေး မျက်နှာက သွေးဆုတ်သကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ အသားများ ချစ်ချစ်တောက်ပူလျက် သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေသည်။ သမီး ဖြစ်သူအား မျက်ရည်လည်ရွဲဖြင့် ကြည့်နေသည့် မနှင်းအေး၏မိခင်မှ မသန်းစိန်ကို အားကိုးတကြီး ဆေးဆရာပါလာသည်အထင်နှင့်။

"တူမ ... ဆေးဆရာကြီးပါလာတယ်မို့လား"

ဒေါ်လေးဖြစ်သူ၏ အမေးစကားကို မသန်းစိန် မည်သို့ ပြန်ပြောရမည် မသိဖြစ်သွားသည်။ မပြောလျှင်လည်းမဖြစ်သဖြင့် မသန်းစိန်အားတင်းကာ ပြောလိုက်ရသည်။

"ဆေးဆရာကြီးက ဒီနေ့ မကြွဘူးဒေါ်လေး ... အဲဒါကြောင့် အစ်ကို ကိုသာဒင် အမေ့ကို စောင့်ကြည့်နေတုန်း ကျွန်မနှင်းအေးကိုကြည့်ရင်း လာပြောတာ၊ နှင်းအေးကို ဘာဆေးတွေ တိုက်ထားလည်း နှင်းအေးက အရမ်း ဖျားနေတယ်"

"မနေ့ကတော့ ငန်းဆေးတိုက်လို့ အဲဖျားကျသွားတယ်၊ ညကလည်း သက်သာသလိုရှိတယ်၊ ဒီနေ့မနက်မှပြန်ဖျားလာတယ်၊ အဲဒါလည်းငန်းဆေး ပြန်တိုက်တာ၊ အဖျားကျသလိုလိုနဲ့ ပြန်ဖျားနေတာ ပိုဆိုးလာတယ်၊ အဲ့ဒါ ဘယ်လိုလုပ်မလဲ တူမ၊ ဒေါ်လေးတော့ ဘာမှ မလုပ်တတ်တော့ဘူး"

"ဒေါ်လေးနှင်းအေးက အဖျားသိပ်ကြီးနေတယ် တိုက်နယ်ဆေးရုံ ကို သွားပြရင် ကောင်းလိမ့်မယ်လို့ထင်တယ် အစ်ကိုသာဒင်ကို ကျွန်မပြန်ပြော လိုက်ဦးမယ်"

"တူမတို့ပဲ အဆင်ပြေသလို ကြည့်လုပ်ပါ ဒေါ်လေးစောင့်နေမယ်နော်"

မသန်းစိန် မိမိအိမ်သို့အမြန်ပြန်ကာ မနှင်းအေးကိုအမြန်ဆုံးဆေးရုံပြနိုင်ရေးတွက် အစ်ကိုဖြစ်သူကိုသာဒင်ကို အကြောင်းစုံ ပြောပြရသည်။ ကိုသာဒင်က အကြောင်းစုံသိသောအခါ မနှင်းအေးရှိရာသို့ ကသုတ်ကရက် ထွက်သွားသည်။ မသန်းစိန်မှာ ထိုညအတွက် မိခင်လူမမာကြီးကို စောင့်ရန် တူဝရိုက်ွ



www.burmeseclassic.com

www.burmeseclassic.com

လင်မယားကို အဖော်ခေါ်ရသည်၊ ကိုသာဒင်၏ဇနီးမသန်းစိန်၏ ယောင်းမမှာလည်း မီးယပ်ရှိရှိနေသူဖြစ်သည်၊ ထိုသမီးလေး အပျိုဖြစ်မှ နောက်ထပ်ကလေးမွေးရာမှ မီးယပ်ချည့်ချည့်သွားခြင်း ဖြစ်သည်၊ ထိုကလေးကလည်း လသားအရွယ်နှင့်ပင် ဆုံးသွားသည်၊

— ❖ —

"ငါ့တူတို့ လင်မယားကို အဖော်ခေါ်ရတာ၊ ငါ့တူမခင်ထားက ကိုယ်ဝန်နဲ့ဆိုတော့ အားနာမိတယ်၊ ငါ့တူမက အိမ်မှာပဲ ပြန်အိပ်ပါလား"

"ရပါတယ် ... ဒေါ်လေးရဲ့ကျွန်မက ဒီမှာအိပ်လည်း ဖြစ်ပါတယ်"

"ဖြစ်တော့ ဖြစ်တာပေါ့ ခင်ထားရယ် – ခင်ထားကိုယ်ဝန်က လရင့်နေပြီမို့လား"

"ရှစ်လပဲ ရှိပါသေးတယ် ဒေါ်လေးရဲ့၊ တော်ကြာ သူက အိပ်ပျော်နေရင် ဒေါ်လေးတစ်ယောက်တည်း ဖြစ်နေမှာစိုးလို့ပါ"

မသန်းစိန်က တူလင်မယားကို ပြောမည့်သာ ပြောရသည်၊ မသန်းစိန်မှာ အဖော်မရှိသည်ကတော့ အမှန်ပင် ဖြစ်သည်၊ မသန်းစိန်၏သားနှင့် သမီးကလည်း အရွယ်မရောက်ကြသေးသဖြင့် အားမကိုးရပေ၊

"အူး – အူး – အူး"

"ဝုတ် – ဝုတ် – ဝုတ် – ဝုတ်"

ရှတ်တရက်၊ ခွေးအူသံများ၊ ခွေးဟောင်သံများကြောင့် မသန်းစိန် ခေါင်းနားပန်းကြီးကာ ရင်တွေ တဆတ်ဆတ် တုန်သွားသည်၊ ညက ဆယ်တစ်နာရီခန့် ရှိပြီးဖြစ်သည်၊ ထိုစဉ် –

"ဟင်း – ဟင်း – ဟင်း"

လှနာမိခင်ကြီးဆီမှ အသံများ ထွက်ပေါ်လာသည်၊ မသန်းစိန် မိခင်ကြီး အနီးသို့ ကပ်သွားလိုက်သည်၊ မိခင်ကြီးမှာ ဟိုကြည့်ဒီကြည့် ကြည့်နေရင်း ဝမ်းကွဲမြေးလင်မယားကို တွေ့သွားကာ လေမဖြတ်သည့်ဘယ်ဘက်လက် အား လှုပ်လှုပ်ရှားရှား ပြုလာသည်၊



"မသန်းစိန် – မသန်းစိန် – ညီမလေး – အစ်ကိုကြီးပါ – အိမ်အောက်ကို ခဏဆင်းခဲ့ဦး"

မသန်းစိန်က မိခင်ကြီးအား ရေတိုက်မည့်ဟန်ပြင်နေစဉ် အိမ်အောက်မှ အစ်ကိုသာဒင်ခေါ်နေသည့် အသံကြားရသဖြင့် –

"တူလေးရေ တူလေးရဲ့ – ဘွားလေးအနားမှာ လာနေပေးပါနော်၊ အိမ်အောက်က အစ်ကိုသာဒင် ခေါ်နေတယ်၊ ဘာကိစ္စရှိလို့လည်း မသိဘူး၊ ဒေါ်လေး သွားလိုက်ဦးမယ်"

---

အထက် ဗိန္ဓောဆရာကြီးသည်
မသန်းစိန် ကမ်းပေးသည့်
မှန်ချပ်ကိုယူကာ
ပြတင်းပေါက်မှ အခန်းတွင်းသို့
ကျရောက်နေသည့်
နေရောင်ခြည်အောက်
မှန်ချပ်ကိုခံကာ
မှန်ပေါ်ကျရောက်နေသည့်
နေရောင်ဖြင့်
လှနာဒေါ်သိန်းတင်၏မျက်နှာကို
ထိုးထားသည်။





www.burmeseclassic.com

www.burmeseclassic.com

မသန်းစိန်က ပြောပြောဆိုဆို မီးခွက်ကိုကိုင်လျက် အိမ်အောက်ရှိ ကမန်းကတန်း ဆင်းသွားလိုက်သည်၊ အိမ်အောက်တွင် မျက်နှာပျက်ဖြင့် အစ်ကိုသာဒင်ကို တွေ့ရသည်၊

"အစ်ကိုသာဒင် – ဘာဖြစ်လို့လဲ၊ နှင်းအေးရော – သက်သာရဲ့လား၊ ဆေးရုံတင်ထားခဲ့ရလား"

တွေတွေကြီးရပ်ကာ မျက်စိမျက်နှာပျက်ဖြင့် ကိုသာဒင်က တုန်ရီလှိုက်မောစွာ ပြောသည်၊

"နှင်းအေးဆုံးသွားပြီ"

"ဘာ .... အစ်ကို နှင်းအေးဆုံးသွားပြီ ဟုတ်လား၊ ဖြစ်မှ ဖြစ်ရလေ နှင်းအေးရယ် ဘယ်လိုဖြစ်တာလည်း အစ်ကိုရယ်"

မသန်းစိန်က မချိတင်ကဲ တိတ်တဆိတ် ငိုရှိုက်ကာ တိုးတိတ်ကာ မေးလိုက်သည်၊

"အဖျားကကြီးနေတော့ လမ်းခရီးမှာထဲက မျက်ဖြူလန်လန်သွားတာ၊ ဆေးရုံရောက်တော့ လူနာက အရမ်းသွေးပေါင်ကျနေပြီ၊ ဆေးရုံကိုရောက်တာ နောက်ကျတယ်၊ ကြိုးစားကြည့်မယ်လို့ ဆရာဝန်က ပြောတယ်၊ ပြောတဲ့အတိုင်းလည်း ကြိုးစားကုပေးကြပါတယ်၊ ဒါပေမဲ့ မရတော့ဘူး၊ ဒေါ်လေးကလည်း သူ့မှာ အားကိုးစရာ လူမရှိတော့ဘူးဆိုပြီး ငိုလိုက်တာ၊ အစ်ကိုလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘူး ဖြစ်သွားတယ်၊ အတင်းချော့မော့ပြီး ရွာကို ပြန်ခေါ်ခဲ့ရတယ်၊ အဲ့ဒါ ညီမသိအောင်လို့ လာပြောတာ၊ အစ်ကို ဒေါ်လေးတို့ အိမ်ကို ပြန်သွားလိုက်မယ်"

မသန်းစိန်နှင့်ကိုသာဒင်တို့ ပြောဆိုကြပြီးနောက် မသန်းစိန်အိမ်ပေါ်သို့ ပြန်တက်ခဲ့သည်၊ ထိုတွင် လူနာမိခင်ကြီးမှာ ကိုယ်ဝန်ဆောင်သည့် ခင်ထား၏ လက်ကို ဆုပ်ကိုင်ထားကာ ဟိုကြည့်သည်ကြည့်ဖြင့် ငြိမ်သက်နေသည်၊ ငိုထားသည့်မသန်းစိန်၏ မျက်နှာကိုကြည့်ကာ တူဖြစ်သူက စိုးရိမ်စွာဖြင့် မေးလိုက်သည်၊



"ဒေါ်လေး ... ဦးလေး ဘာလာပြောတာလည်းဟင်"

မသန်းစိန်က တူဖြစ်သူကိုလှမ်းကြည့်ကာ လေသံတိုးတိုးဖြင့် ပြောလိုက်သည်၊

"မနှင်းအေး ဆုံးသွားပြီတဲ့ – အဲ့ဒါလာပြောတာပါ၊ ခင်ထားလည်း အိပ်တော့နော်၊ ဒေါ်လေးဆက်စောင့်နေပါ့မယ်"

တူဖြစ်သူနှင့် ခင်ထားတို့မှာ မသန်းစိန်၏ စကားကိုကြားရသောအခါ အံ့ဩထိတ်လန့်သွားကြသည်၊ ထို့နောက် ခင်ထားက လူနာဒေါ်သိန်းတင် ဆုပ်ကိုင်ထားသည့် သူမ၏ လက်ကို ပြန်ရုတ်လျက် ခင်ပွန်းဖြစ်သူအနီးသို့ ကပ်ထိုင်လိုက်သည်၊ သူတို့အားလုံးမှာ လူနာအနီးတွင် ထိုင်နေကြသော်လည်း သူတို့အသိစိတ်က ပျံလွင့်နေကြသည်၊ ထိုစဉ် –

"ဟင်း – ဟင်း – ဟင်း – ဖျန်း"

ရုတ်တရက်မို့ သူတို့အားလုံး ထိတ်လန့်သွားကြသည်၊ လူနာဒေါ်သိန်းတင်မှာတဟင်းဟင်းညည်းကာလေမဖြတ်သည့်ဘယ်ဘက်လက်ဖြင့် ကြမ်းပြင်ကို ရိုက်လိုက်ခြင်း ဖြစ်သည်၊ မသန်းစိန်မှ မိခင်ဖြစ်သူ လူနာအား –

"အမေ ဘာဖြစ်လို့လည်းဟင် – ဘာလိုချင်လို့လဲ..."

မသန်းစိန်ကမေးသော်လည်းဘာကိုမျှမသိသည့်လူနာဒေါ်သိန်းတင်က ကိုယ်ဝန်ဆောင်သည် ခင်ထားကိုသာလျှင် မျက်ထောင့်နီကြီးများဖြင့် မျက်တောင်မခတ် စိုက်ကြည့်နေသည်၊ ခင်ထားက သူ့အား စိုက်ကြည့်နေသည့် လူနာဒေါ်သိန်းတင် မျက်ထောင့်နီကြီးများကို ကြောက်ရွံ့ကာ ခင်ပွန်းအနီးသို့ ပို၍ တိုးကပ်သွားသည်၊ မသန်းစိန်မှာလည်း သူ့အနီးသို့ တိုးကပ်ကာ နေရာမရွှေ့သုံးယောက်စလုံး ပူးကပ်၍ ထိုင်နေကြသည်မှာ လင်းရောင်ခြည်လာ၍ ဒေါ်သိန်းတင် ပြန်အိပ်ပျော်သွားသည့်တိုင်အောင်ပင် ဖြစ်သည်၊

= ❖ =



www.burmeseclassic.com

www.burmeseclassic.com

မနှင်းအေးအသုဘရက်မို့ကိုသာဒင်ကလည်းမိခင်လူနာကြီးကိုလာ၍စောင့်မအိပ်နိုင်၊ တူဖြစ်သူလင်မယားမှာလည်း တစ်ညသာလျှင် လူနာလာစောင့်ကြသည်၊ မသန်းစိန်က နေ့ဘက်တွင် မိမိတစ်ဦးတည်းနှင့်ဖြစ်သော်လည်း ညဘက်တွင် မိမိတစ်ဦးတည်းနှင့် အဆင်မပြေသောကြောင့် အိမ်အနီးအနားမှ သက်ကြီးရွယ်အိုဦးကြီးနှစ်ယောက်ကိုအကူအညီတောင်းကာ ခေါ်ထားရသည်၊ ထိုဦးကြီးများက လူနာခေါ်သိန်းတင်ကိုကြည့်ကာ ခေါ်သိန်းတင်အနီးသို့ မကပ်ကြပေ၊ မသန်းစိန်မှလည်း မိခင်ကြီးနီးလာသောအခါ နွားနို့နှင့်ကြက်ပြုတ်ရည်တိုက်ချိန်မှလွဲ၍ ခေါ်သိန်းတင်၏မျက်လုံးအကြည့်များကိုကြောက်ကာ ခပ်လှမ်းလှမ်းမှာပင် နေသည်၊ ထိုသို့ဖြင့် မနှင်းအေး ရက်လည်ပြီး နောက်တစ်နေ့ သတင်းဆိုးတစ်ခုကိုကြားလိုက်ရပြန်ပါသည်၊

ခင်ထားကလေးအဖေသေလေး မွေးကာ ခင်ထားပါဆုံးသွားခြင်းပင်ဖြစ်သည်၊ ခင်ထား၏ခင်ပွန်း ဖြစ်သူမသန်းစိန်၏တူမှာလည်း အရူးတစ်ပိုင်းဖြစ်သွားသည်၊ ခင်ထား၏မိဘများမှာ ငယ်ငယ်ရွယ်ရွယ်ဖြင့် သေဆုံးသွားရသည့် သူတို့သမီးအတွက် မဖြေဆည်နိုင်အောင် ရှိနေကြသည်၊ အစ်ကိုသာဒင်ကလည်းနေ့ဘက်အလုပ်လုပ်ရ၊ ညဘက်မနှင်းအေးအသုဘရက်မလည်မချင်း အဖေါ်ဖြစ်သူကို သွားစောင့်ရှောက်ရနှင့် နားရသည်မရှိဖြစ်နေသဖြင့် မသန်းစိန်က အိမ်မှာ နားနားနေနေ စကာနေနိုင်းထားသည်၊ ယခုတူဖြစ်သူ၏ဇနီးခင်ထားက ဆုံးသဖြင့်ကိုသာဒင်သွား၍ဝိုင်းကူလုပ်ပေးရပြန်သည်၊

"ရွှတ် - ရွှတ် - ရွှတ်"

အသံတစ်သံ...၊

မသန်းစိန်မိခင်လူနာကိုညစဉ်စောင့်ရသဖြင့် အိပ်ရေးပျက်ဖန်များကာမှေးခနဲ အိပ်ပျော်သွားသည်၊ မသန်းစိန် အိပ်မက်မက်နေသည်ထင်သည်၊

"ရွှတ် - ရွှတ် - ရွှတ်"



မသန်းစိန်ထိုအသံကိုခပ်သဲ့သဲ့ကြားလိုက်ရပြန်သည်၊ အိပ်မက်မက်ခြင်းမဟုတ်ပါ၊ မသန်းစိန်မျက်လုံးကို ဖွင့်မကြည့်ဘဲ အာရုံစိုက်၍ နားထောင်နေမိသည်၊

"ရွှတ် - ရွှတ် - ရွှတ်"

မသန်းစိန် သိလိုက်ပါပြီ၊ ထိုအသံမှာ မိခင်ကြီးဘက်မှ အသံဖြစ်သည်၊ မသန်းစိန်အိပ်ရာမှမထဘဲ မျက်လုံးကိုမှေး၍ အသံလာရာသို့ မသိမသာကြည့်လိုက်သည်၊ မသန်းစိန် တွေ့မြင်လိုက်ရသည့်မြင်ကွင်းကြောင့် လွန်စွာအံ့ဩသွားသည်၊ လူနာမိခင်ကြီးခေါ်သိန်းတင်မှာ အိပ်ရာမှအားယူထနေခြင်းကြောင့်ပင်ဖြစ်သည်၊

"ဟော အမေ - အမေ ထနိုင်ပြီနဲ့တူတယ်"

မသန်းစိန်က လူနာခေါ်သိန်းတင်ကိုကြည့်ကာ ပြောပြောဆိုဆိုအိပ်ရာမှထလိုက်သည်၊ ထိုစဉ်မှာပင် လူနာခေါ်သိန်းတင်မှာ ပြန်၍လဲကျသွားကာ တအီးအီး ညည်းညူနေပြန်လေသည်၊ ထိုမြင်ကွင်းကို မသန်းစိန်ပင်မကဘဲ လူနာကိုလာ၍ ကူအိပ်စောင့်ပေးနေသည့် ဦးကြီးတစ်ယောက်ပါမြင်တွေ့လိုက်ခြင်းဖြစ်သည်၊ လူနာခေါ်သိန်းတင်မှာ တအီးအီး ညည်းညူကာ မျက်ထောင့်နီကြီးများဖြင့် ဟိုကြည့်ဒီကြည့်ကြည့်ကာနေရင်းမှ လင်းရောင်နီသောအချိန်၌ပြန်လည် အိပ်ပျော်သွားပြီဖြစ်သည်၊

လူနာမိခင်ကြီးကို ကူစောင့်ပေးနေကြသည့် ဦးကြီးနှစ်ယောက်ကကိုသာဒင်နှင့်မသန်းစိန်ကို အရေးကြီးသည့် စကားပြောစရာရှိသည်ဟုဆိုကာမသန်းစိန်တို့အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ထိုင်၍မသန်းစိန်နှင့်ကိုသာဒင်ကို စောင့်နေကြသည်၊ မသန်းစိန်နှင့်ကိုသာဒင်ကလည်း မိခင်ကြီး၏ အရိပ်အခြေကိုကြည့်၍ အိမ်ပေါ်မှ ဆင်းကာ စောင့်နေကြသည့်ဦးကြီးနှစ်ယောက်ရှိရာကို သွားလိုက်ကြသည်၊ ဦးကြီးနှစ်ယောက်မှာ မသန်းစိန်နှင့်ကိုသာဒင်ကို တွေ့သည်နှင့် -

"လာကြကွာ ... မင်းတို့မောင်နှမနှစ်ယောက်ကို အရေးကြီးတဲ့စကားပြောစရာရှိတယ်၊ မင်းတို့က လူငယ်တွေဆိုတော့အတွေ့အကြုံမရှိလို့ သိကြ



www.burmeseclassic.com

www.burmeseclassic.com

မှာ မဟုတ်ဘူး ဦးကြီးတို့ကတော့ ဒီလိုမျိုး အတွေ့အကြုံကို တွေ့ကြုံခဲ့ဖူးတယ်"

"ဟုတ်ကဲ့ ... ပြောပါဦးကြီး ပြောချင်တဲ့စကားကိုသာပြောပါဦးကြီး"

ဦးကြီးတစ်ယောက်က ပြောချင်သည့် စကားကို အစရှိနေသဖြင့် ကိုသာခင်က ဝင်ထောက်ပေးလိုက်ခြင်းဖြစ်သည်၊

"ဒီလိုကွာ ... မောင်သာခင်လိုရင်းနဲ့ တိုရှင်း တည့်တည့်ပြောရရင် မင်းတို့ရဲ့အမေ ဒေါ်သိန်းတင်ဟာ သူ့ရဲ့မူလရုပ်အသက်မရှိတော့ဘူးလို့ ငါထင်တယ်"

ထိုဦးကြီး၏ ပြောစကားကြောင့် မသန်းစိန်နှင့် ကိုသာခင်တို့ အံ့သြထိတ်လန့်စွာ ထိုဦးကြီး၏ မျက်နှာကို ကြည့်လိုက်ကြသည်၊ ထို့နောက် ကိုသာခင်က မယုံကြည်စွာဖြင့် ပြန်မေးလိုက်သည်၊

"ဟုတ်ပါ့မလား... ဦးကြီးရယ်၊ အမေ့က သူ့အသက်အစုထိ ရှိနေလို့ အိပ်တယ်၊ နိုးတယ်၊ သောက်တယ်လေ၊ သူ့အသက်မရှိမှတော့ သူဒီလိုအခြေအနေ ဘယ်ရှိပါတော့မလဲ"

"အဲဒါကို ပြောတာပေါ့ - မင်းတို့အမေ ဒီလို အခြေအနေနဲ့ ရွာကို ပြန်ရောက်လာတာ၊ တစ်လကျော်သွားပြီ၊ နေ့ကျတော့ တစ်နေကုန်အိပ်နေတယ်၊ အပုပ်ချိန်ရောက်ပြီးဆို နိုးလာပြီ၊ တစ်ညလုံး မအိပ်တော့ဘူး၊ မင်းတို့ကျွေးတဲ့အစားအစာကို မနားတမ်းစားတယ်၊ ပြီးတော့ မျက်လုံးတွေက မှ မှုန်ဘူး၊ သူ့အနားမှာ ကပ်ပြီးနေမှ သူ့လက်ကိုကိုင်ထားမှ ဟိုတစ်နေ့ညက ဆိုရင် မလှုပ်မရှားနိုင်တဲ့သူက အိပ်ရာကနေ ကုန်းရုန်းထတယ်၊ မသန်းစိန်နဲ့ ငါတို့ပြန်လဲရလိုက်တယ်၊ ဒီထက် အချိန်ကြာလာလေ၊ မင်းတို့အမေက ပိုဆိုးလာလေဖြစ်လိမ့်မယ်"

"ဒါဆိုရင်... ဦးကြီးရယ် အမေက သူ့အသက်မရှိဘူးဆိုတော့ ဘယ်အသက်နဲ့ဒီလိုဖြစ်နေတာလဲ"

မသန်းစိန်က ဝင်ရောက် မေးလိုက်ခြင်းဖြစ်သည်၊



"ဟဲ့ ... သန်းစိန်ရဲ့ဘယ်အသက် ဟုတ်တော့မလဲ၊ နာနာဘာဝအသက် ပရကောင်ရဲ့အသက်နဲ့ နေနေတာပေါ့ဟ"

မသန်းစိန် ချက်ခနဲ သတိရလိုက်သည်၊ မိခင်ကြီးကိုကန္တလေး အိမ်တန်းရှာမှ ပြန်ခေါ်အလာ စက်ကြီးကန်ကလေးအရောက် ဇေတဲတား မဖွင့်သေးသဖြင့် သင့်တော်ရာကမ်းစပ်အနီးကပ်၍စက်လှေကိုစောင့်ရပ်နားစဉ် စက်လှေပေါ်သို့ လူတစ်ယောက် ခုန်တက်လိုက်သကဲ့သို့ ဖြစ်သွားခြင်း၊ စက်လှေကြီးအား လူသေမြှုပ်နှံထားသည့်မြေပုံမှ အမည်ရေးထိုးထားသည့် ဂုတ်တိုင်သစ်သားတန်းတွင် ချည်နှောင်ခဲ့ခြင်းတို့ကို ပြန်လည် သတိရသွားသည်၊

"အေး ... အဲဒါကြောင့်ဦးကြီးပြောတာဟုတ်မဟုတ် သိရအောင်အထက်ဗိန္ဒောဆရာကြီးတစ်ဦး ငါတို့ရွာဦးကျောင်းဆရာတော်ဆီမှာ ရောက်နေတယ်၊ သူနဲ့ပြကြည့်ရအောင် မင်းတို့သဘော ဘယ်လိုရှိသလဲ"

ထိုဦးကြီး၏ပြောစကားအား ကိုသာခင်က မယုံသကဲ့သို့ရှိသော်လည်း ညီမဖြစ်သူကိုလှမ်းကြည့်လိုက်သည်၊ ညီမဖြစ်သူမသန်းစိန်က ကိုသာခင်ကို ခေါင်းညိတ် အဖြေပေးလိုက်သည်၊ မသန်းစိန်တို့ မောင်နှမနှစ်ယောက်၏ သဘောတူညီချက် ရသည်နှင့် ဦးကြီးနှစ်ယောက်မှာ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် တည်းခိုရောက်ရှိနေသည့် ပုသိမ်မြို့မှ အထက်ဗိန္ဒောဆရာကြီးကိုသွားရောက်ကာပင့်ဆောင်လာကြသည်၊ အထက်ဗိန္ဒောဆရာကြီးမှာ ရှမ်းဘောင်းဘီကဲ့သို့ ပင်နီဘောင်းဘီကို ဝတ်ကာ ဦးခေါင်းတွင် ခေါင်းပေါင်းကို ပေါင်း၍ အစတစ်ဘက်ကို ချထားသည်၊ အပေါ်အင်္ကျီမှာလည်း ပင်နီရောင် တိုက်ပုံပင် ဖြစ်သည်၊ ပခုံး၌ အနီရောင်လွယ်အိတ်ကို လွယ်ထားသည်၊ မသန်းစိန်က ဆရာကြီးကို နေရာထိုင်ခင်းပေး၍ ရေနွေးကြမ်းအိုး၊ ကွမ်းအစ်တို့ဖြင့် ဧည့်ခံလိုက်သည်၊ အချိန်က နံနက်ဆယ့်တစ်နာရီခန့် ဖြစ်သည်၊

"အထက်ဗိန္ဒောဆရာကြီးက ကိုသာခင်နှင့်မသန်းစိန်ကိုကြည့်ကာ -



www.burmeseclassic.com

www.burmeseclassic.com

"ဒီနေ့တော့ လူနာကို အနည်းငယ်စမ်းသပ်မယ်၊ သေချာရင်တော့ ငါ့-တူနဲ့ငါတူမ ဆရာကြီးပြောတဲ့အတိုင်း လိုက်လုပ်ပေးရမယ်၊ အစတော့ မှန်တစ်ချပ်လောက်ပေးပါ"

ဆေးဆရာကြီးမှ ပြောပြောဆိုဆို လူနာအနီးသို့သွားကာ အိပ်ပျော်နေသည့် လူနာ၏မျက်ခွံကို လှန်ကြည့်လိုက်သည်၊ ထို့နောက် လက်ကောက်ဝတ်ကို ကိုင်၍ သွေးလည်ပတ်နှုန်းကို စမ်းသပ်သည်၊ လူနာဒေါ်သိန်းတင်ခေါင်းရင်းမှ ပိတ်ထားသည့် ပြတင်းပေါက်ကို ဖွင့်လိုက်သည်၊ အထက်ဗိန္ဓောဆရာကြီးသည် မသန်းစိန် ကမ်းပေးသည့် မှန်ချပ်ကိုယူကာ ပြတင်းပေါက်မှ အခန်းတွင်းသို့ ကျရောက်နေသည့် နေရောင်ခြည်အောက် မှန်ချပ်ကိုခံကာ မှန်ပေါ်ကျရောက်နေသည့် နေရောင်ဖြင့် လူနာဒေါ်သိန်းတင်၏မျက်နှာကိုထိုးထားသည်၊ ထိုပတ်ဝန်းကျင်ရှိအိမ်များမှလူပေါင်းနှစ်ဆယ်ခန့်စိတ်ဝင်စားစွာ လာရောက် ကြည့်ရှုနေကြသည်၊ အထက်ဗိန္ဓောဆရာကြီးသည် နေရောင်ကျသွားရာ နောက်လိုက်၍ မှန်ချပ်ခံကာ လူနာမျက်နှာအားထိုးထားသည်မှာ တစ်နာရီခန့်ရှိသောအချိန်၌ -

"အင်း - အင်း - အင်း"

လူနာဆီမှညည်းသံထွက်လာပြီးပြန်ငြိမ်ကျသွားသည်၊ ထိုအခါအထက်ဗိန္ဓောဆရာကြီးမှ မသန်းစိန်တို့ကို လှမ်းပြောသည်၊

"အရေးကြီးလာပြီ၊ ခြေရင်းဘက်က ပြတင်းပေါက်ကို ဖွင့်လိုက်ပါ၊ နေရောင်ဝင်လာအောင်လို့ နေရောင်ဝင်လာတာနဲ့ နောက်မှန်တစ်ချပ်ခံပြီး လူနာမျက်နှာကို နေရောင်ထိုးထားပါ"

အထက်ဗိန္ဓောဆရာကြီးပြောလိုက်သည့်စကားကြောင့်ရွာသားတစ်ဦးက သူ့အိမ်မှ ကိုယ်လုံးပေါ်မှန်ကြီးကို အလျင်အမြန်ပြေးယူလာသည်၊ လူနာစောင့် ဦးကြီးတစ်ယောက်မှ ကိုယ်လုံးပေါ်မှန်ကြီးကိုယူကာ လူနာ၏ ခြေရင်းပြတင်းပေါက်မှ နေရောင်စတင်ဝင်လာသည်နှင့် မှန်ချပ်ကြီးဖြင့်ခံကာ လူနာမျက်နှာပေါ်သို့ နေရောင်ကို တိုက်ရိုက်ထိုးထားလိုက်သည်၊



ခေါင်းရင်း ခြေရင်းညှပ်၍ ထိုးထားသည့် နေရောင်ကြောင့် နောက်ထပ်တစ်နာရီခန့်အကြာတွင် လူမှာ ရုတ်တရက် မျက်လုံးပွင့်လာသည်၊ မျက်လုံးများက ပြူးကျယ်နီရဲနေသည်၊ ဝိုင်းကြည့်နေကြသည့် လူများကိုမြင်ရသောအခါ၌ -

"ဟင်း - ဟင်း - ဟင်း - ဒုန်း - ဒုန်း"

လူနာမှ တဟင်းဟင်း ညည်းတွားလျက် လေမဖြတ်သည့်လက်ဖြင့် ကြမ်းပြင်ကိုနှစ်ချက်ဆင့်ထုလိုက်လေသည်၊ ထိုအခါဝိုင်းကြည့်နေကြသူများမှာကြောက်ရွံ့၍နောက်ဆုတ်သွားကြသည်၊ ထိုအချိန်၌အထက်ဗိန္ဓောဆရာကြီးဘက်မှ နေရောင်မှာမရတော့သဖြင့် ခြေရင်းဘက်မှမှန်တစ်ချက်နှင့်သာ လူနာမျက်နှာကို နေရောင်ထိုးထားနိုင်သည်၊ ထို့ကြောင့် အထက်ဗိန္ဓောဆရာကြီးမှ -

"သိပ် အရေးကြီးနေလို့ပါ ... အကူအညီပေးကြပါ၊ လူနာမျက်နှာနဲ့တည့်တည့်အိမ်အမိုးသက်ကယ်တက်ပြီး ဖျက်ပေးကြပါ၊ အဲဒါမှ နေရောင်စုံစုံကြောင့်လူမမာကိုယ်ထဲဝင်နေတဲ့ပရကောင်မခံနိုင်လို့ထွက်မှာ၊ မြန်မြန်လုပ်ကြပါဟ၊ တစ်နာရီထိုးနေပြီ၊ နှစ်နာရီပဲ အချိန်ရတော့မယ်၊ သုံးနာရီနောက်ပိုင်းဆိုရင် အပုပ်ချိန်ဖြစ်ပြီ"

အနီးတွင် ဝိုင်းကြည့်နေကြသည့် ရွာသားနှစ်ဦးမှာ ကမန်းကတန်းအိမ်ခေါင်မိုးပေါ်သို့ တက်၍ လူနာ၏မျက်နှာတည့်တည့်ရှိ အိမ်မိုးထားသည့် သက်ကယ်ပျစ်များကို ဖြုတ်လိုက်ကြသည်၊ ထိုအခါနေရောင်သည် လူနာမျက်နှာပေါ်သို့ စုံးရှုံ့စွာ တိုက်ရိုက်ထိမှန်ကျရောက်လာသည်၊ လူမမာ၏မျက်လုံးရဲရဲများက ခက်ထန်ကာ ပို၍ တောက်ပလာသည်၊ တအီးအီးညည်းညူနေရာမှ တဟင်းဟင်း ဖြစ်လာသည်၊ ထို့အပြင် -

"တောက် ... ဒုန်း - ဒုန်း - ဒုန်း - ဟင်း - ဟင်း - ဟင်း - ရွမ်း"

တောက်ခေါက်သံများကြမ်းပျဉ်အားလက်ဝါးနှင့်ရိုက်သံတို့မှာအဆက်မပြတ် ထွက်ပေါ်၍ လူမမာတစ်ကိုယ်လုံး တလှုပ်လှုပ်တရွရွ ဖြစ်လာသည်၊



www.burmeseclassic.com

www.burmeseclassic.com

အသံမျိုးစုံဖြင့် တစ်ရိုန်လုံးညည်းတွားနေသည်၊ ထိုသို့ဖြင့် နေ့လယ် (၂)နာရီ ခွဲခန့်တွင် လူမမာမှာ ရုတ်တရက် ပက်လက်အနေအထားမှ ကုန်း၍ ထထိုင် လိုက်သည်၊ ကြည့်နေကြသည့်ရွာသားများကြောက်ရွံ့ထိတ်လန့်ကာအိမ်ပေါ် မှ ပြေးဆင်းသူ ပြေးဆင်းကြသည်၊ ထိုစဉ် -

"ဟင်း"

လူမမာ၏ပါးစပ်ကြီးဟလာကာ သက်ပြင်းရှည်ကြီး မှုတ်ထုတ်၍ လူမမာ မှာ ပြန်လည်လဲကျသွားပြီးနောက် ငြိမ်ကျသွားသည်၊ အထက်ဗိန္ဒောဆရာ ကြီးက လူနာကိုကြည့်ကာ -

"နာနာဘာဝပရကောင်တော့ ထွက်သွားပြီ၊ ဒါ - ခင်ဗျားတို့ အသိမြန်လို့ မဟုတ်ရင် ခင်ဗျားတို့တစ်ရွာလုံး မလွယ်ဘူးမှတ်ပါ၊ ကဲ - ကဲ ငါတူနဲ့ ငါ့တူမ လည်း စီစဉ်စရာရှိတာကို အမြန်ဆုံးစီစဉ်ပါ၊ မင်းတို့မိခင်ကြီးရဲ့အသက်က မရှိတာကြာပြီ၊ တော်ကြာ - အနံ့အသက်တွေ ထွက်လာတော့မယ်"

မိခင်ကြီး၏ ဖြစ်အင်ကို မြင်တွေ့ကြားသိလိုက်ရသော မသန်းစိန်မှာ ယူကြုံးမရဖြစ်ကာ သတိလစ်မေ့မြောသွားသည်၊ ထိုအချိန်တွင် အထက် ဝိန္ဒောဆရာကြီးရှိနေ၍သာလျှင် မသန်းစိန်၏အသက်ကို ကယ်လိုက်နိုင်ကြ သည်၊ မသန်းစိန် ပြန်လည် သတိရလာသောအချိန်၌ အပုပ်နံ့ လျှင်မြန်စွာ တထောင်းထောင်းထွက်နေပြီဖြစ်သည့် မိခင်ကြီး၏ရုပ်ကလာပ်အား စောင်၊ ဖျာတို့ဖြင့် ပတ်ကာ ကိုသာဒင်နှင့် ရွာသားခြောက်ယောက်တို့က သုသာန်သို့ သယ်ဆောင်သွားကြပြီဖြစ်သည်၊

မနှင်းအေးနှင့်ခင်ထားတို့ရှေ့ဆင့်နောက်ဆင့်သေဆုံးသွားကြရသည်မှာ တိုက်ဆိုင်မှုပေလား၊ သို့တည်းမဟုတ် ဒေါ်သိန်းတင်၏ခန္ဓာကိုယ်အတွင်း ကပ်ငြိဝင်ရောက်နေသည့် နာနာဘာဝပရကောင်ကြောင့်များ ဖြစ်လေမည် လားဟု မည်သူမျှ အတတ်မပြောနိုင်တော့ပါလေ၊

(မှတ်ချက်၊ ၊ဗောတံတားဆိုသည်မှာ ချောင်းတစ်ဖက်ကမ်းနှင့် တစ်ဖက်ကမ်းဆောက်လုပ်ထားသည့် တံတားအလယ်ဝဟိုမှဖြတ်သန်း ကာ သမ္ဗန်၊ စက်လှေ၊ မော်တော်တို့ ဖြတ်မောင်း၍ရရန်၊ အဖွင့်အပိတ် ပြုလုပ်၍ရသည့် ဗောကို တပ်ဆင်ထားကြသည်၊ ထိုအရာကို ဗောတံတား ဟုခေါ်ကြသည်၊

(ဖွင့်ဟဝန်ခံချက်၊ ၊အထက်ဖော်ပြပါဇာတ်လမ်းမှာ လွန်ခဲ့သောနှစ် ပေါင်းသုံးဆယ်ခန့်က ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်မှန်ကို ဇာတ်လမ်းအသွင်ဖြင့် ပြောင်းလဲပြုပြင် ရေးဖွဲ့တင်ပြပါသည်၊

● မရည်မွန် (ကျုံ့ပျော်)



www.burmeseclassic.com

www.burmeseclassic.com






## ထိန်နှစ်ပင်ကန်စောင်းက မောင်မဲအကြောင်း

**မင်းရဲကျော်**

ညဥ့်ဦးယံကာလ ကိုးနာရီခန့် ကွင်းတစ်ခုလုံး ပိန်းပိန်းပိတ်မှောင် အတိကျနေ၏၊ ကွင်းဆိုသည်မှာ ငမိုးရိပ်ချောင်းရိုးဒေသအား ကွင်းဟုခေါ်ကြသည်၊ ကွင်းဟု ခေါ်ဆိုကြသည့်အတိုင်း နွေကာလဆိုလျှင် လူသူမရှိ၊ ခြောင်းသလင်းခါနေသည့်လယ်ကွင်းပြင်၊ ဒီအချိန် ဒီကာလသည် ငမိုးရိပ်ချောင်းဒေသတွင် တစ်နှစ် တစ်သီး၊ နွေစပါး ရိတ်သိမ်းပြီး ကွင်းထဲမှာ နေကြသည့် လယ်သမားတွေ၊ မိုးနှင့်ဆောင်းအတွက် တည်ဆောက်ထားခဲ့လေသော တဲတွေအား လုံလုံခြုံခြုံပိတ်ကာ ရွာသို့ပြန်ဝင်ကြ၏၊ သို့အတွက် မိုးဦးကျဆိုလျှင် -

"သာအေးရေ - တို့တဲထွက်တော့မယ်၊ ကွင်းထွက်တော့မယ်"

ဟုလည်းကောင်း၊

"လှမောင်ရေ - တို့တော့ စပါးသိမ်းပြီးပြီ၊ ရွာဝင်တော့မယ်"

စသည် စသည်ဖြင့် အဖော်ညှိကြ၊ အသိပေးကြသည့် ကွင်းဒေသထဲ နေကြသော လယ်သမားများ၏ခလေ့တစ်ခုပင်၊ ပဲခူးရိုးမဖောင်ကြီးဒေသမှ

www.burmeseclassic.com

ငမိုးရိပ်ဒေသ လယ်သမားများကို ကွင်းသားတွေဟု ခေါ်ဆိုကြသလို ဖောင်ကြီးဒေသသူ၊ ဒေသသားများကို တောသူတောင်သားဟုလည်း ကွင်းဒေသက ခေါ်ကြသည်၊ ဖောင်ကြီးဒေသသည် ပဲခူးရိုးမဆိုသည့် တောတောင်ရေမြေမြင့်ဖြစ်သည်။ ငမိုးရိပ်ရွာသူရွာသားတွေ ဖောင်ကြီးဒေသ တောတက်၍ ဝါးခုတ်၊ သစ်ခုတ်ကြရသည်။ စပါးသိမ်းပြီးသည့် နွေကာလ၊ သစ်ဝါးစုကာ တဲပြင်ရန် ထင်းအတွက် တစ်မိုးစာ ရှာဖွေကြ၍လည်း ခင်မင်နေကြလေသည်။

ကိုသာမောင်တစ်ယောက် တဲပေါက်ဝမှ အပြင်သို့ ထွက်ကြည့်၏။ ကြည့်သာကြည့်သော်လည်း ပိန်းပိန်းပိတ်နေလေသော အမှောင်ထုကိုဖြင့် သူ ထိုးဖောက်မမြင်နိုင်၊ ခါတိုင်းဆိုလျှင် အမြင်စွမ်းအား ရှိသင့်သလောက်ရှိ၏။ အကြောင်းမှာ ယနေ့ ညဦးပိုင်း မိုးဖွဲဖွဲလေးတွေ ကျနေ၏၊ အမြင်စွမ်းအား မထိုးဖောက်နိုင်လေသော ကိုသာမောင်တစ်ယောက် တဲအတွင်းပြန်ဝင်ကာ ဖားမီးအုပ်ကို မီးညှိလိုက်ပြီးသည်နှင့် နွားရိုက်ကြိမ်လုံး၊ ဖားထည့်ရန် ပလိုင်းနှင့် ဝါးဘိုးဖတ်ခမောက် ဆောင်းကာ ဖားရိုက်ထွက်ခဲ့လေပြီ။ ကိုသာမောင်တစ်ယောက် မလစ်ရိုးဘေးရှိ သူ၏တဲမှတစ်ဆင့် ထိန်နစ်ပင်ကန်ဘက် ထွက်ခဲ့လေသည်။

ထိန်နှစ်ပင်ကန်သည် ဘကြီးသောင်း၏လယ်ကွက်အစဖြစ်ပြီး မလစ်ရိုးနှင့်လည်း နီးစပ်၏။ နွား၊ ကျွဲ စားကျက်ဆိုလည်း မမှား၊ အဓိက ထိုကျွဲ၊ နွားတွေ နွေကာလမြက်စားရင်း ဖရသောက်ကြသလို မလစ်ရိုးထဲ ကျွဲတွေ စိမ်ပြီး မြက်စားရာမှတစ်ဆင့် ထိန်နှစ်ပင်အနားရောက်ပါက ကျွဲပေါက်တွေက အပင်ကို ဦးချိုနှင့် တိုးခွေ့ဆော့၏၊ တချို့က ခန္ဓာကိုယ်ကြီးယားသည့်အခါ ပွတ်သပ်ကြသည့်အတွက် အပင်၏ အမွေးအခေါက်တွေ ပွန်းပဲ့သည့်အဖြင့် အပင်ကြီးမှာလည်း ဖြောင့်ဖြောင့်တန်းတန်း မရှိ၊ ကွေးကွေးကောက်ကောက် တော်ရုံတန်ရုံဆိုလျှင် ထိုထိန်ပင်တွေ သေသွားကျိုးပဲ့သွားလေ၏၊ အပင်တမာလွန်း၍သာ မသေနိုင်၊ ထိုထိန်ပင်နှစ်ပင်မှာ နှစ်တွေကြာညောင်းခဲ့၍လား တော့မသိ၊ လူတစ်ဖက်စာမက ရှိနေလေပြီ။



"ဟေ့ - ထိန်နှစ်ပင်ကန်စောင်းက မြွေပွေး မြွေဟောက် ပေါတယ်နော်၊ သတိထားကြ"

"ပေါမှာပေါ့ဗျာ၊ ကြွက်တွေလည်း ပေါမှပေါ၊ သာမောင်ကတော့ သူ့အကြိုက်၊ ဆောင်းနဲ့နွေမှာ မြေကြွက်ထောင်၊ ဟော - မိုးကျတာနဲ့ ဖားရိုက်အလုပ်ကိုဖြစ်နေတာဗျ"

"ဟုတ်တယ် - ဟုတ်တယ်ကွ၊ ဒီအကောင်ကျတော့ ထိန်နှစ်ပင်ကသရဲထိပ်နီ မခြောက်လှန့်ဘူး၊ သူ့အဘိုးများလား - ဟား - ဟား - ဟား - ဟား"

ထိန်နှစ်ပင်ကန်ဆိုသည့်အတိုင်း ထိန်နှစ်ပင်တည်းသာရှိသော ကွင်းခေါင်ခေါင်၊ ညအမှောင်ဆိုပါက တခွေ့ သရဲနှစ်ကောင် မတ်တတ်ရပ်နေသယောင်၊ တစ်ဖန် လေဟာပြင်မို့ လေ အနည်းငယ်တိုက်သည်နှင့် အကိုင်းတွေက လှုပ်၊ အရွက်တွေခါ ကြောက်လန့်စရာ၊ လသာသာမြင်ကွင်း ပို၍ကြောက်ချမ်းအောင် လုပ်ပြနေသလို၊ တစ်ရွာလုံး၊ တစ်ကွင်းလုံး သိထားသည်မှာ သရဲထိပ်နီကြီး၏ဂေဟာဖြစ်ကြောင်း သတင်းကောင်းမဟုတ်သော သရဲသတင်းကြီးစိုးသော ထိန်နှစ်ပင်ကန်လည်းဖြစ်၏။

သာမောင်သည် ကြောက်တတ်သူမဟုတ်၊ သူလုပ်နေကျ ဆောင်းကာလမှာ မိုးမချုပ်မီ ကြွက်ထောင်၏။ နွေကာလမှာလည်း ကြွက်ထောင်ကာ မြေကြွက်သားကောင်းကောင်း စားရသည့် ဟင်းလျာအပြင်၊ ရောင်းလည်းရောင်းရ၏၊ သာမောင်အား ရွာသားတွေမှ မြွေကြီးကြောင်းလည်း ပြောကြသည်၊ မြွေဆေး စွမ်းလည်း စွမ်း၊ တခွေ့ သရဲလမ်းကို လှမ်းရဲသူကား သူရဲကောင်း သာမောင်ဖြစ်နေ၏။

သာမောင်တစ်ယောက် တဲအပေါက်မှထွက်ပြီး တဲတံခါးပိတ်ပြီးသည်နှင့် သူလုပ်နေကျအတိုင်း ဖားရှာ၊ ငါးရှာ၊ ကြွက်ရှာပဲဖြစ်ဖြစ်၊ သူသွားမည့် အရပ်ဒေသဘက် မျက်နှာမူကာ သူ့အဖေ ပေးခဲ့သောဆေးကို သုံးစွဲလိုက်၏။ သူသုံးစွဲသောဆေးမှာ သူ၏ဖခင် ပြောသောဆေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီဆေးဟာ မင်းအဘိုးပေးခဲ့တာကွ၊ အဖေ တစ်သက်လုံး သုံးမကုန်ဘူး၊ မင်းဆက်ပြီး သုံးပေတော့၊ အေး - မင်းသားသမီးတွေလည်း ဆက်ပေးလိုက်၊ သုံးမကုန်တဲ့ဆေးကွ"

သာမောင် သတိရနေသလို ထိုသုံးနေကျဆေးအားမှီဝဲသုံးနေပါသည်၊ ကိုသာမောင် ဆေးသုံးစွဲမှုကား သူ့အဖေ ပြောသလို သုံးမကုန်သော သေဘေးအန္တရာယ်ကင်းသောဆေးမှာ ဦးတည်ရာအရပ်သို့ မျက်နှာမူပြီး အနဖန္တာ အနန္တငါးပါးကို ဦးတိုက်၏၊ သမ္မာဒေဝါထာတော်အား သုံးကြိမ်သုံးခါ ရွတ်ဆိုပြီးနောက် ကွင်းပိုင်ကြီးအား တိုင်တည်၏၊

"ဒီကွင်းကို ပိုင်ဆိုင်သော ကွင်းပိုင်ကြီးခင်ဗျား - ကျွန်တော့်အား အန္တရာယ်ကင်းရှင်းအောင်စောင့်ရှောက်တော်မူပါ၊ အားလုံးကျန်းမာကြပါစေ၊ ကျွန်တော်၏ ကုသိုလ်ဒါနတွေထဲမှ ခွဲဝေပါ၏၊ အမျှအတမ်းပေးဝေပါသည်၊ အမျှ - အမျှ - အမျှ - သာဓု - သာဓု - သာဓု"

သူ၏အမျှပေးဝေသံ သာဓုခေါ်သံအဆုံးမှာ အဖေပေးခဲ့သော ဆေးသုံးစွဲပြီးပြီဟု စိတ်အေးလက်အေး တဲထဲမှ ထွက်ခဲ့ပါပြီ၊

မိုးက တအေးအေး လေကလေးကလည်း တဖြူးဖြူးမို့သူ၏ ဖားအုပ်အား ဘေးတစ်စောင်းလှည့်ကာ ကန်သင်းရိုးအတိုင်း ဆက်ထွက်ခဲ့ပါသည်၊ သူသွားမည့်ထိန်နစ်ပင်ကန်သို့ တစ်ဖက်ရွာသား သူ့မိတ်ဆွေ မောင်မဲလည်း လာရောက် ဖားရိုက်တတ်၏၊ မောင်မဲလာသည်မှာ ခပ်ဝေးဝေး သူ့တဲက ညောင်ပင်ရွာကွင်းတစ်ဆက်တည်း ဖြစ်သော်လည်း အလှမ်းတော့ဝေး၏၊ သို့သော် ဒီလိုကာလတွေမှာ ဖားကျ၍လည်းကောင်း သာမောင်၏ခင်မင်မှု အဖော်ကောင်း၍လည်းကောင်း သာမောင်သည် ဖားများများရပါက မောင်မဲကို ခွဲဝေပေး၏၊ မောင်မဲက ဖားများများရ၍ တစ်ကောင်မျှ မပေးလည်း သာမောင် စိတ်မဆိုး၊ တစ်ခါက အဖြစ်ကလေးကို သာမောင်ပြန်သတိရနေ၏၊

မောင်မဲ ဖားတွေတော်တော်များများပါ၏၊ အကောင်တွေကလည်း ကြီးမှကြီး၊ သာမောင့်မှာ နှစ်ကောင်သာရ၏၊ အကောင်သေးသေးတွေ၊



နှစ်ယောက်သားဖားရိုက်ပြီး နှုတ်ဆက်ပြန်သွား၏၊ သာမောင်တစ်ကောင်မျှလည်း မတောင်း စိတ်ထဲလည်း မရှိပါ၊ သူရတာ သူယူရမှာပေါ့၊

"သြော် - သူ့ရောင်းစားမှာပဲလေ၊ ငွေလိုနေလို့ဖြစ်မှာပေါ့" ဟုဖြည့်တွေးလိုက်တော့ စိတ်ထဲတွင် ပေါ့သွားလေ၏၊ နောက်နေ့မှာလည်း ဖားတွေရ၏၊ ဒီတစ်ခါမှာတော့ -

"သူငယ်ချင်း ... ငါမနေ့က မင်းကို မပေးတာ စိတ်မဆိုးနဲ့ကွာ - အိမ်က မိန်းမ မင်္ဂလာဆောင်သွားဖို့ ငွေမရှိလို့ရောင်းပြီးမှ သွားရတယ်"



သာမောင်
အားရပါးရပြောရင်း
မောင်မဲအား ကြည့်လိုက်၏။
မောင်မဲကို ဒီနေ့မှ
မိုးကာခေါင်းစွပ်ကြီးကြောင့်
ထင်ထင်ရှားရှား မတွေ့ရပါ။
သို့သော် သာမောင်
သူ့ဘေးတွင် ချထားသော
ပလိုင်းဆွဲယူပြီး
မောင်မဲသည် သူ့ပလိုင်းထဲမှ
ဖားတွေ နှိုက်ထည့်ပေးနေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ် သူငယ်ချင်း - ငါလည်း မင်းဇွေလိုနေပြီလို့တောင်တွေးပြီး စိတ်မကောင်းဖြစ်မိတယ်ကွ"

"ကျေးဇူးပဲကွာ၊ ရော့ - ဒီနေ့လည်း ငါ အများကြီးရတယ်၊ ရော့ - ရော့ ယူသွားသူငယ်ချင်း"

"ဟော့ကောင် - - - တော်ပြီကွ၊ ကဲ - မိုးသည်းမယ် ပြန်ကြစို့"

"အေး - အေး"

နှစ်ယောက်သား လမ်းခွဲခဲ့ကြ၏၊ သူတို့လယ်သမားတွေမှာ မိုး အခြေအနေကို ကောင်းစွာ ခန့်မှန်းနိုင်၏၊ လမ်းခွဲလို့မှ မကြာမီ မိုးသည် သည်းသည်းမည်းမည်းပင် ရွာချလေပြီ၊

သာမောင်တစ်ယောက်တွေးရင်း ဖလရေ့၍ သူ၏ခမောက်ကလေးဘေးရွေ့သွားသဖြင့် မကြာမကြာ ခမောက်ကို ဆွဲထားရသော်လည်း မိုးသည်းသည်း မဟုတ်ပါ၊ အတွေးတွေက အတွေ့အကြုံကြောင့် မှန်ကန်စွာ သုံးသပ်နိုင်ခဲ့၏၊

"ဝမ် - ဝမ် - ဝမ် - ဝမ်"

"ကွက် - ကွက် - ကွက် - ကွက် -"

သာမောင့်နားထဲသို့ ဖားအော်သံတွေ ကြားလိုက်လေပြီ၊ သဲသဲကွဲကွဲ မကြားရသေးသော်လည်း တဖြည်းဖြည်းတော့ ကြားရမည်ကို သာမောင်သိနေ၏၊ ဟုတ်ပါသည်၊ ဖားအော်သံတွေကောင်းကောင်းကြားရသည့်အပြင် ဖားမီးအုပ်မီးရောင်ကို မြင်လိုက်ရသည့်အတွက် အားတက်သွားသည်၊

"မောင်မဲရောက်နှင့်နေပြီပဲ"

ခပ်သွက်သွက် လှမ်းနေစဉ် သူ့ရှေ့တည့်တည့်ကသင်းရိုးပေါ်တွင် မြွေဟောက်ကြီးတစ်ကောင်ကြောင့် ဘာလုပ်ရမှန်းမသိ၊ လက်ထဲက ဖားမီးအုပ်ကြောင့်လည်းကောင်းစွာ တွေ့ရပြီး လက်ထဲမှ ကြိမ်လုံးဖြင့်ရိုက်မည်ပြုပြီး သတိရကာ -

"ကဲ - ကွင်းပိုင်ကြီး အန္တရာယ်ဖယ်ပေးပါ၊ ကူညီပါဗျာ၊ ကျွန်တော် ဖားရိုက်ဖို့ပါ၊ ဒီပိုး(မြွေ)ကို မသတ်လိုပါဘူး"



သာမောင်ခြေစုံရပ်ပြီး ပြော၏၊ မြွေဟောက်ကြီးသည် မီးရောင်ကို ကြည့်ရင်းမှ ကန်သင်းရိုးဘေးရှိကကန်းတွင်းထဲသို့ဝင်သွား၏၊ လုံးဝဝင်သွားတော့မှ ထိန်နှစ်ပင်ကန်ဘက် ခပ်သွက်သွက်ကလေး ဆက်ထွက်ခဲ့၏၊ သာမောင်တို့လယ်သမားတွေ၊ ဒေသအခေါ် ပိုး(မြွေ)တွေနှင့် မကြာမကြာတွေ့တတ်၏၊ မိမိလယ်ထဲမှာ ဤကဲ့သို့တွေ့ခဲ့ပါလျှင် ကွင်းပိုင်ကြီးအားကြက်သားဟင်းနှင့်အရက်တင်မြှောက်လိုက်ပါက ပိုးမွှားတိရစ္ဆာန်တစ်ကောင်တစ်မြီးမှ မတွေ့ရတော့လို့လည်း ကွင်းပိုင်ကြီးလို အားကိုးကြရလေသည်၊ ယခုလည်း ကွင်းပိုင်ကြီးများ ဖယ်ရှားပေးလေသလား မသိတော့၊

"သူငယ်ချင်းရေ ... ဘယ်လိုလည်း ကြာပြီလေ"

အော်မေးလိုက်သော သာမောင်ထံသို့ ဘာသံမှ ပြန်မလာပေ၊ ဒီကောင် မကြားဘူး၊ သူဆီသွားမှပဲဟုတွေးရင်း မောင်မဲဖားရိုက်ဘက်သွားတော့ မောင်မဲက ကန်ကို ကွေ့ပတ်သွား၍ သာမောင် နောက်က လိုက်နေရသည်၊ ဖားလည်း ရိုက်၏၊ လျှောက်လည်းလျှောက်နေသောမောင်မဲအား သာမောင်မမီ၊ ဖားလည်းတစ်ကောင်မှ မရသေး၊ တွေ့လည်း မတွေ့၊ မရိုက်သေးလို့ -

"ဟေ့ ... သူငယ်ချင်း နေပါဦးဟ - မင်းကရှေ့က ရိုက်တော့ ငါတစ်ကောင်မှ မရိုက်ရတော့ဘူး"

"မောင်မဲ ... ဟော့ကောင် နေပါဦးဆို"

ပြောပြောဆိုဆို အမီလိုက်၏၊ ထိန်ပင်ကြီးဘေးရောက်တော့ မောင်မဲတစ်ယောက် ပျောက်ချင်းမလှ ပျောက်သွားသလို မိုးကလည်း သည်းသည်းမည်းမည်းမို့ ထိန်ပင်ဘေးကပ်ကာ မိုးခိုရင်း မောင်မဲအားရှာကြည့်လိုက် -

"ဩော် ... ဒီအကောင် ဖားမီးအုပ် မီးသေသွားတာ ထင်ပါရဲ့၊ မီးခြစ်မပါဘူးထင်တယ်"

"ဟေ့ ... သူငယ်ချင်းမောင်မဲ ၊ မီးသေလို့လား မီးခြစ်မပါဘူးလား၊ ဒီ - လာခဲ့လေ - ငါ့မှာ မီးခြစ်ပါတယ်၊ ငါ့မီးစွက်မှာ ထွန်းလည်း ရတယ်ကွာ လာလေ"



www.burmeseclassic.com

www.burmeseclassic.com

မှောင်ထဲမှ တစ်ယောက်တည်း ပြောရင်း မောင်မဲအား ရှာနေသည်၊ မတွေ့ပါ၊ သူ့ထံလည်းမလာ၊ ဘယ်ရောက်သွားပါလိမ့် ဖားတွေအများကြီးရလို့ ပေးရမှာကြောက်လို့ ပြန်သွားပြီလား၊ ပြန်သွားလည်း မတတ်နိုင်၊ မိုးပါးလာကာနှင့်သူတစ်ယောက်တည်းဖားရိုက်တော့မည်ဟုဆုံးဖြတ်ကာထိန်ပင်ခြေရင်းခေတ္တထိုင်လိုက်၏၊ ထိုင်ပြီးခါမှ သူ့ဘေးထိန်ပင်တစ်ဘက်တွင် ထိုင်နေသော မောင်မဲတွေ့လိုက်၏။

"ဟာ ... သူငယ်ချင်းကလည်း တော်တော် နောက်တာပဲ၊ မင်းဒီမှာ ရောက်နေတာ ငါမသိဘူး၊ ဖားတော်တော်များများရမှာပဲ"

သာမောင့်အားရပါးရပြောရင်းမောင်မဲအား ကြည့်လိုက်၏၊ မောင်မဲကို ဒီနေ့မှ မိုးကာခေါင်းစွပ်ကြီးကြောင့် ထင်ထင်ရှားရှား မတွေ့ရပါ၊ သို့သော် သာမောင်သူ့ဘေးတွင် ချထားသော ပလိုင်းဆွဲယူပြီး မောင်မဲသည် သူ့ပလိုင်းထဲမှ ဖားတွေနှိုက်ထည့်ပေးနေ၏၊ သာမောင်ပြုံးလျက် ဖားတွေကြည့်နေ၏၊ ဖားတွေကား အကောင်တော်တော်ကြီးသလို သူနှိုက်ပေးနေသည်မှာ တော်တော်များနေ၍ -

"တော်ပါပြီ သူငယ်ချင်းရာ ... ကျေးဇူးတင်လိုက်တာကွ"

မောင်မဲ သည် သာမောင်၏ပုခုံးပုတ်စပ်ပြီး ထပြန်သွားလေပြီ၊ သာမောင်ငေးကြည့်ရင်း "ဒီအကောင်ကတော့လေ - ချစ်စရာလည်းကောင်း သူငယ်ချင်းလည်း ပီသပါပေ့" ဟုတွေးရင်း ပလိုင်းထဲမှ ဖားတွေကား မ လ သေး၊ နက်ကြတိုးကြနှင့် သာမောင့်စိတ်အထင် သုံးလေးပိသာခန့်ရှိမည်မှာ မလွဲ၊

တဲပြန်ရောက်တော့ ပလိုင်းထဲမှဖားတွေအား ပလိုင်းထိပ်ကို ပုဆိုးစုတ်ဖြင့် ထပ်အဖုံးပိတ်ကာ နွားနားဖားကြိုးဖြင့် ချည်နှောင်ပြီး ဘုရားဝတ်ပြုကာ အိပ်လိုက်သည်။



(၄)

မိုးစင်စင်လင်းမှ သာမောင်နိုး၏၊ မျက်နှာသစ်ပြီး ဖားတွေအား ရွာပြန်ပို့ကာ ဖနီးသည်အားရောင်းနိုင်မည်ဟုတွေးကာ ပလိုင်းလွယ်၍ရွာသို့ပြန်ခဲ့၏၊ ရွာရောက်တော့ ဖနီးသည်အား ဖားရောင်းရန်အတွက် ပြောပြီးသည်နှင့်

"ကဲ - ဖားတွေပေးလေ"

"အေးပါ ... ဒီပလိုင်းထဲမှာ"

ပြောပြောဆိုဆို ဖားတွေအား ဇလုံအတွင်း ထည့်ပေးစဉ် ဖနီးသည်မှာ ဖားတွေက အကောင်ကြီးသလိုတော်တော်များသည့်အတွက် ဝမ်းသာအားရ ဖားရောင်းထွက်သွားသည်တွင် သာမောင်တစ်ယောက် အိပ်ပျော်သွား၏၊ ဖနီးသည်ပြန်လာသောအခါ ဖားတွေ ရောင်းကောင်းကြောင်း ဝမ်းသာအားရ လင်ဖြစ်သူသာမောင်နိုးပြီး ပြောပြ၏၊

"ကဲ ... ငါ တဲပြန်မယ် မိအေး ... ကလေးတွေ အအေးမမိစေနဲ့ သွားမယ်ဟေ့"

"ဩော် ... မေ့နေလိုက်တာ၊ ရှင် - မနက်ဖြန် စောစောပြန်ခဲ့ပါလား မနက်စောစောလေ"

"ဘာကိစ္စလဲ"

"ဟောတော့ - ရှင့်သူငယ်ချင်း ညောင်ပင်သာရွာသားကိုမဲ နာရေးလေ၊ မနက်ဖြန်သုံးရက်၊ အသုဘချမှာလေ"

"ဘာ ... မောင်မဲ အသုဘ ဟာ - မဟုတ်တာပဲ"

"ရှင်ကလည်း ဟိုမှာ - ဟိုမှာ ဖိတ်စာ နာရေးဖိတ်စာရှင့်"

သာမောင်တစ်ယောက် အူကြောင်ကြောင် ဖြစ်သွားရာမှ နာရေးဖိတ်စာယူရင်း ဖတ်လိုက်သည်တွင် မောင်မဲတစ်ယောက် မနေ့မနက် (၉) နာရီတွင် ကွယ်လွန်သွား၍ သုံးရက်ထားကာ မနက်ဖြန်သင်္ဂြိုဟ်မည်ဆိုသော ဖိတ်စာဖတ်ရင်း -

"မိအေး"

"ဘာတုံး - ကိုသာမောင်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို – ဒါဆို မောင်မဲ တကယ်သေပြီပေါ့"

"ဟောတော့ကျားကိုက်ပါတယ်ဆို – အပေါက်ကြီးနဲ့လားဆိုသလိုတော့ ဖြစ်ကုန်ပြီ"

"နင် ... ဘာမှ မသိဘူး၊ ငါနဲ့မောင်မဲ"

"ဟင် – ရှင်နဲ့မောင်မဲ ဘာဖြစ်သလည်း ဟင် – ဘာဖြစ်လို့လဲ"

"အင်း ... သူငယ်ချင်းလေ – သူငယ်ချင်း"

"တော်သေးတာပေါ့ရှင် ... သူငယ်ချင်းဆိုပြီး ရှင့်ကို ဆွဲခေါ်မသွားတာပဲ ကျေးဇူးတင်ရဦးမယ် – ကိုသာမောင်ရေ"

"တောက် ... ဒီမိန်းမ"

သာမောင်စိတ်ထဲမှ တအုံ့တသြ ဖြစ်ရလေပြီ၊ မနေ့ညက သူ့အား ဖားတွေပေးခဲ့သော သူငယ်ချင်းမောင်မဲ မနေ့က မနက်မှာသေဆုံးပါလျက် ဘယ့်အတွက်ကြောင့် ထိန်နစ်ပင်ကန် ရောက်လာပြီး သူနှင့်အတူထိုင်ကာ သူ့ဖားပလိုင်းထဲ ဖားတွေ ထည့်ပေးခဲ့ပါလိမ့်၊ သာမောင် မတွေးတက်တော့၊ မောင်မဲ သေဆုံးရသည်မှာ မြွေဟောက်ကိုက်၍ သေဆုံးရကြောင်းလည်း သိခဲ့ရသဖြင့်အလွန်အံ့သြနေမိသည်၊ မနေ့ညက သူတွေ့ရသော မြွေဟောက်ကြီးနောက် မိုးကာခေါင်းစွပ်နှင့်မောင်မဲဖားရိုက်ပြီး ဖားတွေပေးကာပြန်သွားပုံတွေ တွေးရင်း စိတ်လည်းမကောင်း သူငယ်ချင်း ပီပီသသ သူ့အား မခြောက်လှန့်၊ ဝိညာဉ်ဘဝဖြင့် နှုတ်ဆက်တာလား၊ ကူညီတာလားမသိ၊ တစ်ခုတော့ရှိသည်၊ မောင်မဲသည် ဘုရား၊ တရား၊ သိပ်သတိမထား၊ ကွင်းပိုင်ကြီးလည်း အလေးမထား၊ သို့သော် အနေအထိုင်ကောင်းတော့ သိပ်မပြော ဘာသိဘာသာနေ၏၊ သူတစ်ခုတော့ ပြောဖူး၏၊

"သာမောင် ငါ ဘာမှ အလေးမထားဘူး၊ လယ်လုပ်မယ်၊ ဖားရှာငါးရှာမယ်၊ ကွင်းပိုင်က ဖားရှာမပေးပါဘူး၊ ငါးဖားရှာ ငါးရှာတဲ့အခါ အခြားယုံကြည်မှုမရှိဘူး၊ တစ်နေ့သေရမယ့်လူတွေပဲကွာ၊ ဘယ်သူသွားပြီးပသရမှာလည်း ငါသေသွားလည်း ဘယ်သူ့မှ ပသမှာ မဟုတ်ဘူး၊ အေး – ဘာပဲဖြစ်ဖြစ် မင်းဟာ ငါ့ရဲ့သူငယ်ချင်းကောင်းပဲ ကဲ – သွားမယ်"



သာမောင်တစ်ယောက် သူ့အတွေး သူ့ခံယူချက်တွေ ပြောသွားဖူးသည်ကို ပြန်သတိရပြီး အတွေးထဲသို့ ပြေးဝင်လာသော အဖေအမေ ပေးခဲ့သည့် တားမကုန် သောက်မကုန်သော အဖေ့ဆေးကို တွေးမိရင်း –

"အဖေရေ ... အဖေ့ဆေးစွမ်းကို ကျွန်တော့်သားအတွက် လက်ထင့်ကမ်းသွားပါ့မယ်ဗျာ၊ မောင်မဲရေ – ငါတော့ဘဝအတွက်ဆေးကုနေဆဲပါကွာ၊ ငါရဲ့အလှူဒါန ခွဲဝေမျှပါတယ်၊ မင်း – သာဓုခေါ်နိုင်ပါစေ မောင်မဲရေ" ဟု တွေးလျက် ထိန်နစ်ပင်ကန်စောင်းက မောင်မဲအကြောင်းတွေးရင်း သက်ပြင်းချကာဖြင့် –

⊃ မင်းရဲကျော်

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# နန်းမတော်မယ်နုအုတ်ကျောင်းထဲက ဒွေးမျက်သော ညတစ်ည

**ထောင်မှူးကြီးသိန်းဝင်း**

ကျွန်တော်တို့ မန္တလေး ပတ်ဝန်းကျင်၊ လေ့လာရေး၊ စာရေးဆရာအဖွဲ့တွင် စာရေးဆရာ မောင်မြဦး(မြောင်းမြ)က ခေါင်းဆောင်သည်။ ကျွန်တော်အပါအဝင် ဆရာနန်းထိုက်စိုး၊ ဝင်းနိုင်(ရွှေပြည်သာ)၊ မောင်ညိုမှိုင်း(သန်လျင်) စိတ်ကူးသစ်စာအုပ်တိုက်မှ ကိုတင်ထွန်း (နတ်လှူဦး)နှင့် သား သူရိန်ထွန်းတို့ပါ ဝင်ကြသည်။ မောင်မြဦး(မြောင်းမြ)မှာ အငြိမ်းစား ထောင်ပိုင်ကြီးဖြစ်၍ မန္တလေး ဗဟိုအကျဉ်းထောင်၊ အရာရှိရိပ်သာတွင် တည်းခိုနေထိုင်ခွင့်ရရန် သူက စီစဉ်ပေးသဖြင့် လွန်စွာအဆင်ပြေသည်။

မန္တလေး ထောင်ပိုင်ကြီး၊ ဦးကျော်ဝင်းကလည်း အလွန်သဘောကောင်းပြီး ဖော်ရွေသည်၊ စည့်ဝတ်ကျေပွန်သည်၊ တည်းခိုနေထိုင်ခွင့်သာမက မနက်စာနှင့် ညစာကိုပင် ကျွေးသေးသည်၊ နေ့လယ်စာကိုတော့ ကျွန်တော်တို့က ခရီးထွက် လေ့လာနေသဖြင့် ကြုံရာတွင် စားကြသည်၊

(၈-၂-၂၀၁၃)နေ့၊ ည(၉)နာရီ၊ ရွှေစင်စကြာ အဝေးပြေးကားကြီးဖြင့် ခရီးထွက်ကြပြီး (၉-၂-၂၀၁၃)ရက်နေ့၊ မနက်(၅)နာရီတွင် မန္တလေး ဈေးဆည်ကန်အဝေးပြေးဂိတ်သို့ရောက်သည်၊ ဦးမြဦးကြိုတင်စီစဉ်ထားသဖြင့်



(Super Custom)ကားကြီးနှင့် ကားဆရာကို ဖော်ကြီးက အသင့်လာ၍ စောင့်ကြိုနေသည်၊ အဝေးပြေးဂိတ်မှ မန္တလေးထောင်၊ ဧည့်ဂေဟာသို့ ဝင်ပြီး မျက်နှာသစ်၊ ခြေလက်ဆေး၊ ပစ္စည်းများ ထားပြီး ပြင်ဦးလွင်သို့ ခရီးစ,ထွက်သည်၊ ပတ်ဝန်းကျင်မှာ မှောင်နေဆဲ၊ မရှမ်းအေးတော့သော်လည်း ရာသီဥတုမှာ နေထိုင်ကောင်းရုံကလေး၊ ပြင်ဦးလွင်အတက်၊ ကျောက်မီးတာဆုံရွာကလေးတွင် အကြော်နှင့် မုန့်ဟင်းခါး စားပြီး မလိုင်နွားနို့ သောက်ကြသည်၊ တောလက်ရာ ဖြစ်သော်လည်း လွန်စွာစားကောင်းသည်၊

ကျောက်မီးတာဆုံရွာမှာ ပြင်ဦးလွင်တောင်ခြေတွင်ရှိပြီး ဆည်တော်ကြီးမှ ရေပေးဝေရာ၊ ရေမြောင်းကြီးအနီး၌ ရှိသဖြင့် စိမ်းစိုသာယာသည်၊ လက်ဝဲဘက်၌ ရှမ်းရိုးမတောင်တန်း၊ လက်ျာဘက်၌ ဒုဋ္ဌဝတီမြစ်နှင့် ကြွက်နဖားတောင်ကြီး၊ တောင်ခြေ၌ မိဖုရား စောမွန်လှ၏ ရွှေတရုံစေတီတော် တည်ရှိပါသည်၊

ရေပေးမြောင်းကြီးအတိုင်းသွားလျှင် ထန်းတောရွာ၊ တဲတိုင်းရှည်ရွာနှင့် တာဆုံမိုင်လေးဆယ်ရွာ၊ ရှမ်းရွာကြီးနှင့် ရေလုပ်ရွာတို့ ရှိသည်၊ ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝက အခန်းလုံး လုပ်အားပေးကျောင်းဆရာလုပ်ခဲ့သောရွာများလည်းဖြစ်ကြသည်၊ အမရပူရမြို့နယ်အပိုင်ရွာများလည်း ဖြစ်ကြသည်၊ ထိုနေ့ကတော့ မဝင်ဖြစ်၊ ပြင်ဦးလွင်လေ့လာရေးခရီးဖြစ်သဖြင့် တည့်တည့်သွားကြသည်၊

အပြန်တွင်လည်း မန္တလေးတောင်နှင့် ရန်ကင်းတောင်များသို့တက်ကြသဖြင့် မိုးချုပ်မှ မန္တလေးတောင်ရိပ်က ပြန်ရောက်သည်၊ ရေမိုးချိုး၊ ညစာထွက်စားကြပြီးယမန်နေ့ညကလည်းကားပေါ်တွင်မအိပ်ကြရသဖြင့်ယနေ့ညတော့ စားသောက်ပြီးသည်နှင့် အတုံးအရုံး အိပ်ပျော်သွားကြသည်၊

နောက်တစ်နေ့ မနက်တွင် ဧည့်ခန်း၌ တစ်ဦးတည်းအိပ်သော ဦးမြဦးမှာ ကရင်ကြီး သရဲ တွန်းချသည် ဆိုပြီး ညာဘက်ခြေထောက်ကြီးမှာ ရောင်ကိုင်းနေသည်၊ ဆေးဝါးစုံ ယူဆောင်လာသော မောင်ညိုမှိုင်းက ကိုယ်တိုင် ဆေးလူးပေးပြီး မန္တာန်များဖြင့် မန်းမှုတ်ပေးပါသည်၊ အချိန်ရက်ပြည်း



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ခရီးစဉ် ပျက်ရန် မဖြစ်နိုင်သောကြောင့် ဦးမြဦးကြီးအား တွဲ၍ ကားခေါင်းထိုင်ခုံပေါ်တင်ပြီး စစ်ကိုင်းဘက်သို့ ထွက်ခဲ့ပါသည်။

—▶◁—

စစ်ကိုင်းတံတားသစ်ကြီးက စစ်ကိုင်းဘက် ကူးတော့ ဧရာဝတီမြစ်ကြီးက ရေစမ်းစပြုနေပြီ၊ တံတားအောက် ရေသွားလမ်းက နစ်လမ်းကွဲနေသဖြင့် အသွားလမ်း၊ အပြန်လမ်း လုပ်ထားသည်။ တံတားသစ်ကြီးမှာ ရထားလမ်း မရှိသဖြင့် ပထမ မူလလက်ဟောင်း၊ တံတားဟောင်း(အင်းဝတံတား)ကြီးလောက် ထုထည်မကြီးပါ။ ပထမဆုံး အင်းဝ၊ မယ်နုအုတ်ကျောင်းသို့ ဝင်သည်။ ကျွန်တော် ယခင်က ရောက်ဖူးခဲ့သလို မယ်နုအုတ်ကျောင်းမှာ မခမ်းနား မထည်ဝါတော့၊ ပြင်ဆင်ထားခြင်းမရှိ၊ သုတ်ဆေးက ပျက်စီးနေရာပြီ၊ အတွင်း၌လည်း မျက်နှာကျက်များက အက်ကြောင်းထင်နေပြီ၊ လင်းနို့၊ လင်းဆွဲများ နိုအောင်းရာ နေရာဖြစ်သဖြင့် ငှက်ချေးနံ့က နံစော်နေသည်။

ထိုစဉ် အသက်(၉)နှစ်ခန့် (GUIDE) လုပ်ပေးမည့် ကလေးတစ်ယောက် ရောက်လာပြီး -

"ဦးလေးတို့ ကျွန်တော် (GUIDE) လုပ်ပြီး ရှင်းပြမယ်၊ မြန်မာငွေ (၅၀၀)ကျပ်ပဲ၊ မုန့်ဖိုးပေးပါ၊ နိုင်ငံခြားသားတွေဆိုရင် ကျွန်တော်(GUIDE) လုပ်၊ ရှင်းလင်း၊ တစ်ခေါ်လာယူပါတယ်"

ကျွန်တော်တို့ကတော့ ရောက်ဖူးသဖြင့် မထူးဆန်းလှပါ၊ ထိုစဉ် မောင်ညိုမှိုင်းက ယခုတစ်ခေါက်သာ ရောက်ဖူးသူဖြစ်သဖြင့် -

"ကလေး - လုပ်စမ်းကွာ၊ ဦးလေး မုန့်ဖိုးပေးမယ်၊ ရှင်းပြစမ်းပါ"

"ဟုတ်ကဲ့ - ဦးလေး၊ မန္တလေး၊ စစ်ကိုင်း၊ အင်းဝ၊ အမရပူရဆိုတဲ့ နယ်မြေတွေဟာ ဘာသာ၊ သာသနာ ထွန်းကားတဲ့ နယ်မြေတွေပဲ၊ ဘုရင်တိုင်း မင်းဆွေမင်းမျိုး အာဏာရှိသူတိုင်း အမှတ်တရ ဘုရားတည် ကျောင်းဆောက်ပြီး လှူဒါန်းပူဇော်ကြတယ်၊ မယ်နုအုတ်ကျောင်းဆိုတာက မိဖုရားခေါင်ကြီး နန်းမတော်မယ်နု တည်ထားတဲ့ အကောက်အကြွေတွေ



အလွန်များတဲ့ အုတ်ကျောင်းကြီးပဲ၊ ဒီကျောင်းကြီးကို အကောက်အကြွေ ရောင်တွေများစွာနဲ့ တည်ထားတာကလည်း ရည်ရွယ်ချက်ရှိတယ်"

"လုပ်စမ်းပါဦး ကလေးရဲ့၊ ကုသိုလ်ရအောင် တည်ထားတာ မဟုတ်ဘူးလား"

"အဲဒါလည်း ပါပါတယ်၊ အဓိကအရေးကြီးတာက နန်းမတော်မယ်နုက အဲဒီခေတ်က အလွန်မာနကြီးပြီး တန်ခိုးထက်တယ်၊ သူ့နာမည်မယ်နုဆိုတာတောင် နန်းတွင်းမှာပဲ အသုံးပြုရတယ်၊ နန်းပြင်ပတိုင်းသူပြည်သားတွေ အသုံးမပြုရလို့ အမိန့်ထုတ်ထားတယ်၊ အဲဒီခေတ်ကလည်း တစ်ခွေးတစ်သံ၊ တစ်မိန့်၊ ပဒေသရာဇ်စနစ်ဆိုတော့ မလိုက်နာရင် သေဒဏ်ပဲ၊ အလွန်ကြောက်ရတယ်"

"နု" ဆိုတာ မသုံးရဘဲ မန်ကျည်းရွက်နုတာတောင် ထွတ်တာလို့ ပြောရတယ်၊ မန်ကျည်းရွက်နုအစား မန်ကျည်းရွက်ထွတ်ထွတ်လို့ ပြောရတယ်၊ အဲသည့်လောက်တောင် အာဏာစက် ပြင်းထန်တာ၊ အဲ - မယ်နုအုတ်ကျောင်းအကြောင်း ဆက်ပြောရရင်တော့ အကောက်အကြွေတွေများအောင် နန်းမတော်မယ်နုက တမင်ဖန်တီးဆောက်လုပ်ထားတာတဲ့၊ သူ့ရည်းစား၊ မင်းသားကြီးမောင်အိုနဲ့ ချိန်းတွေ့ပြီး အကွယ်အကာရအောင်လို့ အဓိပ္ပါယ်ရှိပါတယ်"

အုတ်ကျောင်းကြီး ဆောက်ပြီးတော့ ဆရာတော် ဦးဗုဒ်ကို ကျောင်းထိုင်ဖို့ လှူဒါန်းတယ်၊ ဆရာတော်က အလွန်ပါးနပ်တော့ မယ်နုအကြံကို ရိပ်မိတယ်၊ လှူဒါန်းသူရှိတော့ လက်ခံသီတင်းသုံးပေမယ့် ဆရာတော်က နန်းမတော်မယ်နုကို သဘောမကျတော့ စကားမပြောဘူးတဲ့၊ မယ်နဲ့တွေ့ရင် လျှောက်တင်ရင်၊ တရားထိုင်ရင် ခေါင်းညိတ်ခေါင်းခါလုပ်တာက လွဲလို့ စကား လုံးဝမပြောဘူး၊ အဲဒါကြောင့် မယ်နုက တစ်နေ့မှာ အကြံအစည်နဲ့ မြေးတော်လေးကို ခေါ်လာတယ်၊ မြေးတော်လေးက အလွန်ဆော့တော့ ဆရာတော် သီတင်းသုံးနေတဲ့အနီးက ပေပုရပိုက်တွေကို ယူဆော့ပါလေရော၊ အဲဒီအခါကမှ ဆရာတော်က -

"ဟဲ့ - မယ်နု၊ ကလေးက မျောက်ရှုံးအောင် ဆော့လှချည်လား၊ ဘယ်သူ့ကလေးလဲဟဲ့"



www.burmeseclassic.com

www.burmeseclassic.com

လို့ မိန့်တော်မူတယ်၊

ဆရာတော်က မယ်နကို စကား စ,ပြောတာပေါ့၊

"မှန်လှပါ - တပည့်တော်မရဲ့ မြေးတော်ကလေးပါဘုရား"

လို့ လျှောက်တော့ ဆရာတော်က ရိပ်မိပြီး -

"မယ်န - မယ်န - ကာလိမ်စေ့ငြမ်းဆင်၊ ညက်အမြော်အမြင်ကလည်း များပါပေ့"

လို့ ချီးမွမ်းသလိုနဲ့ မှတ်ချက်ချသတဲ့၊

ထိုစဉ် ရွှေပြည်သာ ဝင်းနိုင်ကြီးက ဝင်ပြောသည်၊

"နေစမ်းပါဦး - ကလေးရဲ့ နန်းမတော်မယ်နနဲ့ ဖြစ်တာ စလင်းမင်းသားကြီး မောင်အို မဟုတ်လား"

"ဟုတ်ပါတယ် - အဘ"

"ဒါနဲ့ ဒိုင်းခင်ခင်ဆိုတာကရောကွယ်"

"အဘတို့ကို ကျွန်တော်က မယ်နအတ်ကျောင်းအကြောင်းပဲပြောဖို့ မြန်မာငွေ (၅၀၀)ကျပ်ပဲ ဖောင်းတာပါ၊ ပိုပြောရရင် နောက်ထပ်(၅၀၀) ကျပ် ထပ်ပေးရမယ်"

"အေးပါ - ပေးပါ့မယ် - ကလေးရယ်၊ စုံလင်အောင် ပြောပြပါဦးကွယ်"

ကိုညီမှိုင်းက ဝင်ပြောတော့မှ ကလေးက -

"ရခိုင် မောင်မောင်တုတ်ဆိုတာ ကြားဖူးသလား - အဘ"

"အေး - ကြားဖူးတယ်၊ ရွှေလုံ့ဗိုလ်နဲ့ မိန်းမလုရာက သတ္တိချင်း ပြိုင်ကြပြီး မောင်မောင်တုတ်က ကြေးတိုက်ထဲက ရာဇဝတ်သားကို ထုတ်၊ တိုင်မှာကြိုးချည်ပြီး ဗိုက်ခွဲ၊ အူထုတ်ပြီး ရွှေလုံ့ဗိုလ်ကို အစိမ်းလိုက် စားနိုင်တာ၊ ရွှေလုံ့ဗိုလ်ကလည်း သတ္တိရှိကြောင်း ပြချင်တာနဲ့ တကယ်ကို စားပြသတဲ့၊ မောင်ဖေငယ်ဆိုတာက ကဗျာသမား၊ စာသမား၊ ဒိုင်းခင်ခင်က သူ့ရည်းစား၊ ရခိုင်မောင်မောင်တုတ်က ဒိုင်းခင်ခင်ကို သိမ်းပိုက်မယ်လုပ်လို့ သီပေါဘုရင်နဲ့ အောင်သွယ်ပေးရာက စုဖုရားလတ်သိပြီး မောင်ဖေငယ်နဲ့ ဒိုင်းခင်ခင်ကို ကွပ်မျက်ပစ်တာ ..."

ကျွန်တော် -

"ဒိုင်းခင်ခင်နဲ့ မောင်ဖေငယ်က မောင်နှမ မဟုတ်ဘူးလား"



ကလေး - "ရခိုင်မောင်မောင်တုတ်ရန် ကြောက်လို့ မောင်နှမအဖြစ် ဟန်ဆောင်ထားတာပါ"

ကျွန်တော် -

"ရခိုင်မောင်မောင်တုတ်က စုဖုရားလတ်ရဲ့ လက်စွဲတော်၊ နန်းမြို့ အပြင်မှာ ရခိုင်မောင်မောင်တုတ်ရဲ့မယား လုပ်ထားသူတွေက တစ်လှေကြီး၊ စုဖုရားလတ်က မသိဘူးလား"

ကလေး -

"သိတာပေါ့၊ လူမိုက်မွေးထားတာ၊ စုဖုရားလတ်ကို အဲဒီအချိန်က နန်းတွင်းမှာ လူတကာ ကြောက်ရတယ်၊ သူက မားထက်တယ်၊ ဆင်ဖြူမရှင်တို့၊ နန်းမတော်မယ်နတို့ထက် ရက်စက်တယ်၊ သီပေါမင်း ဘိသိက်မြှောက်တုန်းကလည်း စုရားလတ်ကြီးနဲ့ စုဖုရားငယ်ကို ယူတာ၊ အဲဒီအချိန်မှာ စုဖုရားလတ်က အလယ်မှာ ဝင်ထိုင်ပြီး အတင်းမိဖုရားခေါင် လုပ်တာ၊ သီပေါမင်းကလည်း ဘုန်းကြီးလူထွက်၊ အေးလွန်းတော့ ဘာမှမပြောရဲဘူးလေ"

"စုဖုရားလတ်၊ မိဖုရားခေါင်ဖြစ်တော့ တိုင်းပြည်အရေးပါဝင်ခြယ်လှယ်တယ်၊ အရင် ဆင်ဖြူမရှင်တို့၊ နန်းမတော်မယ်နတို့ဆိုတာက နန်းတွင်းအရေးပဲ ဝင်ခြယ်လှယ်တာ၊ စုဖုရားလတ်ကတော့ အကုန်ပါတယ်၊ အစ်မတော်တွေအပေါ်မှာတောင် ဗိုလ်ကျတယ်၊ သူမက တိုင်းတာမင်းကြီးဘက်သား၊ ကင်းဝန်မင်းကြီးကိုတောင် နှိမ်ပြီး သတ္တိမရှိရင် ယောကျ်ားမလုပ်နဲ့လို့ ပြောပြီး အပျိုတော်တစ်ယောက်ကို ညနေကျ ထမီနဲ့ သနပ်ခါးတုံး၊ ကျောက်ပျဉ်ပို့ ခိုင်းသတဲ့၊ အဲဒီအချိန်က အင်္ဂလိပ်နဲ့ တတိယစစ်ပွဲဖြစ်ခါနီးအချိန်၊ တိုင်းတာမင်းကြီးနဲ့ ကင်းဝန်မင်းကြီးတို့ ညီလာခံမှာ စကားအခြေအတင် ပြောနေချိန် ဖြစ်တယ်၊ တိုင်းတာမင်းကြီးဘက်က စုဖုရားလတ်သာမက ရေနံချောင်းဝန်ကြီးပါ ပါတော့၊ "တိုင်းကို ရေနံသုတ်လို့ ကင်းမတက်နိုင်" လို့ တောင်နန်းတွင်းမှာ တချီးကြတယ်"

—▶◁—



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့လည်း ရှေးက ရာဇဝင်ဆရာများ ရေးကြသည်ကို ဖတ်ဖူးပါသည်၊ သို့သော် ခေတ်ရာဇဝင်ဆိုသည်မှာ သမိုင်းမဟုတ်သဖြင့် တိကျနိုင်မှာခြင်းတော့ မရှိပါ၊ ကျွန်တော့်အမြင်တော့ ရဲ့ကားခြင်း၊ တစ်ဆင့်စကားဖြင့် ပြန်ပြောခြင်းလည်း ဖြစ်နိုင်ပါသည်၊ သို့သော် ယခုကလေး ပြောပြသည်များကတော့ နားထောင်၍ အလွန်ကောင်းသည်၊ သူကလည်း သူသင်ထားသလောက်နှုတ်တိုက်ပြောခြင်းဖြစ်ပါသည်၊ ရာဇဝင်အပေါ်က်အလွတ်ပြောနိုင်ခြင်းကပင် ကလေးကို ကျွန်တော်တို့ ချီးကျူးမိပါသည်၊

"ကလေး - ဟိုမှာ အန္တရာယ်ရှိသည်၊ မဝင်ရလို့ ရေးသားတယ်၊ အဲဒီနေရာက အလယ်ခန်း ထင်တယ်၊ ခေါင်မိုးမျက်နှာကျက်က အက်နေပြီ"

ကျွန်တော်က ဝင်မေးတော့ ကလေး -

"ငလျင်လှုပ်တုန်းကဖြစ်သွားတာ - အဘ၊ ဒီကအဆောက်အဦတွေက နှစ်ပေါင်း(၂၀၀) လောက် ရှိပြီလေ၊ ဒီကျောင်းကြီးမှာ ညနေ နေဝင်တာနဲ့ သရဲလည်း အင်မတန်ခြောက်တယ်လို့ နာမည်ကြီးတယ်"

"ဘယ်လိုခြောက်တာလဲ - ကလေး"

ဆရာ နန်းထိုက်စိုးက တစ်ချိန်လုံး ငြိမ်ပြီး နားထောင်နေရာက စိတ်ဝင်တစားဝင်မေးပါသည်၊ သူကခရစ်ယာန်ဘာသာဝင်၊ သရဲတစ္ဆေကိုယုံကြည်သူမဟုတ်၊ ခေတ်လူကြီး၊ လက်တွေ့သမားဖြစ်သည်၊


"အစုံပဲ - အဘရဲ့၊ သရဲတွေက ရှေးခေတ်အဝတ်အစားနဲ့ သရဲတွေတဲ့၊ မျိုးစုံအောင် ခြောက်တာတဲ့၊ ဒီမယ်နုအုတ်ကျောင်းမှာနေဝင်တာနဲ့ ဘယ်သူမှ မနေရဲတော့ဘူး၊ အခု နေ့လယ်ခင်းမို့ လူ စည်ကားနေတာ၊ တဖြည်းဖြည်း ညနေစောင်းလာတာနဲ့ လူပြတ်တော့တာပဲ၊ ရှေးခေတ်ဟောင်းအဆောက်အဦဆိုတာဟာ ဒီလိုပါပဲ၊ ဟိုးရှေ့မျက်နှာချင်းဆိုင်က မှော်စင်ကြီးနဲ့ လက်ပံပင်ကြီးမှာ သရဲ သဘက်ကြီး ရှိတယ်လို့ ပြောကြပါတယ်"

ထိုစဉ် ကိုညီမှိုင်းက သရဲ၊ တစ္ဆေ၊ ဝတ္ထုရေးဆရာဖြစ်သော်လည်း ကြောက်ရွံ့ဟန်ဖြင့် -

"ဒီကျောင်းကြီးနဲ့ ဘုရားတွေကို ညဘက်ဘုရားစောင့်မရှိဘူးလား"

"မရှိပါဘူး - ဆရာကြီး၊ မီးလည်း မရှိဘူး၊ ဟိုးစပ်လှပ်လှပ် တစ်ကျောင်းကျောင်းကြီးက ရဟန်းတွေနဲ့ ကိုရင်တွေ ညဘက်တင်းလှည့်ပြီး စောင့်ရှောက်ကြပါတယ်"

မယ်နုအုတ်ကျောင်းအနီးရောက်တော့
လက်ပံပင်ကြီးနှင့်
ရှေးဟောင်းမှော်စင်ကြီးက
သရဲတစ္ဆေနစ်ကောင်မည်းမည်းကြီး
ငုတ်တုတ်ထိုင်နေသလို
မြင်ရသည်။







www.burmeseclassic.com

www.burmeseclassic.com

"အေးဗျာ – လယ်ကွင်းတွေအလယ်၊ လျှပ်စစ်မီးက မရှိ၊ သီးခြားရပ်တည်နေတာ၊ ညဘက် ခေါင်းလောင်းသံလွင်လွင်၊ လင်းနို့ရှေးနံ့နဲ့ ဒီမယ်နအုတ်ကျောင်းမှာ ဘယ်သူ တစ်ည တစ်ယောက်တည်းနေရဲသလဲ၊ အလောင်းအစားတောင် လုပ်လိုက်ချင်ပါရဲ့ဗျာ"

ရွှေပြည်သာ ကိုဝင်းနိုင်က –

"ဆရာမှိုင်း – တကယ်လား၊ ဘယ်လောက်ကြေး လောင်းမလဲ၊ ကျွန်တော် တစ်ယောက်တည်းနေမယ်၊ ကြေးကတော့ များမှ ဖြစ်မှာနော်"

"စိန်လိုက်လေ – ကိုဝင်းနိုင်ရဲ့ ငါးသောင်းလား၊ တစ်သိန်းလား၊ ကျွန်တော့်မှာတော့ သုံးစရာငွေနည်းနေလို့ ဟော့ဒီတစ်မတ်သားဆွဲကြိုးကလေးကို တစ်သိန်းထားပြီး လောင်းမယ်"

"ကောင်းတယ်၊ ကျွန်တော့်မှာလည်း (၃)သိန်းပါလာတယ်၊ တစ်သိန်းကြေးနော်၊ အဲ – တစ်ခုတော့ ရှိတယ်၊ ကျွန်တော့်ကို ထမင်းတစ်ထုပ်၊ အရက်တစ်ပုလင်း၊ ဖယောင်းတိုင်တစ်ထုပ်၊ မီးခြစ်တစ်လုံးတော့ ပေးရမယ်၊ ကျွန်တော် ဘာလက်နက်မှ ပေးစရာ မလိုဘူး"

"တကယ်လား – ကိုဝင်းနိုင်၊ ယောက်ျားတွေနော်၊ ပြောပြီး ယောက်ျားစကားတည်ရမယ်၊ အရတစ်မျိုး တော်ကြာတစ်မျိုး မလုပ်နဲ့"

"ကျွန်တော်က တောင်ကြီးသား၊ ရှမ်းလူမျိုး၊ ခရစ်ယာန်ဘာသာဝင်၊ ဟော့ဒီမှာငွေတစ်သိန်းထုပ် – ကိုမှိုင်း၊ ခင်ဗျားဆွဲကြိုးလည်း ချွတ်၊ ကိုနန်းက သမာသမတ်လုပ်ပြီး သိမ်းထားပါ"

ကိုနန်းက –

"ကောင်းတယ်၊ အတွေ့အကြုံရတာပေါ့၊ ကျွန်တော်ကတော့ ကိုဝင်းနိုင်ဘက်ကပဲ"

ကျွန်တော်နှင့် ကိုမြဦး မနေနိုင်တော့ပါ၊ ဝင်ထိန်းရတော့သည်၊

"ခင်ဗျားတို့များ တစ်လွဲသတ္တိကောင်းနေကြတယ်၊ အချင်းချင်းတွေ ရီးသွားဖော်တွေပဲ၊ အန္တရာယ်ဖြစ်မယ့်အလုပ်ကို အလောင်းအစားမလုပ်စမ်းပါနဲ့ဗျာ၊ နောက်ပြီး – ကျွန်တော်တို့က ရီးသွားတွေ၊ ဒီည ဘယ်မှာတည်းကြမလဲ၊ မနေ့ကညကလည်း မန္တလေးတောင်ခြေ ညီရိပ်သာက စံကုန်းသချိုင်း ဟောင်းမီးသဂြိုဟ်စက်နေရာပေါ်မှာ ဆောက်ထားတယ်လို့ တို့ကြီး[illegible] ထားတော့ နစ်နစ်မြိုက်မြိုက် အိပ်မပျော်ခဲ့ဘူး၊ ဒီကိစ္စမျိုးကို အလောင်းအစားလုပ်ရင် တကယ်လက်တွေ့ဖြစ်တတ်တယ်လို့ ကျွန်တော် ကြားရပါတယ်၊ မလုပ်ကြပါနဲ့၊ ကိုမှိုင်းလည်း စိတ်လျှော့၊ ကိုနန်းလည်း စိတ်လျှော့ပါဗျာ"

ကိုဝင်းနိုင်က –

"မရတော့ဘူး – ဆရာသိန်းဝင်း၊ ကျွန်တော်က ယောက်ျား"

ကိုမှိုင်းကလည်း –

"အေး – ကျုပ်လည်း ယောက်ျားပဲ၊ ကတိတည်တယ်"

ထိုစဉ် အလောင်းအစားအလွန်ဝါသနာပါသော ကိုနန်းက –

"ကဲ – ဒီလိုလုပ်မယ်ဗျာ၊ ဟိုရှေ့နားမှာ ရှေးဟောင်းဗားကရာကျောင်းကြီးရှိတယ်၊ ကျွန်တော် ကျောင်းထိုင်ဆရာတော်ကို လျှောက်ပြီး ညအိပ်နားခိုခွင့် တောင်းပေးမယ်"

ကျွန်တော်တို့လည်း မပြောသာတော့ပါ၊ အရှိန်ရှိတုန်း စစ်ကိုင်းကောင်းမှုတော်ဘုရားနှင့် ဆွမ်းဦးပုညရှင်ဘုရားများအား သွားရောက်ဖူးမြော်ပြီး ညစာကို စောစောပင် စစ်ကိုင်းမြို့ထဲ၌ စားကြသည်၊ ခိုင်လှကြီး ကိုနန်းက ကြက်ကြော်အမြည်းနှင့် အရက်တစ်လုံး၊ သောက်ရေသန့်တစ်ပုလင်း၊ ဖယောင်းတိုင်တစ်ထုပ်၊ ဂတ်စ်မီးခြစ်တစ်လုံးတို့ကို စိုက်ဝယ်ပြီး ကိုဝင်းနိုင်အား ပေးသည်၊ လမ်းတွင် ကိုဝင်းနိုင်က –

"ကျွန်တော်က ဝါသနာပါလို့လုပ်တာ၊ တောင်ကြီးပတ်ဝန်းကျင်မှာ ရှုံးပွဲ မရှိနိုင်ခဲ့ပြီးပြီ၊ နိုင်ရင်လည်း အဖွဲ့ကို အကုန်ကျွေးပစ်မယ်"

ကိုမှိုင်းကလည်း –

"လုပ်စမ်းပါ၊ ကျွန်တော်ကလည်း ဒီအဖွဲ့ကို အကုန်ကျွေးပစ်မှာပါ"

ကိုနန်းက –

"အရက်နှင့်အမြည်း စိုက်ပြီး ဘေးတီးမြှောက်ပေးရာက –

"ဆရာ ထောင်မှူးကြီးရေ – ဘယ်သူနိုင်နိုင်၊ ဘယ်သူရှုံးရှုံး ကျွန်တော်တို့အဖွဲ့ကတော့ တစ်ဝစားရ၊ သောက်ရမှာ အသေအချာပဲဗျို့"





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ဘုရားစုံ လှည့်လည်ဖူးပြီး မယ်နအုတ်ကျောင်း ပြန်ရောက်တော့ညနေ(၆)နာရီခန့်ရှိပါပြီ၊ နေမဝင်သေးပါ။ (Super Custom) ကားအား မျှော်စင်ဟောင်းကြီးရှေ့ လက်ပံပွင့် နီနီရဲရဲများ ပွင့်နေသော လက်ပံပင်ကြီးအောက်၌ ရပ်ထားခဲ့ပြီး ကိုဝင်းနိုင်အား မယ်နအုတ်ကျောင်း အလယ်တောင် အခန်းသို့ လိုက်ပို့သည်၊ အားပေးစကားလည်း ပြောကြသည်၊ ကိုဝင်းနိုင်က အဝတ်တစ်စုံဖြင့် အိပ်ရန် နေရာလုံကျင်းပြီး သူ့ပစ္စည်းများအား နေရာချသည်၊ ကျောင်းဝင်းအတွင်းအပြင်၊ ပတ်ဝန်းကျင်၌ လူသူတစ်စုံတစ်ယောက်မျှ ရှိမနေတော့ပါ၊ ဘုရားပေါ်၌ နေသည်ဟု ယူဆရသော ခွေးနစ်ကောင်ကတော့ ညနေရီမှောင်စပြုသည်နှင့် ခွေးတို့သဘာဝ တဝူးဝူး အူနေသည်၊ ဘုရားဆည်းလည်သံများက တချွင်ချွင်မြည်နေပြီး အညာလေန တစ်ချက်အဝှေ့တွင် အုတ်ကျောင်းရှေ့ရှိ လက်ပံပွင့် နီရဲရဲများက တဖြုတ်ဖြုတ် ကြွေကျနေသည်၊ နေမင်းကြီးက အနောက်ဘက် လယ်ကွင်းစပ်၊ တောတန်းကို မေးတင်နေပြီး၊ နေလုံးနီနီရဲရဲကြီးက တဖြည်းဖြည်း အရောင်ဖျော့လာသည်၊ တပေါင်းလအတွင်း ရောက်တော့မည်ဖြစ်သဖြင့် လက်ပံပွင့်ရှိန် ခွေးရူးရှိန်၊ နွားရိုင်းသွင်းရှိန် တဖွေ့မြူးရှိန် ဖြစ်သည်၊ ကျွန်တော်တို့အဖွဲ့ ညမှောင်ရီပျိုးစအချိန်၌ လယ်ကွင်းအလယ်မှဖုန်တောလမ်းအတိုင်းတားကရာကျောင်းကြီးဘက်သို့ ဖြည်းညင်းစွာ မောင်းခဲ့ပါသည်၊ ကျောင်းထိုင်ဆရာတော်က ကျွန်တော်တို့အား စာရေးဆရာများဖြစ်ကြောင်းသိသည်နှင့် ကောင်းမွန်စွာ နေရာချထားပေးပြီး အာလာပ သလ္လာပ ပြောကြား၍ အိပ်ရာဝင်ခဲ့ကြပါသည်၊

—▶◁—

ညဦးသန်းခေါင် (၁၂)နာရီခန့်တွင် ဘုန်းကြီးများ စုဝေးသံကြားရ၍ ကျွန်တော်တို့အိပ်ရာက နိုးကြသည်၊ ဘုန်းကြီးများက လက်နှိပ်ဓာတ်မီးများ ကိုယ်စီနှင့် သင်္ကန်းများ ရုံနေကြသည်၊

ကျွန်တော်က အနီးရှိ ဦးပဥ္စင်းတစ်ပါးအား -

"အရှင်ဘုရား - ဘယ်ကြွမလို့ပါလဲ ဘုရား"



ဟု မေးလျှောက်ရာ -

"ကင်းပတ်ဖို့လေ၊ ဘုရားသူခိုးတွေပေါ်တော့ ညစဉ် သန်းခေါင်သံချက် မယ်နအုတ်ကျောင်းနဲ့ အနီးပတ်ဝန်းကျင်ဘုရားတွေကို တင်းသတ်ရတာ ညစဉ်တာဝန်ပဲလေ"

"တပည့်တော်တို့ လိုက်လို့ရမလား ဘုရား"

"အတွေ့အကြုံလိုချင်ရင်တော့ လိုက်ခဲ့ပေါ့၊ ဒါပေမဲ့ - အိပ်ရေးပျက်ဝံ တယ်၊ ဒကာတို့က ခရီးပန်းလာကြတာ၊ အိပ်ပေါ့"

"ရပါတယ် ဘုရား၊ လိုက်ခွင့်ပြုပါ ဘုရား"

ကျွန်တော် အဖွဲ့များအား နှိုးပြီး ခြေထောက်နာနေသည့် ဦးမြဦးအား ချန်ထားခဲ့ပြီး ဘုန်းကြီးကင်းပတ်အဖွဲ့နှင့်အတူ ရောလိုက်ခဲ့ပါသည်၊ ရှေ့ဆုံး ဦးပဥ္စင်းက ဖုန်လမ်းပေါ်တွင် လက်နှိပ်မီးထိုးပြီး လက်ကိုင်ဝါးရင်းတုတ်နှင့် တဒေါက်ဒေါက် မြေကြီးကို ဆောင့်နေသဖြင့် အနီးရှိ ဦးပဥ္စင်းအား -

"ဘာဖြစ်လို့ တဒေါက်ဒေါက် လုပ်တာလဲ ဘုရား"

"ဒီအချိန် ကျုပ်တို့အညာဒေသမှာ ရာသီဥတုကပူတော့ မြွေသတ္တဝါတွေ လမ်းပေါ်တက်ပြီး ဖုန်လူးတတ်ကြတယ်၊ အဲ့ဒါကို အချက်ပေးပြီး ရှောင်ရှားနိုင်းတာပါ၊ မေတ္တာသုတ်လည်း စိတ်ထဲက ရွတ်ရသေးတယ်လေ ..."

"အဲလိုမှန်းသိရင် ကားယူခဲ့ပါတယ် ဘုရား"

"ဒကာတို့ကားက သေးတယ်၊ ဒီအဖွဲ့နဲ့ မဆန့်ဘူး၊ ကျုပ်တို့က ညစဉ် လျှောက်နေကျ၊ အလေ့အကျင့်ရနေပါပြီ"

လယ်ကွင်းမှာ တိတ်ဆိတ်နေသည်၊ ရှေ့က ဦးပဥ္စင်း၏ တုတ်ထောက်သံ တဒုတ်ဒုတ်သာ စည်းချက်ဝါးချက်ညီညီ ထွက်ပေါ်နေသည်၊

မယ်နအုတ်ကျောင်းအနီးရောက်တော့ လက်ပံပင်ကြီးနှင့် ရှေးဟောင်း မျှော်စင်ကြီးက သရဲတစ္ဆေနှစ်ကောင်မဲမဲကြီး ငုတ်တုတ်ထိုင်နေသလို မြင်ရသည်၊ ထိုစဉ် မယ်နအုတ်ကျောင်းဘက်မှ အော်ဟစ်သံ သဲ့သဲ့ကြားရပြီး မီးရောင်လဲ့လဲ့ကိုလည်း မြင်ရသဖြင့် ခေါင်းဆောင်ဦးပဥ္စင်းက -

"ဟဲ - ကိုရင်ကြီးတွေ နေရာခွဲပြီး ယူကြစမ်း၊ မယ်နအုတ်ကျောင်းဆီက အလင်းရောင်နဲ့ လူသံကြားရတယ်၊ သူခိုးဝင်နေပြီထင်တယ်၊ ...တော့



www.burmeseclassic.com

www.burmeseclassic.com

လက်မနေးစေနဲ့၊ လူကိုသာရိုက်ကြ၊ ရှေးဟောင်းလက်ရာ အနုပညာပစ္စည်း တွေ့ပါလာရင်လည်း သတိထားကြ၊ မကျိုးမပဲ့စေနဲ့ ကြားကြလား”

“ကြားပါတယ် ဘုရား”

အုတ်ကျောင်းအဝင် မုခ်ဦးဝတွင် လူခွဲပြီး မှောင်ရိပ်ခို၍ စောင့်နေကြစဉ် ဖြူဖြူအကောင်ကြီးတစ်ကောင် အော်ဟစ်၍ ပြေးထွက်လာသဖြင့် ဝိုင်းရိုက်ရန် ဟန်ပြင်နေကြစဉ် -

“ကယ်ကြပါ၊ အောင်မလေး - ကယ်တော်မူကြပါ”

ဟု အသံကုန်အော်၍ ပြေးထွက်လာသူမှာ ကျွန်တော်တို့ မိတ်ဆွေကြီး ရွှေပြည်သာ ဝင်းနိုင်ကြီး၊ အထက်က ရုပ်အင်္ကျီအဖြူလက်ရှည်၊ အောက်က မီးခိုးရောင်ဘောင်းဘီအရှည် ဝတ်ထားသဖြင့် လက်နှိပ်ဓာတ်မီး ထိုးကြည့်တော့ ဖြူဖြူအကောင်ကြီး ဖြစ်နေသည်၊ တစ်ခုထူးခြားနေသည်ကတော့ မဲနက်နေသောဆံပင်များအပေါ်သို့ထောင်၍ တစ်ခေါင်းလုံး ဖြူဖွေးနေခြင်း ဖြစ်သည်၊ ဓာတ်မီးရောင်ကို မြင်သည်နှင့် အားလျှော့ဟန်ဖြင့် ကျွန်တော်တို့ အရှေ့၌ လဲကျသွားသည်၊ ကိုရင်ကြီးများက ဝိုင်းရိုက်ရန် ပြင်သဖြင့် -

“မရိုက်ပါနဲ့ ကိုရင်တို့၊ တပည့်တော်တို့လူ စာရေးဆရာ ရွှေပြည်သာ ဝင်းနိုင်ကြီးပါ ဘုရား”

ကိုဝင်းနိုင်မှာ ကျွန်တော်တို့ရှေ့ မီးရောင်အောက်တွင် ပါးစပ်မှ အမြှုပ်များထွက်နေပြီး အကြောက်လွန်၍ သတိမေ့သွားသည်၊

ခေါင်းဆောင် ဦးပဉ္စင်းက -

“ဒကာကြီးတို့လူက တစ်ယောက်တည်း ဒီမှာ ဘာလာလုပ်နေတာလဲ၊ မယ်နုအုတ်ကျောင်းက ကြမ်းမှန်း မသိကြဘူးလား”

“မှန်ပါ့၊ တပည့်တော်တို့လူက စာရေးဆိုင်၊ အဲ - အယုံအကြည်မရှိလို့ လောင်းကြေး စားကြေး လုပ်ကြတာပါ ဘုရား”

ကျွန်တော့်မှာ ဘုရားသားတော်၊ သင်္ကန်းဝတ်များအား မလိမ်ရဲ၍ အမှန်အတိုင်း လျှောက်တင်ရာ ခေါင်းဆောင် ဦးဥင်းက မေတ္တာသုတ် ရွတ်၍ အမှုတ်ပေးပြီး သူ့တွင် ပါလာသည့် ဂုဏ်တော်ပုတီးကို ကိုဝင်းနိုင်၏လည်တွင် စွပ်ပေးလိုက်ပါသည်၊



“တကယ်မှိုက်တဲ့ ကျီးမိုက်ဒကာတို့ပဲ၊ မလုပ်ကောင်းဘူး၊ ဒီနေရာတ မြေကြမ်း၊ ရေကြမ်းနေရာ၊ မကျွတ်လွတ်ကြသေးဘူး၊ သူတို့ကို သွားစမ်းရင် အသေလုပ်တတ်တယ်၊ အင်း - အခုတော့ ကျုပ်တို့ အသက်တစ်ဝက် ပိုင်ပါပြီ၊ ကျောင်းကို ထမ်းခဲ့ကြ၊ ကျောင်းကျမှ ဆရာတော်ကြီး ပရိတ်ရေမန်းနဲ့ ထပ်ကုရဦးမယ်၊ ဒီနေရာတွေက မြေကြမ်းလို့၊ တကယ်တော့ အစောင့်မထားတာလည်း ပါတယ်၊ သူနိုးဝင်ရင် မိတ္တာချည်းပဲ၊ ဘယ်သူနိုးမှ မလွတ်ဖူးဘူး၊ အသေအရှင် မိတ္တာချည်းပဲ”

ဘုရား - ဘုရား - ကိုဝင်းနိုင်မသေသေး၍တော်ပါသေးသည်၊ တကယ်လို့ သေများသွားလျှင်တော့ ကျွန်တော်တို့စာရေးဆရာအဖွဲ့ အတော်ရှင်းရပြီး နာမည်လည်း ပျက်ပေလိမ့်မည်၊ ကျောင်းရောက်တော့ ကျောင်းထိုင်ဆရာတော်လည်း ကျိန်းရာမှ နိုးထနေပြီဖြစ်သဖြင့် ကိုဝင်းနိုင်အား ရေမန်းဖြင့် ပက်ဖျန်းပေးပြီး ဂုဏ်တော်ကိုးပါးနှင့် မေတ္တာသုတ်အား ဝိုင်းဝန်းရွတ်ဆိုပြီး အမှုတ်ပေးဝေမှ ကိုဝင်းနိုင် သတိပြန်လည်လာသည်၊

“ရေ - ရေပေးပါ”

ဟု အတွင်တွင် တောင်းဆိုနေသဖြင့် ဆရာတော်က ပရိတ်ရေအား တိုက်ရာ ငုတ်တုတ်ထ.ထိုင်လာပါသည်၊

သူ့ကို ဝိုင်းဝန်းမေးကြတော့ ပြန်မဖြေပါ၊ ငူငူကြီးထိုင်နေသည်၊ ဆရာတော်က -

“ကဲ - ဒကာကြီးတို့ - ဘုန်းကြီးကတော့ ဗုဒ္ဓနည်းနဲ့ အသက်တစ်ချောင်း ကယ်ကောင်းတယ်ဆိုပြီး ကုသပေးပြီးပြီ၊ အကြောက်လွန်ရင် (Shock) ဖြစ်ပြီးအန္တရာယ်များတတ်တယ်၊ ဒကာတို့မှာကားပါတာပဲ၊ စစ်ကိုင်းဆေးရုံကြီးကိုသွားပြီးအရေးပေါ်ဌာနမှာပြကြည့်ပါဦး၊ မကြံကောင်း၊ မစည်ကောင်းသတ္တိကို လောင်းကြေးထပ်ပြီး လုပ်ရင် သေတတ်တယ်၊ မှတ်ထားကြ ကြားလား”

“တင်ပါ့ ဘုရား”

ကျွန်တော်တို့အုပ်စု ဆရာတော်နှင့် ဦးပဉ္စင်းများအား ကန်တော့ပြီး လူနာအား ကားပေါ်တင်၊ ကဆုန်စိုင်း၍ မောင်းပြေးရပါသည်၊ လူနာ၏ဆံပင်



www.burmeseclassic.com

www.burmeseclassic.com

မှာဖြူဖွေးပြီး ထောင်မတ်နေသည်၊ လှဲချ၍မရ၊ ဗားကရာကျောင်းနှင့် မယ်နုအုတ်ကျောင်း၊ လမ်းခွဲရောက်တော့ လူနာမှာ အင့်ခနဲ တစ်ချက်ရှိုက်၍ သတိမေ့သွားပြန်ပါသည်၊ ကျွန်တော်တို့တတ်သမျှမှတ်သမျှပြုစုကြသော်လည်း သတိပြန်မရပါ။

စစ်ကိုင်းဆေးရုံကြီးအရေးပေါ်ဌာနတွင်ဝင်ပြတော့မှ ဆရာဝန်၊ ဆရာမများ၏ပြုစုကုသမှုကြောင့်သတိပြန်လည်လာသည်၊ သို့သော် စကားမပြောပါ၊ ထိုနေ့နှင့် နောက်တစ်ရက် ဆေးရုံတင်ထားရသည်၊ ကိုညိုမှိုင်းမှာ လောင်းကြေးနိုင်သော်လည်း ဝမ်းမသာနိုင်ရှာ၊ သူနိုင်သောငွေမှာလည်း ကျွန်တော်တို့အုပ်စု မစားရဘဲ ကိုဝင်းနိုင်၏ ဆေးဖိုးဝါးခနှင့် ကုန်သည့်အပြင် ကျွန်တော်တို့ကလည်း ဝိုင်းစိုက်ကြရသေးသည်၊ လေ့လာရေး (၃)ရက်ခရီးမှာ (၅)ရက်ကြာသွားသဖြင့် ကျွန်တော်တို့ စရိတ်ထောင်းသည်၊ အချိန်ကုန်သည်၊ ကျွန်တော်တို့ ပြန်လာသည်အထိ ကားပေါ်၌ ကိုဝင်းနိုင်အား ဖြစ်ကြောင်းကုန်စင်ကို မေး၍မရပါ၊ သူရှုံးပြီး ရှက်သဖြင့်လည်း ဖြစ်နိုင်ပါသည်၊ သူလိုအပ်လျှင်တော့ စကားပြောပါသည်၊

ကိုဝင်းနိုင်တစ်ယောက် မယ်နုအုတ်ကျောင်းအတွင်း၌ ဘာတွေမြင်ခဲ့ပြီး ဘာတွေဖြစ်ခဲ့သလဲ၊ ကျွန်တော်တို့ သိချင်လှပါသည်၊ ကိုဝင်းနိုင်အား မေး၍မရပါ၊ ရန်ကုန်ပြန်ရောက်၍ ကိုဝင်းနိုင်အား ဦးနောက်နှင့် အာရုံကြောဆေးရုံတွင် ပြသပြီး အီးစီဂျီ၊ အာထရာဆောင်း ရိုက်ကြည့်တော့လည်း ပုံမှန်ပါဟု အဖြေရသည်၊ သူက ယခင်လိုပင် သွားသည်၊ လာသည်၊ ကျွန်တော်တို့အဖွဲ့နှင့် တစ်ပတ်တစ်ခါ ဆုံကြသည်၊ လက်ဖက်ရည်သောက်သည်၊ အရက်သောက်သည်၊ တခြားစကားများ ဝင်ပြောတတ်သော်လည်း စကားအလွန်နည်းသွားသည်၊ သူပါဝင်သည့်မယ်နုအုတ်ကျောင်းလေ့လာရေးခရီးစဉ်အကြောင်း ပါဝင်လာသည်နှင့် လွယ်အိတ်ကောက်လွယ်ကာ နှုတ်မဆက်ဘဲ ထ,ပြန်သွားတတ်သည်၊ ဆံပင်ဖြူသည်မှာ ကွက်ကြားဖြူကွက်ကြားမဲတတ်သည်မှာ သဘာဝပင်ဖြစ်သည်၊ သို့သော် ကိုဝင်းနိုင်၏ ဆံပင်များကတော့ တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူနေပြီး အမည်းတစ်ပင်မှ မပါသည့်အပြင် ဆံပင်ဖြူများက သန်စွမ်းစွာ ထောင်မတ်နေပါသည်၊ လှဲ၍မရ ပြီးသင်၍မရပါ၊ အကြောက်လွန်သောကြောင့် သွေးသားများ ပြောင်းလဲသွားဟန်တူပါသည်၊ ယဉ်ယဉ်ကလေးနှင့် ရူးသွားတာဖြစ်နိုင်သည်၊

ဂမ္ဘီရဟူသည်မှာ သဘာဝလွန်ဖြစ်ရပ် (Super Natural) ဖြစ်သည်၊ သဘာဝထက်လွန်ပြီး ဆန်းကြယ်ပါက ဂမ္ဘီရဆန်းကြယ်ဖြစ်ပါလိမ့်မည်၊ ကိုဝင်းနိုင်က ထိုအကြောင်းကို လုံးဝမေးမရ၊ ပြောမရတော့ပါ၊ ရှမ်းပြည်တစ်ခွင် ပြုပြုစင်အောင် အလောင်းအစားလုပ်၍ အနိုင်ယူခဲ့သော ဝင်းနိုင် (ရွှေပြည်သာ)အား ကျွန်တော်တို့က သူ့နောက်ကွယ်တွင် ဝင်းနိုင်(မယ်နုအုတ်ကျောင်း)ဟု နာမည်ပြောင်ပေး၍ ကင်ပွန်းတပ်လိုက်ကြပါတော့သတည်း။ ။

➲ ထောင်မှူးကြီး သိန်းဝင်း



www.burmeseclassic.com